

www.burmeseclassic.com
နီလေးမော်
မဂ္ဂဇင်း
ရှေးဟောင်းပစ္စည်းတူးဖေါ်သူ
သိုက်ဆရာအန္တရာယ်
ဆေးရုံပေါ်ကတစ္ဆေ
အာသာဟားထဲကဖုံး
လင်အဟောင်းဟောင်းမုဒိမ်းအမား
မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်မှုခင်းများလျော့နည်းကျဆင်းရေးသို့
www.burmeseclassic.com

www.burmeseclassic.com



22 OCT 2014

အမှတ် ၂၃၀၊ နိုဝင်ဘာ၊ ၂၀၁၄ ခုနှစ်



ရေးဟောင်းပစ္စည်းတူးဖော်သူ

# သိုက်ဆရာအန္တရာယ်

## ဆေးရုံပေါ်ကတစ္ဆေ

## အသားထဲကဆုံး


## [illegible]

အယ်ဒီတာအဖွဲ့
အမှတ် ၁၈၉၊ ဒုတိယထပ် (၃၄လမ်းအထက်) ကျောက်တံတားမြို့နယ်
ဖုံး ၀၉ ၅၁၉၆၃၃၁
Email ; True.megazine@ gmail.com www.facebook.com/true.megazine

www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မူခင်းကျူးလွန်မှုနှင့် အရက်ပြစ်မှုပြဿနာများ

မူခင်းကျူးလွန်မှုနှင့် အရက်ပြစ်မှုများပြဿနာဟာ ကျွန်တော့်ခေါင်းထဲမှာ ငြိတွယ်နေခဲ့တာ ကြာပါပြီ။ အထူးသဖြင့်တော့ ဒီနေ့ထွက်နေတဲ့ မှုခင်းဆိုင်ရာဂျာနယ်တွေကို ဖတ်မိတဲ့အခါ အရက်ပြစ်မှု ပြဿနာဟာ ကြီးထွား လာနေတာကို သတိပြုမိပါတယ်။ အဲဒီမှုခင်းဆိုင်ရာ ဂျာနယ်တွေမှာပါတဲ့ သတင်းတွေရဲ့ ငါးဆယ်ရာခိုင်နှုန်း လောက်ဟာ အရက်စပြီးဖြစ်ပွားခဲ့ရတဲ့ ပြစ်မှုတွေဖြစ်နေတာပါလား။ လူသတ်မှု၊ လုသေမှု၊ ဆိုးခိုးရိုက်နှက်မှုကအစ ရမ်းကားမှုအဆုံး ပြစ်မှုအတော်များများဟာအရက်နဲ့ ပတ်သက်ပေါ်ပေါက်လာတာကို တွေ့ရပါတယ်။

သေရည်သေရက်ဟာ လူတစ်ယောက်ကို ရူးစေ၊ ရိုင်းစေ၊ ခက်ထန်၊ ကြမ်းတမ်းစေရုံမျှမက စဉ်းစားချင့်ချိန် ဉာဏ်ကိုပါ ကင်းပျောက်စေမြဲဖြစ်ပါတယ်။ အရက်မကောင်းကြောင်းကိုလည်း လူတိုင်း သိကြပါတယ်။ ဒါပေမယ့် အရက်ဟာ လူတော်တော်များများအတွက် စိတ်ညစ်လည်းသောက်၊ စိတ်ပျော်လည်းသောက် အဆင့်ကို ရောက်လာပါ တယ်။ မင်္ဂလာဆောင်ရာမှာလည်း အရက်ပါတယ်။ ရှင်ပြုရာမှာလည်း အရက်ပါတယ်။ အိမ်မိုးရာမှာလည်း အရက်ပါတယ်။ အသုဘလိုနေရာမျိုးမှာလည်း အရက်ပါတယ်။

အရက်....အရက် အဲဒီအရက်ကြောင့်ပဲ ဘာမှမပြောပလောက်တဲ့ကိစ္စကို အကြောင်းပြုလို့ လူစိတ်ပျောက်ပြီး သူငယ်ချင်းညီအစ်ကိုခြင်း တူဝရီးခြင်း၊ သားအဖခြင်း သတ်ကြဖြတ်ကြ၊ သေကြ ထောင်ကျကြ၊ ဘဝပျက်ကြနဲ့ သင်ခန်းစာယူစရာကောင်းလှပါတယ်။

အရက်ကစတဲ့ ပြစ်မှုပေါင်းများစွာထဲက မကြာမီကမှဖြစ်ခဲ့တဲ့ သတင်းနှစ်ပုဒ်ကိုကြည့်ပါ။ တစ်ခုက နယ်က၊ တစ်ခုက ရန်ကုန်တိုင်းကပါ။နယ်သတင်းက ရှင်ပြုအလှူပွဲကျင်းပဖို့အတွက် မဏ္ဍပ်ဆောက်တာကအစ အလှူကိစ္စ ဝိုင်းကူတဲ့ ကာလသားတွေကို ညဘက်မှာ အရက်နဲ့ဧည့်ခံတယ်။ ဒါက ကျေးလက်တောနယ်တွေရဲ့ အလေ့အထပါ။ အရက်ဝိုင်းဆိုတာ ထုံးစံအတိုင်းအပျော်နဲ့စလို့ အငိုနဲ့သိမ်းရမြဲ။ ထုံးစံအတိုင်း ဘာမှမဟုတ်တဲ့ ကိစ္စနဲ့အရက်မူးတော့ အလှူရှင်ဓားထိုးခံရပြီးသေတယ်။ ရှင်ပြု မင်္ဂလာမဏ္ဍာပ်ဟာ အသုဘမဏ္ဍာပ်ဖြစ်သွားရသတဲ့။ အဲဒီအဖြစ်က သံဝေဂယူစရာကောင်းသလို ရင်နင့်စရာကောင်းတယ်။ ရန်ကုန်တိုင်းက သတင်းတစ်ခုကတော့ လူငယ်တစ်စုအပျော် အရက် စုသောက်ရာက မူးတော့ရန်ဖြစ်ကြတယ်။ ရိုက်ကြနှက်ကြ ပစ်ကြခတ်ကြတော့ အချင်းချင်းပစ်တဲ့ အုတ်ခဲပိုင်း ကျိုးတစ်ခုဟာ သူ့လမ်းသူသွားနေတဲ့ ၁၂ နှစ်ရွယ် သူငယ်တစ်ယောက်ရဲ့ မျက်နှာကို တိုက်ရိုက်မှန်လို့ သေရရှာတယ်။

အရက်သောက်တာဟာ ဥပဒေအရ အပြစ်မရှိပေမယ့် မူးပြီးရမ်းမယ်ဆိုရင်တော့ ဥပဒေနဲ့ငြိသွားမှာပဲ။ အချို့ကမူးပြီး အပျော်သဘောနဲ့ မီးရထားကို ခဲနဲ့ပေါက်လိုပေါက်၊ တချို့က မူးမူးရူးရူးနဲ့ ကားတက်မောင်းလို့ တိုက်ကြမှောက်ကြ၊ အချို့က အရပ်ထဲမှာ ဆူပူရမ်းကားမယားကို ရိုက်၊ အိမ်ကို မီးနဲ့တိုက်လို့ တစ်ရွာလုံး ပြောင်လိုပြောင်။ အဲဒါက အရက်ကြောင့် ပတ်ဝန်းကျင်ကိုထိခိုက်ရတဲ့ အဖြစ်တွေ။

အရက်ကျေးကျွန်ဘဝနဲ့ ဦးနှောက်ပျက် ရူးသွားသူ၊ အသည်းကျွမ်းသေသူ၊ စီးပွားပျက် ဘဝပျက်ရသူ၊ မူးမူးနဲ့ ရထားလမ်းပေါ်တက်အိပ်လို့ ခေါင်းနဲ့ကိုယ်အိုးစားကွဲရသူစတဲ့ ကိုယ့်ဘဝကိုယ်ဖျက်၊ ကိုယ့်ဇာတ်ကိုယ်သိမ်းသူ တွေ အကြောင်းကိုတော့ မပြောလိုပါဘူး။ မဆန်းတော့ဘူးလို့လည်း ထင်ပါတယ်။

အရက်ကိုကြိုက်လို့ပဲသောက်သောက်၊ စိတ်ညစ်လို့ပဲသောက်သောက်၊ ပျော်လို့ပဲသောက်သောက် သောက်ချင် သလိုသောက်မှောက်ချင်သလို မှောက် အဲ ပတ်ဝန်းကျင်ကို မထိပါးဖို့တော့လိုပါတယ်။

ရန်ကုန်မြို့လို ကားအသွားအလာထူထပ်တဲ့ ဒေသမျိုးမှာ ကားမောင်းသူတွေ အရက်သောက်မောင်းတာဟာ အန္တရာယ်ကြီးလှပါတယ်။ အထူးသဖြင့် ခရီးသည်တင်ကားမောင်းတဲ့ ဒရိုင်ဘာတွေ အရက်သောက် မောင်းတာကို ခွင့်မပြုသင့်ပါဘူး။ တိုက်မှု၊ မှောက်မှု၊ သေမှုအရေးယူတာထက် ကြိုတင်ကာကွယ်ဖို့ အရေးကြီးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားတွေ၊ လိုင်းကားတွေနားတဲ့ ဂိတ်စဂိတ်ဆုံးလိုနေရာမျိုးမှာ ကားသမားတွေ ဈေးသက်သာတဲ့ ထမင်းဆိုင်လေးတွေ ရှိပါတယ်။ အဲဒီလို ထမင်းဆိုင်တွေမှာ အရက်ပုန်းလည်း ရောင်းတယ်။ ခွက်ပုန်းလည်းရတယ်။ ကြိုက်တတ်တဲ့ ကားဆရာတွေအတွက်ပေါ့။

တစ်ခါက ကျွန်တော်ကိုယ်တိုင်စီးလာတဲ့ လိုင်းကားဟာ အဲဒီထမင်းဆိုင်ရှေ့မှာကားရပ်ပြီး ခွက်ပုန်း ဝင်ဆွဲတယ်။ ခေတ်သိအဒေါ်ကြီးတစ်ယောက်က မမောင်းဖို့ အော်တယ် တားတယ်။ ကားကခုမှ ဂိတ်စ ထွက်မှာဆိုတော့ ခရီးသည်တွေကြောက်တာလည်း အပြစ်မဆိုသာပါဘူး။ စပယ်ရာလေးက ဘာပြောလဲဆိုတော့ ခရီးသည်တွေ မကြောက်ကြပါနဲ့။ ကျွန်တော့်ဆရာက နှစ်ခွက်လောက်ဝင်သွားမှ မောင်းလို့ကောင်းတာ။ မသောက်ဘဲမောင်းရင် အန္တရာယ်ရှိသတဲ့။ နောက်သလို ပြောင်သလို ပြန်ပြောတယ်။

အဲဒီကားပဲမှတ်တိုင်တောင် မရောက်သေးဘူး ဒယိမ်းဒယိုင်နဲ့ လမ်းဘေးထိုးဆင်းသွားပါရောလား။ အော်သံတွေ သောသောညံသွားတယ်။ ခရီးသည်တွေ အသေအပျောက်မရှိပေမယ့် အကွဲအပြဲသွေးထွက် သံယိုတွေတော့ရှိတယ်။ ကျွန်တော်ကိုယ်တိုင်တောင် လက်မောင်းကွဲသွားတယ်။

တစ်ခါကလည်း ၄၃ ကား မ/ဥတ္တလာကစီးလာတယ်။ ဒရိုင်ဘာကအရက်မူးပြီး အရမ်းမောင်း ကျော်တက်၊ ပြိုင်မောင်းလုပ်လို့ ခရီးသည်တွေလန့်ပြီးဘုရားတလာကြတယ်။ ကျွန်တော်က စပယ်ယာကို ဖြည်းဖြည်းမောင်းဖို့ ပြောခိုင်းတော့ အင်တာကွန်းကနေ ဒရိုင်ဘာက ကြားသွားတယ်ထင်တယ်။ သူစပယ်ယာကို အော်ပြောတယ်။ ဒါလည်းမောင်းနေတာ မဟုတ်ဘူး။ ကားမောင်းနေတာကွတဲ့၊ ကြောက်ရင် နောက်ကားပြောင်းစီးခိုင်းတဲ့။

ဆူးလေအထိ ပိုက်ဆံပေးထားတဲ့ လူတစ်ဝက်လောက် လမ်းနီလေးမှာ ဆင်းပြေးကြတယ်။ ဒရိုင်ဘာ မူးနေတာ သိသွားကြပြီလေ။ ကျွန်တော်က ရွှေဂုံတိုင်မှာ ဆင်းရမှာကို မဆင်းဘဲ ဆူးလေထိလိုက်သွားပြီး ဆူးလေပွိုင့်က ယာဉ်ထိန်းရဲကိုတိုင်တယ်။

◆◆◆◆◆

“မူးရင်းမမောင်းနဲ့” ဆိုတဲ့ ဆောင်ပုဒ် အရင်တုန်းကတော့ ရှိတယ်။ ခုတော့ မတွေ့ပြန်တော့ဘူး။ ခရီးသည်တွေ အသက်အန္တရာယ်ကို တာဝန်ယူထားတဲ့ ကားဒရိုင်ဘာတွေ မူးယစ်သောက်စား၊ ရမ်းကားစွာ မောင်းခြင်းကို လုံးဝ လစ်လျူရှု မထားသင့်ပါဘူး။ ဒရိုင်ဘာအရက်သောက်ထားသော်လည်း မတိုက်ရင်၊ ယာဉ်စည်းကမ်း မဖောက်ရင် အရေးယူတာမတွေ့ပါဘူး။ မူးယစ်မောင်းနှင်တာ ဒီနေ့မဖြစ်ပေမယ့် တစ်နေ့နေ့မှာတော့ ဖြစ်မှာပါပဲ။ အဲဒီအချိန်ကြတော့ နောက်ကျသွားပြီလေ။

ဥရောပနိုင်ငံအချို့မှာ ကားဒရိုင်ဘာ အရက်သောက်ထားခြင်း ရှိမရှိကို မသင်္ကာလျှင် ရဲကစစ်ဆေး ခွင့်ရှိပါတယ်။ မမူးသော်လည်း ယာဉ်စည်းကမ်းမချိုးဖောက်သော်လည်း အရက်သောက်မောင်းခြင်း၊ ပေါ်လာလျှင်တော့ အရေးယူပါတယ်။ ဒါဟာ ကြိုတင်ကာကွယ်မှုပါ။

ဟန်ဂေရီ ပိုလန်၊ ရှမေးနီးယား၊ ချက်ကိုစလိုဗေးကီးယား၊ ဂျာမနီ၊ ရုရှားစတဲ့နိုင်ငံတွေမှာ မော်တော်ကား မမောင်းမီနဲ့ မောင်းဆဲအချိန်မှာ အရက်သောက်ခြင်းကို လုံးဝပိတ်ပင်တားမြစ်ထားပါတယ်။

အချို့နိုင်ငံတွေမှာဆိုရင် အရက်သောက်၊ အရက်မူးမောင်းခြင်းကို မဆိုထားဘိ၊ အရက်သောက်ပြီး ကားဆီသို့ သွားခြင်းကိုပင် ရဲကအရက်သောက်မောင်းသည်ဟု ယူဆလျှင် ကြိုတင်အရေးယူနိုင်ပါတယ်။ ဒီအချက်ကို ကြည့်လျှင်ပင် အရက်နဲ့ ယာဉ်အန္တရာယ်ဟာ ခွဲမရအောင် ရှိနေပုံကို ညွှန်းဆိုနေခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ဆီမှာတော့ ဒီလောက်ထိ မလိုအပ်သေးပါဘူး။ ကားဆရာတွေ လွယ်လွယ် မသောက်ဖြစ်အောင် လို့ ကားဂိတ်က အရက်ပုန်းဆိုင်လေးတွေကို ကားဂိတ်နဲ့ဝေးဝေးကို ရွှေ့ပစ်ဖို့ (ဒါမှ မဟုတ်) ခေါက်ရည်မပြည့်သေးတဲ့ ကားဆရာတွေကို အရက်မရောင်းဖို့ တင်းတင်းကြပ်ကြပ် သတိပေးဖို့ပဲ လိုအပ်ပါတယ်။

**နိုလေးဆောင်**

www.burmeseclassic.com





နီလေးမောင် မှုခင်း မဂ္ဂဇင်း

အမှတ် ၂၃၀ ၊ နိုဝင်ဘာလ ၊ ၂၀၁၄ ခုနှစ်


– လူသတ်မှု၊ လုသေမှု၊ ဆိုးဒိုးရိုက်နှက်မှုကအစ ရမ်းကားမှုအဆုံး ပြစ်မှုအတော်များများဟာအရက်နဲ့ ပတ်သက်
မှုခင်းကျူးလွန်ရေးနှင့် အရက်ဖြစ်မှုများပြဿနာများ – နီလေးမောင် ------------ ၄

– မယားပါသမီးတစ်ဦးကို လွန်ခဲ့သော ၄နှစ်ကပင် သားမယားပြုကျင့်ခဲ့သည်မှာ ထိုကလေးအသက် ၁၅နှစ်ရှိသည်ထိ
နိုင်ငံတကာသတင်း – ညိုမင်းလွင်(မော်ကျွန်း) -------------- ၁၇

– အကြမ်းဖက်မှုတွေ မဖြစ်ပွားမီက ကာကွယ်ထိန်းသိမ်းနိုင်မယ့် နည်းလမ်းတွေနဲ့ ဖြစ်ပွားပြီးနောက်ပိုင်းမှာ
အကြမ်းဖက်သမားများအား ဖမ်းစီးထောက်လှမ်းရာဝယ် – ခင်မမမျိုး ------------ ၂၆

– အမျိုးသမီး ကိုယ်ဝန်ဆောင်အသွင်ဆောင်၍ ခွဲစိတ်ပြီး ဗိုက်ကို ဝမ်းဗိုက်အတွင်းထည့်သွင်းထားနိုင်သည်။
အသားထဲကဗုံး – လှဦး --------------- ၃၂

– ဆုံးဖြတ်ချက်အတိုင်း အရက်ဖြတ်ပြီး သုံးရက်ခန့်အကြာတွင် အလိုလိုစကားပြောသံများ ကြားရပြန်သည်။
အဆိပ် – ဒေါက်တာအုန်းမောင် -------------- ၄၁

– တတ်သမျှ ပညာစွမ်းတွေသာကုန်သွားသည်။ သူနှင့်ပတ်သက်ပြီး ပိပြင်သောကောက်ချက်တစ်စုံတရာမချနိုင်။
တခြားကမ္ဘာက လူလား – ညီညီနိုင် ------------------ ၄၆

– ညီမလေးကိုသေသေချာချာကြည့်ပြီး နယ်စပ်မှာရှိတဲ့ အလုပြင်ဆိုင်မှာစရိတ်ငြိမ်းတစ်သိန်းခွဲနှင့်အလုပ်ရမယ်၊
ပြည်သူ့အကျိုးဖော်ဆောင်ရာဝယ် – ရွှေမိုး (ရပ်စောက်) ------- ၅၃

– ယမကာလုလင်တွေကို 'သက်စွန့်သောက်စားယမကာလုလင်များ'ဆို တဲ့ဂုဏ်ပြုလက်မှတ်ပေးဖို့ကောင်းနေပြီ"
ကားနဲ့တိုက်ခန်းယူမလား – ဇော်သူကျော် ---------- ၅၈

– ရန်ဖြစ်လို့ တစ်ဖက်အမျိုးသမီးရဲ့ နားရွက်ကိုပါးစပ်နဲ့ကိုက်လိုက်တာ နားရွက်ပြတ်ပြီး ဒီကိုရောက်လာတာနော်"
"တိုက်ဘဲကိုက်နိုင်လွန်း သည့် ပါးစပ်" – မောင်မောင်အောင်မင်း (ဒဿနိက) ----- ၆၀


– အိပ်မောကျနေတုန်း ခြင်ထောင်ထဲကိုလူတစ်ယောက်ဝင်လာပြီး မအေးမြရဲ့နံဘေးမှာဝင်လှဲအိပ်လိုက်တော့
လင်အတုမှုဒိမ်းမှု – ခရီးသွားသတင်းသမား -------------- ၆၆

– မပြီးပြတ်သေးသောမည်သည့်ပြစ်မှုကိုမဆို ဝေဖန်ချက်၊ ဆောင်းပါးရေးသားချက်၊ဝေဖန်ရေးသားဖော်ပြခွင့်မရှိပါ။
သည့်ဥပဒေသင်သိပါသလား – ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်) ------- ၇၃

– တရွှေတစ်ကောင်တည်းက သူတို့ ညီအစ်မနှစ်ယောက်စလုံးကို တစ်ချိန်စီခြောက်လှန့်နေခဲ့တာပဲ။
ဆေးရုံပေါ်ကတစ္ဆေ – မောင်မိုင်းညို (ချောင်းဦး) ------------ ၇၆

www.burmeseclassic.com





- အိပ်ခန်းအောက်တည့်တည့်တွင် သွေးများအိုင်ထွန်းနေသည်။ ကြမ်းပြင်မှလည်းသွေးများတစ်စက်စက်ကျနေသည်။
**သွေးစက်နီဂုံး - အောင်ဘုန်းဝေ** ------------------ ၈၄

- "မကြောက်ပါနဲ့ အချစ်ကလေးရယ်၊ စိတ်ချပါ သူတို့က သဘောမတူလျှင် နင်ကို ခိုးပြေးပြီးပေါင်းမယ် ယုံပြီလား"
**ဖုံးသမျှ ကုန်းတော့မှပေါ် - ကျော်သောင်း (ဘုတလင်)** ----------- ၉၂

- ကျူပ်ပါးစပ်ကိုပလာစတာနဲ့ ပိတ်လိုက်ပါတယ်။ နောက်ကျူပ်ကိုလက်ပြန်ကြိုးတုပ်ပြီးဆိုင်နောက်ဖက်ခေါ်သွားတယ်။
**ပြည်သူပိုင်ကုန်စုံဆိုင် ဖောက်ထွင်း လုယက်မှု - တောင်တွင်းတင်အေး** ---------- ၁၀၀

- ရထားကြိတ်သွား ပါမယ်''လို့ပြောပြီး လူကြီးရဲ့ခန္ဓာကိုယ်ကြီးကို ရထားလမ်းပေါ်က အတင်းဆွဲဖယ်နေတယ်။
**ရထားလမ်းပေါ်ကလူတစ်ယောက် - ရထားဝန်ထမ်းတစ်ဦး (ငြိမ်း)** --------- ၁၁၇

- ကျွန်တော်ယူလာသော ပဒိုင်းသီးကိုစားနေချေပြီ။ ပဒိုင်းသီးစေ့များမှာမာလကာသီးစေ့နှင့် တူပါသည်။
**မူးယစ်စိတ်ပြောင်း တစေ့တစောင်း - တင်ဖေသော်(သထုံ)** ---------- ၁၂၄

- အိမ်ရှင်သည်လူကြမ်း၊ အိမ်ဖော်သည်သနားစရာမျက်နှာမွဲမင်းသမီးအဖြစ်တွေ့ပါ။ အချို့အဝက်လည်းဟုတ်မည်။
**အိမ်ဖော်မိသော် - ပြည့်စုံမိုးဟိန်း** ------------------- ၁၃၈

- သမီးအပျိုလေးကို လူတစ်ယောက်က အဓမ္မကျင့်စော်ကားခဲ့ရင် ဘယ်လို ခံစားနိုင်မလဲ။
**ကိလေသာ ပိုးထတဲ့သူ - တမာသင်းနိုင် (စက်မှုလယ်ယာ)** ---------------- ၁၄၆

- ရဲစခန်းက ဖမ်းဆီးအရေးယူဆောင်ရွက်တော့မယ်ဆိုရင် နိုင်လုံတဲ့ သက်သေခံအထောက်အထားရှိဖို့လိုတယ်။
**ကျော်ကြီးနဲ့ မာစတာကီး - ဝင်းသောင် (ရမည်းသင်း)** ------------- ၁၅၄

- နတ်ကန္တားလည်းဆက်ကနေသည်နတ်ချော့သူများလည်းဆိုင်းဝိုင်းအားလက်ပစ်ကြေးပေးပေးပြီးနတ်ချော့နေကြသည်။
**သံသယ - ရာမည မောင်မောင်ကျော်** ---------------- ၁၆၈


- သိုက်ဆရာကြီးကတော့ သူ့အစီအရင်အောင်လို့ သူတို့ ချမ်းသာတော့မယ် လို့ ဝမ်းသာပီတိဖြစ်နေတယ်။
**သိုက်ဆရာနှင့်ရွှေးဟောင်းရတနာ - ဦးကျော်လှဖြူ (မဟာဝိဇ္ဇာ)** ----------- [illegible]

- တိုက်ခိုက်သွားခဲ့သော ဓားပြမှုကြီးများနှင့် ပတ်သက်၍ခြေရာခံမိသမျှမှာသွေးနှင့်လူသေအလောင်းများသာဖြစ်သည်။
**မရဏကမ္ဘာသို့ ချိန်းဆိုသောနေ့လယ်စာ - စလင်းညို (နီလာရိုင်းမြေ)** ----------- [illegible]

- လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ဆိုတဲ့ အသုံးအနှုန်းကိုဗန်းပြပြီးပွဲဆူအောင်လုပ်နေကြတဲ့ပွဲ...

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




## ဘာကြောင့် ပြစ်မှုဖြစ်ပွားရလဲ
## မှုခင်းကျဆင်းစေအောင် ဘယ်လိုလုပ်ရမလဲ

- ပြစ်မှုဖြစ်ပွားခြင်း၏ အခြေခံအကြောင်းအချက်များ
- ရာဇဝတ်ကောင်တို့၏ အမူအကျင့်၊ အလေ့အထ၊ လုပ်နည်းကိုင်နည်းများ
- မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်များ
- ဆိုင်ရာပုဒ်မများ ပြည့်စုံစွာပါဝင်
- အသက်အရွယ်မရွေး နေ့စဉ်သော်လည်း အမှုထမ်းရာ တွေ့ရတတ်သည့်ကွာသော

စကားကို ဖော်ပြထားနိုင်မည် ဖြစ်ပါ၏။

## ဒါကြောင့်

ဒေါက်တာ. ခင်ဆွေ. ဇော်ဟ တရားသူကြီး၏ ဆိုးကျိုးကို မီးမောင်းထိုးပြကာ

ဖူးယောင်းစေးပေါ် ထိတ်လန့်ဖွယ်ရာနှင့်

မင်းမှား ဒေသနည်းကျဆင်းစေရေးသို့

ပဲ့သော ဦးတည်ချက်ဖြင့် ထုတ်ဝေနေသော

ဦးလေးမောင် မြားနတ် မဂ္ဂဇင်း

သက်ခဲ့ပြီ ဝယ်ရှုမှ ဖြစ်ပါမယ်


www.burmeseclassic.com

www.burmeseclassic.com



CRIME REPORT

ညိုမင်းလွင်

မော်ကျွန်း

# ခရစ်ယာန် သီလရှင်ဟန်ဆောင်သူများထံမှ မူးယစ်ဆေးမိ



ကိုလံဘီယာ လေဆိပ်တွင် ခရစ်ယာန်သီလရှင်များ သဏ္ဍာန် ဟန်ဆောင်ထားသော အမျိုးသမီး ၅ ဦးထံမှ မူးယစ်ဆေး ကိုကင်းများ ဖမ်းဆီးရမိကြောင်း သတင်းတာ ဆိုသည်။

မြို့တော် ဘိုဂိုတာမှ ဆန်အင်ဒရက်ကျွန်းသို့ အားလပ်ရက် ခရီးထွက်ကြသူများနှင့် အတူ သီလရှင် ၅ ဦး ပါလာသည်။ ရဲပညာ မျက်စိဖြင့် ကြည့်သော အခါ အဆိုပါ သီလရှင်များသည် အစစ်မဟုတ်ကြောင်း ခန့်မှန်းမိသည်။ တစ်ဖန် ၎င်းတို့ ဝတ်ဆင်ထားသော ဝတ်ရုံများကလည်း အစစ်မှန် မဟုတ်ကြောင်း တွေ့ရှိသဖြင့် မသင်္ကာမှုဖြင့် စစ်ဆေးသောအခါ ဝတ်စုံ ဂါဝန်အောက်ခြေထောက်များတွင် ရစ်ပတ် ချည်နှောင်ထားသည့် အလေးချိန် ၂ ကီလိုရှိသော ကိုကင်းထုတ်များ ဖမ်းဆီးရမိသည်။ ၎င်းတို့သည် အသက် ၂၀၊ ၃၂၊ ၃၇ အရွယ်ခန့် ရှိကြသောအမျိုးသမီးများ ဖြစ်ကြသည်။ မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုဖြင့် တရားစွဲထားသည်။

Ref: Internet News

www.burmeseclassic.com

www.burmeseclassic.com



# အစေယောင်ဆောင်ရဲများက ထောင်အတွင်းဝင်ရောက်သဖြင့် ပစ်ခတ်မှုဖြစ်ပွား

liverıng another prisoner, state prosecutors said.

"Once inside the prison, the armed group began simply a rivalry between two criminal groups," said a security official, who spoke on condition of anonymity.



***Inmates lie on the ground as riot policemen keep watch after a shooting in the Tuxpan prison in Iguala, in the Mexican State of Guerrero on 3 Jan, 2014.***
**REUTERS**

မက္ကဆီကိုနိုင်ငံ ဂွယာလာအို ဒေသရှိ အကျဉ်းထောင် တစ်ခု အတွင်းသို့ အယောင်ဆောင် ရဲ အရာရှိများက ဝင်ရောက်စီးနင်း ရာမှ ပစ်ခတ်မှုဖြစ်ပွားသဖြင့် အကျဉ်းသားများ သေဆုံးပြီး၊ ဒဏ်ရာရသောသူများ ရှိခဲ့ ကြောင်း သတင်းစာတွင် ဖော်ပြ လိုက်သည်။

ဂွယာလာအို ဒေသသည် ဒုစရိုက်ထူပြောသော ဒေသဖြစ် ပြီး၊ မူးယစ်ဆေး ဒုစရိုက်ဂိုဏ်း များ ထူပြောသော အရပ်ဖြစ် သည်။ သို့ဖြစ်၍ ထိုဒေသရှိ အကျဉ်းထောင်အတွင်း ဂိုဏ်း ပေါင်းစုံမှ ပြစ်ဒဏ် ကျခံရသော အကျဉ်းသားများ ရှိခဲ့သည်။ ရုံး အရာရှိဝတ်စုံ ဝတ်ဆင်ထားသော လူ၆ဦးသည် အကျဉ်းသား လာပို့ သည့် သဏ္ဍာန်ဖြင့် အကျဉ်း ထောင်ပင်မ တံခါးသို့ရောက်လာ သည်။ ဂိတ်ဝလုံခြုံရေး တာဝန်ခံ များကလည်း စာရွက်စာတမ်း ပြည့်စုံစွာပါသဖြင့်၊ ထိုအယောင် ဆောင်ရဲ၆ဦးကို ထောင်အတွင်း ဝင်ခွင့်ပြုလိုက်သည်။ ထောင် အတွင်း ရောက်သည်နှင့် ထိုရဲ အတုတို့က စတင် ပစ်ခတ်ခဲ့ပြီး၊ အကျဉ်းထောင်ဇဟို မျှော်စင်ကို ပစ်ခတ်ကြပြန်သည်။ ဇဟိုမျှော် စင်လုံခြုံရေးများက တုံ့ပြန်ပစ်ခတ် ခဲ့ရာမှ အကျဉ်းသား ၄ ဦးနှင့် ရဲအတု ၅ ဦး သေဆုံးခဲ့သည်။ အခြားအကျဉ်းသား ၁ ဦးနှင့် ရဲ အတု ၁ ဦးတို့ ဒဏ်ရာရပြီးဆေး ရုံ တင်ထားရသည်။

အယောင်ဆောင် ရဲများ၏ ယင်းကဲ့သို့ စီးနင်းဝင်ရောက်ခြင်း သည်ယင်းတို့၏ အကျဉ်းကျနေ သော ဒုစရိုက် ဂိုဏ်းဝင်များ လွတ်မြောက်ရန် ဆောင်ရွက်ခြင်း နှင့် ပြိုင်ဘက် အခြားဂိုဏ်းဝင် များကို သတ်ဖြတ်လုပ်ကြံခြင်းပင် ဖြစ်နိုင်သည်ဟု ကောက်ချက်ချခဲ့ သည်။ ထိုဒေသတွင် ဇီတာစ် ဂိုဏ်းနှင့် ကနိုက်တင်ပလာ ဂိုဏ်း တို့သည် နယ်စပ်ဖြတ်ကျော် မူး ယစ်ဆေး မှောင်ခိုလမ်းကို ထိန်း

www.burmeseclassic.com



ချုပ်နိုင်ရန် ယှဉ်ပြိုင်နေသော အခြေအနေရှိကြောင်း သတင်းက ဆိုသည်။

Ref:Reuters

## ရေခဲရိုက် ကြက်သေများ၏ ဗိုက်ထဲမှ ဆေးခြောက်များ ဖမ်းဆီးရမိ

ဘရာဇီးနိုင်ငံ၏ မြို့တော်ကြီးဖြစ်သော ဝူအာရီပုဂိုစ်မြို့တော်တွင် ရေခဲသေတ္တာ၊ ကုန်တင်ကားပေါ်မှ ကြက်အသေကောင်များအတွင်း လျှို့ဝှက်စွာ ဖွက်ထားသိုလှောင် သယ်ယူလာသည့် ဆေးခြောက်၊ ဆေးပြား တစ်တန်ကို ပြည်သူ့လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သတင်း၌ ဖော်ပြလိုက်သည်။

ညသန်းခေါင်တွင် ဝူအာရီပုဂိုစ် မြို့တော်၏ ပြည်သူ့လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဆေအိုပူလို အရပ်တွင် တာဝန်ထမ်းဆောင်နေကြသည်။ထိုစဉ်အအေးခန်းပါသော ကွန်တိန်နာကား တစ်စီးသည် ရှေ့ပြေးလုံခြုံရေးကားတစ်စီး ဦးဆောင်မှုဖြင့် သဘော်ဆိပ်ကမ်းသို့ ဦးတည်မောင်းနှင်လာသည်။ အအေးခန်းပါသော ကားကို အက်စကော့ကားဖြင့် စောင့်ရှောက်ခြင်းမှာ မသင်္ကာဖွယ်ရာဖြစ်၍ တပ်ဖွဲ့ဝင်များက ထိုယာဉ် ၂ စီးကို ရပ်တံ့ရှာဖွေသောအခါ ရေခဲသေတ္တာကုန်တင်ကားအတွင်းရှိ အေးခဲထားသော ကြက်အသေကောင်များတွင် လျှို့ဝှက်ထည့်ထားသော အမှုန့်အခဲပြုလုပ်ထားသည့် ဆေးခြောက်၊ ဆေးပြား စုစုပေါင်းတစ်တန်ကို တွေ့ရှိရသည်။ ၎င်းဆေးခြောက်၊ ဆေးပြားများကို ကြက်သေ သေတ္တာ ၂၃ လုံးတွင် ထည့်ထားခြင်းဖြစ်သည်။ အက်စကော့ကားမှ လူ ၂ ဦးနှင့် ရေခဲသေတ္တာကားမှ လူ ၂ ဦးကို ဖမ်းဆီးစစ်ဆေးပြီး မှုးယစ်ဂိုဏ်းကို စုံစမ်းနေသည်။

Ref: Xinhua

## Brazil seizes one-ton drugs smuggled in frozen chicken crates

RIO DE JANEIRO, 7 [redacted] Brazilian police seized one ton of marijuana hidden inside frozen chicken crates being shipped aboard by a refrigerated truck, and arrested four suspects, official... been pressed into tablets and stored in 23 boxes labeled "fragile", according to authorities.

Two men arrested were in the refrigerated truck and the other two were ridi...

www.burmeseclassic.com

www.burmeseclassic.com



# ဘရူစလီ (ကွန်ဖူးဘုရင်) ၏ ဖြစ်ရပ်မှန်အချစ်ပုံပြင်



## Bruce Lee had 'shortgun union'

**Beijing - Actress Betty Ting Pei, 63, in whose home Bruce Lee died in 1973, has spilled the beans on the gongfu legend's marriage to his wife Linda, saying it was a shotgun union.**

**Claiming she was not to be blamed for**

၂၇.၁၁.၂၀၁၄ နေ့သည် ကွယ်လွန်ခဲ့သော ကွန်ဖူးဘုရင် ဘရူစလီ (ရုပ်ရှင်မင်းသား) ၏ အသက် ၇၄ ပြည့်မွေးနေ့ဖြစ်ပါသည်။ ထိုမွေးနေ့ ကာလနှင့် တိုက်ဆိုင်၍ ကွန်ဖူးဘုရင်၏ အချစ်ဟောင်း၊ ရုပ်ရှင်မင်းသမီး ဘက်တီတင်ပေ ၆၇ နှစ်က ဘရူစလီ၏ရှေ့ ဟောင်းဒဏ္ဍာရီဆန်သော အချစ်ဇာတ်လမ်း တစ်ပုဒ်မှ လျှို့ဝှက်ချက်ဖြစ်ရပ်မှန်ကို ထုတ်ဖော် ပြောကြားလိုက်ကြောင်း သတင်းစာတွင် ဖော်ပြလိုက်သည်။

ဘက်တီတင်ပေ၏ ပြောကြားချက်မှာ မင်းသား ဘရူစလီသည် မစ္စလင်ဒါနှင့် တွဲနေရာမှ ကိုယ်ဝန် ရှိလာသဖြင့် ကမန်းကတန်း လက်ထပ်ခြင်း (Ahort-gun Union) ပြုလုပ်လိုက်ခြင်း ဖြစ်သည်ဟု ဆိုသည်။ ဘက်တီအနေဖြင့် ဘရူစလီ သေဆုံးခြင်းအတွက် အပြစ်မဖို့လိုသော်လည်း ဘရူစလီနှင့် လင်ဒါတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်မေတ္တာခံစားချက် အပြန်အလှန်မရှိကြဘဲ၊ ထမင်းစားတာတောင် တစ်စားပွဲတည်း စားလေ့မရှိဟု ဘက်တီက ပြောကြားခဲ့သည်။ ဆက်လက်၍ ပြောကြားခဲ့သည်မှာ ဘရူစလီ၏ လက်ထပ်ပွဲတွင်သူမသည် ကြားလူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဘရူစလီသေဆုံးခြင်းအတွက် သူမကို တစ်ကမ္ဘာလုံးက အပြစ်ဖို့ခဲ့ခြင်းမှာ ရယ်ဖွယ် ကောင်းကြောင်းနှင့် သူမအနေဖြင့် ဘရူစလီကို အမိဖမ်းခြင်းမဟုတ်ဘဲ သူ့ခြေ/ သူ့လက်ဖြင့် သူ့သဘော သူဆောင်ပြီး ဘက်တီထံ လာခြင်းသာ ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

ဘက်တီကို ရုပ်ရှင် ထုတ်လုပ်သူ မစ္စဘာရေးမွန်က ဘရူ

www.burmeseclassic.com

www.burmeseclassic.com



စလီနှင့် မိတ်ဆက်ပေးခဲ့သဖြင့် စတင် သိကျွမ်းခဲ့ကြသည်။ ထိုမှစ၍ ရုပ်ရှင် ရိုက်ကူးရေးကိစ္စ ဆွေးနွေးကြစဉ် စားပွဲခုံအောက်ရှိ ဘက်တီ၏ ညာလက်ကို ဘရစလီက ယုယကြင်နာ တင်းတင်းကြီး ဆုပ်ကိုင်ထားကာ သူ့မျက်ဝန်းများကလည်း အချစ်ရည်လွှမ်းနေကြောင်း ဘက်တီတွေ့ခဲ့ရသည်ဟု ဆိုသည်။ ထို့ကြောင့် ဘရစလီသည် သူမကိုနှစ်ကြိုက်သဘောကျနေ ကြောင်းသိခဲ့ရသည်။ မင်းသားလက်ထပ်ပြီးနောက်၃ ဦးသားအဆင့်အတန်းတူ ခင်မင်မပျက် နေထိုင်ခဲ့ကြပြီး ဘရစလီ၏ အိမ်ထောင်ရေး ပြိုကွဲခြင်းကို လိုလားခြင်း အလျဉ်းမရှိခဲ့ဟု ပြောကြားခဲ့သည်။

ကွန်ဖူးဘုရင် ဘရစလီသည် အသက် ၂၃ အရွယ်၌ ကွန်ဖူး ရုပ်ရှင်ကားများတွင် ဇာတ်ဆောင်အဖြစ် လျှမ်းလျှမ်းတောက် ကျော်ကြားနေစဉ် ရုတ်တရက် သေဆုံးခဲ့ရသည်။၎င်းသေဆုံးသည့်နေရာမှာ ဘက်တီတင်ပေ၏ အိပ်ရာပေါ်တွင် ဖြစ်နေ၍ ဘရစလီကိုချစ်သော ပရိသတ်တို့က ဘက်တီကို အပြစ်ဖို့ခဲ့ကြကြောင်း သတင်းစာတွင် ဖော်ပြလိုက်သည်။

Ref: TST

# ညီမွန်းမျှင် နိုင်ငံတကာ သတင်းထွာ

## ဝိသမ လောဘသား တို့ကြောင့် အစာ အဆိပ်သင့်

အီဂျစ်နိုင်ငံ နိုင်းမြစ်ဝှမ်းဒေသရှိ ဇာဂါဇင်တက္ကသိုလ်မှ ကျောင်းသားကျောင်းသူ (အဆောင်နေ) ၁၄၇ ဦးသည် အစာအဆိပ်သင့်ပြီး မူးဝေအော့အန် သတိလစ်ကာ နီးစပ်ရာ ဆေးရုံများကို ပေးပို့ခဲ့ရသည်။ ထိုနေ့တွင် ကျွေးမွေးသော အစားအစာတွင် တူနာငါးဖြင့် ပြုလုပ်ထားသော ငါးသေတ္တာဟင်းဖြစ်ပြီး အာမခံသက်တမ်းမှာ ၂၀၁၅ ရောက်မှ ပျက်စီးမည်ဟု ငါးသေတ္တာဘူးခွံများ၌ ပါရှိသည်။ သို့ရာတွင် ဝိသမလောဘသားတို့က ရက်လွန်ငါးသေတ္တာများကို ရက်စွဲပြောင်းပြီး လတ်လတ် ဆတ်ဆတ်ဖြစ်ဟန် ပြုလုပ်ထားသည်ဟုကောက်ချက်ချသည်။ နောင်တွင် ဤကဲ့သို့ တစ်စုတစ်ဝေးတည်း ကျန်းမာရေး ချို့ယွင်းချက်ဖြစ်ပါက ကုသပေးနိုင်ရန် အမြဲတမ်း တက္ကသိုလ်ဆေးရုံ ထားရန်စီစဉ်နေရသည်။ တက္ကသိုလ်သို့ စားသောက်ဖွယ် တင်သွင်းသော ကန်ထရိုက်များကို သက်ဆိုင်ရာက စစ်ဆေးနေသည်။

Ref: Xinhua

www.burmeseclassic.com

www.burmeseclassic.com



# အိန္ဒိယ နိုင်ငံမှ မုဒိမ်းကောင်များ အတွက် ဓာတုဆေးထိုး သင်းကွပ်ခြင်းဥပဒေ

## says Indian judge Castrate rapists,

အိန္ဒိယနိုင်ငံတွင် အမျိုးသမီးထုအတွက် မခံမရပ်နိုင်အောင် သိသာထင်ရှားစွာ ဖြစ်ပွားလာသည့် ကလေးများ/အရွယ်မရောက်သူများအပေါ် ဆက်တိုက်သော်လည်းကောင်း၊ ပင်ကိုစရိုက် အကျင့်ကြောင့်သော်လည်းကောင်း မုဒိမ်း ကျင့်မှုများ မြင့်တက် လာနေခြင်းအပေါ် လက်ရှိ သုံးစွဲနေသော ဥပဒေအစား၊ တရားခံကို ခွဲစိပ် သင်းကွပ်ခြင်း/ ဓာတုဆေးထိုးသွင်း၍ သင်းကွပ်ခြင်း အပြစ်ဒဏ်ပေးသင့်ကြောင်း နယူးဒေလီမှတရားသူကြီးအမျိုးသမီးက တောင်းဆိုချက်ကို သတင်းစာတွင် ဖော်ပြလိုက်သည်။

မယားပါသမီး တစ်ဦးကို လွန်ခဲ့သော ၄ နှစ်ကပင် သားမယားပြု ကျင့်ခဲ့သည်မှာ ထိုကလေးအသက် ၁၅ နှစ်ရှိသည်ထိတိုင်အောင် ကြာမြင့်ခဲ့သည့် မုဒိမ်းမှုကို တရားခံက အပြစ်ဒဏ် လျှော့စေရန် အပြစ်ရှိကြောင်း ဝန်ခံချက်ဖြင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ လက်ရှိ တည်ဆဲဥပဒေအရ မုဒိမ်းသမားကိုအမြင့်ဆုံး ထောင်ဒဏ် တစ်သက်ပေးရန် သတ်မှတ်ထားသော်လည်း ၄င်းမှုခင်းများ ကျဆင်းခြင်း မရှိတော့သဖြင့် ဥပဒေသည် မလုံလောက်တော့ဘဲ အနောက်နိုင်ငံများတွင် ကျင့်သုံးသည့် ခွဲစိပ်-သင်းကွပ်ခြင်း Surgical Castration နှင့် ဆေးထိုးသွင်း သင်းကွပ်ခြင်း Chemical Castration အပြစ်ပေးသည့် ဥပဒေကို ထပ်မံဖြည့်စွက် သင့်ကြောင်း ထောက်ပြခဲ့သည်။



အဓမ္မပြုကျင့်ပြီးသတ်ဖြတ်[illegible]ဖစ်ထားသော
အိန္ဒိယအမျိုးသမီးငယ်တဦး

အိန္ဒိယနိုင်ငံ၏ ရာဇဝတ်မှု မှတ်တမ်းအရ ၁၉၉၀ ပြည့်နှစ်တွင် မုဒိမ်းမှု ၁၀,၀၆၈ မှ ၂၀၀၀

www.burmeseclassic.com



ခုနှစ်တွင်၂၁,၃၉၇ မှု ဖြစ်ပွားခဲ့ပြီး စီရင်ချက်မချရသေးသည့် အမှုပေါင်း၈ သောင်းနီးပါး ရှိသည်ဟု ဖော်ပြထားသည်။ အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယား၊ ကာလီဖိုးနီးယား ဖလောရီဒါ၊ ဗြိတိန်၊ ဒိန်းမတ်၊ ဆွီဒင်နှင့် ဂျာမနီတို့တွင် ကလေးငယ်များကိုမုဒိမ်းကျင့်သည့်တရားခံနှင့် အဆက်မပြတ် မုဒိမ်းသမား Serialrape များကို ခွဲစိပ်ခြင်း၊ ဆေးထိုးသွင်းခြင်းဖြင့် သင်းကွပ်သည့် အပြစ်ဒဏ် ပေးလျက်ရှိသည်။

၂၀၀၉ ခုနှစ်တွင်ပိုလန်၌ ယင်းကဲ့သို့ဥပဒေဖြင့် တိုးမြှင့်အပြစ်ပေးရန် အတည်ပြုခဲ့သည်။ ဤဥပဒေမျိုး သတ်မှတ်ရန် ဗဟိုတရားရုံးချုပ် ရှေ့နေက ထောက်ခံပြီး အထူးသဖြင့် ကလေးများအပေါ် ကျူးလွန်သည့်တရားခံကို ထိုပြစ်ဒဏ် မျိုးပေးထိုက်ကြောင်း ဆို၏။

ဖော်ပြပါ ပြစ်ဒဏ် ၂ မျိုး အတွက် အနောက်နိုင်ငံများတွင် လူ့အခွင့်အရေး သမားများက ဥပဒေမှာ ရိုင်းစိုင်းပြင်းထန်လွန်းသည်ဟု အငြင်းပွားပြောဆိုကြသော်လည်း ထိုဥပဒေကြောင့် မုဒိမ်းမှု ကာကွယ်ရေးကို ထိရောက်ကြောင်း သတင်းစာတွင် ဖော်ပြပါရှိသည်။

Source: gnirmala@sph.com.sg

## ကြိုးကို လည်ပင်းချည်ဆော့ကစားရာမှ ကြိုးဆွဲချသလိုဖြစ်ပြီး လူငယ်တစ်ဦးသေဆုံး



စင်ကာပူနိုင်ငံ၊ အင်မိုကို အရပ်ရှိ နေအိမ်တစ်လုံးတွင် ဆယ်ကျော်သက် လူငယ်တစ်ဦး ကြိုးနှင့် ကစားရင်း မိမိကိုယ်မိမိ ကြိုးဆွဲချသကဲ့ဖြစ်ကာ အသက်ဆုံးရှုံးခဲ့ကြောင်း သတင်းစာတွင် ဖော်ပြလိုက်သည်။

ယင်ကီလစ် (၁၄) နှစ်သည် ဉာဏ်ရည်ထက်မြက်ပြီး ရှင်လန်းတက်ကြွသော လူငယ်တစ်ဦးဖြစ်သည်။ ၄င်းသည် ဖာနင်ဗယ်ဂါးဒင်းတွင် ပညာသင်ကြားနေသည်။ ၄င်း ဝါသနာနှင့် အကျင့်မှာ ထိုင်ဝမ် (တရုတ်) မှ ထုတ်လွှင့်သော မှော်ဝိဇ္ဇာ ဇာတ်လမ်း၊ လက်လှည့်၊ မျက်လှည့် စီးရီးများကို မလွှတ်တမ်းကြည့်ပြီး အတုခိုးလိုက်လုပ်တတ်သည်။ ၄င်း လုပ်ဆောင်နေသည်များကိုလည်း အခြားသူများ မမြင်စေရန် တံခါးချက်ချပြီး လုပ်လေ့ရှိသော စိတ်ရောဂါဆန်သော အပြုအမူများ ရှိခဲ့သည်။ လွန်ခဲ့တဲ့ (၂) ပတ်က ယင်ကီလစ်သည် သူ၏ ခြေနှင့်

www.burmeseclassic.com



# Teen hanged himself by accident

လက်တို့ကို သူကိုယ်တိုင် ကြိုးတုပ်ကစားသဖြင့် မိဘများက ခက်ခက်ခဲခဲဖြေရသည်။ ထိုအချိန်မှစ၍ မိဘများသည် အိမ်တွင်ရှိသမျှ ကြိုးအားလုံးကို သော့ခတ်သိမ်းခြင်း မလိုသည်များ စွန့်ပစ်ခြင်းပြုခဲ့ကြသည်။ ယင်ကီလစ်၏ အိပ်ခန်း (စာကြည့်ခန်းပါ) အပိုသော့တစ်ချောင်းကို ဆောင်ထားကြလေသည်။

ယင်ကီလစ်၏ မိခင် (၅၇) နှစ်သည် အလုပ်ရှိရာ စတိုးဆိုင်သို့ (၁း၃၀) နာရီထွက်ခွာခဲ့သည်။ ဖခင် (၆၂) နှစ်ကလည်း ဟင်းသီးဟင်းရွက် ရောင်းရန် စီစဉ်နေသည်။ ယင်ကီလစ်၏ အစ်ကို (၁၇) နှစ်ကလည်း ကွန်ပျူတာဖြင့် အလုပ်များနေသည်။ ယင်ကီလစ်ကလည်း သူ့အခန်းတွင် ကစားနေသည်။ ဤသို့ အသီးသီးကိုယ့်အလုပ်၊ ကိုယ်လုပ်နေကြစဉ် ညနေ (၄) နာရီတွင် ယင်ကီလစ်၏ အခန်းသည် ထူးခြားစွာတိတ်ဆိတ်နေသည်ကို အစ်ကို ဖြစ်သူက မသင်္ကာသဖြင့် အခန်း တံခါးခေါက် အချက်ပေးသော်လည်း အတွင်းမှ တုံ့ပြန်မှု မရခဲ့ပေ။ သို့ဖြစ်၍ ဖခင်ကို အော်ခေါ်ပြီး ရှိထားသော အခန်းသော့ဖြင့် သားအဖ (၂) ယောက် တံခါးကို ဖွင့်ကြည့်သောအခါ (ယင်ကီလစ်သည် ကုတင်ဘေးတွင်တစောင်းလျောကျနေပြီး လည်ပင်းတွင် ကြိုးချည်ထားကာ ၄င်းကြိုးစသည် ပြူတင်းပေါက် သံပန်းတံခါးတွင် ချည်ထားသည်) မျက်နှာမှာလည်း ပြာနှမ်းနေသဖြင့် ဖခင်က ရှေးဦးသူနာပြုနည်းဖြင့် ပြုစုပြီး ဆေးရုံပို့သော်လည်း ယင်ကီလစ်မှာ သေဆုံးခဲ့ပြီးဖြစ်သည်။

သေမှု သေခင်း စစ်ဆေးရေး အရာရှိတို့က ယင်ကီလစ်အလောင်းကို မှုခင်းဆေးပညာဖြင့်စစ်ရာ ခန္ဓာကိုယ်ပေါ်တွင် အခြားဒဏ်ရာမရှိခြင်း၊ ကြိုးကို လည်ပင်းတွင် ချည်၊ သံပန်းတံခါး (ပြူတင်း) တွင် တုပ်ထား၍ ဆော့ကစားရာမှ ပြုတ်ကျပြီး အသက်ရှူကျပ်ကာ သေဆုံးခဲ့သည်ဟု ကောက်ချက်ချခဲ့သည်။

မိမိ၏ သားသမီးများ၏ထူးခြားသော အပြုအမူ စိတ်ရောဂါဆန်သော ကစားနည်းများကို တွေ့ရှိပါက မိဘများသည် ကျွမ်းကျင်သူ ဆေးပညာရှင်များထံ ပြသခြင်းနှင့် အန္တရာယ်ရှိသော ကစားနည်းများကို ကြိုတင်တားမြစ်သင့်ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

Ref: Internet News

www.burmeseclassic.com

www.burmeseclassic.com



# အစားမတော်တစ်လှတ်ကြောင့် ဆေးရုံရောက် အစာအဆိပ်သင့်သူများ

တရုတ်နိုင်ငံ အနောက်မြောက် ဘက်ရှိရှာအန်ဇီ စီရင်စုဒေသတွင်ရှိသော အခြေခံပညာမူလတန်းကျောင်းမှာ ကျောင်းသား/ ကျောင်းသူ ၂၁ ဦးသည် အစာ အဆိပ်သင့်သောကြောင့် ဆေးရုံတင်ပို့ခဲ့ရကြောင်း သတင်းစာ၌ ဖော်ပြလိုက်သည်။

ဘော့စ်ဟူရန် အခြေခံပညာမူလတန်းကျောင်းတွင် ကျား/မ ကလေးပေါင်း ၁၃၄ ဦး ပညာသင်ကြားနေကြသည်။ ထိုကျောင်းတွင် နေ့လယ်စာအဖြစ် မိမိ နှစ်သက်ရာကို စိတ်တိုင်းကျ ရယူစားသုံးနိုင်သော စားသောက်ဆိုင် Cafeteria ဆိုင်ကိုလည်း ဖွင့်လှစ်ပေးထားသည်။ အသား၊ ငါး၊ ဟင်းသီး ဟင်းရွက်မှစ၍ အကြော် အလျော်စုံလင်စွာ ထားပေးသည်။ ထိုနေ့ နေ့လယ်စာစားချိန် ကျောင်းဆင်းသောအခါ ကလေးများသည် ထိုစားသောက်ဆိုင်တွင် နေ့လယ်စာ စားပြီးနောက် ကျောင်းသား/သူ ၂၁ ဦးသည် ကိုယ်လက် မအီမသာ ဖြစ်လာ၍ ဆေးရုံပို့လိုက်ရသည်။ အလားတူ ထိုကင်တင်းမှာပင် စားကြသော ဆရာ/ ဆရာမအပါအဝင် ကျောင်းသား / ကျောင်းသူ ၁၁၃ ဦးကတော့ ဘာပြဿနာမှ မဖြစ်ကြပေ။

အမျိုးစုံလှသော ဟင်းများအတွင်း အဆိပ် ဖြစ်စေတတ်သော သားငါးဟင်းကို ပေါင်းစပ် စားမိသဖြင့် (ဥပမာ မင်းဂွတ်သီးနှင့် သကြား/ ဘဲဥနှင့် ဖရဲသီး) အစာအဆိပ် သင့်ဖွယ်ရာဖြစ်သည်ဟု ထင်မြင်ချက်ပေးသော်လည်း ကျောင်းအုပ်ဆရာကြီးကိုတော့ တာဝန်ပေါ့လျော့သည်ဆိုကာ ရာထူးချပြီးအစစ်ဆေးခံရနေရသည်။ ထို့နေ့ကစားသောက်ဖွယ်ရာ လက်ကျန်များကို ဓာတ်ခွဲခန်းပို့ပြီး မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ကို အဖြေ ရှာနေရသည်။

Ref: Internet News

**ညိုမင်းလွင် (မော်ကျွန်း)**

# Possible food poisoning sickens 21 students in NW China

XI'AN, 5 July—Twenty-one primary students become sick after eating at a school cafeteria in northwest China's Shaanxi Province on Thursday, local authorities said on Friday.

Students at the Baishuyuan Primary School in the Yaozhou District of the city of Tongchuan experienced stomachaches and nausea after eating lunch at the school's cafeteria on Thursday, according to a statement from district government.

Samples of the food have been sent to the local health department for testing.

Another 113 students and teachers who ate the same food as the sickened children did not exhibit symptoms.

Fourteen of the sickened children are being treated at a local hospital. All are in stable condition.

The school's principal has been suspended from his post in relation to the incident. A further investigation into the incident [illegible]

www.burmeseclassic.com

www.burmeseclassic.com





# အကြမ်းဖက်သမားများအား စုံစမ်းထောက်လှမ်းခြင်း

ခင်မမမျိုး

## အကြမ်းဖက်သမားများအား စုံစမ်းထောက်လှမ်းရာဝယ်

အကြမ်းဖက်မှုတွေကို ထိထိရောက်ရောက် တိုက်ဖျက်နှိမ်နင်းနိုင်ရေးအတွက် သတင်းအချက်အလက်တွေကို စုံစမ်းထောက်လှမ်းနိုင်ရေးဟာ အဓိက အကျဆုံးဖြစ်ပါတယ်။ ဒီနေရာမှာ အကြမ်းဖက်မှုတွေ မဖြစ်ပွားမီက ကာကွယ်ထိန်းသိမ်းနိုင်မယ့် နည်းလမ်းတွေနဲ့ ဖြစ်ပွားပြီးနောက်ပိုင်းမှာ အကြမ်းဖက်သမားတွေကို စုံစမ်းဖော်ထုတ်နိုင်မယ့် နည်းလမ်းတွေကို စနစ်တကျ အသုံးပြုနိုင်ဖို့ လိုအပ်ပါတယ်။ အကြမ်းဖက်မှုများ နှိမ်နင်းရေး တာဝန်ရှိသူတွေအနေနဲ့ ထိရောက်မယ့် မူဝါဒတွေ ချမှတ်နိုင်ရေးနဲ့ အကြမ်းဖက်သမားများ၊ အကြမ်းဖက်မှုပြုလုပ်သော အဖွဲ့အစည်းများနဲ့ ထောက်ခံအားပေးသူများကို ဖော်ထုတ်နိုင်ရေးအတွက် အကြမ်းဖက်မှု နှိမ်နင်းရေးဆိုင်ရာ Terrorist Intelligence Analysts များရဲ့ အခန်းကဏ္ဍဟာ အရေးကြီးလှပါတယ်။ ဒါကြောင့်လည်း ကမ္ဘာတစ်ဝှမ်းက နိုင်ငံတော်လုံခြုံရေး အဖွဲ့အစည်းတွေ၊ နိုင်ငံတကာ လုံခြုံရေး အဖွဲ့အစည်းတွေတိုင်းမှာ Terrorist Intelligence Analysis သင်တန်းတွေ ဖွင့်လှစ်ပြီး သက်ဆိုင်ရာ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို တက္ကသိုလ်တွေ သုတေသန စင်တာတွေကနေ ခေါ်ယူ သင်တန်းပေးကြပါတယ်။


လက်တွေ့ လုပ်ငန်းဆောင်တာများကိုလည်း အတွေ့အကြုံရှိသူများက လက်သင့်ကမ်းသင်ကြား

www.burmeseclassic.com



ပို့ချပေးကြပါတယ်။ အဲဒီကနေ တစ်ဆင့် Terrorist Intelligence Unit တွေကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေမှာ တိုးချဲ့ဖွဲ့စည်းနေကြပါတယ်။ ၂၁ ရာစုကမ္ဘာ့ လုံခြုံရေးကို အခြိမ်းခြောက်နိုင်ဆုံး အရာဟာ စစ်ပွဲတွေ မဟုတ်တော့ဘဲ အကြမ်းဖက်မှုတွေဆိုတာကို ပညာရှင်တော်တော်များများက လက်ခံလာကြပါတယ်။ ဒါကြောင့်လည်း သက်ဆိုင်ရာ တာဝန်ရှိသူတွေ လက်တွေ့အသုံးချမှုမှာ လွယ်ကူစေရေးအတွက် အသုံးချနည်းလမ်း process တွေကို ဖော်ထုတ်ပေးကြပါတယ်။

## THE TERRORIST INTELLIGENCE METHODS PROCESS




ပုံ (က၁)

အထက်ပုံမှာ ဖော်ပြထားတာကတော့ ထောက်လှမ်းရေးနည်းလမ်း ဖြစ်စဉ် ဖြစ်ပါတယ်။ အဲဒီမှာ ယူနစ်တစ်ခုရဲ့ ထမ်းဆောင်ရမယ့် ရည်မှန်းချက်တာဝန်တွေကို ဖော်ပြထားပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



## THE INTELLIGENCE ANALYSIS PROCESS




ပုံ (က–၂)

ပုံ (က–၂) မှာ ဖော်ပြထားတာကတော့ ထောက်လှမ်းရေး ဆန်းစစ်မှု ဖြစ်စဉ် ဖြစ်ပါတယ်။ သတင်းအချက်အလက်တခု ထွက်ပေါ်လာတဲ့အခါမှာ သတင်းသမားတွေက သုံးသပ်တင်ပြမှုပုံစံနဲ့ ဒီသတင်းကို လေ့လာဆန်းစစ်ချက် ပြုလုပ်ရတဲ့ ပုံစံနဲ့ မတူညီပါဘူး။ သတင်းသမားတွေ တာဝန်က သတင်းကို လူအများကြားကို တင်ပြရတာ ဖြစ်ပြီး၊ ထောက်လှမ်းရေးဆန်းစစ်ချက်က ကျတော့ ဒီသတင်းနဲ့ ဆက်စပ်သတင်းအချက်အလက်တွေကို စုစည်းခြင်း၊ လေ့လာဆန်းစစ်ခြင်းတွေ ပြုလုပ်ပြီးမှ Information input udk Intelligence output အနေနဲ့ ဖော်ထုတ်ရတာ ဖြစ်ပါတယ်။

**သတင်းအချက်အလက်များ**
**ရယူစုဆောင်းခြင်း**

- လျှို့ဝှက်အရင်းအမြစ်များ၊ သတင်းပေးများ
- မြှုပ်နှံလှုပ်ရှားမှုများ
- အင်တာဗျူးများ
- စစ်ချက်များ
- ဥပဒေ
- အင်တာနက်ကဲ့သို့သော အချက်အလက် အရင်းအမြစ်များ
- ထောက်လှမ်းရေး မှတ်တမ်းဟောင်းများ

www.burmeseclassic.com

www.burmeseclassic.com



- နောက်ယောင်ခံလိုက်မှုများ
- ပစ္စည်းကိရိယာများ
- ပညာရှင် သုံးသပ်ချက်များ
- သတင်းအချက်အလက် ဆန်းစစ်ချက်များ

**သတင်းရယူမှု**

- သတင်းရရှိသည့် source
- သတင်းတင်ပြပုံ
- ပါဝင်သည့်အကြောင်းအရာ
- မည်သို့ ရရှိသနည်း (အီးမေးလ်၊ တယ်လီဖုန်း၊ စာ)
- သတင်းရယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ
- အချိန်ကြန့်ကြာမှုအခြေအနေ

**အကြမ်းဖက်သမားဟု သံသယရှိနိုင်သူများနှင့် ထောက်ခံအားပေးသူများ**

- အမည်
- လက်ရှိလိပ်စာ
- တယ်လီဖုန်းနံပါတ်များ
- မွေးသက္ကရာဇ်
- အလုပ်အကိုင်၊ ဝင်ငွေ
- မိသားစု
- ယာဉ်
- ယာဉ်မောင်းလိုင်စင်
- ပညာအရည်အချင်း
- လိပ်စာဟောင်းများ
- လူပုံသဏ္ဌာန်
- ဓာတ်ပုံ




www.burmeseclassic.com

www.burmeseclassic.com



**အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်နိုင်သည့် အဖွဲ့အစည်းများနှင့် ထောက်ခံအားပေးသည့် အဖွဲ့အစည်းများ**

- အမည်
- လိပ်စာ
- တယ်လီဖုန်းနံပါတ်များ
- ကြိုးဆွဲလုပ်ကိုင်နေသူများ
- ခေါင်းဆောင်များ
- ချိတ်ဆက်အဖွဲ့အစည်းများ
- ပိုင်ဆိုင်မှု
- အမြတ်အစွန်း
- ရပ်တည်မှု အချိန်ကာလ
- နောက်ကြောင်းရာဇဝင်
- အရေးပါသော အဖွဲ့ဝင်များ
- အဖွဲ့ဝင်အရေအတွက်
- နယ်မြေစိုးမိုးမှု
- နာမည်ကောင်းရှမှုနဲ့ ထောက်ခံမှု အခြေအနေ
  အဖွဲ့ဝင်ငွေ ရရှိမှု

**သတင်းအချက်အလက်များအား ဆန်းစစ်ချက် နည်းလမ်းများ**

- Association charting (ဆက်နွယ်ချိတ်ဆက်မှု ရုပ်ပုံကားချပ်)
- Event-time charting (ဖြစ်စဉ်- အချိန် ဆက်နွယ်မှု ရုပ်ပုံကားချပ်)
- Link analysis (ဆက်စပ်မှု ဆန်းစစ်ချက်)
- Visual investigative analysis (မြင်ကွင်း စုံစမ်းဆန်းစစ်ချက်)
- Financial analysis (ဘဏ္ဍာရေးဆန်းစစ်ချက်)
- Content analysis (အကြောင်းအရာ ဆန်းစစ်ချက်)
- Statistical analysis (စာရင်းအင်း ဆန်းစစ်ချက်)
- Laboratory analysis (ဓာတ်ခွဲခန်း ဆန်းစစ်ချက်)
- Cryptographic analysis (Cryptographic ဆန်းစစ်ချက်)
- Analysis through gaming (ဂိမ်းများ အသုံးပြု၍ ဆန်းစစ်ချက်)


www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဆန်းစစ်ချက်တွေ ပြုလုပ်တဲ့အခါမှာ အသုံးပြုလေ့ရှိတဲ့ မော်ဒယ်လ်တွေ အများအပြား ရှိပါတယ်။ အသုံးများတဲ့ မော်ဒယ်လ်ကို ပုံ (၃) မှာ ဖော်ပြထားပါတယ်။

**HYPOTHETICAL MODEL OF TERRORIST GROUP FUNCTIONS**



ပုံ (က၃)

ပုံ (က-၃) မှာ ဖော်ပြထားတာက အကြမ်းဖက်အဖွဲ့အစည်းလို့ သံသယဖြစ်နိုင်ဖွယ် ရှိတဲ့ အဖွဲ့အစည်းရဲ့ လုပ်ငန်းဆောင်တာတွေကို ဆန်းစစ်ရတာပါ။ အဲဒီမှာ command element နဲ့ operational capability ကို ခွဲခြား ဆန်းစစ်ဖို့ လိုပါတယ်။ ဘယ်သူတွေက ဆုံးဖြတ်ချက်ချနေတယ်၊ ထောက်လှမ်းရေးသတင်းအချက်တွေ စုံစမ်းထောက်လှမ်းနေတယ်၊ ဘယ်လို ဆက်သွယ်နေကြတယ်ဆိုတာကို သိဖို့ လိုပါတယ်။ အဲဒီကနေမှ ဘယ်လို သဏ္ဍာန်နဲ့ လူတွေကို ခေါ်ယူစုဆောင်းတယ်၊ ထောက်ပံ့ပို့ဆောင်ရေး ဘယ်လိုလုပ်တယ်၊ သင်တန်း ဘယ်လိုပေးတယ်ဆိုတာကို ထပ်မံ လေ့လာရပါမယ်။ နောက်ထပ်အရေးကြီးတာကတော့ ဘဏ္ဍာရေးပဲ ဖြစ်ပါတယ်။ ဘယ်လိုခေါင်းဆောင်တွေနဲ့ ဘယ်လို လုပ်ဆောင်နိုင်စွမ်းတွေပဲ ရှိရှိငွေမရှိရင် လုပ်လို့ မရပါဘူး။ ဒါကြောင့် ငွေထောက်ပံ့နေတဲ့ လမ်းကြောင်းတွေ၊ လူတွေ၊ အဖွဲ့အစည်းတွေကို ဖော်ထုတ်ဖို့ လိုပါတယ်။ ဒါတွေ အားလုံး ပေါင်းစပ်သွားပြီးမှ အတ်ရှင် လုပ်ဆောင်မှုတွေ ပေါ်ထွက်လာတာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# အသားထဲကတိုး

လှဦး

(၁)

၂၀၀၉ ခုနှစ် ဩဂုတ်လ ညဥ့်တစ်ည ဆော်ဒီအာရေဗျ နိုင်ငံမြို့တော် ရီယတ် မြို့စွန်း ဆင်ခြင်ဖုံး

# BODY

ရပ်ကွက်ရှိ အိမ်ကြီးတစ်အိမ်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါသည်။

ဤအိမ်ကြီးမှာ ဆော်ဒီဘုရင်မျိုးနွယ် မင်းသားကြီး မိုဟာမက် ဆင်နရက်၏ စံအိမ်ဖြစ်၏။

ယမ်းငွေ့များ လေနှင့်အတူ လွင့်ပါးပျောက်ကွယ်သွားပြီးနောက် ဗုံးခွဲသူ၏ သွေးသံရဲရဲဖြင့် ဖြတ်တောက်နေသော ခန္ဓာကိုယ် အစိတ်အပိုင်းများက ဧည့်ခန်းမတစ်ခွင်လုံး ပြန့်ကျဲနေသည်ကို တွေ့ရသည်။

သေဆုံးသူမှာ ဆော်ဒီထောက်လှမ်းရေးသို့ လာရောက် ဆက်သွယ်သူဖြစ်၏။ လေယာဉ်ဖြင့် ယီမင်နိုင်ငံမှ ဆော်ဒီအာရေဗျမြို့တော် ရီယတ်သို့ခေါ်ဆောင်လာခဲ့သည်။ အကြမ်းဖက်သမားများက ညှိနှိုင်းလက်နက်ချရန် ကိစ္စမင်းသားကြီး ဘင်နရက်နှင့် တွေ့ဆုံတင်ပြရန်ဖြစ်ကြောင်း။ သို့သော်မင်းသားကြီးနှင့် တိုက်ရိုက်တွေ့ဆုံခွင့် ရရှိမှသာလျှင် ဖြစ်မြောက်နိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မင်းသားကြီးမှ လက်ခံတွေ့ဆုံရန် သဘောတူခဲ့သည်။ အိမ်ထဲသို့ မဝင်မီ စစ်ဆေးခဲ့သည်။ မည်သည့် လက်နက်မျှ မတွေ့ရှိရချေ၍ တွေ့ဆုံပွဲမှာ အရေးကြီး သတင်းဖြစ်နိုး ဆော်ဒီရုပ်မြင်သံကြားအဖွဲ့မှ ချက်ချင်းရိုက်ကူး သတင်းလွှင့်ရန် စီစဉ်ခဲ့၏။

သို့သော် ရုပ်မြင်သံကြား ကြည့်ရှုနေသူများမှာ ထိတ်လန့်ကြောက်ရွံ့ဖွယ် ရုပ်ရှင်ကားတစ်ကား

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်တွေ့နေသကဲ့သို့ ခံစားလိုက်ရ၏။ ထိုလူ၏ ခန္ဓာကိုယ်မှာ အပိုင်းပိုင်း ပေါက်ကွဲသွားသည်။ သူ၏ လက်တစ်ဖက် ပြုတ်ထွက်သွားပြီး။ မျက်နှာကျက်၊ ခေါင်မိုးကို ဖောက်ထွက်သွားသည်။ ပြုတ်ထွက်သွားသော ခြေတစ်ဖက်ကို ကြမ်းပေါ်တွင်တွေ့ရ၏။ ခန္ဓာကိုယ်ကြီးက ခါးအောက်ပိုင်းသို့ ညွတ်ကျနေသည်။

ဧည့်ခန်းမအတွင်းရှိ အဖြူရောင် ပရိဘောဂပစ္စည်းများမှာ ပေါက်ကွဲလွင့်စင်လာသော အသားစများဖြင့် မြင်မကောင်းတော့သလို အော့နှလုံးနာစရာ




မြင်ကွင်းအဖြစ် ချက်ချင်းပြောင်းလဲသွားတော့၏။

မင်းသားကြီး ဘင်နရက်မှာ ပွန်းပဲ့ဒဏ်ရာ အနည်းငယ်ရပြီး ကံကောင်းထောက်မစွာ သေဘေးမှ လွတ်မြောက်ခဲ့ရ၏။

ယခုဗုံးမှာ သမားရိုးကျ စစ်ဆေးရေးကိရိယာများဖြင့် ရှာဖွေထောက်လှမ်းမရသည့် ပုံစံသစ် ဗုံးအမျိုးအစားဖြစ်၏။ မင်းသားကြီး ဘင်နရက်ကို ဗုံးခွဲလုပ်ကြံပြီးနောက် လေးလအကြာ အမေရိကန်ပြည်တွင်းလေကြောင်း ခရီးစဉ်တွင် ဒယ်ထရိုက်မြို့သို့ ပျံသန်းလာသော လေယာဉ်ပေါ်တွင် အလားတူ ဗုံးဖြင့်ဖောက်ခွဲ၏။

(၂)

ဆော်ဒီအာရေဗျနိုင်ငံအတွင်း အကြမ်းဖက်အဖွဲ့ လှုပ်ရှားမှု တိုက်ဖျက်ရေး အကြီးအကဲဖြစ်သူ မင်းသားကြီးဘင်နရက်က သူ၏လူတစ်ဦးကို နှစ်ဖက်လှ သူလျှိုတာဝန်ဖြင့် ယီမင်နိုင်ငံထဲသို့ လွှတ်ခဲ့သည်။ အကြမ်းဖက် ဗုံးခွဲလိုသူအဖြစ် ဟန်ဆောင်ကောင်း၍ အီဘရာဟင်အယ်စီရီတို့၏ နောက်ဆုံးတီထွင်ထားသော "အသားထဲမြှုပ်ဗုံး" ကို ရယူနိုင်ခဲ့၏။ ထိုဗုံးကို စမ်းသပ်စစ်ဆေးရန် ဆော်ဒီအာရေဗျထောက်လှမ်းရေးနှင့် အမေရိကန် စီအိုင်အေထံသို့ လွှဲပြောင်းပေးခဲ့သည်။

လူ့ခန္ဓာကိုယ်ပေါ်တွင် ဗုံးရှာဖွေရေးကိရိယာဖြင့် ရှာမရနိုင်သည်မှာ မည်သို့သော ဗုံးအမျိုးအစားဖြစ်သနည်း။ အမေရိကန်နိုင်ငံ၏ အမျိုးသားဗဟိုထောက်လှမ်းရေးအဖွဲ့ကြီး စီအိုင်အေနှင့် အမျိုးသားစုံစမ်းစစ်ဆေးရေး ဗျူရိုအက်ဖ်ဘီအိုင်တို့၏ တွေ့ရှိချက်များအရ ဆိုရပါမူ ဤကဲ့သို့ ထူးခြားသောအမျိုးအစားသစ် ဗုံးမျိုးကို တီထွင်စီစဉ်သူမှာ အီဘရာဟင် အယ်အစီရီဆိုသူ အကြမ်းဖက်ပိုက်သားတစ်ဦး ဖြစ်သည်။ ကနဦး သူတီထွင်ထားသော


www.burmeseclassic.com

ဤဗုံးဖြင့် အသေခံတိုက်ခိုက်ရာတွင် မိမိ၏ညီအစ်ကိုအရင်း တစ်ဦးကို စေလွှတ်ခဲ့သူဖြစ်၏။

အခြားလက်သစ် အကြမ်းဖက်ဗုံးခွဲသူများရှိသည်။ သင်တန်းပေးပြီးနောက် သူ၏ယုတ်မာရက်စက်သော အသေခံဗုံးခွဲရာတွင် ပါဝင်စတေးခိုင်းခြင်းဖြစ်၏။ ဤကဲ့သို့ စဉ်းစားဉာဏ်ကင်းမဲ့သည့် တဖောက်ကန်း လက်အောက်ငယ်သားများအား၊ နည်းမျိုးစုံဖြင့် သွေးဆောင် စည်းရုံး၍ သေတွင်းသို့ ပို့ခဲ့သူဖြစ်၏။

ဗုံးကို ယောက်ျားနှင့်မိန်းမတို့၏ ခန္ဓာကိုယ်ထဲတွင် ခွဲစိတ်မြှုပ်နှံ၍ သယ်ဆောင်ခိုင်းသည်။ အမျိုးသမီး ကိုယ်ဝန်ဆောင်အသွင်ဆောင်၍ ခွဲစိတ်ပြီး ဗုံးကို ဝမ်းဗိုက်အတွင်း ထည့်သွင်းထားနိုင်သည်။

အကြမ်းဖက် အဖွဲ့ဝင်ဆရာဝန်များနှင့် ပူးပေါင်းကြံစည်၍ အီဘရာဟင် ဤဗုံးကို တီထွင်ခဲ့သည်။ အောင်မြင်မည်ဟု မည်သူမျှမယုံကြည်ခဲ့ချေ။ နောက်ဆုံးတွင် အခက်အခဲပေါင်း များစွာကို ကျော်လွှား၍ ဤဗုံးကို လက်တွေ့အသုံးချနိုင်ခဲ့သည်ဟု စီအိုင်အေအဖွဲ့က သုံးသပ်သည်။



ခန္ဓာကိုယ်ထဲခွဲစိတ်၍ဗုံးကို မြှုပ်နှံထားပုံ

အမေရိကန်ထောက်လှမ်းရေး ဌာနက ဤဗုံး၏ အစီအစဉ် တစ်ခုလုံးကို ပုံစံဇယားများ ရုပ်ပုံများနှင့် ငှင်းဝတ်ဆင်ဖောက်ခွဲမှု အဆင့်ဆင့်ကို လည်း အသေးစိတ်ဖော်ပြ၍ အစိုးရ၊ တာဝန်ရှိသူများထံ တင်ပြခဲ့၏။

ဤဗုံးမှာ ခွဲစိတ်မှုဆရာဝန်၏ အကူအညီမပါဘဲ မည်သို့မျှ မဖြစ်နိုင်သော အမျိုးအစားဖြစ်၏။ ဗုံးခွဲလူ၏ လိင်အင်္ဂါနှင့် အမိက အနီးစပ်ဆုံးခန္ဓာကိုယ် အစိတ်အပိုင်းတွင် ခွဲစိတ်၍ ဗုံးကိုတပ်ဆင်ရ၏။ ယခုကဲ့သို့ အကြမ်းဖက်အဖွဲ့ဝင် ဆရာဝန်များမှ ခွဲစိတ်၍ဗုံးကို ခန္ဓာကိုယ်ထဲတွင် မြှုပ်နှံရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်သည်ဆိုသည့် အချက်မှာ မရှင်းလင်းချေ။ သူ၏ခန္ဓာကိုယ်တွင် ခွဲစိတ်မှု မပြုမီ သွေးများနှင့်အခြား တီရှူးသားများကို ခွဲစိတ်စမ်းသပ်မှု ပြုရပေဦးမည်။

(၃)

ခန္ဓာကိုယ်ထဲတွင် ခွဲစိတ်ထည့်သွင်းရသော ဤဗုံး၏ ပေါက်ကွဲမှု စွမ်းအားကို စာဖြင့်ဖော်ပြထားသော်လည်း လက်တွေ့အသုံးပြုရာတွင် ထင်သလောက် အရာမရောက်ချေ။ ပေါက်ကွဲအားကို ခန္ဓာကိုယ်အသားဆိုင်များက စုတ်ယူထား၍ ဖြစ်၏။ ဖောက်ခွဲမှု နည်းစနစ်ကလည်း တမူထူးခြားသည်။ ခန္ဓာကိုယ်ထဲတွင် နှလုံးနှိုးစက် တပ်ဆင်ထားသကဲ့

www.burmeseclassic.com

သို့ အလားတူ ခွဲစိတ်တပ်ဆင်ရသည်။

ခေတ်မီမင်းသားကြီးအား အနီးကပ်လုပ်ကြံမှုနှင့် ဒယ်ထရွိုက်သွား လေယာဉ်ပေါ်တွင် ဗုံးဖောက်ခွဲမှုနှစ်မှုစလုံး၌ ဗုံးခွဲသူများသာ သေဆုံးခဲ့ရ၍ ပစ်မှတ်ကို ထိရောက်စွာ တိုက်ခိုက်ချေမှုန်းနိုင်မှု မရှိချေ။ ဒယ်ထရွိုက်သွား လေယာဉ်ပေါ်တွင် ဗုံးဖောက်ခွဲခဲ့သူ အူမာဖာရွတ်အဗ္ဗဒူမူတလတ်၏ အတွင်းခံဘောင်းဘီမှ မီးရှူးမီးပန်းနှင့်တူသော ယမ်းမီးဖွင့်များ ပေါ်ထွက်လာပြီး လုပ်ကြံသူသာ ပေါက်ကွဲသေဆုံးသွားသည်။ ကျန်ခရီးသည်များ ထိခိုက်မှု မရှိချေ။ “သူများမကောင်းကြံ ကိုယ်သားဒဏ်ထိ” ဆိုသကဲ့သို့ ဖြစ်နေ၏။

ယီမင်နိုင်ငံ အယ်လ်ကိုင်ဒါအဖွဲ့မှ ဤဗုံးကို ပိုမိုထိရောက်မှု ရှိစေရန် စီစဉ်ဆောင်ရွက်နေကြောင်း ထောက်လှမ်းရေး အဖွဲ့မှ သတင်းရရှိခဲ့၏။

ဝတ်ဆင်ထားသော အဝတ်အစားအောက်တွင် ဗုံးကွယ်ယူဆောင်လာသည့် ဗုံးကိုနေရာမလပ် ရှာဖွေတွေ့ရှိနိုင်သော်လည်း ခန္ဓာကိုယ် အသားထဲရှိ ဗုံးမှာ ရှာရခက်၏။ အမေရိကန် လေဆိပ်များတွင် အသုံးပြုသော စစ်ဆေးရေး ကိရိယာများကို ဒေါ်လာသန်းပေါင်းများစွာ အကုန်ကျခံပြီး တပ်ဆင်ထားသည်။ အယ်လ်ကိုင်ဒါ အကြမ်းဖက်အဖွဲ့များက ခန္ဓာကိုယ်အသားထဲတွင် ဗုံးကိုခွဲစိတ်ထည့်သွင်းပြီး အနီးကပ် လုပ်ကြံဖောက်ခွဲမည့် နည်းကိုသုံးရန် ဆုံးဖြတ်ထားပုံရ၏။ ဗုံးကို ဖုံးကွယ်သိုဝှက်နည်းစနစ် တိုးတက်အောင်လည်း ကြိုးစားလုပ်ဆောင်နေသည်။

အဓိက အရေးကြီးသောနေရာမှာ လေဆိပ်



အသားထဲတွင်ခွဲစိတ်မြှုပ်နှံသော ဗုံးကိုတီထွင်သူ အီဘရာဟင်အယ်လ်အဆာရီ

အဝင်ဖြစ်၏။ နောက်ဆုံးပေါ် စက်ကိရိယာများဖြင့် မရှာဖွေနိုင်ပါ။ ရှေးသမားရိုးကျနည်းခွေးဖြင့် ဗုံးကို အနံ့ခံရှာနည်း၊ ကိုယ်ခန္ဓာ အစိတ်အပိုင်းများ ပုံမှန်ထက် ထူးခြားနေမှုစသည်တို့ကို သတိပြု ရှာဖွေရပါတော့မည်။

အိုဘားမား အစိုးရက ဤကိစ္စကို အထူးဂရုစိုက်၍ ထိရောက်စွာ ကိုင်တွယ်နေသည်ဟု ဆိုသည်။ လျစ်လျူရှု၍ မရနိုင်တော့ချေ။ လေဆိပ်များသည် အယ်လ်ကိုင်ဒါတို့၏ နောက်ဆုံးထိုးဖောက် ဝင်ရောက်မည့် ခံစစ်ကြောင်းများဖြစ်၏။ အယ်လ်ကိုင်ဒါ အကြမ်းဖက်အဖွဲ့အပေါ် လက်ဦးမှု ယူရမည်။ သူတို့က နာတစ်ဖျားသာသွားရုံမျှနှင့် နိုင်ငံလုံခြုံရေးကို များစွာထိခိုက်နိုင်သည်။

အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် ယီမင်နိုင်ငံများတွင် အစေးထိန်း မောင်းသူမဲ့ လေယာဉ်ဖြင့် ပင်ရင်း အကြမ်းဖက်အဖွဲ့ အယ်လ်ကိုင်ဒါတိုက်သား

www.burmeseclassic.com

www.burmeseclassic.com



များနှင့် လက်ခွဲအုပ်စုများကို ထိရောက်စွာ တိုက်ခိုက်နေသည်။

ဆော်ဒီအာရေဗျ ကျွန်းဆွယ်ဒေသအတွင်း အကြမ်းဖက်အဖွဲ့များ ချေမှုန်းရေးတွင် မင်းသားကြီးဆင်နရက်မှာ အဓိက အရေးပါသူဖြစ်၏။ ဘင်နရက်ကို အယ်လ်ကိုင်ဒါ အကြမ်းဖက်အဖွဲ့က နှစ်ကြိမ်တိုင် ဗုံးခွဲလုပ်ကြံခဲ့သည်။

အမေရိကန်တို့၏ အီလက်ထရွန်နစ် နည်းပညာဖြင့် ထောက်လှမ်းမှုကို မည်သူမျှ လိုက်မမီချေ။ သို့သော် လူ့စွမ်းအင်က ပို၍ အဓိကကျသည်။ အရေးကြီးသည့် ဘင်နရက်က နှစ်ဖက်လှာထောက်လှမ်းရေးသူလျှို တစ်ဦးကို ရှာတွေ့သွားသည်။

ထိုသူမှာ အီးယူအနောက်နိုင်ငံများသို့ နိုင်ငံကူးလက်မှတ်ရှိပြီး ဗြိတိန်တွင်နေဖူးသူ ဖြစ်ရမည်။ ယီမင်မှ အီဘရာဟင်အယ်လ်အစီရီ၏ အကြမ်းဖက်အဖွဲ့များထံသို့ စေလွှတ်၍ သူတို့၏ လုပ်ရပ်များကို လေ့လာနိုင်သူ ဖြစ်ရမည်။

အယ်လ်ကိုင်ဒါက ယခုစေလွှတ်လိုက်သူကို ယုံကြည်သွားခဲ့၏။ အမေရိကန် စစ်သင်္ဘောယူအက်စ်အက်စ်ကိုးလ်တို့ ၂၀၀၀ ခုနှစ်တွင် ယီမင်ကမ်းခြေအနီး ဗုံးခွဲရာတွင် ဦးဆောင်သူ ဖာဟက်အယ်လ်ကျူတို့ကို အမေရိကန် အဝေးထိန်းမောင်းသူမဲ့ လေယာဉ်ဖြင့် တိုက်ခိုက်သတ်ဖြတ်ခဲ့ရာ၌ သူတို့၏ သတင်းပေးချက်သည် အဓိကကျသည်။

အခြားသူလျှိုများကလည်း အရေးတကြီး လျှို့ဝှက်ကိစ္စများကို သတင်းပို့နိုင်ခဲ့၏။ ဆီးရီးယားနိုင်ငံသား အာမက်ဆက်ဆက်ဆိုသူ ဆရာဝန်တစ်ဦးက ဆော်ဒီအာရေဗျကျွန်းဆွယ် ယီမင်နိုင်ငံအတွင်းရှိ အယ်လ်ကိုင်ဒါ အကြမ်းဖက် အဖွဲ့တွင် ပါဝင်လှုပ်ရှားနေသည်။ အီဘရာဟင် အယ်လ်အစီရီ၏ ရက်စက်ယုတ်မာသော နည်းဖြင့် ခန္ဓာကိုယ်အတွင်း ခွဲစိတ်၍ ဗုံးမြှုပ်နှံရေး အဖွဲ့တွင် ဖြစ်၏။

အိုဘားမားအစိုးရက သတင်းအထောက်အထား ခိုင်မာစွာရရှိထား၏။ ဤဆရာဝန် အာမက်ကို စစ်ရေးဖြင့် သုတ်သင်ချေမှုန်း သတ်ဖြတ်ရေးသို့မဟုတ် ဖမ်းဆီးရေး စစ်ဆင်ရေးတွင် အဓိကပစ်မှတ်အနေဖြင့် ထားသင့်မထားသင့် ငြင်းခုန်ဆွေးနွေးကြသည်။

အချို့က လူ့အသက်ကို ကယ်တင်ရာတွင် အားထားရမှုများဖြစ်၍ သုတ်သင်ရေး ပစ်မှတ်စာရင်းတွင် မထည့်သွင်းလိုချေ။ သို့သော် ထိုအကြမ်းဖက် အဖွဲ့ဝင် ဆရာဝန်အာမက်မှာ ဆော်ဒီအာရေဗျကျွန်းဆွယ်မှ အယ်လ်ကိုင်ဒါအကြမ်းဖက် ထိပ်သီးစစ်ဆင်ရေးမှူး တစ်ဦးနှင့်လျှို့ဝှက် ခရီးသွားနေစဉ် စီအိုင်အေ၏ မောင်းသူမဲ့ လေယာဉ်ဖြင့် တိုက်ခိုက်ခြင်း ခံရ၍ သေဆုံးသွား၏။

အကြမ်းဖက် အဖွဲ့များ၏ လှုပ်ရှားမှုများမှာ လျော့နည်းသွားသည် မရှိဘဲ။ တစတစနှင့် နေရာအတော်များများသို့ ထိုးဖောက် တိုက်ခိုက်မှုများရှိလာသည်။

ဘင်လာဒင် သေဆုံးသွားသည်မှာ တစ်နှစ်ခန့်ရှိပါပြီ။ အကြမ်းဖက်မှု ထောက်လှမ်းရေးဆိုင်ရာ ပုဂ္ဂိုလ်များက အကြမ်းဖက်လှုပ်ရှားမှုများကို လျော့ လျော့ပေါ့ပေါ့ ပြောဆိုနေကြ၏။ အကြမ်းဖက်လှုပ် သတ်ဝါဒ ကျဆုံးသွားပြီ ချုပ်ငြိမ်းသွားပြီ။ သူတို့ ဆက်လက်ရှင်သန် လှုပ်ရှားနေသည် ဆိုခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



အခြေအမြစ်မရှိသော သတင်းဖြစ်သည်ဟု ပြောလိုကြ၏။

အယ်လ်ကိုင်ဒါ အဆက်အနွယ် အကြမ်းဖက်အဖွဲ့တို့၏ ခိုလှုံရာစခန်းများ တိုးပွားလာနေသည်ဟု ဆိုနိုင်၏။ အာဖရိက မြောက်ပိုင်းနိုင်ငံများဖြစ်သော ဆိုမာလီယာ၊ မာလီ၊ နိုင်ဂျီးရီးယားမြောက်ပိုင်းနယ်မြေ၊ အယ်ဂျီးရီးယား နိုင်ငံ တစ်စိတ်တစ်ပိုင်းနှင့် လစ်ဗျားနိုင်ငံမှ အချို့ဒေသများတွင် အယ်လ်ကိုင်ဒါစခန်းများ နေရာအနှံ့ရှိနေသည်ကို ကြားသိနေရ၏။

အာရေဗျကျွန်းဆွယ်ရှိ အယ်လ်ကိုင်ဒါအဖွဲ့များကလည်း ယီမင်နိုင်ငံ၏ ဒေသအတော်များများကို စိုးမိုးလာနိုင်၏။

ခန္ဓာကိုယ်အသားထဲတွင် ခွဲစိတ်မြှုပ်နှံထားသော ဗုံးကိုတီထွင်မှု၊ အီတရာဟင်အယ်လ်အဆာရီကတို့ နိုင်ငံများရှိ အယ်လ်ကိုင်ဒါစခန်းများ၌ ဗုံးလုပ်နည်း သင်တန်းပို့ချရန် လာရောက်လေ့ရှိသည်။

ဤအကြမ်းဖက် အန္တရာယ်ကို တိုက်ဖျက်ရန် တာဝန်အပ်နှင်းခြင်း ခံရသော ထောက်လှမ်းရေး အရာရှိတစ်ဦးက

"ယခုလို ဆိုးဝါးလှတဲ့ အကြမ်းဖက်ပြဿနာတွေကြောင့် ဒီမြေကမ္ဘာကြီးက လူသားတွေရဲ့ ငြိမ်းချမ်းတဲ့ဘဝ ပျက်ပြားလာမှာကို အလွန်ပဲ စိုးရိမ်မိပါတယ်။ အဖျက်သမား လူရမ်းကားများရဲ့ အကြမ်းဖက် လူသတ်ဝါဒ ခေါင်းထောင်လာနေတာကို ကျွန်တော်တို့အနေနဲ့ အာရုံစူးစိုက်ပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်ဖို့ရာ စိတ်ပိုင်းဖြတ်ထားပါတယ်"ဟု ထုတ်ဖော်ပြောဆိုသွားပါ၏။

လှဦး

ရည်ညွှန်း " The Body bomb " by Daniel klaidman and Christopher Dickey


မိဂဒါဝုန် သင်္ကန်းတိုက်

သင်္ကန်းအမျိုးမျိုးနှင့် သံဃာအသုံးအဆောင် လှူဖွယ်ပစ္စည်းများ လက်လီလက်ကား ရရှိနိုင်ပါသည်၊

ရှင်ပြု ၊ ရဟန်းခံ ၊ ... ၊ ကထိန်အလှူမင်္ဂလာပွဲများ ...

လှူဒါန်း မှသာ ကုသိုလ်ရကာ ၊ ... ၊

ကိုတိုးဝင်း ၊ မအေးအေးသိန်း

အမှတ် ... ၊ မြေညီ (B) ၊ ...လမ်း

... ၊ တာမွေမြို့နယ်

ဖုန်း ၀၁ ၅၅၅၄၆၂


www.burmeseclassic.com


www.burmeseclassic.com



# အဖျက်လုပ်ငန်းအတွက် လေ့ကျင့်ပေးထားသော အသက် ၁၀ နှစ်အောက် ကလေးများကို ထိန်းသိမ်းထားရ

ပါကစ္စတန်နိုင်ငံတွင် ဘဲလဲအိုချ စစ်သွေးကြွအုပ်စု ထိန်းသိမ်းထားပြီး အဖျက်လုပ်ငန်းများလုပ်ရန် လေ့ကျင့်သင်ကြားပေးခြင်း ခံထားရသော အသက် ၁၀ နှစ်အောက် ကလေး ၁၁ ဦးကို ရဲတို့က ထိန်းသိမ်းရရှိပြီး စစ်ဆေးမှုများ ပြုလုပ်နေသည်။ ထိုကလေးများကို အဖျက်လုပ်ငန်းအတွက် အသေခံဗုံးခွဲခြင်း စသည့်လုပ်ငန်းများအတွက် အသုံးချရန်ဖြစ်သည်။ ထိုကလေးများ ရဲလက်မှလွတ် မြောက်ရေးအတွက် လူကြီး ၇ ဦးက သွေးဆောင်ကြံစည်သော်လည်း မအောင်မြင်ဘဲ ကလေးများကို အကောင်းမြင်ဝါဒဖြစ်အောင် သွန်သင်ပညာပေးနေရကြောင်း ကွီတာရဲဌာနအကြီးအကဲက ပြောကြားခဲ့သည်။

ညိုမင်းလွင် (မော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com



# ဖောက်ထွင်းမှုနှင့် ခိုးမှုများကို ကြိုတင်ကာကွယ်ရန်



- နေအိမ်၏ ခြံစည်းရိုးကို လုံခြုံမှုရှိသည်ထိ ခိုင်ခံ့အောင် ကာရံပါ။
- ခြံစည်းရိုးကို ကျော်ဖြတ်ဝင်နိုင်သည့် သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ဖယ်ရှားပစ်ပါ။ မှောင်ရိပ် ဖြစ်စေမည့် ချုံနွယ်များ၊ သစ်ပင်များကို အမြဲ တစေ ရှင်းလင်းဖယ်ရှားပါ။
- ဖြစ်နိုင်က နေအိမ်ပတ်လည်၌ မီးထွန်းထားပါ။
- နေအိမ်ခြံစည်းရိုးများ၌ အချက်ပေး ကိရိယာ တပ်ဆင်ပါ။ အသံမြည်သည့် ချူ၊ ဆည်းလည်း ခေါင်းလောင်း၊ သစ်သားခလောက်၊ နို့ဆီခွက်ခလောက်များ တပ်ဆင်ထားရှိပါ။
- စုပေါင်းလူနေတိုက်ခန်းများ၏ ရေပိုက်များ၊ အမှိုက်စွန့်ပိုက်နှင့် မိလ္လာပိုက်များကို အတားအဆီး တပ်ဆင်ပါ။
- သီးခြားနေထိုင်သည့် အိမ်ခြံဝင်းများ၌ အစောင့်ထားရှိပါ။ သို့မဟုတ် အစောင့်ခွေးထားရှိပါ။
- ရွှေ၊ ငွေ၊ မိလ္လာနှင့် နေအိမ်ပြုပြင်မှု ပြုရာည်အခါ အစောင့်အမြဲရှိနေပါစေ။
- နေအိမ်အနီး၌ ကြိုး၊ ဆူး၊ ဆောက်၊ လွှ၊ လှေကား၊ ထိုင်ခုံ၊ အမြင့်များကို အလွယ်တကူ အသုံးပြုနိုင်ရန် မထားရှိပါနှင့်။ ညအချိန် တံခါးအားလုံးကို လုံခြုံမှု ရှိ မရှိ စစ်ဆေးပြီးမှ အိပ်တတ်သည့် အလေ့အထပြုလုပ်ပါ။
- နေ့ဖြစ်စေ၊ ညဖြစ်စေ အပြင်ထွက်သွားသည့်အခါ တံခါးကို အမြဲပိတ်ထားပါ။ သို့မဟုတ် အစောင့်ထားရှိပါ။ အပြင်ထွက်သွားသည့် မိသားစုဝင်ကို တံခါးဖွင့်ပြီး စောင့်ဆိုင်းမှု မပြုပါနှင့်။
- သံသယရှိသည့် ထူးခြားမှု ရှိပါက ပတ်ဝန်းကျင်သို့ အသိပေးအကူအညီ တောင်းခံပါ။ သို့မဟုတ် ရဲကင်း၊ ရဲစခန်းနှင့် တာဝန်ရှိသူများထံ ချက်ချင်းအသိပေး အကြောင်းကြားပါ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






ကိုမြင့်မောင်သည် အစက အရက်မသောက်တတ်ပါ။ ရိုးရိုးအေးအေး နေလေ့ရှိသည်။ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းကလေးတစ်ခုကို ဦးစီးလုပ်ကိုင်၍ ဇနီးသည် မလှလှနှင့်အတူ ပျော်ရွှင်စွာ နေကြလေသည်။

တစ်ဖြည်းဖြည်း စီးပွားရေးလုပ်ငန်းကလေးက ကောင်းလာသဖြင့် ငွေရေးကြေးရေး အဆင်ပြေလာ၍ သုံးနိုင်၊ ဖြုန်းနိုင်လေသည်။ ဒီတွင် အပေါင်းအသင်းများက အရက်သောက်ရန် ဆွယ်ကြသည်။ "သောက်သောက်စားစား လူမင်းသား၊ ပျော်ပျော်နေသေခဲ။ အရက်သောက်မှ လူဝင်ဆံ့သည်" စသည်ဖြင့် အမျိုးမျိုး ပြောပြော၍ ဆွယ်ကြရာ နောက်ဆုံးတွင် ကိုမြင့်မောင်တစ်ယောက် တောင့်၍ မခံနိုင်တော့ဘဲ အရက်သောက် ဖြစ်သွားလေသည်။

'သောက်လေ...သောက်လေ ငတ်မပြေ' ဆိုသော စကားသည် ဆားငံရည်ကိုသာ ဆိုလိုသည်မဟုတ်၊ အရက်နှင့်အခြေ မူးယစ်ဆေးဝါးများကိုလည်း ဆို

www.burmeseclassic.com

www.burmeseclassic.com



လိုသည်ဟု ကိုမြင့်မောင်က ယူဆလေသည်။ အဘယ်ကြောင့်ဆိုသော် ကိုမြင့်မောင်ခမျာ အပေါင်းအသင်းများ၏ ဆွယ်မှုကြောင့် အရက်ကို နည်းနည်း နည်းနည်း သောက်ရာမှ ယခုတော့ အရက်စွဲနေလေပြီ။ အရက်မသောက်ရလျှင် မနေနိုင်တော့ပါ။

အရက်ဆိုသည်မှာ စင်စစ်ဆေးတစ်မျိုးသာ ဖြစ်သည်။ ထိုဆေးကို 'အီသာနော'ဟုခေါ်ပြီး ဆေး၏ အာနိသင်မှာ နာရီပိုင်းသာခံကြောင်း အရက်ပညာပေးဆောင်းပါးများတွင် ဖော်ပြထား



ချက်မှာ မှန်ကန်ကြောင်း ကိုမြင့်မောင် လက်တွေ့သိရလေပြီ။ အဘယ်ကြောင့်ဆိုသော် အရက်မသောက်ဘဲ ခြောက်နာရီလောက် နေလိုက်လျှင် ကတုန်ကယင်ဖြစ်ခြင်း၊ လက်တုန်ခြင်း၊ ချွေးပြန်ခြင်း၊ စိတ်ချောက်ချားခြင်း၊ ပျို့အန်ခြင်း စသည်ဖြင့် အရက်ဖြတ် လက္ခဏာများခံစားနေရလေသည်။

ကိုမြင့်မောင်သည် စိတ်ဓာတ် ပြင်းထန်၍ ပြတ်သားစွာပြုလုပ်တတ်သူ ဖြစ်သည်။ အရက်မသောက်သည့်အခါ ခံစားရသော လက္ခဏာများကို ရဲဝံ့စွာရင်ဆိုင်ရန် ယတိပြတ် ဆုံးဖြတ်လိုက်ပြီး အရက်ကို တုံးတိတိဖြတ်ပစ်လိုက်လေသည်။ ယောက်ျားဆိုတာ အရက်သောက်ရဲရင် ခံရဲရမယ်။ အရက် ပြတ်ရင် ပြတ်၊ မပြတ်ရင် သေပေ့စေဟု စိတ်နှလုံးဒုံးဒုံး ချထားလေ၏။

အရက် ဆက်သောက်နေလျှင် ကျန်းမာရေး ထိခိုက်မည်ဖြစ်ကြောင်း ကိုမြင့်မောင် သတိထားမိသဖြင့် ယခုကဲ့သို့ အရက်ဖြတ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။ အရက်ကလည်း သူ့ကို ဖြတ်လိုက်လျှင် ဖြတ်လိုက်ချင်း အရက်ဖြတ်သည့် လက္ခဏာများ ပြလာလေသည်။

ပထမခံစားရသော လက္ခဏာများမှာ လက်တုန်ခြင်း၊ ကတုန်ကယင် ဖြစ်ခြင်းတို့ ခံစားရလေသည်။ ဤလက္ခဏာများကို (၃) ရက်ခန့် ခံစားရပြီး တဖြည်းဖြည်း သက်သာသွားလေသည်။ သို့သော် အရက်က ဒုက္ခတစ်ခု ထပ်ပေးပြန်သည်။ ထိုဒုက္ခမှာ အခြားမဟုတ် နားထဲတွင် အလိုလိုအသံများ ကြားလာခြင်း ဖြစ်လေသည်။

"မင်းဟာ အလကားအကောင်၊ ဘာမှ အသုံးမကျဘူး၊ မင်းကို သတ်ပစ်မယ်၊ ဓားနဲ့ထိုးမယ်။ ခွေးကောင် ဘာအလုပ်မှ ကောင်းကောင်း မလုပ်ချင်ဘူး။ သေဖို့သာပြင်တော့၊ မင်းကိုသာ မကဘူး။ မင်းရဲ့အိမ်သားတွေကိုပါ သတ်ပစ်မယ်။ ဟား...ဟား ခုတော့ ကြောက်နေပြီ မဟုတ်လား။ ဒါပေမယ့် မင်း ငါ့လက်က မလွတ်ပါဘူးကွာ"

စသည့် အသံများကို နားထဲတွင် ပီပီသသ ကြားရလေသည်။ အစပထမတွင် တကယ့်

www.burmeseclassic.com

www.burmeseclassic.com



လူများက စကားပြောသည် ထင်သဖြင့် ဟိုဟိုသည်သည်လျှောက်ကြည့်လေသည်။သို့သော်လူတစ်ဦးတစ်ယောက်မျှ မတွေ့ပါ။

"ငါ စိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်"ဟု ကိုမြင့်မောင်က တွေး၍ အသံများ အာရုံကို ကြိုးစားဖျောက်ပါသည်။ သို့သော်မရပါ အသံများကို ကြားရဆဲသာဖြစ်သည်။

"ဒီကောင်က ကောက်ကျစ်စဉ်းလဲတဲ့ အကောင်။ တာဝန်မကျေဘူး။ သစ္စာဖောက်သတ်ပစ်ဖို့ပဲ ကောင်းတယ်"

ကိုမြင့်မောင် စိတ်ဆိုးသွားသည်။ ဒီလောက်တောင် ဖြစ်လှတာ အရက်ပြန်သောက်မယ်ဟု ဆုံးဖြတ်ပြီး အရက်ဆိုင်သို့ ထွက်သွားလေသည်။

ဆိုင်ရောက်တော့ အရက်မှာ၍ သောက်သည်။ အရက်ဆိုင်ထဲတွင် ဟိုတစ်စု၊ သည်တစ်စု ဝိုင်းဖွဲ့၍ အရက်သောက်နေသူများ ရှိရာ သူ့ကိုတွေ့၍ အရက်ဝိုင်းမှ လူများက သူ့အကြောင်းပြောသံများ ကြားရပြန်သည်။

"အဲဒီ ကောင်ပေါ့ကွ။ ဘယ်သူ့ကိုဖြစ်ဖြစ် အကောင်း

**အသုံးမကျဘူး။**

**မင်းကို သတ်ပစ်မယ်။**

**ဓားနဲ့ထိုးမယ်**

**ခွေးကောင်**

**ဘာအလုပ်မှ**

**ကောင်းကောင်း**

**မလုပ်ချင်ဘူး။**

**သေဖို့သာပြင်တော့**

မထင်ဘူး။ ဘာမှသာ အသုံးမကျတာ ဘဝင်က မြင့်လိုက်ချင်သေးတယ်။ အလကားကောင်ပါကွာ"

ကိုမြင့်မောင်က သူ့စိတ်ကိုမနည်းထိန်းထားရသည်။ သို့သော် ကြာကြာဆက်နေလျှင် ရန်ပွဲဖြစ်မှာ စိုးသဖြင့် အရက်ဆိုင်မှ ပြန်ထွက်ခဲ့လေသည်။

အရက်သောက် ကြည့်သော်လည်း နားထဲတွင် ကြားနေသော အသံများက ပျောက်မသွားပါ။ ထို့ကြောင့် ကိုမြင့်မောင်သည် အရက်ဆက်မသောက်တော့ဘဲ ဆရာဝန်တစ်ဦး၏ ဆေးခန်းသို့ သွားပြလေသည်။

ဆရာဝန်သည် ကိုမြင့်မောင်၏ ရာဇဝင်ကို မေးမြန်းသည်။

"အရက်သောက်တာ ဘယ်လောက်ကြာပြီလဲ"

"၄-နှစ်လောက် ရှိပါပြီ"

"အရက်မသောက်ရမနေနိုင်အောင် စွဲတာ ဘယ်လောက်ကြာပြီလဲ"

"၂- နှစ်လောက် ရှိပါ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းကန်များတွင်
လူနည်းပြီး
မကောင်းသည့်
နေရာများဖြစ်သည့်
အရက်ဆိုင်၊ ကစားဝိုင်း
စသည်များတွင်
လူစည်ကားနေတတ်သည်။

ပြီ''

''အခုနားထဲမှာ ဟိုဟာကြား၊ သည်ဟာကြား ဖြစ်လာတာ ဘယ်လောက်ကြာပြီလဲ''

''၂ ပတ်လောက်ရှိပါပြီ''

''ဘယ်လိုက စဖြစ်တာလဲ။ ဥပမာ အရက်ဖြတ်လိုက်လို့ အသံတွေ ကြားလာတာလား။ သောက်တုန်း တန်းလန်း ကြားတာလား''

''မြန်းကနဲ ဖြတ်လိုက်ရာက စပြီး အသံတွေ ကြားလာတာပါပဲ ဆရာရယ်''

''ဟုတ်ပါပြီ။ ဒီလိုဆိုရင် ခင်ဗျား ရောဂါဟာ အရက်အာရုံများမှုပဲ။ အင်္ဂလိပ်လိုတော့ (Icoholic Hallucinosis)လို့ ခေါ်ပါတယ်။ ဒါပေမယ့် ဘာမှ မပူပါနဲ့။ ဒီရောဂါက ဆေးကုလို့ရပါတယ်။ စိတ်ငြိမ်ဆေး (မြူရှိမင်း) ကျွန်တော် ပေးလိုက်ပါမယ်။ အားနည်းနေတဲ့အတွက် အားဆေးလည်း ထိုးသွားပါ''

ဆရာမက ဂလူးကို့စ်အားဆေး အကြောဆေးထိုးပေးလိုက်ပါသည်။

စိတ်ငြိမ်ဆေး မြူရှိမင်းကို စားပြီးနောက် ကိုမြင့်မောင်၏ အာရုံများရောဂါ သိသိသာသာ သက်သာသွားလေသည်။ အလိုလို အသံကြားနေရခြင်းမှာ တဖြည်းဖြည်း ကျဲ၍ ကျဲ၍သွားပြီး နောက်ဆုံးတွင် လုံးဝ ရပ်သွားလေသည်။

ကိုမြင့်မောင် လူကောင်းပြန်ဖြစ်သွားပါပြီ။

လူ့စိတ်သည် ဆန်းကြယ်သည်။ စိတ်ကို အစိုးမရကြပါ။ စိတ်သည်ကောင်းသည့်နေရာမှာထက် မကောင်းသည့်နေရာမှာ ပျော်မွေ့ကြသည်။ ကောင်းသည့်နေရာများဖြစ်သော ဘုရားကျောင်းကန်များတွင် လူနည်းပြီး မကောင်းသည့် နေရာများဖြစ်သည့် အရက်ဆိုင်၊ ကစားဝိုင်း စသည်များတွင် လူစည်ကားနေတတ်သည်။

ကိုမြင့်မောင်သည် လူထဲက လူတစ်ယောက်သာ ဖြစ်ရာ နေကောင်းပြီးနောက် တစ်လခန့် အကြာတွင် အရက်ပြန်သောက်လေ၏။ အရက်ပြန် မသောက်မီ ကိုယ့်စိတ်ကို တင်းပါသေးသည်။ နောက်ဆုံးတွင် စိတ်ဆန္ဒကို မတွန်းလှန်နိုင်တော့ဘဲ လက်မြှောက် အရှုံးပေးလိုက်ရလေ

www.burmeseclassic.com



သည်။

သို့နှင့် အရက်ကို ၆-လ လောက် ဆက်သောက်ပြီးနောက် နောင်တတရားလေးက ပြုံတစ်ပြုံတစ်နှင့် ထွက်ပေါ်လာပြန်သည်။ ''အရက်ပြန်သောက်တာ များပြီ၊ အရက်ကြောင့် လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးတို့ ထိခိုက်သည်။ ငါအရက်ကို ယတိပြတ် ဖြတ်သင့်ပြီ''ဟု ကိုမြင့်မောင် ဆုံးဖြတ်ပြန်သည်။

ဆုံးဖြတ်ချက်အတိုင်း နောက်နေ့မှစ၍ ကိုမြင့်မောင် အရက် ဖြတ်လိုက်ပြန်သည်။ အရက်ဖြတ်ပြီး သုံးရက်ခန့်အကြာတွင် အလိုလို စကားပြောသံများ ကြားရပြန်သည်။

''အလကားကောင်၊ကတိမတည်တဲ့ အကောင်၊ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ ဘာမှ အသုံးမကျဘူး။ သေတာပဲ ကောင်းတယ်။ မြန်မြန်သေပါစေ''

အထက်ပါအသံများကြားရတော့ ကိုမြင့်မောင် ကြောက်လန့်လာသည်။ စိတ်ချောက်ချားလာသည်။ သို့နှင့်သူ၏ မိတ်ဆွေ ဦးထွန်းလင်းထံ သွားပြီး အကူအညီတောင်းသည်။

ဦးထွန်းလင်းအိမ်တွင် ကိုမြင့်မောင် ညအိပ်သည်။ သို့သော် တစ်ညလုံးမအိပ်၊ နားထဲတွင်ခြိမ်းခြောက်သံများ ကြားနေသဖြင့် ဟိုနေရာက ချောင်းကြည့်လိုက်၊ သည်နေရာက ချောင်းကြည့်လိုက်နှင့် ဂနာမငြိမ် ဖြစ်နေသည်။

ဦးထွန်းလင်းက ဖျောင်းဖျသည်။ သူ့အိမ်မှာ ဘယ်ရန်သူမှ မရှိကြောင်း ပြောသည်။ သို့သော် မရ။ ကိုမြင့်မောင်က ကြောက်ရွံ့ထိတ်လန့်စွာ ချောင်းမြောင်းဆဲ။

''ဒီကောင်တော့ စိတ်နောက်နေပြီ စိတ်ကု ဆရာဝန်ထံ ခေါ်သွားမှပဲ''ဟု ဦးထွန်းလင်းက စိတ်ကူးပြီးနောက်နေ့ ညနေတွင် စိတ်ကုဆရာဝန် ဦးမောင်အုန်းထံ ခေါ်သွားလေ၏။ ဆရာဦးမောင်အုန်းက ကိုမြင့်မောင်၏ ရာဇဝင်ကို မေးကြည့်ရာ အရက်ဖြတ်လိုက်ရာမှ အသံများ ကြားလာကြောင်း၊ ယခင်တစ်ကြိမ် ဖြတ်ခဲ့ဖူးကြောင်း သိရသဖြင့် အရက်အာရုံများ ရောဂါဟု မှတ်ချက်ချလေသည်။

ထို့နောက် စိတ်ငြိမ်ဆေး စတဲလဇင်း (Stelazine) ကို သောက်ရန်၊ အရက်လုံးဝပြန်မသောက်ရန်၊ အကယ်၍အရက်ပြန်သောက်ခဲ့လျှင် ရောဂါပြန်ဖြစ်ဦးမည် ဖြစ်ကြောင်းမှာ ကြားလိုက်လေ၏။

ယခုတော့ ကိုမြင့်မောင် နေကောင်းနေပါပြီ။ အရက်ကြောင့် နှစ်ကြိမ်တိတိ ဖောက်ပြန်ခဲ့သဖြင့် အရက်ကို စိတ်နာလှပါပြီ။

အရက်သည် ယစ်မျိုးရှည် မဟုတ်၊ သေရည် (သို့မဟုတ်) အဆိပ်ရည်သာ ဖြစ်ကြောင်းကို သူနှင့်တွေ့သော လူငယ်များအား ကိုမြင့်မောင်က ပညာပေးပြောနေလေ၏။


**ဒေါက်တာအုန်းမောင်**

www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com



# ညီညီနိုင်
# တခြားကမ္ဘာက လူလေး

မြည်းပဖြစ်ရပ်မှန်

တကယ့် လူထူးလူဆန်းပါပဲတဲ့ဗျာ။

ဆိုင်ရာဆိုင်ရာ အာဏာပိုင်များ ဩချရသည့် ...မှုကား တခြားကမ္ဘာမှ ကျလာသည်ဟုဆိုရ ...ကြာ်အောင် အနေအထားအပြုအမူတွေ ထူးဆန်း ...ပြားနေပါသည်။

ဂျာမနီပြည် ညူရင်ဘတ်မြို့တော်၏ မြို့ဝင်ဂိတ် အသစ်တွင် အပြင်၌သူ့ကိုစပ်စုသော ရဲသားတစ်ဦး က စတင်တွေ့ခဲ့ခြင်းဖြစ်သည်။

သူ့ရုပ်လက္ခဏာက သန့်ပြန့်သည်။ သို့သော် ...တ်အစားတွေက နံ့ချာစုတ်ပြတ်နေ၍လူ့ရုပ်ပင် မပေါ်ပါ။ စတွေ့သူ ရဲသားနှင့် အထက်အရာရှိများ ကို အစီရင်ခံချက်အရ တွေ့တွေ့ချင်း အချိန်သူသည် ပြင်းထန်သော ဝေဒနာတစ်ခုခုကြောင့် ဒယီးဒယိုင် ...ထိုးနေသလို လမ်းလျှောက်ဖို့ပင် အနိုင်နိုင်...ကြ ...က်တွေ တရွတ်ဆွဲနေသည်။ ချက်လုံးက

www.burmeseclassic.com

www.burmeseclassic.com



လည်း အလင်းရောင်ကို ရင်မဆိုင်ရဲသလို ကျုံ့နှံးစပ် နေပုံရသည်ဆို၏။

ရဲသားက ထိုလူငယ်ကိုခေါ်စစ်သည်။ မေးသမျှ တစ်လုံးမှ နားလည်ဟန်မတူ။

"ကျွန်တော့်အဖလိုပဲ ကျွန်တော်စစ်သားတစ်ယောက်ဖြစ်ချင်တယ်"လို့သာ ထပ်တလဲလဲ အပ်ကြောင်းထပ်အောင် စွတ်ပြောနေသည်။

ပြောမယ့်သာ ပြောသည်။ သူ့မျက်နှာပေါ်မှာ ဘာခံစားချက်မှမရှိ။ သူ့ပါးစပ်က ထွက်နေတာ ဘာစကား ဘာအဓိပ္ပာယ်မှန်း သူကိုယ်တိုင်လည်း မသိဘဲ ကြက်တူရွေးစာအံသလို နှုတ်တိုက်ရွတ်နေခြင်း၊ ဂါထာမန္တာန်တစ်ပုဒ်လို တတွတ်တွတ်မှုတ်နေခြင်းသာ ဖြစ်ပါသည်။

ရဲသားလည်း မြို့တော်ဝန်နှင့် အုပ်ချုပ်ရေးအာဏာပိုင်များရှိရာ ရုံးချုပ်သို့ သဘာဝလွန်ဧည့်သည်လေးကို ပို့လိုက်ရာမှ အမျိုးမျိုးခိုင်း၍ စစ်



ဆေးမေးမြန်း လေ့လာကြပြန်သည်။ သည်တော့လည်း ဘသားချောက အနိမ့်အမြင့်မရှိ တစ်သံတည်းသော အသံဖြင့်သူ့အဖေလို စစ်သားဖြစ် ချင်ကြောင်း ဓာတ်ပြားဟောင်းကြီးသာ ဖွင့်သည်။

မင်းနာမည်ဘယ်သူလဲ မေးတော့လည်း လုံးဝနားမလည်သလို ကြောင်စီစီ။ ဒါပေမယ့် သူ့လက်ထဲ ခဲတံတစ်ချောင်းထည့် ပေးလိုက်သောအခါ ကတုန်ကယင် ဆတ်ဆတ်တုန်လျက် ဖြည်းဖြည်းချင်း ရောမစာလုံးကြီးတွေ ရေးလိုက်သည်။

"ကက်(စ)ပါဟော်ဆာ"

ဒီထက်ပို၍ သူမရေးတတ်တော့ မရေးနိုင်တော့၊ မရေးခဲ့တော့။

ဘာပဲဖြစ်ဖြစ် ၁၈၂၈ ခု၊ တနင်္လာနေ့ဆောင်းညနေတွင် မှတ်တမ်းကမ္ဘည်းထိုးခဲ့သော ထိုနာမည်သံသည် ယနေ့တိုင် မဖြေရှင်းနိုင်ခဲ့သော ပဟေဠိတစ်ပုဒ်၏ ခေါင်းစဉ်နိဒါန်းတစ်ရပ် ဖြစ်ခဲ့ရပါတော့သည်။

သူ့ကိုအစားအသောက်တွေ ကျွေးတော့လည်း ငတ်ငတ်ပြတ်ပြတ် အငမ်းမရ လက်နှင့်ဆုပ်၍ ပလုတ်ပလောင်း နင်းကန်စားခဲ့သည်။ နို့အေးတစ်ခွက်ပေးသည့်အခါ တစ်သက်နှင့် တစ်ကိုယ် တစ်ခါမှ မမြင်ဖူးသလို အထိတ်တလန့်နှင့် နောက်ပင် ဆုတ်သွားသေးသည်။

ရေကျတော့ သောက်ပါရဲ့။ ဒါတောင်မသောက်ခင် လက်တစ်ချောင်းထည့် မွှေကြည့်လိုက်သေး၏။

ထိုည မိုးမချုပ်မီ သူ့အတွက် ကောက်ရိုးချက်ဖို့ အဖြေရှာယင်းဘာဆက်လုပ်ရမှန်းမသိ အကြံအိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ကိုက်နေခဲ့ရသော မြို့မမြို့ဖ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများခမျာ ပုစ္ဆာဆန်သော ကောင်ကလေးက ထုတ်ပြခဲ့သည့် ပစ္စည်းနှစ်မျိုးကြောင့် မူးတူးတူး နောက်တောက်တောက် ချာချာ လည်သွားရရှာသည်။

ဒါကတော့ ဖွာလန်ကြဲနေသော အတွင်းခံ အင်္ကျီ အိတ်စုတ်စုတ်ပေပေ အဝတ်စလေးနှင့် ကျကျနန ထုပ်၍ သိမ်းလာသောစာနှစ်စောင်။

တစ်စောင်ကတော့ သူ့မိခင်ထံမှ ဖြစ်မည် ထင်ရသည်။ လွန်ခဲ့သော ၁၆နှစ်က နေ့စွဲနှင့် သူ့ကိုတွေ့သူ မည်သူမဆို သူ ၁၇နှစ်ပြည့်ချိန်တွင် သူ့ဖခင်အမှုထမ်းဆောင်ခဲ့သော အမှတ် (၆) မြင်းသည်တော် တပ်ရင်းရှိရာ ညူရင်ဘတ်မြို့သို့ ပို့ပေးပါမည့် အကြောင်း ပန်ကြားထားသည်။

နောက်တစ်စောင်မှာ လက်ရေးတော်တော် ညံ့ပြီး ယခုလူငယ်ကို တွေ့ရှိခဲ့ရာမှ ဂရုတစိုက် စောင့်ရှောက်ခဲ့ကြောင်းနှင့် ဆက်လက်ကူညီ ထောက်ပံ့ခြင်းငှာ မစွမ်းနိုင်တော့သဖြင့် ဥပေက္ခာ ပြုလိုက်ကြောင်းများ ပါဝင်သည်။

စာနှစ်စောင်စလုံးမှာ ထူးထူးဆန်းဆန်းပင် ပါးလွှားလှသော သားရေပြားတစ်မျိုး (ဝါ) ပုရပိုက် တစ်ရွက်စီတွင် ရေးထားသည်ချည်းဖြစ်၍ ညူရင်ဘတ်အရာရှိများ မျက်လုံးပြူးနေရသည်။ သည်စာရွက်မျိုး သူတို့တစ်သက်မတွေ့ဖူး မမြင်ဖူးတာ တော့အမှန်။

ကက်စပါဟော်ဆာ (သူပေးခဲ့သည့်အတိုင်း ခေါ်တွင်သော နာမည်) ကား ထိုနေ့ညမှာပင် မြို့တော်၏ အကျော်ကြားဆုံး ဆေးပညာရှင်၊ အတော်ဆုံး

# ရေခြားမြေခြား ဖြစ်ရပ်မှန်

ပါရဂူဖြစ်သူ ဒေါက်တာဒူးမားဆီသို့ ရောက်သွား၏။

လာလာချင်း ဆောက်နဲ့ထွင်းဆိုသလို ဆရာဝန်ကြီး ထွန်းထားသော ဖယောင်းတိုင်မီးကို အတင်း ဝင်ငြိမ်းသတ်ဖို့ သူကကြိုးစားသည်။ ဆရာဝန်ကြီးများ ခမျာ ပါးစပ်အဟောင်းသား အံ့အား သင့်သွားရရှာ၏။

ခန္ဓာဗေဒ၊ စိတ္တဗေဒဆိုင်ရာ နည်းပေါင်းစုံဖြင့် စမ်းသပ်စစ်ဆေးကြည့်သည်။ တတ်သမျှ မှတ်သမျှ ပညာစွမ်းတွေသာ ကုန်သွား၍ ချွေးဒီးဒီး ကျရုံသာ အဖတ်တင်သည်။ သူနှင့်ပတ်သက်ပြီး ပီပြင်သော ကောက်ချက်တစ်စုံတရာမချနိုင်။ ဘယ်လို လူစားပါလိမ့်လို့သာ ဝေခွဲမရ လက်မှိုင်ချခဲ့ရသည်။ တစ်နည်းအားဖြင့် မဖြေရှင်းနိုင်သော ပွေလီဆန်းပြားမှုများ ကြားမှသာ ဆရာဝန်ကြီးခမျာ နစ်မွန်းနေခဲ့ရရှာသည်။

သူ့ခြေထောက်တွေ၊ ခြေဖဝါးတွေက မိုင်ပေါင်းများစွာ ခရီးကြမ်းကြီး လျှောက်ခဲ့ရကြောင်း သက်သေပြနေလင့်ကစား အဝေးပြေးလမ်းတလျှောက်မှာ သူ့ကိုတွေ့ခဲ့သူမရှိ။ ဘယ်လိုမှ စုံစမ်းလို့မရ။

သူဘယ်သူလဲ။ ဇာတိဇာတ်မြစ်ကို ဖော်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်လျှင် ဆုငွေပေးမည်လို့ပင် ကြေညာခဲ့သည်။ သူ့ခာတ်ပုံကို ဥရောပတစ်ခွင်ဖြန့်၍ သတင်းမေးသည်။ ဒါလည်း ဘယ်ကမှတုံ့ပြန်ချက် ပေါ်မလာ။ ဆိုင်ရာအာဏာပိုင်တွေ အကျပ်ရိုက်အခက်ကြုံ ရလေသမျှ ကက်စပါဟော်ဆာ၏ လျှို့ဝှက်ဆန်းကြယ်ပြဿနာကလည်း တစ်နေ့တခြား ကြီးထွားလာသည်။

ဒေါက်တာဒူးမား၏ ကရုဏာအပြည့်နှင့် စိတ်ရှည်လက်ရှည် သွန်သင်ပြသမှုဖြင့် ကက်စပါဟော်ဆာသည် သိသိသာသာတိုးတက်လာသည်။ ပထမ စကားပြောတတ်လာ၏။ နောက် စာရေးတတ်လာ၏။

သည်တော့ သူက သူ့မိတ်ဆွေသစ်များအား ပြောပြခဲ့သည်။ လူမမယ်ဘဝကတည်းက သူ ပကတိ မှောင်မည်းနေသော အခန်းတစ်ခန်းထဲတွင် နေခဲ့ရကြောင်း၊ ရေနှင့်ပေါင်မုန့်အမည်းကြီးကလွဲ၍ ဘာမှမစားရကြောင်း၊ ထိုအမှောင်ထုအောက်၌ အစာရေစာ လာပို့သူ ဘယ်သူမှန်းလည်း မသိမမြင်ခဲ့ရကြောင်းများပင် ဖြစ်သည်။

ထိုမှတပါး တခြားမပြောတော့။ သူက စကားပြောခဲလှသည်။ ပြောလည်းတစ်လုံးစနှစ်လုံးစထက်မပို။

သူအသက်ရှင်သွားစဉ် နှစ်ကာလ အပိုင်းခြားများ၌ ဘာကြောင့် နှုတ်ဆိတ် ရေငုံထားခဲ့တာလဲ။ ဘယ်လိုနေ ဘယ်လို ထိုင်သွားသလဲ။ ဘယ်တွေ ဘယ်တွေများ သွားသေးလဲ။ ဘယ်သူမှမသိ။ ပဟေဠိဆန်ဆန်။

၁၈၂၉ ခု၊အောက်တိုဘာလရဲ့တစ်ရက်။

ဒေါက်တာဒူးမားရဲ့ အောက်ခန်းထဲမှ သူ ကြောက်အားလန့်အား ပြေးထွက်လာသည်။ သူ့ခေါင်းမှာ ဟက်တက်ကြီးကွဲပြီး သွေးတွေ ရဲလို့။ ဓားရှည်တစ်လက် ကိုင်ထားသော မျက်နှာဖုံးဝတ်နှင့် လူတစ်ယောက်က ခုတ်လိုက်ကြောင်း သူကပြောသည်။

မြို့ပြအာဏာပိုင်များလည်း ထိုအဖြစ် အပျက်နောက်ပိုင်းဝယ် သူ့အနားတွင် ရဲသားနှစ်ယောက်စောင့်ကြပ်ထားစေခဲ့သည်။

သို့သော် သူတို့အမှတ်တမဲ့ သတိလစ် သွားသည်။ ၁၈၃၃ ဒီဇင်ဘာလ ၁၄ ရက်နေ့ညနေပိုင်းမှာတော့...

ကက်စပါဟော်ဆာတစ်ယောက် လမ်းဖြတ်ကူး၍ ပန်းခြံထဲအပျင်းပြေ လျှောက်လည်ခဲ့မိသည်။ မိနစ်အတော်အတန်ကြာ လမ်းလျှောက် ရာမှ ပြန်လာသည့်အခါမှုကား သူ့နောက်ကျောမှ ဓားထိုးရာကြီးနှင့် သွေးရူးသွေးတန်း သေလုမျောပါး။

ခွဲစိတ်ဆရာဝန်များ စစ်ချက်ရ ဒဏ်ရာမှာ သူကိုယ်သူထိုးခြင်း၊ မတော်တဆထိခိုက်ခြင်း မဟုတ်ကြောင်း သိရသည်။

ပန်းခြံထဲက နှင်းလွှာပြင်တွင် ကက်စပါ ခြေရာကလွဲ၍ တခြားခြေရာများမရှိ။ ထို့အတူ လူသတ်လက်နက်ကိုလည်း တစ်စွန်းတစ်စမတွေ့။

သို့ဖြင့် ကက်စပါဟော်ဆာ၏ ပြဿနာခတ်လမ်းကား အချက်အလက် ခိုင်လုံပြည့်ဝပါမှ ရှေ့သားဖော်ပြကြရသော ကမ္ဘာ့အံ့မခန်း မှတ်တမ်းများတွင် စံချိန်မှီ ဂန္ထဝင်တစ်ပုဒ်အဖြစ် နေရာရခဲ့ရပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com




ထိုအထဲမှ ဗွန်ဖျူးဘတ်ချ်ရေးသော မှတ်တမ်း၌ နိဂုံးချုပ်မှတ်ချက် ချထားပုံမှာ…

"ကတ်စပါယော်ဆာသည် သူဖြစ်ရပ်ကို ကြားသိသွားသူမှန်သမျှ တခြားဂြိုဟ်တစ်ခုက ကျုပ်တို့ကမ္ဘာကို အုံသြဖွယ်ရာ ပြောင်းလာတာပဲဟု ယုံကြည်ထင်မှတ် ခံစားရလောက်သည်အထိ။

အဝိဇ္ဇာအမိုက်တရား ကြီးစိုးသော သနားစရာလူ့ဘဝကို အရိုးစင်းဆုံး နမူနာပြသွားသလို ဤယဉ်ကျေးမှု အသိုက်အအုံတွင် ကြောက်ခမန်းလိလိ လိုအပ်နေသော ကိုယ်ချင်းစာ မေတ္တာတရားကို လည်း အရေးပေါ် တောင်းဆိုလိုက်ခြင်းပင် ဖြစ်လေသည်တကား။


**ညီညီနိုင်**




www.burmeseclassic.com

www.burmeseclassic.com





# ပြည်သူ့အရေး ပေါ်ကောင်ရဝယ်

ငွဝိုး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ပြည်သူ့အရေး ပေါ်ဆောင်ရဝယ်

ငမှိုး

ကျွန်တော်တို့ မြို့ကလေးသည် တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ ရှမ်း၊ ဓနုစသည့် တိုင်းရင်းသားများ အများဆုံးနေထိုင်ကာ အများအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ပြီး ရိုးသား အေးချမ်းစွာဖြင့် ဘဝကို ဖြတ်သန်းနေကြသူများ ဖြစ်ပါသည်။ မြို့ကလေးမှာ စည်ကားလှသဖြင့် အနယ်နယ်အရပ်ရပ်မှ ရောင်းဝယ်ဖောက်ကားသူများ ဝင်လာမစဲ တသဲသဲပင် ဖြစ်ပါသည်။

လွန်ခဲ့သော (၄) နှစ်ခန့်က ကျွန်တော်တို့ မြို့ကလေးသို့ နယ်လှည့်ဈေးသည်တစ်ဦး ရောက်လာသည်။ ရောင်းသည့် ကုန်ပစ္စည်းက အုန်းသီးပေါက်စီ၊ သကြားပေါက်စီပါတဲ့။ တောင်ကြီးမြို့နှင့် (၁၈) မိုင် အကွာမှ ရှိတဲ့ "တောင်နီ" ဆိုသည့် ရွာကပါ။ ထူးခြားသည်က သူ၏ ပေါက်စီကို ဆိုင်ကယ်ဖြင့် လှည့်၍ ရောင်းခြင်းပါ။ ယခုခေတ်မှာ ရောင်းကုန်ကို ဆိုင်ကယ်ဖြင့် လှည့်လည်၍ ရောင်းချသည်မှာ မဆန်းပါ။ ဆန်းသည်က သူ၏ လုပ်ရပ်ပါပေ။ မြန်မာသံ မပီမသဖြင့် ဈေးရောင်းသော ရှမ်းတရုတ် လူမျိုးတစ်ဦးဖြစ်ပါသည်။

မြို့ပေါ်ရှိ ရပ်ကွက်များသို့ ဆိုင်ကယ်ဖြင့် ပေါက်စီရောင်းရင်း ဝယ်စားသူများနှင့် အတန်ငယ်ရင်းနှီးလာသောအခါ ထိုဝယ်စားသူများ၏ အိမ်၌ မိန်းမပျိုလေးများရှိပါက ထိုမိန်းမပျိုကလေးများကို အကဲခတ်ပြီး အလုပ်ရနိုင်သည်၊ လုပ်မည်လားဟု မေးသည်။ ပြီးမှ တရုတ်နယ်စပ်ရှိ မူဆယ်မြို့တွင် အလှပြင်ဆိုင်နှင့် ကုမ္ပဏီများတွင် စရိတ်ငြိမ်းမြန်မာငွေ တစ်သိန်းခွဲခန့်ရမည်ဟု မက်လုံးပေးပါသည်။ နောက်ပြီးပညာအရည်အချင်းမလို ငယ်ရွယ်ပြီး ရုပ်ချောသူဆိုလျှင် ပို၍ အဆင်ပြေသည်ဟု ပြောပြီး လိုအပ်ပါက ဆက်သွယ် ကူညီပေးနိုင်သည်ဟု အားတက်သရော စည်းရုံးခဲ့ကြောင်း သိရပါသည်။

ကျွန်တော်သည် စာပေဝါသနာပါပြီး မဂ္ဂဇင်းများတွင် အထိုက်အလျောက် ရေးသားနေသည်ကို သိသည့် မနန်းအေးနှင့် သူ့ညီမကလေးတို့ ကျွန်တော်အိမ်သို့ ရောက်လာပြီး "အစ်ကို ကျွန်မတို့ကို ကူညီပါဦး" ဟု ပြောလာပါသည်။ ကျွန်တော်ကလည်း "ကဲ ဘာကူညီရမလဲ" ဟုဆိုကာ သူတို့ ညီအစ်မပြောတာကို နားထောင်လိုက်ပါသည်။

အဖြစ်က ဒီလို၊ ရပ်ကွက်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဆိုင်ကယ်နှင့် လှည့်ပြီး ပေါက်စီရောင်းတဲ့ ရှမ်းတရုတ် ပေါ့။ သူရောင်းတဲ့ ပေါက်စီကို တစ်ရက်မှာ ဝယ်စားမိတာနဲ့ ကျွန်မရဲ့ ညီမလေးကို သေသေ ချာချာကြည့်ပြီး နယ်စပ်မှာရှိတဲ့ မူဆယ်မြို့ အလှပြင်ဆိုင်မှာ စရိတ်ငြိမ်းတစ်သိန်းခွဲနှင့် အလုပ် ရမယ်၊ လုပ်မလားဆိုပြီး ခဏ ခဏ လာမေးနေတယ်။ ကျွန်မ လည်း ညီမလေးကို အဝေးလွှတ် ပြီး မခိုင်းရက်ဘူး။ လစာကတော့ ကောင်းပါတယ်။ ဒါပေမယ့်မယုံ ရဲဘူးဖြစ်နေတယ်။ အဲဒါ ဘယ်လို လုပ်ရင် ကောင်းမလဲဆိုတာအကြံ ပေးပါဦးလို့ ပြောရှာတယ်။

ကျွန်တော်ကလည်း ချက်ခြင်း ပဲ ပြောလိုက်တယ်။ "အဲဒါ လူကုန်ကူးပြီး လုပ်စားနေတဲ့သူ မယုံနဲ့လို့ ပြောလိုက်တယ်" မနန်းအေးနဲ့ သူ့ညီမကိုလည်း "စိတ်အေးအေးထား အစ်ကို ကူညီမယ်" လို့ ကတိပေးလိုက် ပါတယ်။ နှစ်ရက်လောက်အကြာ မှာ ကျွန်တော်ရပ်ကွက်ထဲ အထည် ချုပ်တဲ့ နန်းလှထွေးရောက်လာ ပြီး အထည်ချုပ်ဆိုင်ကို ပေါက်စီ ရောင်းတဲ့ ရှမ်းတရုတ်ရောက်လာ ကာ ဆယ်တန်းအောင်ထားတဲ့ ကျွန်မညီမလေးကို ကြည့်ပြီး နယ်စပ်မှာ အလုပ်ကောင်းရှိတယ်။ ညီမတို့ အရွယ်မိန်းကလေးတွေ အလှပြင်ဆိုင် (သို့) စူပါမားကတ် ကြီးတွေမှာ စရိတ်ငြိမ်းလစာ တစ်သိန်းခွဲနဲ့ လုပ်ချင်ရင် သူ ဆက်သွယ်ပြီး ကူညီပေးနိုင်တယ် လို့ မကြာခဏ လာပြောနေတယ် လို့ ပြောပါတယ်။

ကျွန်မ ညီမက အရွယ်က လည်းငယ်၊ ကိုယ်လုံးကိုယ်ထည် ကလှ၊ ပညာရေးကလည်း (၁၀) တန်းအောင်ဆိုတော့ ရှမ်းတရုတ် က ညီမလေးဆို အလုပ်ရဖို့ သေချာတယ်တဲ့။ ဒါနဲ့ ကျွန်မ လည်း စိတ်ပေါက်ပေါက်နဲ့ကျွန်မ ဆိုရင်ရော သေချာလားလို့ မေး တော့ ရှမ်းတရုတ်က ကျွန်မကို ကြည့်ပြီး ခေါင်းခါတယ်။ ဖြစ်ရ မယ်လေ အစ်ကိုသိတဲ့အတိုင်း ကျွန်မက ဝတုတ်တုတ်ကြီး ဗီဒီ ယိုသရုပ် ဆောင်ပွင့်နဲ့ နင်လားငါ လားပဲဆိုတော့ ကျွန်တော်က ရယ် မိလိုက်ပါတော့သည်။

နန်းလှထွေးကိုလည်း "အစ်ကို ကြည့်စီစဉ်ပါမယ်" လို့ နှစ်သိမ့်လိုက်ပါတယ်။ ပထမ ဦးဆုံးအနေနဲ့ သည်ကိစ္စကိုတာဝန်




www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ သူတစ်ဦးကို အသိပေးရမှာဖြစ်တော့ ကျွန်တော်တို့ ရပ်ကွက်ရဲ့ တာဝန်ခံ နယ်ထိန်း ဒုတက မောင်ဇော်ကို အကြောင်းကြားအသိပေးလိုက်ပါတယ်။ ပြီးမှ စည်းရုံးခံရသော ညီမငယ်များအိမ်သို့ ကျွန်တော်ကိုယ်တိုင် တာဝန်ခံနယ်ထိန်းအား ပို့ဆောင်ပေးခဲ့ပြီး ဒုတက မောင်ဇော်မှလည်း ပြည်သူ့အရေးကို တလေးတစား မှတ်သားပြီး ကူညီဆောင်



ရွက်ပေးပါမည်ဟု ကတိပြုသွားပါသည်။

တစ်ပါတ်ခန့်ကြာသောအခါ ဒုတက မောင်ဇော်နှင့် တွေ့ဆုံသောအခါ "ကိုယ့်ဆရာရေ ပေါက်စီရောင်းတဲ့ ရှမ်းတရုတ် နောင်ဘယ်သောအခါမှ ကျွန်တော် တို့မြို့ကို ခြေဦးမလှည့်တော့ဘူး" ဟု အပိုင်ပြောလိုက်ပါသည်။ ဒါနဲ့ ကျွန်တော်က "သေသေချာချာ ရှင်းပြပါဦး" ဆိုတော့ ဒုတက မောင်ဇော်မှ အောက်ပါအတိုင်း ရှင်းပြပါသည်။

ဤကဲ့သို့ လူကုန်ကူးရ အခြားရပ်ကွက်များတွင် စည်းရုံ ခြင်း ရှိ၊ မရှိ သိရန် ရပ်ကွ အုပ်ချုပ်ရေးမှူးများထံ စုံစမ်းသော အခါ ထိုနည်းတူစွာ စည်းရုံ ကြောင်း သိရှိသည့်အတွ တာဝန်ရှိသူများထံ တင်ပြခဲ့ပြ နောက်သုံးရက်အကြာ ဈေးလ ရောင်းသည့် အယောင်ဆော ရှမ်းတရုတ်အား စခန်းသို့ ခေ ခေါ်ဆောင်ပြီး မေးမြန်းခဲ့ပါသည

သည်အခါမှာ ဈေးသ အယောင်ဆောင် ရှမ်းတရုတ် "ကျွန်တော် ရိုးရိုးသားသား ရောင်းတာပါ၊ သည်လို မ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး'' ဟု ဖွင့်ပြောင်းပါသည်။ ဒုတက မောင်ဇော်မှလည်း သက်သေ အထောက်အထားနှင့် ရှိပါသော်လည်း လူကုန်ကူးမှု မဖြစ်မီ ကြိုတင် ကာကွယ်သည့်အနေဖြင့် ထိုဈေးရောင်း အယောင်ဆောင် ရှမ်းတရုတ်အား ''နောင်သည်လို ပြောဆိုပြီး ဈေးရောင်းနေတယ် ဆိုလျှင် ဖမ်းရလိမ့်မည်'' ဟု ပြောဆိုပြီး ပြန်လွှတ်လိုက်ပါသည်။ သူ၏ လုပ်ရပ်ကို ရဲများ သိရှိပြီး ဖြစ်တဲ့အတွက် နောင်ကို ကျွန်တော်တို့ မြို့နယ်သို့ ခြေဦး မလှည့်တော့ဘူးဟု ပြောခြင်းဖြစ်ပါသည်။

ထို့ကြောင့် ပြည်သူ့အရေး ကိစ္စများကို တလေးတစားနှင့် လုပ်ကိုင် ဆောင်ရွက်ပေးသော ယခုအခါ အင်းတောမြို့နယ်ခွဲ ရဲစခန်းမှ ဒုတက မောင်ဇော်အား ချီးကျူး ဂုဏ်ပြုအပ်ပါသည်။ ကျွန်တော်သည်လည်း လူကုန်ကူးမှု အန္တရာယ်ကို သတင်းပေးခြင်း၊ တားမြစ်ခြင်းတို့သည် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ကူညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသမီးငယ်များ လူကုန်ကူးမှု အန္တရာယ်မှ ကင်းဝေးကြပါစေလို့ ဆုတောင်း ပြုအပ်ပါသည်။

(ဖြစ်ရပ်မှန်အား ပြန်လည်ရေးဖွဲ့ပါသည်)

ရွှေမိုး (ရပ်စောက်)

## လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့နိုင်

နေပြည်တော်　　　နိုဝင်ဘာ　　　၄

နိုင်ငံတော်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် လူကုန်ကူးမှု ဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၎င်းတို့မှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း-၀၈၂-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း-၀၉-၄၉၅၅၅၇၇၇နှင့် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၅၅၅၈၈၈ ၀၉-၄၉၅၅၅၉၉၉ တို့ဖြစ်ကြောင်း သိရှိရသည်။


(သတင်းစဉ်)

www.burmeseclassic.com

www.burmeseclassic.com



# ကားနဲ့တိုက်ခံ ယူမလား



ဇော်သူကျော်

မအိုဆေးနှင့် ဖောရှော အရက်စက်ရုံပိုင်ရှင် ဦးလူကြောင် ချေးသည် မန်နေဂျာ ဖြစ်သူကို ကြွက်ကတိုးအား-

"တို့ကုမ္ပဏီထုတ် အရက်တွေအားပေးတဲ့ ယမကာ လုလင်တွေအတွက် ကားနဲ့ တိုက်ခံနိုး ကံစမ်းမဲ ဒီလ ဘယ်သူတွေ ပေါက်သလဲ။ ကံစမ်းမဲပေါက်တဲ့လူတွေကို မောင်ရင် ဆက်သွယ်အကြောင်းကြားပြီးပလား" ဟု မေးလိုက်လေ၏။

"ဟုတ်ကဲ့ဘောစိ၊ ကံစမ်းမဲပေါက်တဲ့ ယမကာ လုလင် နှစ်ဦးကို အကြောင်းကြားတာ အကြောင်းမပြန်တဲ့အတွက် လိပ်စာအတိုင်း သူတို့နေတဲ့နေရာတွေကို ကျွန်တော်ကိုယ်တိုင် လိုက်သွားပြီးပါပြီ။

"ဟုတ်လား၊ ဆက်ပြောစမ်းပါဦး"

"ကား ကံစမ်းမဲ ပေါက်တဲ့ ကိုပုလုံးကတော့ ကိုယ်တွေဖောရောင် အသည်း ဆန်ကာပေါက်ပြီး ပြီးခဲ့တဲ့လက ရှောသွားပါတယ်တဲ့။ ကိုပုလုံးကြောင့် သူ့မိန်းမလည်း စီးပွားပျက်လို့ အိမ်ရောင်း၊ အကြွေးတွေဆပ်ပြီးထွက်သွားလိုက်တာ ဟိုအတန်းရောက်သွားသလိုလို၊ ဒီအတန်းရောက်သွားသလိုလို ကြားခဲ့ရပါတယ်။ ကိုပုလုံးရဲ့ အပျိုပေါက်သမီးလေးလည်း 'ပွပွ' KTV မှာ ရောက်နေတယ်ကြားလို့ ထပ်လိုက်သွားတော့ တခြားအနှိပ်ခန်း ပြောင်းသွားပြီးပြောလို့ လမ်းစပျောက်သွားပါတယ်။ ဒါကြောင့် ကံစမ်းမဲကား ပေးစရာ မလိုတော့ပါဘူး ဘောစိ"

"အေးလေ ငါတို့ကုမ္ပဏီက အရက် (၂)မျိုးထုတ်တာ၊ မအိုဆေးနဲ့ ဖောရှောမို့လား။ ကိုပုလုံးကလည်း ဖောရှောဖြစ်သွားပြီဆိုတော့ တို့ကုမ္ပဏီထုတ် အရက်တွေဟာ နာမည်နဲ့လိုက်အောင် အရည်အသွေးကောင်းတယ်ဆိုတာ သောက်သုံးသူ ယမကာလုလင်တွေကို သက်သေပြလိုက်တာပဲ။ ဟဲ…ဟဲ နောက်တိုက်ခန်းမဲပေါက်တဲ့ သူကော တွေ့ခဲ့ရဲ့လား"

"တိုက်ခန်း မဲပေါက်တဲ့ မောင်ဂွတိုကတော့ ပြီးခဲ့တဲ့ (၂) ပတ်လောက်က ဆုံးသွားပြီတဲ့။ သူသေတော့ အသက် (၂၅)နှစ်ပဲ ရှိသေးတယ်တဲ့။ တိုက်ခန်းမဲပေါက်သွားတာတောင် သိမသွားရှာဘူးတဲ့။ သူ့မှာအမေအိုကြီးနဲ့ သူပဲရှိတယ်တဲ့။ အမေအိုကြီးမျာလည်း ဘာ အလုပ်အကိုင်မှ

www.burmeseclassic.com









မလုပ်တဲ့ သူ့သားအရက်သမားကို ဈေးရောင်းပြီး ရှာကျွေးနေရတာတဲ့။ သူ့သားလည်း သေပြီးရော အမေအိုကြီးလည်း ရိပ်သာဆိုလား၊ သီလရှင်ကျောင်းဆိုလား အပြီးထွက်သွားပြီလို့ ဘေးအိမ်တွေက ပြောလိုက်ပါတယ်။ ဒါကြောင့် တိုက်ခန်းလည်း ပေးစရာ မလိုတော့ပါဘူး ဘောစိ''

''အေးလေမောင်ဝွတိုလည်း တို့ရဲ့မအိုဆေး အရက်ကို ရဲရဲဝံ့ဝံ့ အသေခံသောက်ပြီး အားပေးသွားသူပဲ။ မအိုဆေး ဆိုတဲ့အတိုင်း အိုအောင် ဘယ်နေရတော့မလဲ။ မောင်ဝွတို အသက် (၂၅) နှစ်ထိ နေရတာကိုပဲ နည်းနည်း အသက်ကြီးသွားသလားလို့။ နောက်တို့ကုမ္ပဏီက အရက်တွေကို အားပေးတဲ့ ယမကာ လုလင်တွေကို 'သက်စွန့်သောက်စား ယမကာလုလင်များ' ဆိုတဲ့ ဂုဏ်ပြုလက်မှတ်ပေးဖို့ ကောင်းနေပြီ''

''ဟုတ်ကဲ့ပါ ဘောစိ။ နောက်ပြီး ဘောစိကို ပြောစရာရှိပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီက တိုက်ခန်းပေးမယ်၊ ကားပေးမယ်ဆိုပြီး ကံစမ်းမဲ လုပ်ထားပေမယ့် ကားနဲ့တိုက်ခန်းလည်း ကြိုတင် ဝယ်မထားရသေးပါဘူး။ အဲဒါ ဝယ်ထားပေးပါ ဘောစိ''

''ဝယ်ထားစရာမလိုပါဘူး။ မောင်ကြွက်ကတိုးရာ၊ နောက်လတွေမှာ ကံစမ်းမဲ ပေါက်တဲ့ ယမကာလုလင်တွေလည်း ကိုပုလုံးတို့ မောင်ဝွတိုတို့ လမ်းစဉ်ကို လိုက်သွားမှာပါကွ။ ဒီလိုဆိုရင် တို့ပေးစရာ ဘယ်လိုတော့မလဲ။ ဒါကြောင့် ကားနဲ့တိုက်ခန်းလည်း ကြိုတင် ဝယ်ထားစရာ မလိုတော့ဘူးလေ။ မဟုတ်ဘူးလား ဟဲ..ဟဲ'' ဟု ဦးလူကြောင်ချေးသည် အဆီတဝင်းဝင်း စပ်ဖြဲဖြဲ မျက်နှာဖြင့် ပြောလိုက်လေရာ မန်နေဂျာ ကိုကြွက်ကတိုးခမျာ မျက်လုံးလေး ကလယ်ကလယ် ဖြင့်သာ အငေးသား နားထောင်နေရှာလေတော့သတည်း။

ဇော်သူကျော်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# မောင်မောင်အောင်မင်း (ဒဿနိက)



ယခု ရေးသား တင်ပြမည့် ဖြစ်ရပ်မှန်မှုခင်းက ကြာခဲ့ပါပြီ။ ကြာပြီဆိုလျှင် မဆလပါတီခေတ် ဖြစ်၍ နှစ်ပေါင်းသုံးဆယ်နီးပါးပင် ရှိခဲ့ပြီဟု ဆိုရပါမည်။ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းကြီး၌ ပြည်ထောင်စုနေ့ ပျော်ပွဲရွှင်ပွဲများနှင့် ဝန်ကြီးဌာနပေါင်းစုံ ပြခန်းများ ဆောက်လုပ်၍ စုံလင်စွာ ခင်းကျင်းပြသခဲ့သည့် အချိန်ကာလက ဖြစ်ပါသည်။

စာရေးသူက တာမွေ ရဲစခန်း၌ ဒုရဲအုပ်အဆင့်ဖြင့် အမှုစစ် တာဝန် ထမ်းဆောင်နေခဲ့ရာမှ ရောက်လာပါသည်။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ ဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



စကားများရန်ဖြစ်လို့
ညီမက တစ်ဖက်
အမျိုးသမီးရဲ့
နားရွက်ကို ပါးစပ်နဲ့
ကိုက်လိုက်လို့
နားရွက်ပြတ်ပြီး
ဒီကိုရောက်လာတာ။

ဌာန ပြခန်းတစ်ခုမှ လူသုံးကုန် ပစ္စည်းများ တန်းစီ စနစ်ဖြင့် ရောင်းချရာတွင် နေရာလုမှု ကြောင့် အမျိုးသမီးချင်း စကား များ ရန်သတ်ကြသဖြင့် ပို့လိုက် ခြင်း ဖြစ်ပါသည်။ တာမွေရဲ စခန်း၌ နှစ်ဦးနှစ်ဖက် နားလည် မှု ယူပြီး ကျေအေးရန် ရှေ့ပြည် အေးတရား ဟောသော်လည်း ခံ ရသည့် အမျိုးသမီးက ဒဏ်ရာ အနာတရ ဖြစ်ခဲ့သဖြင့် လုံးဝ မကျေအေးလိုကြောင်း ပြောပါ သည်။ ထို့ကြောင့် ဒဏ်ရာရ သည့် အမျိုးသမီးအား ရဲဆေးစာ ဖြင့် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး သို့ ပို့ခဲ့ရပါသည်။ ထို့နောက် ဥပဒေအရ အမှုဖွင့်ပေးလိုက်ရပါ သည်။

ထိုအမှုကို စာရေးသူက စစ်ဆေးခဲ့ရပါသည်။ ဒဏ်ရာရ သည့် အမျိုးသမီးအား ဆေးရုံ ကြီးမှ အပြင်လူနာအဖြစ် ဆေး ကုသပေးပြီးနောက် တာဝန်ကျ ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့်အတူ ရဲ စခန်းသို့ ပြန်ရောက်လာသော အခါ ထိုတရားလို အမျိုးသမီးကို စစ်ဆေး မေးမြန်းရပါသည်…

"ညီမ နာမည် ပြောပါ ဦး"

"ကျွန်မနာမည် ခင်သန်းနု ပါ"

"ဘယ်လိုကနေ ဘယ်လို စဖြစ်ကြသလဲ"

"ဒီနေ့ နံနက် (၁၀) နာရီ လောက်မှာ ကုန်သွယ်ရေးဝန်ကြီး ဌာန၊ ကုန်သွယ်ရေး (၅)အရောင်း ပြခန်းက လူသုံးကုန်ပစ္စည်းတွေ တန်းစီစနစ်ဖြင့် ရောင်းပါတယ်။ ဟို….အမျိုးသမီးက ကျွန်မရဲ့ ရှေ့ကနေ ဖြတ်ဝင် တန်းစီလို့ စကားများကြပြီး နောက်ဆုံး နပမ်းလုံးသည်အထိ ဖြစ်သွား တာပါ။ ဘေးမှလူများ ဝိုင်းဝန်း ဖြန်ဖြေပေးပါတယ်။ အဲဒီ အမျိုး သမီးက ကျွန်မရဲ့ ဝဲဘက်နားသီး အဖျားလေးကို ကိုက်ဖြတ်လိုက် လို့ အခုကျွန်မရဲ့ နားသီးဖျားလေး မရှိတော့ဘူး"

"နားကပ်ပန်ထားသလား"

"ငယ်ငယ်ကတည်းကနား ဖောက်ထားခြင်း မရှိလို့ နားကပ် ပန်ထားခြင်း မရှိပါဘူး"

"အဲဒီနားသီးဖျား အပြတ် လေးကော"

"မသိဘူးဆရာ"

"ကိုက်လိုက်တုန်းကမသိ

www.burmeseclassic.com



ဘူးလား''

''မသိဘူးဆရာ၊ ရန်ဖြစ်ပြီးမှ နားရွက်က သွေးတွေစီးကျလာမှ သိခဲ့တာ''

''အခုဆေးရုံကြီးက ဘာလုပ်ပေးလိုက်သလဲ''

''ဆေးထည့်ပေးလိုက်တယ်။ ဆေးလည်း ထိုးပေးလိုက်တယ်။ စားဆေးတွေလည်း ပေးလိုက်တယ် ဆရာ''

''အခု ဒေါပုံကို ပြန်ဖို့ အဖော်ရှိတယ်။ မဟုတ်လား''

''ဟုတ်ကဲ့ ရှိပါတယ် ဆရာ''

''အဲဒီ အဖော်နှစ်ယောက်ကို သက်သေအဖြစ် စစ်ဆေးပြီးရင် ပြန်လို့ရပါပြီ။ ဆေးစာပြန်ကြားချက်ရရင် အကြောင်းကြားပေးမယ်''

စာရေးသူက လိုအပ်သည်များ စစ်ဆေးပြီး အမှုအခြေအနေကို အသေးစိတ် ရှင်းပြလိုက်ပါသည်။ ထို့နောက် တရားလိုအမျိုးသမီးနှင့် အဖော်သက်သေ (၂) ဦးလည်း ပြန်သွားကြပါသည်။

တရားခံ အမျိုးသမီးကို ဆက်လက် စစ်ဆေးပါသည်။



''ညီမရဲ့ နာမည်က တင်တင်အေးနော်''

''ဟုတ်ပါတယ် ရှင့်''

''အခု ပစ္စည်းတန်းစီတိုးရာကနေ စကားများ ရန်ဖြစ်လို့ ညီမက တစ်ဖက် အမျိုးသမီးရဲ့ နားရွက်ကို ပါးစပ်နဲ့ကိုက်လိုက်လို့ နားရွက်ပြတ်ပြီး ဒီကိုရောက်လာတာနော်''

''ဟုတ်ပါတယ် ဆရာ''

''အဲဒီ ပြတ်သွားတဲ့ နားသီးဖျားလေးက ဘယ်ရောက်သွားလဲ''

''မသိဘူးဆရာ။ သူကလည်း ကျွန်မရဲ့ ဆံပင်တွေကို ဆွဲလို့ ကျွန်မလည်း ကိုက်မိကိုက်ရာ ကိုက်လိုက်တာပဲ ဆရာ''

''အဲဒီနားသီးဖျား အပြတ်လေးကို သက်သေခံ ပစ္စည်းအဖြစ် သိမ်းရမှာ၊ ရှာဖွေပုံစံနဲ့ သိမ်းပြီး တရားရုံးကို တင်ပြရမှာ''

စာရေးသူက ထိုတရားခံအမျိုးသမီးကို ခပ်တည်တည်ဖြင့် ပြောဆို မေးမြန်းနေခြင်း ဖြစ်ပါသည်။ စိတ်ထဲမှာ ရယ်ချင်သော်လည်း အောင့်အီးထားရပြီး ဆက်လက် မေးမြန်းခဲ့ပါသည်။

''အဲဒီပြတ်သွားတဲ့ နားသီးဖျားလေးကို ငါ့ညီမတို့ ရန်ဖြစ်တဲ့ နေရာမှာ သွားရှာကြည့်မယ်။ မတွေ့ရင်တော့ အဲဒီနားသီးဖျား အပြတ်ကလေး ပါးစပ်ထဲ ပါသွားပြီး ငါ့ညီမ မျိုချလိုက်လို့ အစာအိမ်ထဲ ရှိမရှိ ဆေးရုံကြီးမှာ ဓာတ်မှန်သွားရိုက်ကြည့်ရမှာ''

ထိုသို့ ခပ်တည်တည်ဖြင့် ပြောနေသဖြင့် တရား[illegible] အမျိုး[illegible]

www.burmeseclassic.com

www.burmeseclassic.com



> ရှေးလူကြီးများ၏
> ဆိုစကားရှိသည့်
> အသက်တစ်ရာဝင်နေရ
> အမှတ်ရာတွေ့ရှိသည့်
> စကားက လူများရှိနေသမျှ
> ထိုစကားက မှန်နေဦးမည်
> ဖြစ်ပါသည်။

သမီး တင်တင်အေးမှာ မျက်စိမျက်နှာတွေ ပျက်ပြီး ရင်ထဲက အော့အန်ချင်သလို ဖြစ်နေသည်ကို တွေ့ရပါသည်။ စာရေးသူပြောမှ သူမရဲ့ ဝမ်းဗိုက်ထဲများ ရောက်သွားသလားဟု သံသယဖြစ်ပြီး အနည်းငယ် တွေဝေသွားသည်ကိုလည်း တွေ့ရပါသည်။ စာရေးသူက ဆက်ပြီး····

"အဲဒီပြုတ်ပါသွားတဲ့ နားသီးဖျားပြတ်လေးကို မတွေ့ခဲ့ရင် ညီမရဲ့ သွားနဲ့ ကိုက်ဖြတ်တဲ့ အတွက် ကိုက်လိုက်တဲ့ သွားတွေကို ရှာဖွေပုံစံနဲ့ သိမ်းရမှာ"

"ကျွန်မရဲ့ သွားကို ဘယ်လိုရှာဖွေပုံစံနဲ့ သိမ်းလို့ရမှာလဲ ဆရာရယ်"

"ရအောင်သိမ်းရမှာပေါ့။ ညီမရဲ့ ပါးစပ်ထဲက ဘယ်သွားနဲ့ ကိုက်တာလဲ ဆိုတာသာ ပြောပါ"

"ကိုက်တော့ ကိုက်လိုက်တာပဲ။ ဘယ်သွားနဲ့ကိုက်တာလဲတော့ ကျွန်မလည်း ဒေါသဖြစ်နေတော့ သတိမထားမိဘူး ဆရာ"

"မသိလို့ မရဘူးလေ။ ရဲတပ်ဖွဲ့ဆိုတာ တရားရုံးကို ဖြစ်နိုင်သမျှ သက်သေခံပစ္စည်းကို ရအောင် သိမ်းပြီး တင်ပြရမယ့် တာဝန်ရှိတယ်။ လူတစ်ယောက်က ဓားနဲ့ထိုးတယ် ဆိုရင် အဲဒီ သက်သေခံ ပစ္စည်းဓားကို ရအောင်သိမ်းပြီး ရုံးတော်ကို တင်ပြရသလို အခုလည်း ညီမရဲ့သွားနဲ့ ကိုက်လို့နားရွက်နားသီးဖျားလေး ပြတ်ပါသွားတယ်လေ။ အဲဒီ ကိုက်လိုက်တဲ့သွားကိုခွေတ္တခဏ နုတ်ပြီး သိမ်းရမှာလေ"

"ဘယ်လို သွားကိုနုတ်ယူမှာလဲ ဆရာရယ်"

"သွားဆရာဝန်ဆီ သွားပြီး ခေတ္တနုတ်ယူရမှာပေါ့"

စာရေးသူနှင့် တရားခံတို့မှာ အချိန်အတန်ကြာ စစ်ဆေးရသဖြင့် ပိုမိုရင်းနှီးမှု ရှိလာသဖြင့် စာရေးသူရဲ့ မျက်နှာမှာလည်း ရယ်လိုစိတ်တ ဖြစ်ပေါ်နေသဖြင့် ပြုံးတုံ့တုံ့မျက်နှာ အနေအထားသို့ ရောက်နေပါသည်။ ထိုမျက်နှာလေးကို တင်တင်အေးမှကောင်းစွာ သဘောပေါက်သွားသဖြင့်··

"ဆရာကလည်း တော်တော်ရယ်စရာ ပြောတတ်တာပဲ။ ဆရာပြောတာတွေကို ကျွန်မက အဟုတ်ထင်ပြီး လန့်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"အခု ဘယ်သူက ရယ်စရာပါလို့ ပြောလို့လဲ"

"ပြောတော့ မပြောဘူးပေါ့ဆရာ။ ဒါပေမယ့် ကျွန်မလည်း ဆင်ခြင်စဉ်စားတတ်တဲ့ ဉာဏ်ရှိတော့ ဖြစ်နိုင်မဖြစ်နိုင် သုံးသပ်ရတာပေါ့"

ထိုအမှုမှာ အင်္ဂါပျက်ယွင်းအောင် မဆင်မခြင် ပေါ့ဆစွာ ပြုလုပ်မှုကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-(၃၂၆) ဖြင့် အရေးယူ အမှုဖွင့်ခဲ့သဖြင့် တရားခံတင်တင်အေးအား ရိမန်ယူခဲ့ရပါသည်။ ရဲတပ်ဖွဲ့မှ အာမခံပေးမရသည့် အမှုဖြစ်ခြင်းကြောင့် ရိမန်ယူခဲ့ရခြင်း ဖြစ်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးစာပြန်ရသောအခါ မှုခင်းဆရာဝန်ကြီး၏ ဆေးစာပြန်ကြားချက်မှာ "ပြင်းထန်ဒဏ်ရာပြတ်ရှ"ဟု ဖော်ပြပြန်ကြားခဲ့သဖြင့် ထိုအမှုကို မူလဖွင့်ခဲ့သည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၂၆) ဖြင့် အမှုကို အစီရင်ခံစာ ရေးသား၍ တရားရုံးတော်သို့ တရားစွဲတင်ပို့ခဲ့ပါသည်။

ရှေးလူကြီးများ၏ ဆိုစကားဖြစ်သည့် "အသက်တစ်ရာမနေရ အမှုတစ်ရာတွေ့ရ" ဆိုသည့် စကားက လူများရှိနေသမျှ ထိုစကားက မှန်နေဦးမည် ဖြစ်ပါသည်။ ယနေ့လူသားများ၏ လောဘ၊ ဒေါသ၊ မောဟများကလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးနေသည်ကို မှုခင်းဂျာနယ်၊ မှုခင်းမဂ္ဂဇင်းစသည်တို့ကို ဖတ်ကြည့်မှ သိရပါသည်။ လူသတ်မှု၊ လုယက်မှု၊ မုဒိမ်းမှုစသည့် အမှုကြီးများ၊ ခိုးမှု၊ ရိုက်မှု၊ ပြည့်တန်ဆာမှု၊ မှောင်ခိုမှုစသည့် အမှုလေးများက နေ့စဉ်တွေ့နေရလေသည်။ နိုင်ငံရပ်ခြား တိုင်းပြည်များ၌ ဆိုလျှင် နေ့စဉ်ကားဗုံးထောင် ဖောက်ခွဲမှုကြောင့် လူများ အစုလိုက် အပြုံလိုက် သေနေကြရသည်။ ပိုဆိုးသည်က ထိုအစုလိုက် အပြုံလိုက် သေဆုံးမှုတွင် ကလေးများ ပါဝင်နေသည်က ပိုပြီး စိတ်မချမ်းသာစရာ ဖြစ်ခဲ့ရသည်။ နံနက်ဘီအိုအေ၊ ဘီဘီစီ သတင်းများကို ရေဒီယိုဖွင့်နားထောင်လိုက်သည်နှင့် ထိုဝမ်းနည်းစရာ ကောင်းသည့်သတင်းများ အရင်ဆုံး ကြားသိလိုက်ရသည်။

ထို့ကြောင့် စာရေးသူ၏ အတွေးပုံရိပ်၌ လူသားအားလုံး၌ ရင်တွင်းရှိနေသည့် လောဘ၊ ဒေါသ၊ မောဟများကို ဘာသာ သာသနာ အသိဖြင့် မထိန်းသိမ်း မဆင်ခြင်နိုင်သေးသမျှ ယခုကဲ့သို့ အမှုအခင်းများက နေ့စဉ်ရက်ဆက် ရှိနေလေဦးမည်ဟု....ထိုမှတဆင့်ထက်၍ တွေးမိပြန်သည်က "ကျွန်ုပ်တို့ မြန်မာနိုင်ငံကြီး တရားဥပဒေ စိုးမိုးရေး" ဆိုသည်က "ရွှေပြည်တော် မျှော်တိုင်းဝေး" များ ဖြစ်နေဦးမလားရယ်လို့.....။

**မောင်မောင်အောင်မင်း**
**(ဒသနိက)**

www.burmeseclassic.com

www.burmeseclassic.com





# လင်အတုမုဒိမ်း

**ခရီးသွားသတင်း**

လင်အတု မုဒိမ်းမှု ဖြစ်ရပ်တွေက ကျေးလက်ဒေသတွေနဲ့ မြို့ပြရဲ့ ဆင်ခြေဖုံး ရပ်ကွက်နဲ့ အစွန်အဖျား ဇနပုဒ်နေရာတွေမှာ အဖြစ်များတာ တွေ့ရပါတယ်။

ကျွန်တော် ခရီးသွား သတင်းသမား အဖြစ်နဲ့ အနယ်နယ်အရပ်ရပ်ကို ရောက်ရှိပြီး သတင်းရေးခဲ့စဉ်က လင်အတု မုဒိမ်းမှု ဖြစ်စဉ်တွေကို ရေးခဲ့ဖူးပါတယ်။ ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားတဲ့ အမှုဖြစ်စဉ်အတိုင်းပဲ သတင်းရေးခဲ့ရတာပါ။ တကယ့်ဖြစ်စဉ်က လင်အတု မုဒိမ်းမှုလေ။ သတင်းရေးရတာ ဆိုတော့ အရှိကိုအရှိအတိုင်း ရေးတာ အန္တရာယ် ကင်းပါတယ်။ ကိုယ့်အယူအဆတွေနဲ့ သုံးသပ်ရေးလို့ မရဘူး။

တစ်ချိန်တုန်းက ပဲခူးတို
(အနောက်ပိုင်း) က မြို့နယ်
ခုရဲ့ ကျေးလက်ဒေသလေး
ဖြစ်ပွားခဲ့တဲ့ မုဒိမ်းမှုဖြစ်စဉ်
ကျွန်တော် အတိုဆုံး ရေး
မယ်။ ကိုတင်စိုး
လင်မယားမှာ ကလေး
ယောက်ရှိပါတယ်။ ကိုတင်စိုး

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းဘက်ဆိုရင် ရွာထဲက ကြုံရာကျပမ်း အလုပ်ရှိရင် လိုက်လုပ်တယ်။ ညဘက်ဆို ကြွက်ထောင် ဖားရိုက် ငါးရှဉ့်ထောင်တဲ့ အလုပ်ကို လုပ်ကိုင်ရင်း မိသားစု စားဝတ်နေရေးကို ရုန်းကန်ရတယ်။ မအေးမြကတော့ အိမ်မှုကိစ္စလုပ် ကလေးတွေ ထိန်းကျောင်းရတာပေါ့။

သူတို့ မိသားစု စားဝတ်နေရေးက စားနိုင်သောက်နိုင်ရှိလောက်ပါပဲ။ ကိုတင်စိုးက အသောက်အစား ခုံမင်တယ်။ အပေါင်းအသင်း စုံတယ်။ ဒါကြောင့်လည်း ရွာသလောက် အဖတ်မတင် အသောက်အစား ခုံမင်လို့ ရသမျှ ကုန်တာပါပဲ။ တစ်နေ့ ညဉ့်သန်းခေါင်ယံအချိန် မအေးမြနဲ့ ကလေးသုံးယောက် အိပ်မောကျနေတုန်း မအေးမြရဲ့ ခြင်ထောင်ထဲကို လူတစ်ယောက် ဝင်လာပြီး မအေးမြရဲ့ နံဘေးမှာ



ဝင်လှဲအိပ်လိုက်တာ မအေးမြ သတိထားမိလိုက်တယ်။

မအေးမြခမျာတစ်နေကုန် အဝတ်လျှော် ချက်ပြုတ်လုပ်ပြီး အိပ်ချင်လွန်း အားကြီးလို့ ဆက်အိပ်လိုက်တယ်။ သူ့နံဘေးမှာ ဝင်အိပ်တာ ကိုတင်စိုးပဲ ထင်မိတယ်။ ကိုတင်စိုးက တစ်ခါတစ်ရံ အဲဒီလိုပဲ အိပ်ပြန်ပြီး အိပ်တတ်တာမို့ စကားအတွေအထူး ပြောမနေတော့ဘူး။ မအေးမြ မှေးကနည်း ပြန်အိပ်ပျော်သွားတော့ သူမခန္ဓာကိုယ်ပေါ်ကို လက် တွေရောက်လာတယ်။ ဟိုပွတ် ဒီပွတ်လုပ်လာတယ်။ မအေးမြ ခမြာအိပ်ချင်စိတ်နဲ့ အိပ်မက်လိုလို ဘာလိုလို ခံစားနေရတယ်။

အဲဒီလိုနဲ့ပဲ မရိုးမရွ အထိအတွေ့တွေကြောင့် မအေးမြအိပ်ရာက နိုးသွားပြန်တယ်။ ကိုတင်စိုး သူ့နံဘေးမှာ ရှိနေတာဗီလို့ အထင်ရှိပြီး ခန္ဓာကိုယ်ပေါ်က လက်တွေကို ဖယ်ချပြီး တစ်ဖက်ကို စောင်းအိပ်လိုက်တယ်။ ခဏကြာတာနဲ့ လက်တွေက မအေးမြကိုယ်ပေါ် ပြန်ရောက်လာပြီး ခါးကို ဆွဲဖက်တာပါပဲ။ အဲဒီနောက်....အဲဒီနောက်မှာမအေးမြ

လည်း လင်တော်မောင်ရဲ့ အလိုကျ လိုက်လျောလိုက်တယ်။ကိစ္စပြီးပြီးရင် အေးတာပဲလို့ မှတ်လိုက်တယ်။

နံနက် မိုးလင်းချိန်ရောက်တော့ မအေးမြအိပ်ရာက နိုးလာတယ်။ သူ့ဘေးက လင်တော်မောင်ကို ကြည့်လိုက်တော့ မရှိဘူး။ ငါးရှဉ့်မြုံးတွေ ထောင်ထားတာ သွားသိမ်းတာ ဖြစ်မယ်လို့ ထင်ထားတာပေါ့။ မအေးမြလည်း သူလုပ်စရာရှိတာတွေ ဆက်လုပ်တာပေါ့။ နာရီဝက်လောက် အကြာမှာ ကိုတင်စိုး တစ်ယောက် အိမ်ပြန်ရောက်လာတယ်။ ကိစ္စက ဒီမှာတင်ပြီးသွားတာပေါ့။ လင်အတူဇာတ်လမ်းက ဒီမှာ ခေတ္တရပ်နားလိုက်ရပါတယ်။ ညက ကိစ္စကို မအေးမြကလည်း အတွေအထူးလုပ် မမေးမိ မပြောမိသလို ကိုတင်စိုးက ပြောစရာ အကြောင်းမရှိလို့ ဘာမျှပြဿနာ မတက်ခဲ့ပါဘူး။ စကားစပ်မိလို့ လင်အတု ပုံမှာ ရိုက်တာ ခံရမှန်းသိရင် ကိုတင်စိုး ဒေါသဖြစ်မယ်။ သူ့မိန်းမ အေးမြကို မယုံသင်္ကာ ဖြစ်ကောင်းဖြစ်မယ်။ ပြဿနာ တက်ကြမယ်

www.burmeseclassic.com



ရဲစခန်းမှာ အမှုဖွင့် တိုင်တန်း ကောင်း တိုင်တန်းမယ်လို့ ထင်ရ တယ်။ တွေးကြည့်ကြပါ။

နောက်ထပ်ဖြစ်စဉ် တစ်ခု ကလည်း စိတ်ဝင်စားစရာပါပဲ။ မကွေးတိုင်းမြို့နယ် တစ်ခုမှာ ဖြစ် ခဲ့တာပါ။ ညားခါစ လင်မယား လေးတွေပါ။ အသက် ၂၀ နှစ် ဝန်းကျင်တွေပါ။ ကောင်လေးက ပဲစက်မှာ အလုပ်လုပ်တယ်။ ကောင်မလေးက ပဲရွေးတယ်။ အလုပ်အတူတူလုပ်ကြပြီး အလုပ် ရုံမှာပဲ အိပ်ကြတာပါ။ တစ်နေ့ မှာ သူတို့ လင်မယား မင်းဘူး ရွှေစက်တော် ဘုရားဖူး သွားကြ တယ်။ ဘုရားဖူးပြီး ပြန်လာကြ တော့ ခရီးပမ်းလာလို့ ကောင် လေးလည်း ပင်ပန်း ကောင်မ လေးလည်း ပင်ပန်းလာကြ တယ်။ သူတို့ လင်မယား နှစ် ယောက် နှစ်နှစ်ခြိုက်ခြိုက်အိပ် ပျော်သွားကြချိန်မှာ ကောင်မလေး ကို လူတစ်ယောက်က ဟိုကိုင် ဒီကိုင်လုပ်ပြီး သားမယားအဖြစ် ဆက်ဆံမယ်လုပ်တော့ ကောင် မလေးလန့်နိုးသွားတယ်။ ပထမ တော့ သူ့ယောကျ်ားလို့ အထင် ရှိပေမယ့် အရက်နံ့က စူးစူးဝါး ဝါး ရှူရှိုက်လိုက်ရလို့ သူ့ ယောကျ်ား မဟုတ်မှန်း ချက်ချင်း သိလိုက်ရတယ်။ သူ့ယောကျ်ား အရက်မသောက်တတ်မှန်း သိ ထားသလို သူနဲ့အတူ ဘုရားဖူး ခရီးသွားပြီး ပြန်လာကြတယ်။ အတူအိပ်ရာဝင်ကြတယ်။ သူကို ကာမ ဆက်ဆံဖို့ ကြိုးပမ်းလာသူ ဟာ သူ့ယောကျ်ား မဟုတ်မှန်းသိ လိုက်ရလို့ 'လူ..လူ' လို့ အော် ဟစ်လိုက်တော့ သူကိုယ်ပေါ်က လင်အတု ဝရုန်းသုံးပါး ထွက် ပြေးတော့တာပါပဲ။

သူလည်း ဘေးဘီကို လက်နဲ့ စမ်းကြည့်ပြီး နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ ယောကျ်ားကို နှိုးလိုက်တယ်။ သူ့ယောကျ်ားလည်း အိပ်မှုန်စုံ မွှားနဲ့ နိုးလာတော့မှ ဖြစ်စဉ်ကို ရှင်းပြလိုက်တယ်။ ရပ်ရွာဓလေ့ ထုံးစံအတိုင်း မီးမှောင်ချထားတာ မို့ လင်အတုကောင်ကို ဘယ်သူ ဘယ်ဝါမှန်း မသိလိုက်ရပါဘူး။ မီးထွန်းပြီး လိုက်ရှာကြည့်တော့ ဘာသဲလွန်စမှ မတွေ့ရတော့ပါ ဘူး။ ကောင်မလေး လင်မယား လည်း နံနက်မိုးလင်းတော့မှ ရဲ စခန်းသွားပြီး အမှုဖွင့်လိုက်ကြ

သူ့ကို

ကာမဆက်ဆံဖို့

ကြိုးပမ်းလာသူဟာ

သူ့ယောကျ်ား

မဟုတ်မှန်း

သိလိုက်ရလို့

လူ..လူ လို့

အော်ဟစ်လိုက်တော့---

www.burmeseclassic.com

www.burmeseclassic.com



# လင်အတူမူဒိုင်းမှု



## ခရီးသွားသတင်းသမား

ကြောင်း သိရပါတယ်။ ရဲစခန်းက တာဝန်ရှိသူတွေအတွက် လင်အတူ ရှာပုံတော် ဖွင့်နေရတယ်လို့ သိရပါတယ်။

နောက်ထပ် ဖြစ်စဉ်ကတော့ ပဲခူးတိုင်း (အနောက်ပိုင်း) မြို့နယ်တစ်ခုက ကျေးလက်လေးမှာ ဖြစ်ပွားခဲ့ပါတယ်။ ကိုစိန်တိုးက လယ်သူရင်းငှား အလုပ်လုပ်ပြီး သူ့ဇနီးမမြိုင်က ခေါင်းရွက်ဗျက်ထိုး လုပ်ကိုင်သူပါ။ သူတို့လင်မယားမှာ သားသမီးဗုစုခရုလေးတွေ လေးယောက်ရှိပါတယ်။ ကိုစိန်တိုးက အရက်ကိုစွဲစွဲမြဲမြဲ သောက်တတ်တယ်။ ဒါပေမယ့် အလုပ်ချိန်မှာ အရက်မသောက်ဘဲ အလုပ်ပြီးချိန်ဆိုရင် သူငယ်ချင်း အချို့နဲ့အိမ်ရှေ့ကွပ်ပျစ်မှာ ဝိုင်းဖွဲ့သောက်လေ့ ရှိပါတယ်။ တစ်နေ့သောညမှာ ကိုဖိုးတိုးနဲ့ ဘဲပုဆိုတဲ့လူ အရက်အတူသောက်ကြတာ ကိုစိန်တိုးအရက်မူးပြီး ကွပ်ပျစ်ပေါ်မှာပဲ အိပ်ပျော်သွားတယ်။ ဘဲပုလည်း သူ့အိမ် ပြန်မယ်ဆိုပြီး ပြန်သွားတယ်။

အဲဒီနောက် ညဉ့်သန်းခေါင်လောက်မှာ မမြိုင်နဲ့ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်စု အိပ်နေတဲ့ အိမ်ပေါ်ကို လူတစ်ဦး တက်လာပြီး မမြိုင်ရဲ့ ဘေးမှာ ဝင်ထိုက်လိုက်တယ်။ ကျေးရွာခလေ့ ထုံးစံအတိုင်း လျှပ်စစ်မီးမရသေးလို့ မီးခွက် ဖယောင်းတိုင်ကို အသုံးပြုရချိန် ပါ။ မမြိုင်တို့လည်း မီးခွက်ငြိမ်း ပြီး အိပ်ရာဝင်ကြတာမို့ အိမ်တစ် အိမ်လုံး မှောင်မည်းနေတယ်။

မမြိုင်ဘေးနားမှာ ဝင်ထိုင် တဲ့လူက မမြိုင်ကို ဟိုကိုင်ဒီကိုင် ပွတ်သီးပွတ်သပ် လုပ်ပြီး ကာမ ဆက်ယှက်တော့တာပါပဲ။ မမြိုင် အနေနဲ့ သူမရဲ့ယောကျ်ား ကိုစိန် တိုး သည်လိုပဲ မကြာခဏလုပ် တတ်တာမို့ သူမရဲ့ယောကျ်ားပဲ လို့ ထင်တာကြောင့် ဘာမှုမပြော ဘဲ နေလိုက်တယ်။ အရက်နံ့ရ တာကလည်း သူမယောကျ်ား အရက်သောက်နေကြမို့ အရက်နံ့ လည်း ယဉ်ပါးနေပြီဖြစ်တယ် လေ။

ဒါပေမယ့် ပြဿနာဖြစ် ချင်တော့ မမြိုင်အနေနဲ့ သူမ ယောကျ်ားရဲ့ အပြုအမူက ယခင် ပုံစံနဲ့ မတူတာ သတိထားမိပြီး သူမကို ကာမဆက်ယှက်သူရဲ့ ခေါင်းကို အမှတ်မထင် လက်နဲ့ ကိုင်လိုက်မိတော့မှ အဲဒီလူက ဆံပင်နဲ့ မဟုတ်ဘဲ ကတုံးနဲ့ဖြစ် နေမှန်း သိလိုက်ရတာကြောင့် မမြိုင် အထိတ်တလန့် အော်ဟစ် ရုန်းကန်တော့တာပါပဲ။ ဘာပြော ကောင်းမလဲ လင်အတုကောင် လည်း အိမ်ပေါ်က ကြောက်လန့် ပြီး ထွက်ပြေးသွားတယ်။

နောက်ဆုံးတော့လင်အတု ကတုံးရဲ့ပုဆိုး မမြိုင်ရဲ့အိပ်ရာ ဘေးမှာ ကျန်ခဲ့တာရယ်။ အိမ် ရှေ့ဖိနပ်ချွတ်မှာ ရာဘာဖိနပ်တစ် ရံ ကျန်ခဲ့တာရယ်ကြောင့် တရား ခံ ဘယ်သူလဲဆိုတာ သိပ်ဝေး ဝေး မရှာရတော့ဘူး။ တစ်ရွာ တည်းသား အရက်သမားသာဖေ ဖြစ်မှန်း သိရတယ်။ သာဖေ လည်း ဥပဒေအရ ရဲစခန်းမှာ အရေးယူ ခံလိုက်ရတယ်။ မမြိုင် သာ ကတုံးကို လက်နဲ့မစမ်းမိ မကိုင်မိရင် ကိုတင်စိုး မအေးမြ လင်မယား အဖြစ်မျိုးဖြစ်ကောင်း ဖြစ်မှာ အမှန်ပဲဗျာ။

ကျွန်တော်ယခု တင်ပြခဲ့တဲ့ လင်အတု မုဒိမ်းမှုများဟာ မြန်မာ နိုင်ငံအတွင်းမှာ အတော်အတန် ရှိခဲ့ဖူးပါတယ်။ တစ်နည်း ပြောရ ရင်တော့ ပုံမှားရိုက်တယ် ဆိုရမှာ ပဲ။ ကျွန်တော်ရှေ့က တင်ပြခဲ့ တာမျိုးနဲ့ ဆင်တူရိုးမှား မုဒိမ်းမှု တွေများလို့ အဲဒီထဲကပဲ အချို့ တစ်ဝက်ကို ရွေးပြီး တင်ပြရခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီး နောက်လ များမှာ ထူးခြားတဲ့ မုဒိမ်းမှု ဖြစ် စဉ်များကို တင်ပြသွားပါမယ်။ ကျွန်တော် ယခုဆောင်းပါးရေး နေစဉ်မှာလည်း မြဝတီပြည်တွင်း သတင်းကို နားထောင်လိုက်ရပါ တယ်။ ဧရာဝတီတိုင်း ဒေသကြီး ဖျာပုံမြို့နယ် အပိုင်မှာ အသက် (၁၃) နှစ်အရွယ်ရှိ မိန်းမပျိုလေး ကို ပထွေးလုပ်သူက သား မယားအဖြစ် ပြုကျင့်ပြီး တစ်နေ ရာမှာ ပြည့်တန်ဆာအဖြစ်အတွက် (အခကြေးငွေယူ) ရောင်းချခြင်း များ လုပ်ခဲ့လို့ ရဲစခန်းက အရေး ယူ ဆောင်ရွက်ခဲ့ကြောင်း သိရပါ တယ်။

အမှုက တရားခံပထွေးကို ပုဒ်မ ၃၇၆ အရ ထောင်ဒဏ် တစ်သက်တစ်ကျွန်း၊ ပုဒ်မ ၃၇၃ အရ ထောင်ဒဏ် (၁၀) နှစ် ကျန်ရှိ နောက်ဆက်တွဲ တရား များကို ထောင်ဒဏ် (၁၀) နှစ်၊ ထောင်ဒဏ် (၂) နှစ်တို့ ပူးသိမ်

www.burmeseclassic.com

www.burmeseclassic.com



ခရိုင် တရားရုံးက အမိန့်ချမှတ်ခဲ့ တယ်လို့ သိရတယ်။

အဲဒီလိုပဋ္ဌေးနဲ့ မယားပါ သမီး မုဒိမ်းမှုဖြစ်စဉ်တွေ ယခင် က အများကြီး ရှိခဲ့ပါတယ်။ ကျွန်တော် သတင်းလည်း ရေးခဲ့ ဖူးပါတယ်။ TV ကနေ ကြေညာ တာတို့ သတင်းစာကနေ ဖော်ပြ တာတို့ ရှားပါတယ်။ ယခုလို သတင်းမျိုးကို အသိပညာပေး အနေနဲ့ ပြည်သူလူထု အတွင်း အထိ ရောက်နိုင်ဆုံး ရောက် အောင် TV လိုင်းတွေက တင်ပြ သွားရင် ပိုကောင်းပါလိမ့်မယ်လို့ ထင်မိပါတယ်။

ခရီးသွားသတင်းသမား

# အဓမ္မ ကာကွယ်နည်းလမ်းညွှန်

➢ အဓမ္မအများအပြားမှာ အဓမ္မအကျင့်ခံရသူ၏နေအိမ်တွင် ကျူးလွန်ခံရခြင်း ဖြစ်သည်။ မည်သူမည်ဝါမသိသော အိမ်အတွင်းသို့ ဝင်ခွင့်မပေးသင့်။ တံခါးကိုဖွင့်မပေးမီ မည်သူမည်ဝါ ဖြစ်ကြောင်းသိပါစေ။ ဧည့်သည် သည်မည်သူမည်ဝါဖြစ်ကြောင်း ထင်ထင်ရှားရှားရှိပါစေ ။

➢ ဆယ်ကျော်သက်ကျောင်းသူကလေးများကို အဓမ္မမုဒိမ်းမှုကာကွယ်နည်းလမ်း ညွှန်များ ခန့်တကျ သင်ကြားပေးထားသင့်သည်။ မိဘကြီးကြပ်ကွပ်ကဲမှု မရှိဘဲ မိမိ သမီးပျိုအား နေအိမ်တွင် ယောက်ျားကလေးအပေါင်းအသင်းများ ဧည့်ခံခြင်း မပြု စေသင့်၊ ချစ်ရသည့်အချိုသားဧည့်သည်များအား အိမ်တွင်းသို့ အဝင်မခံရန် အရေး ကြီးသည်ဆိုသည့်အချက်ကို နားလည်သဘောပေါက်အောင်ပြောထားသင့်သည် ။

➢ မိမိသမီးပျိုသည် ဘယ်နေရာ တွင် ဘယ်သူနှင့်အတူရှိနေမည်ကို သိပါစေ။ အပေါင်းအသင်းများနှင့်သာ တစ်ခုတစ်လေ သွားလာစေသင့်သည်။ တတ်နိုင်လျှင် ထင်မထွက်ဘဲ အိမ်မှာသာနေ၍ ဆုံးမသင့်သည်။

➢ ညဉ့်နက်သောအခါ တစ်ဦးတည်းလမ်းမလျှောက်ပါနှင့်၊ အကယ်၍ လမ်းလျှောက် ဖြစ်လို့ ထွက်ခဲ့ရလျှင်သည်။ အိမ်တံခါးပေါက်နှင့် ခြုံပုတ်၊ ချုံနွယ်များ၊ ရပ်ထားသော ကားများအနီးမှ ဖြတ်မလျှောက်ပါနှင့်။

➢ အကယ်၍ နောက်မှ အမျိုးသားတစ်ဦးဦး နောက်ယောင်ခံလိုက်နေလျှင် နေအိမ် တွင် ခုခံကာကွယ်နိုင်စွမ်းသူမရှိခဲ့လျှင် နေအိမ်သို့ တန်းတန်းမတ်မတ် မပြန်သင့်၊

➢ အခြားအကူအညီပေးနိုင်မည့်သူများကို ရှာပါ။ အမြန်ကုန်ပြေးခြင်း၊ အသံကျယ် အော်ဟစ်အကူအညီတောင်းခြင်းများသည် ထိရောက်သော ကာကွယ်နည်းဖြစ်သည်။

➢ အကယ်၍ ကိုယ်ထိလက်ရောက် အဓမ္မကျင့်ခံရလျှင် မိမိအား ကျူးလွန်သူ အမျိုးသား၏ပုံသဏ္ဌာန်ကို ချင့်ချိန်တွက်ဆပြီး မိမိ၏ကိုယ်ခံ ခုခံနိုင်စွမ်းရှိမရှိကိုပါ ချင့်ချိန်တွက်ဆပါ။ လက်နက်ပါသော အဓမ္မသမားများအား သာမန်အားဖြင့် ခုခံ တိုက်ခိုက်ခြင်းမပြုလျှင် အန္တရာယ်အကင်းဆုံးဟု ဆိုရမည်ဖြစ်သည်။ လက်နက် မပါသော မုဒိမ်းအဓမ္မသမားများအား ခုခံတိုက်ခိုက်လျှင် လွတ်နိုင်သည့်အခွင့်အလမ်း သာပေလိမ့်မည်။ မိမိက ခုခံကာကွယ်သောလက်နက်ဖြင့် မိမိကို ပြန်လည် အသုံးချ ပြီး အန္တရာယ်ပြုလိမ့်မည်ဆိုသည့် အချက်ကိုလည်း သတိချပ်ပါ။

➢ အကယ်၍ လွတ်လမ်းမရှိ၍ ခုခံနိုင်ရန် မဖြစ်နိုင်ခဲ့လျှင် ပရိယာယ်ဖြင့် စကား ခက်ထိုးခြင်းဖြင့် မိမိအား ကျူးလွန်ခံရမည့်အဖြစ်ကို ရှောင်ရှားနိုင်ပေလိမ့်မည်။

➢ အကယ်၍မုဒိမ်းမှုကျူးလွန်ခံရလျှင် ဆေးစစ်ခံယူပါ။ သက်ဆိုင်ရာတွင် တိုင်ချက်ဖွင့်၍ တရားဥပဒေအရ အရေးယူအောင်လုပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com





# သည်ဥပဒေ သင်သိပါသလား

ကောတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)



မေး (၁)။ ။ ငွေမိုးဆောင်းရာသီမရွေး မြန်မာနိုင်ငံ မြို့ကြီးပြကြီး၊ မြို့နယ်မရွေး ယခု အခါတွင် မီးပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး ငွေနှင့် ပစ္စည်းတန်ဖိုးသန်းပေါင်းများစွာ ဆုံးရှုံးလျက်ရှိရာ၊ ယင်းအတွက် ပြစ်ဒဏ်မည်သို့ ရှိပါသနည်း သိပါရစေ။

ဖြေ ။ ။ မီးပေါ့ဆမှုသည် ကြီးလေးသော ပြစ်မှုဖြစ်၍ ပြစ်ဒဏ် ဥပဒေပြင်ဆင်လျက်ရှိနေပါသည်။ ၁၉၆၃ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေ အမှတ် (၅) [illegible] ရာဇဝတ်မှု ဥပဒေအား ပြင်ဆင်သည့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြဌာန်းပေးခဲ့ပါသည်။ ယင်းပြင်ဆင်ချက်ဥပဒေ အရ ပြစ်မှုပုဒ်မ (၂၈၅) လူ့အသက်အန္တရာယ် အစရှိသည်တို့ဖြစ်စေအောင် မီးဖြင့် သို့မဟုတ် မီးလောင်လွယ်သော အရာဝတ္ထုဖြင့် ပြုလုပ်မှုတစ်ခုခု ပြုခြင်း၊ ကျူးလွန်ခြင်းစသည့် ပြစ်မှုကို ဝါရမ်းမပါဘဲ ဖမ်းဆီးနိုင်ပြီး ထောင်ဒဏ် (၃) နှစ်ထိနှင့် ငွေဒဏ်ချမှတ်ခြင်းခံကြရမည်။ (ယခုပြင်ဆင်ချက် ဝါရမ်း = ဝရမ်း)




မေး (၂) ။ ။ ဦးဘရင်နှင့် ဒေါ်ရင်မေတို့သည် နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့ရာ သဘောချင်းမတိုက်ဆိုင် မတည့်သော်လည်း အတူနေခဲ့ကြရာ နောက်ဆုံး၌ ဒေါ်ရင်မေသည် ဦးဘရင်နှင့် မကွာရှင်းရသေးဘဲ ဦးဘရင်မရှိခိုက် နေအိမ်ပေါ်မှ ဆင်းသွားခဲ့သည်။ နေအိမ်မှ ဆင်းသွားစဉ် မိမိနေအိမ်အတွင်းရှိ ဗီရိုကို သော့တူဖြင့်ဖွင့်၍ ဗီရိုထဲမှ ငွေနှင့် ရွှေထည်ပစ္စည်းများတို့ကို ယူပြီး ဆင်းသွားခဲ့ခြင်းဖြစ်သည်။ ခင်ပွန်းသည် ဦးဘရင်က ဇနီးဒေါ်ရင်မေအပေါ်တွင် ခိုးမှုဖြင့် တိုင်တန်းတရားစွဲဆိုခဲ့ပါသည်။ ၎င်းစွဲဆိုသော ပြစ်မှုခိုးမှုမှာ ဥပဒေအရ အကျုံးဝင်ပါသလော။

ဖြေ ။ ။ လင်မယားနှစ်ဦးပိုင် ပစ္စည်းဖြစ်၍ သဘောရိုးဖြင့် ယူဆောင်သွားခဲ့ခြင်း ဖြစ်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ (၃၇၈) အရ ခိုးမှုမမြောက်ပါ။ ထို့ကြောင့် ဇနီးဒေါ်ရင်မေအပေါ်၌ ပြစ်မှုပုဒ်မ (၃၈၀) အရ စွဲဆိုခြင်း၊ စွဲချက်တင်ခြင်း မပြုနိုင်ချေ။

ဥပဒေကိုးကားချက် – 1983 ခုနှစ်၊ ဒေါ်ရင်မေနှင့် U.BR. + ဦးဘရင်စီရင်ထုံး စာမျက်နှာ (၂၀) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတရားရုံးချုပ်။

မေး (၃) ။ ။ ပြစ်မှုတစ်မှုကို တရားရုံးတော်တွင် ကြားနာစစ်ဆေးနေဆဲ၊ အမှုမပြီးပြတ်သေး၊ စီရင်ချက် အမိန့်မချမှတ်ရသေးဘဲ ရှိနေစဉ် စာနယ်ဇင်းများတွင် သတင်းဆောင်းပါးရေးကာ ဝေဖန်မှုပြုနိုင်ပါသလား?



www.burmeseclassic.com

www.burmeseclassic.com





ဖြေ ။ ။ မပြီးပြတ်သေးသော မည်သည့် ပြစ်မှုကိုမဆို သတင်းဝေဖန်ချက်၊ ဆောင်းပါးရေးသားချက်၊ ဝေဖန်ရေးသားဖော်ပြခွင့်မရှိပါ။ ပျက်ကွက်၊ ကျူးလွန်လျှင် ပြစ်မှုဥပဒေအရ ရုံးတော်အပေါ် မထီလေးစားမှု၊ တာဝန်နှောင့်ယှက်မှုဖြင့် အရေးယူ၊ အပြစ်ပေးခံရမည်ဖြစ်ပါသည်။ **ဥပဒေကိုးကားချက်** - (1986 - B.L.R. P.(87)) **အမှုစီရင်ထုံး** ...။ ထိုနည်းတူစွာ တရားမကြီးမှုတစ်မှုကို တရားရုံးတော်မှ ကြားနာစစ်ဆေးနေဆဲ၊ အမိန့်စီရင်ချက်၊ ဒီကရီ မချမှတ်ရသေး၊ ယင်းအမှုပါ အချင်းဖြစ်ပစ္စည်း အိမ်ရာ၊ မြေ၊ ခြံပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ သတင်းစာတွင် ရေးသားဖော်ပြ ကြော်ငြာခြင်းသည် တရားရုံးတော်အပေါ် မထီမဲ့မြင် ပြုလုပ်ရာရောက်သဖြင့် အပြစ်ရှိပါသည်။ တရားစွဲဆို အပြစ်ပေးခံရမည် ဖြစ်ပါသည်။

(**ဥပဒေကိုးကားချက်** - 1986 - B. C.P. (133) **အမှုစီရင်ထုံး**)

**Ref:**

(i) တရားရေးရာစာစောင်
အမှတ် (၃)၊ အတွဲ (၁)
၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ

(ii) ပြစ်မှုဆိုင်ရာဥပဒေ
(ရာဇသတ်ကြီးကိုဓဥပဒေ)

(iii) 1986 B.L.R
(အမှုစီရင်ထုံးပေါင်းချုပ်)

**ကေတီ အောင်သိန်း**
**(ရန်ကုန်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





ဇော်မြင့်ဦး

# ဆေးရုံပေါ်က တာရွှေ

(တစ်)

ကိုယ်ဝန်ဆောင်သည် တစ်ယောက်ဟာ သချိုင်းကို တစ်နေ့သုံးခါ မျက်စောင်းထိုးရတယ်တဲ့"

ဟိုးရှေးတုန်းက စကားပေမယ့် ခုထိမှန်တုန်း။ ဒါကြောင့်လည်း နိုင်ကြီး သူ့မိန်းမမသီ ကိုယ်ဝန်ရှိပြီ ဆိုကတည်းက အမျိုးမျိုး ဂရုစိုက်ခဲ့တယ်။

ကိုးလလွယ် ဆယ်လဖွားဖို့ ခွဲစိတ်ခန်းထဲဝင်တဲ့အထိပဲ။ မသီ ခွဲစိတ်ခန်းထဲ ဝင်နေတော့လည်း နိုင်ကြီးတစ်ကိုယ်လုံး သောကမီး တွေလောင်လို့၊ နှစ်နာရီလေးသာ အချိန်လေးကိုပဲ နိုင်ကြီး ဘဝ ကမ္ဘာလောက် ကြာတယ် ထင်

www.burmeseclassic.com

www.burmeseclassic.com



နေမိတယ်။

ခွဲစိတ်ခန်းထဲက ထမီအနီ ဝတ် သူနာပြုဆရာမလေး ထွက်လာတယ်။

လက်ထဲမှာ ကလေးနီတာ ရဲ့ လေးကိုပွေ့လို့။

"မွေးလူနာမသီရဲ့ လူနာရှင် ဘယ်မှာလဲ"

နိုင်ကြီးအပြေးလေးသွားတယ်။

"ဒီမှာ ဒီမှာ"

"သားယောကျ်ားလေး မွေးတယ်။ မိခင်ရော ကလေးပါ ကျန်းမာရေးကောင်းတယ်"

ဟိုအခန်းထဲက စောင့်နေပါ။

ခဏနေရင် လူနာထွက်လာလိမ့်မယ်"

ကလေးကိုပေးပြီး ခွဲစိတ်ခန်းထဲ ဆရာမပြန်ဝင်သွားတယ်။

တစ်နေကုန် ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းဖြစ်ခဲ့ရသမျှ ခုမှပဲ နိုင်ကြီး ပြုံးနိုင်တော့တယ်။ သားလေးရဲ့ မျက်နှာကို ရှုမဝတဲ့ အကြည့်နှင့် ကြည့်ရင်းကနေ မွေးမွေးပေးလိုက်တယ်။ ခဏနေတော့ လူနာတွန်းစင်နှင့် မသီ ခွဲခန်းထဲက ထွက်လာတယ်။ ခွဲစိတ်ခန်းနှင့် မျက်နှာချင်းဆိုင်က သီးသန့် တစ်ယောက်ခန်းထဲမှာ နေရာချပေးတယ်။

အဲဒီအချိန်မှာ ညဆယ်နာရီ လောက် ရှိနေပြီ။ မသီကိုကြည့်ရှု စောင့်ရှောက်ဖို့က ပူစရာမလိုဘူး။ မသီရဲ့အစ်မ အလှကြီးတစ်ယောက် လုံး စောင့်နေမှာပဲ။

နိုင်ကြီးကတော့ "အမျိုးသမီး လူနာ ယောကျ်ားညအိပ်စောင့်လို့ မရဘူး" ဆိုတဲ့ စည်းကမ်းချက် ကြောင့် အိမ်ကိုပဲ ပြန်ခဲ့ရတော့တယ်။

(နှစ်)

လူနာဆောင်တချို့ဆီက ရံဖန် ရံခါ ပေါ်ထွက်လာတတ်တဲ့ ချောင်းဆိုးသံ ချွဲဟက်သံနှင့် ကလေးဆောင်ဘက်ဆီက တစ် ခါတစ်ခါ ရုတ်တရက်လန့်လန့် ငိုလိုက်တဲ့ ကလေး ငိုသံကလွဲ လို့..

ဆေးရုံရဲ့ညက ပုံမှန်အတိုင်း တိတ်ဆိတ်နေတယ်။

နံနက်လင်း ဗိုက်စနာတဲ့အချိန် ကနေ ညဆယ်နာရီလောက်ထိ အသက်နှင့်ရင်းပြီး ပင်ပင်ပန်းပန်း မွေးဖွားခဲ့ရလို့ ထင်ရဲ့။

မသီ သူ့ခုတင်ပေါ်မှာ နှစ်နှစ် ခြိုက်ခြိုက် အိပ်မောကျနေပြီ။ ကလေး နီတာရဲလေးကလည်း မသီဘေးမှာ အိပ်နေတယ်။ မအိပ် တာဆိုလို့ အလှကြီးတစ်ယောက် ပဲ ကျန်တယ်။ ညီမကို စိတ်မချ တာရော ခုနကမှ လူ့ဘဝထဲ ရောက်လာတဲ့ တူလေးကို စိတ် မချတာရောကြောင့် အလှကြီး တစ်ယောက် အိပ်မရဘဲ မျက်စိ ကြောင်နေတယ်။ အဲဒီ အချိန်မှာပဲ သူ့နားထဲမှာ အသံတစ်ခုကိုကြား လိုက်ရတယ်။

"ကျွိ ကျွိ ကျွိ ကျွိ"

စည်းချက်ကျကျနှင့် လေး လေးပင်ပင် ထွက်ပေါ်နေတဲ့ အသံ။ အသံကသူတို့ရဲ့ အပေါ် အထက်ဘက်က အလှကြီးမော့ ကြည့်လိုက်တယ်။

"ဩော် အပေါ်မှာလည်း ထပ်ခိုး ရှိသေးတာကိုး"

ဟုတ်တယ်။ သူတို့အခန်းရဲ့ အထက်မှာ ထပ်ခိုးလိုအထပ် တစ်ထပ်ကိုတွေ့ရတယ်။ အဲဒီ ထပ်ခိုးက အပြည့်မဟုတ်ဘူး။ ထက်ဝက်လောက်ပဲ ရှိမယ်။ ထပ်ခိုးရဲ့အစွန်းမှာ သစ်သား တန်းနှစ်တန်းကို အရံအတား အဖြစ် ကာထားတယ်။ ထပ်ခိုး ပေါ်မှာက အသက်ခုနစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com

လောက် အဘိုးကြီးတစ်ယောက် လှုပ်ကုလားထိုင်မှာ ထိုင်နေတယ်။ အလုကြီး ကြားတဲ့အသံက လှုပ်ကုလားထိုင် ရှေ့လှုပ်၊ နောက်လှုပ်၊ လှုပ်နေတဲ့အသံ။ အဘိုးကြီးဟာ အဖြူရောင်အင်္ကျီ လက်တိုပွပွနှင့် အစိမ်း အနီရောင်တွေပါတဲ့ ပုဆိုး အကွက်ကျဲကျဲကြီးကို ဝတ်ထားတယ်။

အောက်မှာ လူမမာရောက်နေတာကို ဂရုမပြုတဲ့ဟန်နှင့် ရှေ့တူရူကိုပဲ ကြည့်နေတယ်။ သူတို့ရှိတဲ့ အောက်ဘက်ကို ယောင်လို့တောင် ငုံ့မကြည့်ဘူး။

ပထမတော့ ''အပေါ်မှာ ဆရာဝန်နေတာနှင့်တူတယ်'' လို့ အလုကြီးတွေးမိတယ်။ နောက်မှ ''ဟင် မဟုတ်သေးပါဘူး။ ဒီလောက် အသက်ကြီးနေရင် ဆရာဝန် မဖြစ်နိုင်ဘူး။ ဆရာဝန်ရဲ့အဖေများလားလို့ တွေးမိလိုက်တယ်။ သိပ်မကြာခင်မှာ အလုကြီးလည်း သမံတလင်းပေါ်က အိပ်ရာမှာ အိပ်ပျော်သွားပါတော့တယ်။

(သုံး)

ရုတ်တရက် ဖျတ်ခနဲ မသီ လန့်နိုးလာတယ်။ ဘေးကို ကြည့်လိုက်တော့ အပူအပင်ကင်းမဲ့စွာနှင့်အိပ်ပျော်နေတဲ့ သားလေးကို တွေ့လိုက်တယ်။အလုကြီးဆီက ငြိမ်ချက်သားကောင်းနေတဲ့အတွက် အိပ်ပျော်နေပြီဆိုတာ သိလိုက်တယ်။ မသီခွဲထားတဲ့ ဒဏ်ရာကြောင့် လှုပ်လှုပ်ရှားရှား မလုပ်နိုင်ဘူး။ အိပ်ရာပေါ်မှာ ပက်လက်နေနေရတယ်။ ဟိုဘက် သည်ဘက် ကြည့်ချင်တာတောင် ခေါင်းကို နည်းနည်းပဲ စောင်းလို့ရတယ်။ ဒီလိုနှင့် ခေါင်မိုးပေါ်ပဲ ကြည့်နေရတဲ့မသီဟာ ထပ်ခိုးပေါ်က အဖိုးကြီးကို လှမ်းတွေ့လိုက်တယ်။ အဘိုးကြီးက လှုပ်ကုလားထိုင်ကို ရှေ့တိုးနောက်ငင် လှုပ်ပြီး ထိုင်နေတယ်။

လှုပ်ကုလားထိုင်က ထွက်နေတဲ့ တစ်ကျွီကျွီအသံက တဖြည်းဖြည်းနှင့် နားငြီးဖို့ ကောင်းလာတယ်။ အဲဒီလိုနေတုန်းမှာ အဘိုးကြီးက မသီကို ရုတ်တရက်လှမ်းကြည့်လိုက်တယ်။ မသီကလည်း ပက်လက်ကကြည့်နေတော့မျက်လုံးချင်းဆုံသွားတယ်။

မသီရင်ထဲမှာ ထိတ်ခနဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်သွန့်ဖြစ်သွားတယ်။ ကြည်သီး မွေးညင်းတွေလည်း ထသွားတယ်။ အဘိုးကြီးကြည့်တဲ့ အကြည့်က တစ်မျိုးပဲ။ ကြောက်စရာကောင်းတဲ့ အေးစက် နက်ရှိုင်းမှုတွေ ပါနေတယ်။

သွားတယ်။ ကြည်သီးမွေးညင်းတွေလည်း ထသွားတယ်။ အဘိုးကြီးကြည့်တဲ့ အကြည့်ကတစ်မျိုးပဲ။ ကြောက်စရာ ကောင်းတဲ့ အေးစက် နက်ရှိုင်းမှုတွေပါနေတယ်။

ဖျတ်ခနဲ အဘိုးကြီးမျက်နှာ ပြန်လွှဲသွားတယ်။ မသီက အေးစက်စက်မျက်လုံးပိုင်ရှင်ကြီး ဆီကနေ အကြည့်ကို လွှဲမပစ်မိဘူး။

စူးစူးစိုက်စိုက် ကြည့်နေမိတုန်းပဲ။

ခဏနေတော့ အဘိုးကြီးဟာ သစ်သားတန်းအတားပေါ် ခြေတစ်ဖက် လှမ်းတင်လိုက်တယ်။

ဒူးဆစ်ကွေး ခြေသလုံးနှင့် ခြေဖဝါးတွေက သစ်သားတန်းရဲ့ အပြင်ဘက်ကို တန်းလန်းကျလာတယ်။ အဘိုးကြီးက မသီကို တစ်ချက်လှမ်းကြည့်လိုက် ပြန်တယ်။

ဒီတခါတော့ အဘိုးကြီးက လှိုက်လှိုက်လှဲလှဲ ပြုံးပြနေတယ်။ ဒီတစ်ခါတော့ အဘိုးကြီးရဲ့ မျက်လုံးကိုကြည့်ပြီး မသီလန့်သွားတ်။

မျက်လုံးနှစ်လုံးက အစိမ်းနုရောင်တောက်နေတယ်။ ဖန်ဂေါ်လီလုံးနှစ်လုံးလို မျက်ဝန်းထဲမှာ မှုတ်နေအောင် လည်နေတယ်။

မိုက်ခနဲ ခေါင်းမူးသွားတာကြောင့် မသီမျက်လုံးကို မှိတ်လိုက်တယ်။ မျက်လုံး ပြန်ဖွင့်လိုက်တော့ အဘိုးကြီးမျက်နှာ လွှဲသွားပြီ။ လှူပ်ကုလားထိုင်ကို ရှေ့နောက်လွှဲပြီး ထိုင်နေတုန်း သစ်သားတန်းပေါ် တင်ထားတဲ့ ခြေတစ်ဖက်ကလည်း တန်းလန်းကြီး ရှိနေတုန်းပဲ။ မသီကြည့်နေတုန်းမှာပဲ ခြေထောက်ကြီးဟာ နည်းနည်းပိုပြီး ရှည်လာသလို ထင်လိုက်ရတယ်။မဟုတ်ဘူး ထင်တာမဟုတ်ဘူးတကယ် မြင်နေရတာ။

အဘိုးကြီးရဲ့ ခြေထောက်ကြီးက တဖြည်းဖြည်း ရှည်ထွက်ပြီး အောက်ကိုတန်းလန်းကျလာတယ်။ မသီယောင်ပြီး အော်မယ်အလုပ်မှာ အဘိုးကြီးခြေထောက်က ပုံမှန်အတိုင်း ပြန်ဖြစ်သွားတယ် သစ်သားတန်းပေါ်မှာပဲ။ မသီကြက်သီးထသွားတယ်။ အဘိုးကြီးကို ကြည့်ရင်းကြည့်ရင်း မသီ မျက်လုံးတွေလေးလံပြီး အိပ်ပျော်သွားပြန်

www.burmeseclassic.com

www.burmeseclassic.com

တယ်။

ပြီးတော့ ချက်ခြင်းဆိုသလို ဖျတ်ခနဲ ပြန်နိုးလာတယ်။ မျက်စိဖွင့်တာနဲ့ မသီတန်းမြင်လိုက်ရတာက ထပ်ခိုးပေါ်က ကျလာတဲ့အဘိုးကြီးရဲ့ ခြေထောက်ကြီး မသီရဲ့ ဗိုက်ကို ဖိနင်းတော့မလိုပဲ။ မသီလက်နှင့် လှမ်းဆွဲရင်တောင် မီနိုင်တဲ့အထိကို နီးကပ်နေပြီ။

မသီ ကြောက်လန့်တကြားနှင့် အော်လိုက်တယ်။ မသီရဲ့ စူးစူး ဝါးအော်သံကြောင့် အလုကြီး လန့်နိုးသွားတယ်။ ကမန်းကတန်းလူးလဲထပြီ မသီလက်ကို ကိုင်ထားတယ်။

"ဘာဖြစ်တာလဲ ငါရှိတယ်"

မကြောက်နဲ့ မကြောက်နဲ့လို့ တဖွဖွအားပေးတယ်။ အဲဒီအချိန်မှာပဲ ဆေးရုံဝန်ထမ်းတွေ ဆရာမတွေ လူနာစောင့် တချို့ပါ ရောက်လာကြတယ်။ မသီက အပေါ်ကို လက်ညှိုးထိုးပြရင်း

"ဟိုမှာ ဟိုမှာ ခြေထောက်ကြီး"ဆိုတဲ့ စကားကိုပဲ ထပ်တလဲလဲ ပြောနေတယ်။ အကြောက်လွန်နေပုံလည်း ရတယ်။ အလုကြီးအပေါ်ထပ်ခိုးကို မော့ကြည့်

## ဆေးရုံပေါ်က တစ္ဆေ

လိုက်တယ်။

"ဟင်"

အလုကြီး အံ့ဩသွားတယ်။

ကြက်သီးတွေလည်း တဖြန်းဖြန်းထသွားတယ်။

အဲပေါ်မှာ ဘာထပ်ခိုးမှ မရှိဘူး။ အဖြူရောင်ဆေးသုတ်ထားတဲ့ မျက်နှာကြက်ပဲရှိတယ်။ ဒါဆိုရင် ညက ငါတွေ့တဲ့ လှုပ်ကုလားထိုင်နှင့် အဘိုးကြီးဟာ အလုကြီးတစ်ကိုယ်လုံး တုန်လှုပ်သွားတယ်။ ညက သူသရဲခြောက် ခံရတာကို ခုမှပဲသိလိုက်ရတော့တယ်။

**(လေး)**

"အဘိုးကြီးရဲ့ ခြေထောက်ကြီးက ကျွန်မဗိုက်ပေါ်ကို နင်းတော့မလို့ နည်းနည်းပဲလိုတော့တယ်"

မသီက ထပ်ခိုးပေါ်ကအဘိုးကြီးအကြောင်းကို အစအဆုံးပြောပြနေတယ်။ အလုကြီး အံ့အားသင့်သွားတယ်။ သူတွေ့တာလည်း လှုပ်ကုလားထိုင်နှင့်အဘိုးကြီး။

မသီတွေ့တာကလည်း လှုပ်ကုလားထိုင်နှင့် အဘိုးကြီးပဲ။ တစ္ဆေတစ်ကောင်တည်းက သူတို့ညီအစ်မ နှစ်ယောက်စလုံးကို တစ်ချိန်စီ ခြောက်လှန့်နေခဲ့တာပေါ့။ သရဲခြောက်ခံရတဲ့အကြောင်း မသီပြောနေချိန်မှာ အလုကြီး ငြိမ်နေလိုက်တယ်။ ဘာမှဝင်မပြောဘူး။ မသီရဲ့ စကားကို အားလုံးဝိုင်းပြီး နားထောင်နေကြတယ်။

အမှန်တကယ် တစ္ဆေသရဲခြောက်ခံရတာလို့ ယုံတဲ့သူရှိသလို မီးနေသည် သွေးလေချောက်ချားပြီး လန့်တာလို့ထင်မြင် ယူဆသူလည်းပါမှာ ဖြစ်တယ်။ ထမီအနီဝတ် သူနာပြုဆရာမလေးကတော့ မသီရဲ့ စကားအဆုံးမှာ အပေါ်ကို လှစ်ခနဲတစ်ချက်ကြည့်လိုက်ပြီး ပြန်ထွက်သွားတယ်။ လှစ်ခနဲ ကြည့်တဲ့သူမရဲ့ အကြည့်ထဲမှာ လျှို့ဝှက်ချက်တွေ ပါနေတာကိုတော့ သူမှ သိကြမှာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒီအခန်းက သရဲခြောက်ခံရတယ်လို့ပြောတာ မသီ ပထမဆုံးမဟုတ်ဘူး။ မသီရဲ့ အရင်ကလည်း လူနာတချို့ ပြောခဲ့ဖူးတယ်။ ထူးခြားတာက သူရဲခြောက်ခံရတဲ့သူ အားလုံးဟာ ထပ်ခိုးပေါ်က လှုပ်ကုလားထိုင်နှင့် အဘိုးကြီးပဲ တွေ့ကြ မြင်ကြရတာပဲဖြစ်တယ်။

ဆရာမလေးကတော့ သိတယ်။ သူတို့အားလုံး သွေးလေခြောက်ချားပြီး ထင်ရာမြင်ရာပြောတာ မဟုတ်ဘူးဆိုတာကို ဘာကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က ပုဆိုးအကွက်ကျဲကြီးနှင့် လူနာ အဘိုးကြီးတစ်ယောက် ဒီသီးသန့်ခန်းထဲမှာ လနှင့်ချီပြီးနေခဲ့ဖူးတယ်။ သူ့မှာ လှုပ်ကုလားထိုင် တစ်လုံးလည်း ပါလာတယ်။ သူဟာ ရောဂါ သက်သာလို့ နေသာထိုင်သာ ရှိတာနှင့် လှုပ်ကုလားထိုင်ပေါ်မှာပဲ တစ်နေ့လုံး ထိုင်နေတတ်တယ်။

“ဒီအပေါ်မှာ ထပ်ခိုးလေး ရှိက်ပြီး နေရရင်သိပ်ကောင်းမှာပဲ”လို့တောင် ဆရာမလေးကို ပြောသေးတယ်။ အဲဒီနောက် မကြာပါဘူး အဘိုးကြီးဆုံးသွားတယ် ဒီအခန်းထဲမှာပဲ။ အဘိုးကြီးဆုံးတဲ့နေ့က အဖြစ်အပျက်ကို ဆရာမလေး ဒီနေ့ထိ မမေ့နိုင်သေးဘူး။ လူနာအခြေအနေ စစ်ဆေးဖို့ သူမဟာ အဘိုးကြီးရဲ့ အခန်းထဲကိုဝင်ခဲ့တယ်။ အဘိုးကြီးက လှုပ်ကုလားထိုင်ပေါ်မှာ ငြိမ်သက်နေတယ်။ လူနာစောင့်တဲ့ ကောင်လေးလည်း မရှိဘူး။ ဆရာမလေးက အဘိုးကြီးကို ခေါ်ကြည့်တယ်။ မရဘူး။ မသင်္ကာတာနဲ့ အဘိုးကြီးရဲ့ လက်ကောက်ဝတ်ကို စမ်းကြည့်တယ်။

မျက်လုံးတွေကို ဖြုကြည့်တယ်။ ရင်ဘတ်ပေါ် လက်တင်ကြည့်တယ်။ သေချာပြီ အဘိုးကြီး အသက်မရှိတော့ဘူး။ အဲဒီအချိန်မှာပဲ အသံတစ်စုံတစ်ရာကို ဆရာမလေး ကြားလိုက်ရသလိုလို ဖြစ်သွားတယ်။ အသံကြားတဲ့ အပေါ်ကို မော့ကြည့် လိုက်တော့....

ထပ်ခိုး တစ်ခုပေါ်မှာ ရှေ့နောက် လှုပ်ယမ်းနေတဲ့ လှုပ်ကုလားထိုင်တစ်လုံး၊ လှုပ်ကုလားထိုင်ပေါ်မှာ ပုဆိုးကွက်ကျဲကြီးနှင့် အဘိုးကြီး တစ်ယောက် ရှိနေတယ်။ အဲဒီအဘိုးကြီးဟာ ဆရာမလေးရဲ့ ရှေ့မှာ သေဆုံးနေတဲ့ လှုပ်ကုလားထိုင်ပေါ်က အဘိုးကြီးပါပဲ။ ဆရာမလေးဟာ ထပ်ခိုးပေါ်က အဘိုးကြီးကို အံ့အားတသင့် ငေးကြည့်နေမိတယ်။ အဲဒီအချိန်မှာ အဘိုးကြီးက ဆရာမလေးကိုကြည့်ပြီး လှိုက်လှိုက်လှဲလှဲနှင့် ပြုံးပြနေလေရဲ့။ သူ့မျက်လုံးတွေကအစိမ်းနုရောင်တောက်လို့။ မျက်ဝန်းထဲမှာ မွတ်နေအောင် လည်လို့။

မောင်မှိုင်းညို (ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com



# အယ်ဒီတာ ပြန်ကြားလွှာ

(၁) ဖြစ်ရပ်မှန်သည် အနယ်နယ် အရပ်ရပ်မှ စာဖတ်သူတို့၏ ဆန္ဒနှင့်ကိုက်ညီမည့် ကဏ္ဍသစ်နှင့် အစီအစဉ်များကို တိုးချဲ့ဖော်ပြလျက်ရှိပါသည်။

(၂) တိုးချဲ့ကဏ္ဍသစ်အဖြစ် ဖြစ်ရပ်မှန်မဂ္ဂဇင်းတွင် ရေးသားဖော်ပြ လှူကြိုက်များခဲ့ဖူးသည့် စာရေးဆရာ ကလောင်ရှင်တို့၏ စာများကို ပြန်လည်ဆန်းသစ်မှု အဖြစ် ရံဖန်ရံခါ ဖော်ပြထားပါသည်။

(၃) ဤသို့ ပြန်လည်ဆန်းသစ်မှုကဏ္ဍတွင် ဖော်ပြထားသော စာများအတွက် ညဏ်ပူဇော်ခကို အိမ်တိုင်ရာရောက် ပို့ပေးမည် ဖြစ်သော်လည်း လက်လှမ်းမမီသော ဆရာများအတွက် ညဏ်ပူဇော်ခကို ကိုယ်တိုင်သော်လည်းကောင်း သက်ဆိုင်သူမှသော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော် လည်းကောင်း မဂ္ဂဇင်းတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(၄) နယ်မှ စာရေးဆရာ ကလောင်ရှင်များအနေနှင့် ညဏ်ပူဇော်ခကို ကိုယ်တိုင် မထုတ်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူစေလိုပါသည်။

(၅) ဖြစ်ရပ်မှန်သို့ စာမူများပို့ပေးနေသော အနယ်နယ် အရပ်ရပ်မှ စာရေးဆရာ ကလောင်ရှင်များကို ကျေးဇူးတင်ရှိပါကြောင်း ပြန်ကြားရင်း ဖြစ်ရပ်မှန်မဂ္ဂဇင်း အတွက် ပို့ထားသော စာမူများကို အခြား တိုက်များသို့ မိတ္တူပွား၍မပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သွေးစက်ဝိုင်း

ဇော်ကျူးဇေ



၁။

"ဒုန်း ဒုန်း"

"ဝူး ဝူး"

ခင်မာမြွေး မျက်လုံးဖွင့်လိုက်သည်။ နားစွင့်ထားသည်။ ကြားလိုက်ရသည့် အသံများက ဘယ်ကလာသည်ကို မှန်းကြည့်သည်။

"ဝူး ဝူး"

"ဟာင်"

အိပ်ရာမှ ခင်မာမြွေး ထ...

www.burmeseclassic.com

www.burmeseclassic.com



ခနဲထလိုက်သည်။ ထဘီကို ကမန်းကတန်းပြင်ဝတ်သည်။ ဝူး ဝူး သံက သူအိပ်မက်ထဲတွင် ကြားရသောအသံ မဟုတ်။ အပြင်တွင် တကယ်ကြားရသော အသံ။ တစ်ယောက်ယောက်က နာကြည်းသောကြောင့် အော်နေသော အသံ။ အသံလာရာကိုလည်း ခန့်မှန်းမိသွားသည်။

"မအေး မြန်မြန်ထစမ်း"

တစ်ပိုင်းတည်းနေ ညီမဝမ်းကွဲ မခင်အေးကို ခင်မာဌေးသွားနှိုးသည်။ ခင်မာဌေး အာရုံတွင် ဝူး ဝူး သံက မပျောက်။

"ဘယ်သူလဲ"

"ငါပါ"

"ဘာဖြစ်တာလဲ မဌေး"

"မြန်မြန် ထလာစမ်းပါ"

"ဘာမှန်းလဲ မသိဘူး။အဲဒီ မဌေးက"

ဗိုလီဖတ်သီ ညည်းညည်းညူညူဖြင့် ခင်အေးအိမ်ပေါ်မှ ဆင်းလာသည်။ ခင်အေးလက်ကို ခင်မာဌေး ပြေးဆွဲသည်။

"ဘာဖြစ်တာလဲဟာ။ နင်တို့လင်မယား ရန်ဖြစ်ကြပြန်ပလား"

"ဟာ နင်ကလည်း ဘာတွေပြောနေတာလဲ။ ငါတို့က ဘာလို့ ရန်ဖြစ်ရမှာလဲ"

"ဒါဆို ဒီအချိန်ကြီး ဘာလို့ ငါ့လာနှိုးတာလဲ"

"ဒုန်း ဒုန်း၊ ဝူး ဝူး ဆိုတဲ့ အသံကြားလို့"

"ဘယ်က ကြားတာလဲ"

"မချိုအိမ်က"

"ဟင်"

ခင်အေး မျက်လုံးပြူးသွားသည်။ ချိုချိုအေး အိမ်ဘက် လှမ်းကြည့်သည်။ လမ်းမီးရောင်အောက်တွင် မသဲတကွဲ။

"လာ သွားကြည့်ရအောင်"

ခင်မာဌေးနှင့် ခင်အေးတို့ ချိုချိုအေးအိမ်ဘက် ပြေးကြသည်။ ချိုချိုအေးအိမ်က ခင်မာဌေးအိမ် ခေါင်းရင်းဘက်တစ်အိမ်ကျော်။

"မချို"

"မချို"

ခြံတံခါးသော့ခတ်ထားသောကြောင့် ခင်မာဌေးနှင့် ခင်အေးတို့ ခြံထဲမဝင်နိုင်။ ခြံစည်းရိုး အပြင်ဘက်မှ ပြိုင်တူ လှမ်းခေါ်ကြသည်။

"ဝူး ဝူး"

"မချို"

"မချို"

"ဟော့ ဘာဖြစ်တာလဲ"

ဘေးအိမ်မှ လူများ ထွက်လာကြသည်။ လက်နှိပ်ဓာတ်မီးရောင်များ လင်းခနဲ လက်ခနဲ။

"မချိုကို ခေါ်တာ မရလို့"

ချိုချိုအေး အိမ်ကို ဝိုင်းကြည့်ကြသည်။ ဘာသံမှမကြားရ။

"မချို"

"ဟော့ မချို"

ချိုချိုအေး အိမ်မှ ထူးသံပြန်ပေါ်မလာ။ ချိုချိုအေးက အအိပ်ကြီးသူ မဟုတ်။ ခေါ်သံကို မကြားဘဲမနေ။ ချိုချိုအေး ဘာလို့ ပြန်မထူးတာလဲ။

"မချို"

"မချို"

"လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ကြစမ်းကွာ"

အောင်နိုင်ထူး လက်နှိပ်ဓာတ်မီးဖြင့် ချိုချိုအေးအိမ်ကို လှမ်းထိုးသည်။ ပြတင်းပေါက်တွေ အားလုံးပိတ်ထားသည်။ တံခါးကြီးလည်း ပိတ်ထားသည်။

"ဟာ"

အောင်နိုင်ထူး လက်နှိပ်ဓာတ်မီးရောင်က အိမ်အောက်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ခင်မာဌေးတို့ မျက်လုံးများ ပြူးသွားသည်။

"သွေးတွေ"

အိပ်ခန်းအောက်တည့်တည့်တွင် သွေးများ အိုင်ထွန်းနေသည်။ ကြမ်းပြင်မှလည်း သွေးများ တစ်စက်စက် ကျနေသည်။

"ဖျက်ဝင်မယ်"

ချိုချိုအေးက အိမ်တစ်လုံးနှင့် တစ်ယောက်တည်းနေသူ။ အိမ်အကူလည်း မရှိ။ လင်သားလည်း မရှိ။

"ဟာ"

"အောင်မယ်လေး"

"မချို"

"ဝူး ဝူး"

"ဟ ဘာသံကြီးလဲ"

"ငါလည်း ဒုန်းဒုန်း ဝူးဝူး အသံကြားလို့ ပြေးလာတာ"

"ခြံတံခါးဖျက်ကွာ"

ခြံတံခါးနှင့် အိမ်တံခါးဖျက်ပြီး အိမ်ထဲဝင်ကြသည်။ ဝူး ဝူး အသံက အဆက်မပြတ်။

"အိပ်ခန်းထဲက အသံ"

ခင်မာဌေးနှင့် ခင်အေးတို့ အိပ်ခန်းထဲ ပြေးဝင်ကြသည်။ အောင်နိုင်ထူးတို့၊ အောင်ထွန်းတို့က အိမ်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်နေကြသည်။

"အောင်မယ်လေး"

"ဟေ့ ဘာဖြစ်တာလဲ"

အောင်နိုင်ထူးနှင့် အောင်ထွန်းတို့ အိပ်ခန်းထဲ ပြေးဝင်ကြသည်။ ခင်မာဌေးနှင့် ခင်အေးတို့က မျက်လုံးအပြူးသားဖြင့် တောင့်တောင့်ကြီး ရပ်နေကြသည်။

"ဟာ"

"ရက်စက်လိုက်တာကွာ"

အောင်နိုင်ထူး လက်ထဲမှ လက်နှိပ်ဓာတ်မီး လွတ်ကျသွားသည်။ ခင်အေးက ပြန်ကောက်သည်။

"သွားမကိုင်နဲ့ ခင်အေး။ ရဲအကြောင်းကြားရမယ်"



www.burmeseclassic.com



ခင်မာဌေးလက်ကို အောင်ထွန်း ဖမ်းဆွဲထားလိုက်သည်။ ခင်မာဌေးလက် တဆတ်ဆတ် တုန်နေသည်။

"မချိုရယ် အဖြစ်ဆိုးလိုက်တာ"

၂။

"ခင်ဗျားတို့ တွေ့တာ ဒီပုံစံအတိုင်းလား"

ဆွာ ရဲစခန်းမှူး ရဲအုပ်သောင်းစံ၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် လင်းထွဋ်နိုင်၊ တာဝန်မှူး ဒုရဲအုပ်သန်းနိုင်၊ ဒုရဲအုပ်ဇော်လင်းနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ မှန်စီကျေးရွာသို့ ရောက်လာကြသည်။

"ကိုင်ကြသေးလား"

"ဘယ်သူမှ မကိုင်ပါဘူး"

အိပ်ခန်းအတွင်းတွင် ပက်လက်အနေအထားဖြင့် ချိုချိုအေး သေဆုံးနေသည်။ လည်ပင်းတွင် မြက်ရိတ်တံစဉ် တန်းလန်းစိုက်နေသည်။ ဒုရဲအုပ်လင်းထွဋ်နိုင် ဓာတ်ပုံရိုက်သည်။ ဒုရဲအုပ် သန်းနိုင်က မြေပုံကြမ်းဆွဲသည်။

"ခင်ဗျားတို့ တွေ့တော့ သေနေပလား"

"ကျွန်မတို့ တွေ့တော့ မသေသေးပါဘူး"

"ဘာပြောသွားလဲ"

"ဂူး ဂူး အသံပဲထွက်ပြီး ခဏကြာတော့ သေသွားတာပါပဲ"

"တံစဉ်က ဒီအိမ်ကဟာလား"

"မဟုတ်ပါဘူး"

"မချိုချိုအေး ဘာလုပ်လဲ"

"အပေါင်ခံပါတယ်"

"ငွေပြန်တိုးပေးပါတယ်"

"အလုပ်ကတော့ အတော်ရန်များမယ့်ပုံပဲ။ မချိုချိုအေးနဲ့ မတည့်တဲ့သူ ရွာမှာရှိလား"

"မရှိပါဘူး။ အားလုံးနဲ့ အဆင်ပြေပါတယ်"

"ခု တစ်ရက်၊ နှစ်ရက်အတွင်းမှာ ရန်ဖြစ်တဲ့သူရှိလား"

"မရှိပါဘူး"

ချိုချိုအေး အလောင်းကို ဆေးစာဖြင့် ရေတာရှည်မြို့နယ် ဆေးရုံသို့ ပို့လိုက်သည်။ ချိုချိုအေး အလောင်းက သူ့ကို မြက်ရိတ်တံစဉ်ဖြင့် လည်ပင်းထိုးသတ်သွားသူကို ပြောမပြနိုင်။

၃။

"ကဲ အုပ်ချုပ်ရေးမှူး ခင်ဗျားနဲ့ ကျွန်တော် ဒူးတိုက်ဆွေးနွေးရတော့မယ်"

ဒုရဲအုပ် လင်းထွဋ်ရွှေတွင် မှန်စီကျေးရွာ အုပ်ချုပ်ရေးမှူး အောင်ကိုလွင် ခေါင်းကုတ်နေသည်။ ချိုချိုအေး အသတ်ခံရသည့် အမှုက သူ့ခေါင်းပေါ်အော့တိုမက်တစ် ရောက်လာသည်။

"ဘာဆွေးနွေးမှာလဲ ဆရာ"

"မချိုချိုအေး အသတ်ခံရတာက အပြင်လူ သတ်တာ မဟုတ်ဘူး။ ဒီမှန်စီရွာကလူပဲ သတ်တာ။ အဲဒီတော့ ရွာက လက်စလက်နရှိတဲ့သူတွေ သိချင်တယ်"

ဦးအောင်ကိုလွင်ကို ဒုရဲအုပ် ထွဋ်နိုင် လှမ်းကြည့်သည်။ ဦးအောင်ကိုလွင် ငြိမ်နေသည်။

"ထောင်ထွက်တွေ၊ ရဲဘက်ပြေးတွေ ရွာမှာရှိလား"

"အဲဒါတွေတော့ မရှိပါဘူး။ လက်စလက်န ရှိတဲ့သူ၊ လက်ရဲဇက်ရဲရှိတဲ့သူ၊ လုပ်ရဲကိုင်ရဲရှိတဲ့သူဆိုလို့လဲ များများစားစားမရှိပါဘူး။ တစ်ယောက်ပဲ ရှိပါတယ်"

"ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိန်းဇော်ဦး"

"သိန်းဇော်ဦးက ဘာလဲ"

"ဒီကောင်က လောင်းကစားတာမှာ ငွေသုံးရဲတယ်။ အရင်က ရွာမှာ ပစ္စည်းနဲ့ ငွေပျောက်မှုတွေအတွက်နဲ့ ညအစောပိုင်းအချိန်လမ်းသွားနေသူ၊ တစ်ယောက်တည်းနေသူ အမျိုးသမီးတစ်ယောက်ကို ရိုက်မှုတွေမှာ သိန်းဇော်ဦးကို ရဲက ခေါ်စစ်ဖူးတယ်"

"ခေါ်စစ်တော့ ဘာဖြစ်သွားလဲ"

"သက်သေမခိုင်လုံလို့ ပြန်လွှတ်လိုက်တယ်"

ဒုရဲအုပ် လင်းထွဋ်နိုင် သက်ပြင်း မှုတ်ထုတ်လိုက်သည်။ ရလိုက်သည့် ကောက်ရိုးမျှင်က မခိုင်။ ဖမ်းဆွဲမည်ကြံရုံရှိသေး အမြစ်က ကျွတ်သွားသည်။

"အခုရွာမှာ သိန်းဇော်ဦး ရှိလား"

"ရှိတယ်ဆရာ၊ ညနေက မြင့်သန်းနဲ့ နှစ်ယောက်ဆိုင်ကယ် တစ်စီးနဲ့ လမ်းသလားနေတယ်။ အဲ ..."

အောင်ကိုလွင်ကို ဒုရဲအုပ် လင်းထွဋ်နိုင် လှမ်းကြည့်သည်။

အောင်ကိုလွင်က လမ်းဘက် မျှော်ကြည့်နေသည်။

"ဘာ 'အဲ' လဲဗျ"

"သိန်းဇော်ဦးလေဆရာ"

"အင်း ဘာဖြစ်လဲ"

"ချိုချိုအေး အသတ်ခံရတာကို လာကြည့်တုန်းက"

အောင်ကိုလွင်ကို ဒုရဲအုပ် လင်းထွန်းနိုင် စိုက်ကြည့်နေသည်။ အောင်ကိုလွင်က ဒုရဲအုပ် လင်းထွဋ်နိုင်ကို ပြန်ကြည့်နေသည်။

"ခြေထောက်မှာ ဖိနပ်မပါဘူး။ ဖုန်တွေပေနေတယ်။ ပြီးတော့ အင်္ကျီ နောက်ကျောမှာ သွေးတွေ ပေနေတာ တွေ့ရတယ်"

"အခု သူ ဘယ်မှာလဲ"

"မြင့်သန်းနဲ့ မြောက်ဘက် ထွက်သွားတယ် ဆရာ"

"ဘာနဲ့သွားတာလဲ"

"ဆိုင်ကယ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ကယ်က ဘယ်သူ့ဆိုင်ကယ်လဲ"

"မြင့်သန်းဆိုင်ကယ် ဆရာ၊ ချိုချိုအေးကို လာကြည့်တယ်ဆိုတာကလည်း ခဏလေး၊ ရပ်ကြည့်ပြီး မြင့်သန်းနဲ့ နှစ်ယောက်ထွက်သွားတာပဲ"

"မြောက်ဘက်ဆိုတော့ ကိုက္ကိုစု၊ သပြေငူ၊ ငါးကြီးကွေ့ ကျေးရွာတွေဘက်ပေါ့။ အဲဒီမှာ ဘာရှိလို့လဲ"

"ငါးကြီးကွေ့မှာ ဘုရားပွဲရှိတယ်ဆရာ"

"ကျွန်တော်တို့ လိုက်ရှာရအောင်။ အုပ်ချုပ်ရေးမှူးပါ လိုက်ခဲ့ပါ။ ကျွန်တော်တို့က မြင့်သန်းနဲ့ သိန်းဇော်ဦးတို့ကို မမြင်ဖူးဘူး"

"လိုက်ခဲ့မှာပေါ့။ ကျွန်တော့်ရွာကပြဿနာ ကျွန်တော် ရှင်းပေးပါ့မယ်"

အောင်ကိုလွင်ကိုတင်၍ ဒုရဲအုပ်လင်းထွဋ်နိုင် ငါးကြီးကွေ့ဘက်သို့ ဆိုင်ကယ်ဦးတည်လိုက်သည်။ တပ်ကြီးကြီး ရဲမင်းထွန်းနှင့် ဒုတပ်ကြပ်မြင့်သိန်းတို့ ဆိုင်ကယ်က နောက်မှ လိုက်လာကြသည်။ ရန်ကုန်-မန္တလေး ကားလမ်းကြီးက မြွေကြီးတစ်ကောင်လို မည်းနက်လိမ်တွန့်နေသည်။

၄။

"ကိုသိန်းဇော်ဦးနော်"

သိန်းဇော်ဦးနှင့် မြင့်သန်းတို့ကို ငါးကြီးကွေ့ကျေးရွာ ဘုရားပွဲတွင် အငြိမ့်မင်းသမီးကို ဆုချနေစဉ် တွေ့ရှိခဲ့သည်။ ဆုချပြီး အငြိမ့်စင်ပေါ်မှ ပြန်အဆင်းတွင် အောင်ကိုလွင် သွားခေါ်လာသည်။ ရုတ်ရုတ်သည်းသည်း ဖြစ်မည်စိုးသောကြောင့် ဒုရဲအုပ်လင်းထွဋ်တို့ ပွဲခင်းထဲ မဝင်။

"ဟုတ်ပါတယ်"

"မှန်စီကျေးရွာသားနော်"

"ဟုတ်ပါတယ်"

သတင်းရထားသည့်အတိုင်း သိန်းဇော်ဦးက မင်သေသေ။ ခပ်တည်တည်။ ဒုရဲအုပ် လင်းထွဋ်နိုင် မေးသမျှကို ခပ်တည်တည် ဖြေသည်။

"မချိုချိုအေး အသတ်ခံရတာ သိလား"

"သိပါတယ်"

"ဘယ်လိုသိတာလဲ"

"ကရင်ရွာဆိုင်းပွဲကအပြန် ဆူဆူညံညံကြားလို့ သွားကြည့်ရင်း သိတာပါ"

"ခင်ဗျားနောက်က သွေးတွေက ဘာဖြစ်တာလဲ"

"ဗျာ"

ချိုချိုအေး အသတ်ခံရမှု မေးနေရာမှ သူ့နောက်ကျောမှ သွေးများဘက် လှည့်သွားသောကြောင့် သိန်းဇော်ဦး ကြောင်သွားသည်။

"ခင်ဗျား နောက်ကျောက သွေးတွေက ဘာဖြစ်တာလဲ"

"ဪ အိမ်က မိန်းမနဲ့ ရန်ဖြစ်တာပါ။ မိန်းမက လက်သည်းနဲ့ ကုတ်လိုက်တာ"

"ကြည့်ရအောင်"

သိန်းဇော်ဦး အင်္ကျီကို ချွတ်၍ ဒုရဲအုပ် လင်းထွဋ်နိုင်နှင့်

www.burmeseclassic.com

www.burmeseclassic.com





အောင်ကိုလွင်တို့ သိန်းဇော်ဦး ဒဏ်ရာကို ကြည့်ကြသည်။

"ဒဏ်ရာက ချွန်ထက်တဲ့ အရာနဲ့ ထိုးမိတဲ့ ဒဏ်ရာ၊ ကုတ်တဲ့ဒဏ်ရာ မဟုတ်ဘူး"

"ဟာ မဟုတ်တာ။ ကျွန်တော့်မိန်းမ စိတ်ဆိုးပြီး ကုတ်လိုက်တာပါ"

"ကောင်းပြီလေ။ ခင်ဗျား ပြောတဲ့အတိုင်းပဲ၊ လင်မယား ရန်ဖြစ်တယ်။ မိန်းမက ကုတ်လိုက်တယ်။ အဲဒါကို ဘယ်သူ အတည်ပြုမလဲ၊ ခင်ဗျားတို့ လင်မယား ရန်ဖြစ်တာကို ဘေးအိမ်တွေက ဘယ်သူတွေ သိလဲ"

" ... "

"တခြားလူတွေ မသိပေမယ့် ခင်ဗျား မိန်းမကတော့ သိမှာပေါ့။ ခင်ဗျားတို့ လင်မယား ရန်ဖြစ်လား၊ ရန်မဖြစ်လားကို ခင်ဗျား မိန်းမကို မေးလိုက်ရင် ရတာပဲ။ ကဲ ဆရာကြီး သွား"

တပ်ကြပ်ကြီး ရဲမင်းထွန်း အလေးပြုပြီး ထွက်သွားသည်။ လမ်းမှူးစိုးကျော်နောက်မှ ပြေးလိုက်သွားသည်။ ဒုရဲအုပ် လင်းထွဋ်နိုင်၏ နောက်ဆုံးကောက်ရိုးမျှင်သည် သိန်းဇော်ဦး မိန်းမဖြစ်သည်။ သူမက ရန်ဖြစ်ကြောင်း၊ ကုတ်လိုက်ကြောင်း ဝန်ခံလျှင် နောက်ဆုံး ကောက်ရိုးမျှင်လည်း ပြတ်သွားပြီ။

"ဆရာ"

တပ်ကြပ်ကြီး ရဲမင်းထွန်းနှင့် စိုးကျော်တို့ ပြန်ရောက်လာသည်။ ဒုရဲအုပ် လင်းထွဋ်နိုင်ကို တပ်ကြပ်ကြီး ရဲမင်းထွန်းအလေးပြုသည်။

"ဘာပြောလိုက်လဲ"

"ရန်မဖြစ်ဘူးတဲ့။ ကုတ်လည်း မကုတ်ဘူးတဲ့ ဆရာ"

သိန်းဇော်ဦးဘက် ဒုရဲအုပ် လင်းထွဋ်နိုင် လှည့်ကြည့်သည်။ သိန်းဇော်ဦး ခေါင်းမဖော်။

"မြင့်သန်းပါလား"

"မပါပါဘူး။ ကျွန်တော် တစ်ယောက်တည်းပါ။ မြင့်သန်း သိတောင် မသိပါဘူး။ ကရင်ရွာဆိုင်းဝိုင်းမှာ သူကနေတုန်း ကျွန်တော် ဆိုင်ကယ်နဲ့ ပြန်လာပြီး သတ်တာပါ"

"သံဆူးကြိုးကာထားတဲ့ ဘက်က ဝင်တာမို့လား"

"ဟုတ်ပါတယ်။ သံဆူးကြိုးနဲ့ ခြစ်မိတာပါ"

"ဘာလို့ သတ်တာလဲ"

"ကျွန်တော့်ကို မတူမတန် ထွီထွမ်လုပ်လို့ပါ"

သိန်းဇော်ဦး (၂၂) နှစ် (ဘ) ဦးတင်ဦး မှန်စီကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း ဒေသကြီး နေသူကို ဆွာရဲစခန်းမှ (ပ) ၄၉/၂၀၁၃ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် ဖမ်းဆီးလိုက်သည်။

အောင်ဘုန်းဝေ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





ကျော်ဝင်း (ဘုတလင်)

# ရုံးသျှ ကုန်းကျောမှပေါ

သင်းသင်းမြိုင် အလုပ်က ဗန်းကို ခေါင်းပေါ်ရွက်ပြီး ပန်းရောင်းသူ။

ပန်းရောင်းတဲ့ အလုပ်က လွယ်တဲ့ကိစ္စမဟုတ်။

အိပ်ချင်တိုင်း အိပ်လို့မရ။ နံနက်စောစော သုံးနာရီ အိပ်ရာထ၊ မျက်နှာသစ်၊ အဝတ်အစားလဲ၊ သနပ်ခါး လိမ်းချယ်ပြီး ဗန်းကို ခေါင်းပေါ်ရွက်၊ နေထိုင်တဲ့ ရပ်ကွက်ကနေ ပန်းဈေးရှိရာ ဘုရားနီပန်းဈေး ငါးနာရီထက် နောက်မကျအောင် တစ်မိုင် ကျော်ကျော်ဝေးတဲ့ခရီးကို နေ့စဉ် ခြေလျင် လျှောက်ပြီးသွားရတယ်။

ပန်းစိုက် တောင်သူများက ကိုယ်တိုင်ထက်ဆိုးတယ်။ နံနက်စောစော ပန်းဈေးအဓိ သွားရောင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



ညနေကတည်းက ပန်းခင်းဆင်း၊ ပန်းကိုခူးကြရပြီး ရေဆေး၊ ပန်းများကိုစည်း၊ အဝတ်ကိုရေဆွတ်ပတ်စီးကြရပြီး ညဦးသန်းခေါင်ကျော်သည်နှင့် လှည်း၊ ထော်လာဂျီ၊ ဆိုင်ကယ်တို့ဖြင့် ပန်းဈေးကိုမိုးမလင်းမီ အရောက်လာကြရတယ်။

ပန်းစိုက်ပျိုးတဲ့ပန်း တောင်သူတို့မှာ ပန်းဆိုတဲ့စကားနှင့်အညီ အလွန်ပင်ပန်းတဲ့အလုပ်။ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်ပင်ပန်းဆင်းရဲစွာ ရေ တစ်နေ့နှစ်ကြိမ်လောင်းမှ ပန်းထွက်ကောင်းသည့်အတွက်ကြောင့် အလွန်ပင်ပန်း ဆင်းရဲလွန်းလှပါတယ်။

❖❖❖

သင်းသင်းမြိုင် သူ့ရဲ့နာမည်လေးက ပန်းရနံ့သင်းသော်လည်း သင်းသင်းမြိုင်ဘဝက ပန်းရနံ့လေးလို မွှေးပြီး ပန်းပွင့်အလှကဲ့သို့လည်း မလန်းဆန်းနိုင်ခဲ့ပါ။

သင်းသင်းမြိုင် ငါးနှစ်ခြောက်နှစ်အရွယ် မိဘနှစ်ပါးကွယ်လွန်သွားကြတော့ အစ်မဖြစ်သူ ဒေါ်သင်းသင်းလှိုင်နှင့် နေခဲ့ရပြီး မူလတန်းနှင့် ကျောင်းထွက်ခဲ့ရာမှ အရွယ်မရောက်တရောက် ဆယ့်သုံးနှစ်သမီးကာစပြီး အစ်မ ဒေါ်သင်းသင်းလှိုင် လုပ်ကိုင်သည့် ပန်းရောင်းသည့်အလုပ်ကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခဲ့ရာမှ ယခုတော့ သန်းသန်းမြိုင် ပန်းသည်ဘဝ လုံးလုံးရောက် နေခဲ့ပါပြီ။

အစ်မ ဒေါ်သင်းသင်းလှိုင် ယောကျ်ားက ကားသမား။ အိမ်ချင်းကပ်လျက်က မတင်အေးတို့အိမ်။ မတင်အေးယောကျ်ားကလည်း ကားသမားဆိုတော့ နှစ်အိမ်တစ်အိမ် ဆွေမျိုးအရင်းအချာတွေလို ခင်မင် ရင်းနှီးနေကြတယ်။ ကိုယ့်အိမ်ဝင်း၊ သူ့အိမ်ဝင်း ဝင်းထရံတောင် အကာအဆီးမရှိကြဘဲ အမြဲမပြတ် ဝင်ထွက် သွားလာလျက်ရှိကြတယ်။

သင်းသင်းမြိုင် အရွယ်ရောက်လာပြီး အသက်နှစ်ဆယ်အရွယ်တွင် တစ်ရပ်ကွက်တည်းနေ ကျော်ဇံဆိုသည့် ဆိုက်ကားသမားနှင့် အိမ်ထောင်ကျခဲ့ရာမှ နှစ်နှစ်လောက်ပေါင်းပြီး သမီးလေးတစ်ယောက် မွေးဖွားအပြီး၊ ကျော်ဇံ ဆိုက်ကားမနင်းတော့ဘဲ အဖော်ကောင်းတာနှင့် ဇနီးနှင့် သမီးကိုထားခဲ့ပြီး ဟုန်းမလင်းမြို့နယ် ဥရုချောင်းအတွင်း ရွှေမျောတိုက် လိုက်သွားခဲ့ရာ ငှက်ဖျားမိပြန်လာခဲ့ရာမှ ကျော်ဇံငှက်ဖျားရောဂါနှင့် ဦးနှောက်တွင်း ငှက်ဖျားပိုးရောက်ပြီး ကွယ်လွန်သွားခဲ့တယ်။ သင်းသင်းမြိုင်အသက် နှစ်ဆယ့် ငါးနှစ်အရွယ်မှာ လင်ယောကျ်ား ကျော်ဇံဆုံးသွားပြီး သမီးတစ်ယောက်မိခင်မုဆိုးမဘဝဖြင့် အစ်မ ဒေါ်သင်းသင်းလှိုင်အိမ်မှာပဲ ပန်းသည်ဘဝဖြင့် အတူ လုပ်ကိုင်စားသောက်နေခဲ့ရပါသည်။

အစ်မဖြစ်သူ ဒေါ်သင်းသင်းလှိုင်မှာ သူ့ရဲ့ ညီမလေး သင်းသင်းမြိုင် ငယ်ငယ်ရွယ်ရွယ်နှင့် လင်သေဆုံးသွားသည့်အတွက် ညီမ သင်းသင်းမြိုင်မွေးသော တူမလေးကို သားသမီးအရင်းပမာ ပြုစုစောင့်ရှောက်ပေးရှာသည်။

ဒေါ်သင်းသင်းလှိုင်က တူမလေးကို တယုတယ ချစ်သလိုအိမ်နားနီးချင်း မတင်အေးတို့လင်မယားကပါ သားသမီးမရှိကြတဲ့အတွက် သင်းသင်းမြိုင်နဲ့သမီးလေးကိုပဲ ဝိုင်းချစ်နေကြလို့

www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းမြိုင် ကလေးကိုနို့တိုက်ရုံမှအပ သူကိုယ်တိုင်ကိုချီရသည်မရှိလောက်အောင် ကလေးကိုချစ်ကြတယ်လေ။

မတင်အေးရဲ့မောင်တော်သူမောင်ခွေဝင်းဆိုသူကလည်းကားနောက်လိုက်လုပ် နေရာမှ ကားမထွက်ရသည့်အချိန် အစ်မဒေါ်တင်အေးအိမ်က ပြန်သည်မရှိဘဲ သင်းသင်းမြိုင်ရဲ့သမီးလေးကို လက်ပေါ်ကမချ။

မောင်ခွေဝင်းမှာ လူပျိုကြီးဖြစ်ပြီး အခြားရပ်ကွက်တွင် နေထိုင်သော်လည်း အားသည့် နေ့တိုင်း အစ်မ အိမ်လာ၊ အစ်မအိမ်စား၊ သင်းသင်းမြိုင်ကလေးထိန်းဖြင့် သင်းသင်းမြိုင်တို့အိမ်က ပြန်သည်မရှိ။

သင်းသင်းမြိုင်မှာ ကျော်ဖဲဆုံးပြီး စိတ်ထောင်းကိုယ်ကျေဖြစ်ပြီး စိတ်ပန်းကိုယ်ပန်း ဖြစ်ခဲ့ရာသမီးလေး တစ်ယောက်နှင့် အရိုးပေါ် အရေတည်းလောက်အောင်ခံစားခဲ့ရပြီး ယခုတော့ သမီးလေးက နို့လွတ်ပြီး နှစ်ခါလည်အရွယ်ရောက်၊ ချီမည့်၊ ပိုးမည့်၊ ချစ်မည့်သူက ပေါလေတော့သင်းသင်းမြိုင် စိတ်ပေါ့ပါး၊ ကိုယ်ပေါ့ပါး ဖြစ်လာခဲ့ရာမှ ပါးပေါ်လည်း သနပ်ခါး တင်လာခဲ့ပြီ၊ ဝတ်ကောင်းစားလှလေးတွေ ရွေးဝတ်၊ နံနက်စောစော အိပ်ရာထ၊ ဘုရားနီပန်းဈေးတန်းသွား၊ ပန်းတွေဝယ်ပြီး မုံရွာမြို့အရပ်တကာစုံအောင် ပန်းရောင်း ထွက်ရသည့်အလုပ်ကို လန်းလန်းဆန်းဆန်းဖြင့် ပျော်ရွှင်ချမ်းမြေ့လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



**မြည်တွင်း၊ မြစ်ရော်မှုန်**

သင်းသင်းမြိုင် နံနက်စောစော မိုးမလင်းမီ ဘုရားနီပန်းဈေး ပန်းဝယ်သွားမှန်း သိသော ဆွေဝင်းက သူနေသော ရပ်ကွက်ကနေ သင်းသင်းမြိုင် တစ်ယောက်တည်း ပန်းဝယ်ထွက်သည့် အချိန်ကိုသိတော့ စက်ဘီးနှင့် စောစောအိပ်ရာထပြီး သင်းသင်းမြိုင်သွားနေကြလမ်းကစောင့်၍ သင်းသင်းမြိုင်ကို စက်ဘီးကယ်ရီယာပေါ်တင်ပြီး လိုက်လိုက်ပို့တယ်။

သင်းသင်းမြိုင်မှာ ဆွေဝင်း စောစောစောင့်ပြီး ဈေးလိုက်ပို့ပေးသည်ကို ခင်မင်နေကြသူများလည်းဖြစ်၊ သူ့သမီးလေးကို ချိုပွေ့ထိန်းသိမ်း ပေးနေသူဖြစ်ခြင်းကြောင့် ငြင်းဆန်ခြင်း မပြုဘဲ လက်ခံခဲ့ တယ်လေ။

သင်းသင်းမြိုင်မှာယောကျ်ား ဆုံးပြီးတာ နှစ်နှစ်လောက်ကြာလာတော့ သေသောသူ ကြာလျှင် မေ့ ဆိုသည့်စကားပုံလို ကျော်ဇံကို မေ့စပြုပြီး ဆွေဝင်းနောက်က စက်ဘီးပေါ် ထိုင်လိုက်ရသည်ကို သာယာခဲ့ပြီ။

ဆွေဝင်းကားမထွက်ရသည့် အချိန်တိုင်း သင်းသင်းမြိုင်တို့အိမ်က ပြန်သည်မရှိ။ သင်းသင်းမြိုင်ရဲ့ တူမလေး ကျောင်းပိတ်သည့်ရက်များတွင် တူမလေးကိုခေါ်၍ ရုပ်ရှင်ကြည့်သွားခြင်း။ ဘုရားဖူးသွားခြင်းတို့ကိုပါ အတူသွားအတူ လာဖြစ်နေခဲ့ကြပြီ။

❖❖❖

သင်းသင်းမြိုင်နှင့် ဆွေဝင်း အတူသွားအတူလာ များခဲ့ရာမှ ရက်မှလ၊လမှနှစ်၊ နှစ်နှစ်ခန့်ကြာလာသောအခါ တစ်ရက်တွင် မူလတန်းကျောင်းပိတ် ဝါတွင်း ဥပုပ်နေ့ညနေ (၆) နာရီခန့် ဘုရားဖူးနှစ်ယောက်ထဲ စက်ဘီးနှစ်ယောက် စီးပြီးလာခဲ့ကြရာမှ။

အခြားရပ်ကွက်ထဲရှိဘုန်းကြီးကျောင်းဝင်းတောင်ပိုင်း လူပြတ်သော နေရာအရောက် စက်ဘီးကို ရပ်လိုက်ပြီး။

ဒို့ ခဏထိုင်ပြီး စကားပြောကြစို့တဲ့။

ထိုင်ပေါ့ ... နှစ်ယောက်သားစက်ဘီးကို ဂန္ဓာရပင်ကို ကွယ်ရပ်ပြီး၊ ကျောင်းသားများနေ့အခါ စာထိုင်ဖတ်သော၊ ရှင်းလင်းထားသည့် ဂန္ဓာရုံတစ်ရုံ နောက် ဝင်ထိုင်လိုက်ကြပြီး။

မောင်ရီပြုံးစ လူသုံ့ အသွားအလာ ပြတ်လပ်သည့်အချိန် တစ်ယောက်နှင့် တစ်ယောက် စကားမပြောကြဘဲ ထိုင်နေခဲ့ရာမှ။

ဆွေဝင်းကစတင်၍ -

"သင်းသင်းမြိုင်" တဲ့

"ဘာတုန်း ဆွေဝင်း" ဆွေဝင်းအတန်ကြာ စကားမပြောဘဲ ရပ်ထားပြီးမှ။

မပွင့်တစ်ပွင့်ပြောလိုက်တာက ....

"သင်းသင်းမြိုင်ကို ချစ်တယ်" တဲ့။

"ဖြစ်ပါမလား ဆွေဝင်းရယ်၊ ငါက မုဆိုးမကလေးတစ်ယောက်အမေ··· နင့်အစ်မ ··· နင့်မိဘတို့က သဘောတူပါမလား ··"

"ငါလေ ··· တစ်ခါထပ်ပြီး ဒုက္ခရောက်မှာ စိုးပါတယ်··· ဆွေဝင်းရယ်"

"နင်ဒုက္ခမရောက်စေရဘူး ငါလေ ·· ငါအစ်မကိုလည်းပြော

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အမေကိုလည်း ပြောမယ် …။ ပြောပြီးရင် နင့်ကို ငါ မင်္ဂလာဆောင်ယူမယ် …။ ကဲ နင်ယုံပြီလား”

“ငါလေ နင့်ဘက်ကပျက်မှာ ကြောက်တယ်”

“မကြောက်ပါနဲ့ အချစ်ကလေးရယ်၊ စိတ်ချပါ သူတို့က သဘောမတူလျှင် နင့်ကို ခိုးပြေးပြီးပေါင်းမယ် ယုံပြီလား…”

ဒီလိုနှင့် သူတို့ နှစ်ယောက် ……။

ရက်တွေ လတွေ ကြာလာခဲ့ရာမှ၊ နှစ်ဘက်လူကြီးတွေကို အသိမပေးကြဘဲနှင့်။ သင်းသင်းမြိုင် ခေတ်ဆေးဝါးများကို အသုံးမပြုဘဲ နေလာခဲ့ကြရာမှ။ သင်းသင်းမြိုင်ဘေးလူတွေ မရိပ်မိအောင် အင်္ကျီဖားဖားကြီးကို ထဘီဖုံးဝတ်ပြီးတော့မှ ပန်းရောင်းနေခဲ့ရာ ခြောက်လကျော်၍ ခုနစ်လထဲ ရောက်ခဲ့ပါပြီ။

လုံးဝ မျှော်လင့်မထားသော ညတစ်ည။

သင်းသင်းမြိုင် စောစောအိပ်ပေါ်တက်၊ အိပ်ခန်းတွင်းဝင်၊ အိပ်ရန် တက်သွားခိုက် ဒေါ်သင်းသင်းလှိုင်တို့ လင်မယားနှင့် ကျောင်းသူသမီးတို့အတူ မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်နေသော ကိုးရီးယားဇာတ်လမ်း တွဲကြည့်နေခိုက်။

သင်းသင်းမြိုင် အိပ်ခန်းဆီမှ ရုတ်တရက် မွေးကင်းစ ကလေးငိုသံကြားလိုက်တာက။

“အူဝဲ …. အူဝဲ …. အူဝဲ ….. အူဝဲ”

ကိုးရီးယား ဇာတ်လမ်းတွဲ ထိုင်ကြည့်နေကြသော ဒေါ်သင်းသင်းလှိုင်၊ ဒေါ်သင်းသင်းလှိုင် ယောက်ျားနှင့် ကျောင်းသူသမီးလေးတို့ ထိပ်ထိပ်ပျာပျာဖြစ်သွားကြပြီး။ ဒေါ်သင်းသင်းလှိုင် … ညီမ သင်းသင်းမြိုင် အခန်းရှိရာ ပြေးတက်ပြီး ကြည့်လိုက်ရာ။

သင်းသင်းမြိုင် အိပ်ရာထဲတွင် ကလေးမွေးပြီး ငိုနေသော မွေးကင်းစကလေး အချင်းတန်းလန်းနှင့် တွေ့လိုက်ရတော့။

“ဟင်.. ဘယ် .. လို.. ဖြစ်တာလဲ …. ဘယ်လိုဖြစ်တာလဲ ….. သင်းသင်းမြိုင်ရယ်”

သင်းသင်းမြိုင် နာကျင်မှုကို ကျိတ်မှိတ်ခံစားရင်း ….။

“ကျွန်မ … ကျွန်မ … ကျွန်မ .. ကလေး .. ကျွန်မ ကလေးပါ အစ်မရယ်”

ဒေါ်သင်းသင်းလှိုင် ညီမကို စကားပြော ချိန်မရတော့ဘဲ အချင်းတန်းလန်းနှင့် ကလေးအား အိမ်တွင်ရှိသော ရရာဓားနှင့် အချင်းကိုဖြတ်၊ ကလေးကို ရေမိုးချိုးသန့်စင်ပြီးတော့ ရရာ ထဘီစုတ်များနှင့် ပတ်ခွေပြီးတော့မှ။

အိပ်ယာထဲခွေခွေ လေးနေသော သင်းသင်းမြိုင်အား …

“ဟဲ့ အမိုက်မ … ခွေးမ … နင်ဒီကလေး ဘယ်သူနဲ့ရတာလဲ….”

“ကျွန်မ ..ကျွန်မ ဆွေဝင်းနဲ့ရတဲ့ ကလေးပါ”

“မိုက်လိုက်တဲ့ ခွေးမ … ဒီအခြေအနေကို ရောက်နေတာတောင် လူကြီးတွေကို အသိမပေးဘဲ ဖုံးဖိထားတဲ့ မိန်းမ”

“ကျွန်မ ခုနစ်လထဲ ရှိသေးလို့ … ဒီလို ဖြစ်လိမ့်မယ်မထင်လို့ မပြောတာပါ အစ်မရယ်…။ ပြီးတော့ ဆွေဝင်းကိုပြောတော့ စိတ်ချပါတဲ့… သူဒီတစ်ခေါက် ကားကပြန်လာလျှင် လူကြီးတွေပြော အသိပေးပြီး တောင်းမယ်လို့ ပြောထားလို့ပါ”

www.burmeseclassic.com



"မိုက်လိုက်တဲ့ ခွေးမရယ်"

အခုတော့ ဖုံးသမျှ ကုန်းတော့မှ ပေါ်ကုန်ကြပြီ။

နောက်ရက် နံနက် လင်းလျှင် လင်းချင်း၊ ဒေါ်သင်းသင်းလှိုင် အိမ်ချင်းကပ်လျက် မတင်အေးတို့ လင်မယားကို ခေါ်ပြီး၊ သင်းသင်းမြိုင်ကိစ္စ အကျိုးအကြောင်းရှင်းပြပြီး လူကြီးများနှင့် ပြောဆိုကြရန် ပြောပြရာ။

"အေးလေ ကျွန်မခွေဝင်းကိုလည်း မေးပါဦးမယ်။ ခွေဝင်းက ဟုတ်တယ်လို့ ဝန်ခံလျှင် အဆင်ပြေအောင် လုပ်မယ်"

ခွေဝင်း ပြန်အလာစောင့်ပြီး ခွေဝင်းအား ဒေါ်တင်အေးက မေးမြန်းရာ ခွေဝင်းက သူနှင့် မဟုတ်ကြောင်း ငြင်းဆိုခဲ့သဖြင့် ဒေါ်သင်းသင်းလှိုင်အား ပြန်ပြောပြရာ၊ ဒေါ်သင်းသင်းလှိုင်က ညီမအတွက် အရှက်တကွဲ အကျိုးနည်း ဖြစ်ရတော့မည့်ကိစ္စကြောင့်၊ ဒေါ်တင်အေးအား အောက်ကျနောက်ကျခံပြီး ပြောသော်လည်း။

ဘယ်လို့မှ ပြောမရဘဲ အတင်း ငြင်းဆန်နေရုံမျှမက ခွေဝင်းကိုပင် သူ့ထံ၊ သူ့အိမ်လုံးဝ မလာရတော့ဘဲ တားမြစ်ထားလိုက်ပြီး၊ ဒေါ်တင်အေးကိုယ်တိုင် ဒေါ်သင်းသင်းလှိုင်တို့အိမ်ဘက် အဆက်အသွယ်ဖြတ်လိုက်ပြီး ဘာမှမဆိုင်သလို နေလိုက်ကြသဖြင့်။

❖❖❖

သင်းသင်းမြိုင် မီးထွက်ပြီး နောက်ရက်၊ ဒေါ်တင်အေးအိမ်သွားရောက်ပြီး ခွေဝင်းကို ခေါ်ပေးရန်နှင့် မိဘများကိုခေါ်ပြီး ဒေါ်သင်းသင်းလှိုင်ထံလာရောက်ရန်ပြောခဲ့ရာ၊ ဒေါ်တင်အေးက ခေါ်လည်း မပေးနိုင်ကြောင်း၊ ပြောလည်း မပေးနိုင်ကြောင်း၊ သူ့မောင်ကိုမေးပြီးပြီ ဖြစ်ကြောင်း သူနဲ့ ရတဲ့ကလေး မဟုတ်တဲ့အတွက် မတောင်းနိုင်ကြောင်း ပြောပြီး။

"ညည်းငါ့မောင် ညည်း



www.burmeseclassic.com

www.burmeseclassic.com



ထင်ရာ၊ ညည်းလုပ်ပြီးမှ လှည်းကျိုးတော့ အထမ်း မခိုင်းပါနဲ့အေ၊ ညည်းပြန်ပါ‥ ဒါနှင့် ပတ်သက်ပြီး လုံးဝ လုပ်မပေးနိုင်ဘူး၊ နောက်ထပ် မပြောပါနဲ့"

"ဒေါ်တင်အေးရယ် ကျွန်မ မလိမ်ပါဘူး၊ မညာပါဘူး ‥‥ သူနဲ့ရတဲ့ ကလေးပါ ‥‥ ကျွန်မကို ဆွေဝင်းက ဒီမိုက်နှင့် ပတ်သက်ပြီး၊ ဘယ်သူ့မှ မပြောနဲ့ ‥‥ ဘယ်သူမှမသိစေနဲ့၊ ငါနှင့်ကို ယူမယ်၊ ပေါင်းမယ် ဆိုလို့၊ ကျမသူ့ကို ယုံပြီးနေခဲ့တာပါ ဒေါ်တင်အေးရယ်"

"ညည်းစကား ငါ မကြားချင်ဘူး"

သင်းသင်းမြိုင် ဒေါ်တင်အေးအိမ်မှ ငိုပြီး ထွက်ခဲ့ရပါတော့သည်။

သင်းသင်းမြိုင် အစ်မ ဒေါ်သင်းသင်းလှိုင်၏ အဆိုအငေါက်ခံပြီး ဆွေဝင်း သူ့ထံကိုလာပြီး တစ်နေ့နေ့၊ တစ်ချိန်ချိန် လာပြီး ပြောမှာပဲဆိုပြီး စောင့်ဆိုင်းနေခဲ့ရာ၊ သုံးလကြာသည်အထိ ဆွေဝင်း မျက်နှာကိုတောင် မမြင်ရ၊ မတွေ့ရတော့သည့်အတွက်။

မြို့နယ်တရားရုံး ဦးတိုက်လျှောက်ထားရန် ဆုံးဖြတ်ပြီးနောက် မုံရွာမြို့နယ် တရားရုံးရှိ လျှောက်လွှာစာရေးမ မစန္ဒာဝင်းထံ လျှောက်လွှာ အရေးခိုင်းပြီး မုံရွာမြို့နယ် တရားရုံးတော်သို့ မသင်းသင်းမြိုင် ကိုယ်တိုင်တရားလို ပြုလုပ်၍ တရားခံမောင်ဆွေဝင်းအပေါ် အရေးယူပေးပါရန် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ဖြင့် ဦးတိုက်လျှောက်ထားတရားစွဲဆိုလိုက်ပါသည်။

မုံရွာမြို့နယ် တရားရုံးတော်မှ မသင်းသင်းမြိုင်၏ ဦးတိုက်လျှောက်ထား စွဲဆိုသော အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ ဖြင့် ပဏာမ စစ်ဆေးပြီး၊ အမှုကိုလက်ခံ၍ တရားလိုနှင့် တရားလိုကပြသည့် သက်သေများကို စစ်ဆေး ပြီးနောက်။

တရားခံ မောင်ဆွေဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ဖြင့် စွဲချက်တင်ခဲ့ရာ၊ တရားခံက အပြစ်မရှိကြောင်း ငြင်းဆိုပြီး ကိုယ်တိုင်သက်သေအဖြစ် အစစ်ခံခြင်း တရားခံပြသက်သေ တင်ပြခြင်းတို့ကြောင့်၊ ရုံးတော်မှ တရားခံနှင့်တရားခံက တင်ပြသည့် သက်သေတို့အား စစ်ဆေးပြီးနောက်။

တရားခံမောင်ဆွေဝင်းအား ရုံးတော်မှ အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး အလုပ်နှင့် ထောင်ဒဏ်တစ်နှစ် ချမှတ်လိုက်ပါသည်။

ဤဖြစ်ရပ်မှန်သည် ၂၀၁၀ ခုနှစ်အတွင်းက အမှန် တကယ်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုဖြစ်၍ အမည်နာမ၊ ရပ်ကွက်တို့ကို မဖော်ပြဘဲ ပြောင်းလဲ ဖော်ပြရေးသား တင်ပြလိုက်ပါသည်။

ကျော်သောင်း
(ဘုတလင်)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





## တောင်တွင်းတင်အေး

# အများပိုင် ကျန်ရုံသိုင် ပေါက်ကွဲမှု

**လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ကျော်က အကြံကြီးသော ဒုစရိုက်သမားတို့ လှုပ်ရှားပုံနှင့် ထက်မြက်သည့်ရဲတပ်ဖွဲ့ဝင်တို့၏ ကြိုးပမ်းအားထုတ်မှုကို ပြန်လည်မြင်ယောင်နိုင်မည် ……..**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းရဲတပ်ဖွဲ့မှူးရုံး (ယခင်အခေါ် စုံထောက်ဌာန) (ယခုမှူခင်း ကြိုတင်ကာကွယ် တားဆီးရေးအဖွဲ့) တွင် စာရေးသူ ဌာနစိပ်မှူးအဖြစ် တာဝန်ယူဆောင်ရွက်နေစဉ် မှတ်မှတ်ရရ နံနက် (၁၀) နာရီခန့် အချိန် ရုံးခန်းအတွင်း တစ်နေ့တာ ရန်ကုန်မြို့အတွင်း ဒုစရိုက်မှုများ မဖြစ်ပွားရအောင် တာဝန်ချထားရန်အတွက် မိမိ ဌာနရှိ အရာရှိအကြပ်ကြီး အကြပ်တပ်

www.burmeseclassic.com

www.burmeseclassic.com



သားများ၏ မြို့ပေါ်စေလွှတ်ရန် စာရင်းကို ပြုစုနေစဉ်...

ဌာနမှူး ဦးမြမောင် (ဒုရဲမှူး၊ ယခုရဲမှူး-ကွယ်လွန်) မှ လာတွေ့ရန် ခေါ်သဖြင့် သွားရောက်တွေ့ဆုံခဲ့ရာတွင် "ကဲ... မောင်တင်အေး...ထိုင်ဦးကွာ... ပြီးခဲ့တဲ့ညက ဆရာတို့ရဲ့ လောကမှာ တစ်ခါမှ မကြားဘူး၊ မဖြစ်ဘူးသေးတဲ့ သာကေတ (...) ရပ်ကွက်က ပြည်သူ့ဆိုင်ကို လူဆိုး (၃) ယောက် ညစောင့်ကို သေနတ်နဲ့ ချိန်ပြီး ဆိုင်မှာရှိတဲ့ ကောင်းတဲ့ပစ္စည်းမှန်သမျှ (လော်လီကား) နဲ့ သယ်ယူသွားတဲ့အမှု ပေါ်ပေါက်ခဲ့တယ်...

အခု ဆရာ့ကိုခေါ်ပြီးတိုင်း ရဲတပ်ဖွဲ့မှူး ဦးထင်ကျော် (ယခုရဲချုပ်-ကွယ်လွန်) က ဒီအမှုကို သာကေတရဲစခန်းကနေ စစ်ဆေးနေမယ်ဆိုရင် သူတို့မှာ အခြားရဲလုပ်ငန်းတွေနဲ့ ပီပီပြင်ပြင် စစ်ဆေးနိုင်မှာ မဟုတ်ဘူး။ ဒီတော့ ဆရာတို့ဌာနကပဲ သာကေတ မြို့နယ်မှူးတို့ စခန်းမှူးတို့နဲ့ ပူးပေါင်းအမှုတွဲ လွှဲယူပြီး တိုင်းရုံးကတော့ မင်းကိုပဲ နာမည်တတ်ပြီး ရဲအုပ် မောင်တင်အေး ကိုယ်တိုင်ကွပ်ကဲပြီး စစ်ဆေး အမှုတွဲ လွှဲယူဖို့ အမိန့်ပေးလိုက်တယ်"

"ဟုတ်ကဲ့ပါဆရာ... ကျွန်တော်အခုပဲ သာကေတရဲစခန်းကို သွားပြီး မြို့နယ်မှူးစခန်းမှူးတို့ဆီက အမှုတွဲလွှဲယူပြီး ပူးပေါင်း စစ်ဆေးလိုက်ပါမယ်"

"အေး...အေး...ကောင်းတယ်...ဒီတော့ မင်းကြိုက်တဲ့ ဒုရဲအုပ်တစ်ယောက်၊ တပ်ကြပ်ကြီး တစ်ယောက်လည်း တွဲဖက်ခေါ်သွား၊ ဆရာလည်း တာဝန်မှူးကြီးကနေ တဆင့် (သာကေတ) ရဲစခန်း မြို့နယ်မှူးနဲ့ စခန်းမှူးကို မင်းလာမယ်ဆိုတဲ့ အကြောင်းကြိုပြီး ပြောထားနှင့်မယ်..."

"ဟုတ်ကဲ့ပါဆရာ... ကျွန်တော် ဆရာတို့ သင်ကြားပေးတဲ့ တကယ့် ရဲအတတ်ပညာ စစ်စစ်နဲ့ အမှု ပေါ်ပေါက်အောင် ကြိုးစား ဆောင်ရွက်သွားပါမယ်"ဟု အမိန့်နာခံပြီး ဆရာ့အား အလေးပြု၍ ထွက်လာခဲ့ပါသည်။

ချက်ချင်းဆိုသလိုပင် ဒုရဲအုပ်ဦးကျော်သိန်း၊ တပ်ကြပ်ကြီး ထွန်းမြင့်တို့ကို အကျိုးအကြောင်း ပြောပြပြီး သာကေတရဲစခန်းသို့ ခရီးဆက်ခဲ့ကြပါသည်။ ရဲစခန်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးခင်လတ်နှင့် စခန်းမှူး ဦးတင်ဝင်းတို့ အသင့် ကြိုဆိုစောင့်နေကြပါသည်။

မြို့နယ် ရဲတပ်ဖွဲ့မှူးမှ "အခုပဲ ဆရာတို့ရောက်လာမယ်ဆိုလို့ ကျွန်တော် ပြည်သူ့ဆိုင်နဲ့ ပတ်သက်တဲ့ လူကြီးတွေခေါ်ထားပါတယ်။ ပါဆုံးသွားတဲ့ ပစ္စည်းတွေကတော့ စစ်ဆေးတုန်းပါပဲ ဆရာ....

ကျွန်တော်တို့လည်း ဒီအမှုကြီး မနက်ခင်းဝင်လာကတည်းက ခေါင်းခဲနေကြတာ။ အခုတော့ ကျွန်တော့်အတွက် ခေါင်းအေးရပြီပေါ့ ဆရာ..."

"ဒါပေါ့ဗျာ...။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေဟာ ဘယ်အမှုမျိုးမဆို ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရင် အောင်မြင်ရမှာပေါ့ဗျာ...။ ဒါလည်း ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တိုင်းရဲ့ တာဝန်ပဲပေါ့ဗျာ...။

ကဲ....ဒီတော့ မြို့နယ်မှူး ကျွန်တော်တို့ ညကဖြစ်တဲ့ (...) ရပ်ကွက်က ပြည်သူ့ဆိုင် တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ထဲ သွားကြတာပေါ့…။ လူကြီးတွေပါ ခေါ်ခဲ့ပေါ့ဗျာ..''

❖❖❖



ပြည်သူ့ဆိုင်မှာ (၃) ခန်းတွဲ သွပ်မိုး၊ ပျဉ်ကာ ရှေ့တိုင်ဆင်ဝင်ပေါက်၊ နောက်ဖက်တွင် သစ်သားတံခါး တစ်ချပ်၊ ဆိုင်ခန်းခေါင်းရင်းက (ကစားကွင်းလုပ်ရန်ထားသော မြေကွက်လပ်)၊ ခြေရင်းတွင် တဲသာသာရှိသော ကုလား လက်ဖက်ရည်ဆိုင်၊ ဆိုင်ရှေ့က တစ်ထပ်နေအိမ် (လူမနေ) တို့ကို တွေ့ရှိရပါသည်။

ရှေးဦးစွာ ပြည်သူ့ဆိုင်ညစောင့် အသက် (၆၀) ကျော် ဦးစံတင်အား ညကအဖြစ်အပျက်အားလုံး အမှန်အတိုင်း ပြောပြရန် မေးရာတွင်….

''ဒီလိုပါ ဆရာလေး။ ကျုပ်ညက (၂) နာရီလောက်က ဆိုင်ရှေ့မှာ ချမ်းတာနဲ့ မီးဖို၊ ရေနွေးအိုးတည်ပြီး မီးလှုံနေတဲ့အချိန် ဆိုင်ရှေ့လမ်းပေါ်မှာ ကားရပ်သံကြားရပါတယ်။

ပြီးတော့ လူ ၃ ယောက်ဝင်လာတော့ ကျုပ်လည်း အိမ်မသိလို့ မေးမယ့်လူတွေလို့ ထင်လိုက်မိပါတယ်။ ပြီးတော့ ကျုပ်နားကို တစ်ယောက်လာပြီး ဘကြီး ချမ်းနေသလား၊ နွေးသွားရမှာပေါ့လို့ ပြောရင်း ကျုပ်နဖူးကို တစ်ခုခုနဲ့ ထောက်လိုက်ပြီး မသေချင်ရင် မအော်နဲ့လို့ ပြောပြီး ကျုပ်ပါးစပ်ကို ပလာစတာနဲ့ ပိတ်လိုက်ပါတယ်။ နောက် ကျုပ်ကို လက်ပြန်ကြိုးတုပ်ပြီး ဆိုင်နောက်ဖက်ခေါ်သွားတယ်။

တစ်ယောက်က ဆိုင်ကနောက်တံခါးကို (သံတူရွင်း) နဲ့ ထိုးခွာပြီး ဆိုင်ထဲကို ဝင်ကြတယ်။

ကျုပ်ကိုတော့ ဆိုင်နောက်က စက္ကူပုံးတွေထားတဲ့ နေရာမှာထားပြီး ကျုပ်မျက်လုံးကို ပလာစတာနဲ့ ပိတ်ပြီး မသေချင်ရင် ဒီမှာထိုင်နေလို့ ပြောပါတယ်။

နောက် ဆိုင်ထဲကို ထား ဝင်လာတဲ့ အသံကြားရတော့ ဆိုင်ထဲက ပစ္စည်းတွေယူပြီးတော့

www.burmeseclassic.com



ကားပေါ်ကို တင်နေသံကြားရတယ်။

နာရီဝက်လောက်ပဲ ထင်တယ် ဆရာလေးတို့ရယ်။ ကားမောင်းထွက်သွားသံကြားမှ ကျုပ်လည်း သူတို့မရှိတော့ဘူး ဆိုပြီး ခြေရင်းက ကုလားမောင်စိန် လက်ဖက်ရည်ဆိုင်ကို ကြားရအောင် နောက်ဖေးက အော်တော့မှ မောင်စိန်ရောက်လာလို့ ကြိုးကို ဖြေပေး။ ပလာစတာကို ခွာပေးလိုက်တော့မှ အကျိုးအကြောင်း ပြောပြလိုက်ပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးသက်ဝေအိမ်ကို သွားအကြောင်းကြားလိုက်တာပဲ ဗျာ...”

“အသာ...အခုပြောတာတွေကတော့ ဟုတ်ပြီ။ အဘအနေနဲ့ ဒီလူ (၂) ယောက် ဘယ်အရွယ်လောက်ရှိပြီလို့ ထင်သလဲ။ မှတ်မိသလောက် ပြောပြစမ်းပါ..”

“ဟုတ်ကဲ့ပါ ဆရာလေး။ အင်း...ကျုပ်ကို ချမ်းသလားလို့ မေးတဲ့ လူကတော့ အသက် (၄၀) လောက် ရှိမယ်ထင်တယ်။ နောက်ပြီးတော့ ကျုပ်ပါးစပ်ကို ပလာစတာနဲ့ ပိတ်တဲ့လူဆိုးကတော့ လူငယ်တစ်ယောက်လို့ပဲ ထင်ပါတယ်။ သေချာမမှတ်မိပါတော့ပါဘူး...”

“ဒါနဲ့ မေးပါရစေဦးအဘ....။ ဒီပြည်သူ့ဆိုင်မှာ ညစောင့်လုပ်တာ ဘယ်လောက်ကြာပါပြီလဲ...”

“ကျုပ်လုပ်လာတာတော့ ဒီသာကေတ (....) ရပ်ကွက်တည် ပြည်သူ့ဆိုင်စဖွင့်ကတည်းက ဆိုပါတော့။ (၆) နှစ်ကျော်လောက် ရှိပါပြီ။ ဆရာလေးရယ် ကျုပ်ကလည်း ဒီလမ်းထဲနေတာရယ်... ဥက္ကဋ္ဌကလည်း ညစောင့် လုပ်ပေးပါလို့ ပြောတာနဲ့ လုပ်နေရတာ ဖြစ်ပါတယ်...”

❖❖❖

“ကဲ...ဦးသက်ဝေကကော...ဒီပြည်သူ့ဆိုင်ကို ဘယ်တုန်းကစပြီး တာဝန်ထမ်းဆောင်လာတာလဲ”

“ဆရာရေ...ဒီ (...) ရပ်ကွက်ကို စတင်ပြောင်းလာပြီး ရပ်ကွက်ပြည်သူ့ဆိုင် ဖွဲ့စည်းတည်ထောင်ရမယ်လို့ လမ်းညွှန်လိုက်တဲ့ အချိန်ကစပြီး အစည်းအဝေးခေါ်...ခုလို ငါးဦးကော်မတီဖွဲ့ပြီး ကျွန်တော်တို့ တာဝန်ယူ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ အရောင်းစာရေးမလေး (၂) ဦးကလည်း ဒီရပ်ကွက်ထဲမှာနေတဲ့ ကလေးမလေးတွေ ဖြစ်ပါတယ်။

တကယ်တော့ ဆရာခင်ဗျား။ ကျွန်တော်တို့ ဒီပြည်သူ့ဆိုင်လေးဟာ ရပ်ကွက်ပြည်သူတွေ အတွက် အင်မတန် အဆင်ပြေ စိတ်ချမ်းသာစေတဲ့ အဝတ်အထည်၊ အသုံးအဆောင်မှစပြီး အိမ်သုံးစားကုန် ပစ္စည်းမှန်သမျှ မျှတစွာ ရရှိနိုင်တဲ့ ဆိုင်လေးဖြစ်ပါတယ်။

အခုတစ်ခါတော့...ကျွန်တော်တို့ အံ့ဩမိတာက ပစ္စည်းသစ်တွေ ရောက်တဲ့နေ့ ညမှာ အခုလို ဖြစ်သွားရတာ စိတ်မကောင်း ဖြစ်တာထက်...အံ့ဩမိပါတယ်...ဆရာတို့ရေ...”

“ကျွန်တော်လည်း ဦးသက်ဝေတွေးသလို တွေးမိပါတယ်။ ပစ္စည်းကောင်းတွေရောက်တာကို တစ်နည်းနည်းနဲ့ သိထားပြီး ရပ်ကွက်ပြည်သူတွေကိုတောင် ခွဲတမ်းချပြီး မရောင်းရသေးခင် ချက်ကောင်းစောင့်ပြီး ယူသွားတာပဲ ဖြစ်မယ်ထင်တယ်။

နောက်ပြီး ဦးသက်ဝေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ လူကြီးတွေလည်းဘာပဲဖြစ်ဖြစ် ကိုယ့်အတွင်းပိုင်းမှာလည်း သစ္စာရှိရှိ စုံစမ်းကြည့်စေချင်တယ်။

ပြီးတော့ အဲဒီနေ့ကဆိုင်ကို ပစ္စည်းတွေသွားယူပြီး သယ်လာတဲ့ အငှားကား မော်တော်ယာဉ်က ငှားပြီးပို့နိုင်းတဲ့ ကားလား။ ဒါမှမဟုတ် ခင်ဗျားတို့ခါတိုင်းလည်း ဒီကားနဲ့ပစ္စည်းသယ်ပို့နေကျလား''ဟု မေးရာ

''ဒေါ့ဂျစ်ကားကတော့ ကျွန်တော်တို့ ရပ်ကွက်ထဲမှာရှိတဲ့ ကားလိုမျိုးပါပဲ။ ကားနံပါတ်တော့ မသိလိုက်ရပါဘူး။ အမျိုးအစားကတော့ ကျွန်တော်တို့ ပစ္စည်းသယ်ပို့နေကျ ကားမျိုးလို့ ပြောပါတယ်''

''အရင် ပစ္စည်းသယ်ပို့နေကျ ကားသမားကိုလည်း ကျွန်တော် ခေါ်မေးချင်တယ်။ခေါ်ပေးပါ။ ပြီးတော့ အခုဦး သက်ဝေတို့ အဖွဲ့ကပါ ဆုံးသွားတဲ့ပစ္စည်းစာရင်း ကျွန်တော့်ကို တိတိကျကျ ထုတ်ပေး။ အားလုံး စုပေါင်းဆောင်ရွက်ပြီး စာရင်းပြု စုပေးပါ။ ကျွန်တော်ရဲ့အရာရှိ တစ်ယောက်နဲ့ တပ်ကြပ်ကြီးတို့ ထားခဲ့မယ်။ ကျွန်တော်ရုံးပြန်ပြီး ဖြစ်ရပ်အခြေအနေကို ဆရာတွေဆီ တင်ပြလိုက်ပါဦးမယ်။


ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ကို စိတ်ချပါဦးသက်ဝေ။ ဒီခေတ်ကျွန်တော်တို့ရဲ့တပ်ဖွဲ့ဝင်တွေက အမှုမှန်သဗျူရဲ့ပညာဉာဏ်စွမ်းနဲ့ ပေါ်အောင်ဆောင်ရွက်နိုင်ပါတယ်။

ပြီးတော့ ဒီအမှုကလည်း တကယ်အတွင်းသိမို့လို့ လက်ထောက်ချပြီး ခေါင်းဆောင်လုပ်သွားတာ ဖြစ်မှာပါ။ ပြစ်မှုကျူးလွန်တဲ့ လူဆိုးတွေဆိုတာ ဗရမ်းဗတာ ကျူးလွန်သွားတာမဟုတ်နိုင်ဘူး။ သေချာစုံစမ်းပြီးမှ ကျူးလွန်ကြတာ ဖြစ်မယ်လို့ ကျွန်တော် ထင်တယ်။

ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ အမှောင်ထဲက ရှိနေတဲ့ ပြစ်မှုကျူးလွန်တဲ့ လူဆိုးတွေကိုတော့ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေက အလင်းရောင် အောက်ထဲကို ရောက်လာအောင် ဖော်ထုတ်ပေးရမှာပေါ့ဗျာ…စိတ်ချပါ…''

❖❖❖

ဌာနတာဝန်ခံ (ဒုရဲမှူး) ဆရာဦးမြမောင်မှ ''ဘယ်နဲ့လဲဟေ့ မောင်တင်အေး အမှုအခြေအနေ ဘယ်လိုရှိလဲ'' ဆိုသည့်



www.burmeseclassic.com





အမေးကြောင့်-

"ကျွန်တော် မြို့နယ်မှူး၊ စခန်းမှူး (....) ရပ်ကွက်၊ ပြည်သူ့ဆိုင် တာဝန်ခံဥက္ကဋ္ဌ အဖွဲ့ဝင်တွေ အားလုံးကို အသေးစိတ် စစ်ဆေးခဲ့ပြီးပါပြီ။ ပစ္စည်းစာရင်း အတိအကျတော့ ဒီနေ့ပဲတိတိပပ သိရအောင် လုပ်ပေးပါမယ်။ အရာရှိနဲ့ တပ်ကြပ်ကြီးကို ထားခဲ့ပါတယ်။

အမှုကလည်း ခါတိုင်းဖြစ်ရိုးဖြစ်စဉ် ဖောက်ထွင်းလုယက်မှုပါပဲ။ သေနတ်အတိုတစ်လက်နဲ့ ခြိမ်းခြောက်ပြီး လော်လီကားနဲ့ ပစ္စည်းတွေ ယူဆောင်သွားတဲ့ အမှုပါဆရာ။ ခေါင်းဆောင်တစ်ဦးက သတင်းစုံစမ်း၊ အကွက်ချ အပိုင်ကျူးလွန်တဲ့ အမှုဆိုတော့ (မုန့်ဆီကြော်ကို မှတ်ခမ်းအစက တဖြေးဖြေး ဝိုက်စားပြီး အလယ်ရောက်လာအောင် လုပ်ရမယ့်) အမှုမျိုး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဆရာ့ကို အခု တင်ပြချင်တာကတော့ ပါဆုံးသွားတဲ့ ပစ္စည်းတွေကမနည်းဘူးဆရာ။ (၁) တက်ထရွန်အုပ်လိုက်၊ (၂) ဟိုင်ဖိုင်ရေဒီယို ငါးလုံး၊ (၃) ကြက်ဆင်ဖဲထီး ကျား-ဆောင်း၊ မ-ဆောင်း ဒါဇင်လိုက်တွေ၊ (၄) ကျားဝတ်လုံချည်၊ (၆) နို့ဆီသေတ္တာတို့ အများကြီးပါသွားပါတယ် ဆရာ...။

ပြစ်မှုကျူးလွန်တဲ့ သူတွေအနေနဲ့ ဒီလောက်များတဲ့ ပစ္စည်းတွေ ချက်ချင်းထုတ်ရောင်းမယ်လို့ မထင်ပါဘူးဆရာ။ တစ်ရက်နှစ်ရက်နေမှ ထုတ်ရောင်းကြမယ် ထင်ပါတယ်။

ဒီတော့ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ မြို့နယ်မှူးတွေ၊ စခန်းမှူးတွေနဲ့ နယ်ထိန်းတွေကိုကော၊ ပြင်ပ ရဲစခန်းတွေကိုပါ တိုင်းရုံးကိုခေါ်ပြီး မိမိအပိုင်မှာရှိတဲ့ ဈေးကြီးဈေးငယ်တွေ မကျန် (၂၃-၄) ရက်လောက် ပါဆုံးသွားတဲ့ ပစ္စည်းစာရင်းတွေ ပေးပြီး စုံစမ်းကြည့်ရှု စောင့်ကြပ်နိုင်ရင်တော့ တရားခံတွေကို ခြေရာခံမိနိုင်ပါတယ် ဆရာ..."

ဆရာဦးမြမောင် (ဒုရဲမှူး) မှ "အေး..မင်းတင်ပြတာ ကောင်းတယ်။ ဒီနေ့ပဲ ဆရာ တာဝန်မှူးကြီးကို ခေါ်ပြီး နေ့လယ်တစ်နာရီလောက် အစည်းအဝေးလုပ်မှာမို့ တခြားမြို့နယ်က မြို့နယ်မှူး၊ စခန်းမှူး၊ နယ်ထိန်းတွေကို တိုင်းရုံးခန်းမကို တစ်နာရီ အစည်းအဝေး (မပျက်မကွက်) တက်ရောက်ဖို့ ညွှန်ကြားနိုင်းလိုက်မယ်။

ဒီတော့ မောင်တင်အေးက ပါဆုံးသွားတဲ့ ပစ္စည်းစာရင်းတွေကို မှုခင်းမှတ်ပုံတင် ဌာနစိတ်ကို အသင့် ဆောင်ရွက်ထားဖို့ မင်းကိုယ်တိုင် သွားပြောထားလိုက်" ဟု ညွှန်ကြားလိုက်ပါသည်။

❖❖❖

ထိုနေ့ (၁) နာရီ ရန်ကုန်တိုင်း တိုင်းရဲတပ်ဖွဲ့မှူးရုံး (ဂ) ပုံစံ အစည်းအဝေး ခန်းမထဲတွင် မြို့နယ်အသီးသီးမှ မြို့နယ်မှူးများ

www.burmeseclassic.com



ရဲစခန်းမှူးများ၊ (နယ်ထိန်း) အရာရှိများအားလုံး စုံညီစွာ ရောက်ရှိလာကြပါသည်။

မှုခင်းစုံစမ်း စစ်ဆေးရေး ဌာနမှူး ဦးမြမောင်မှ ရောက်ရှိလာကြသော မြို့နယ်အသီးသီးမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများနှင့် နယ်ထိန်းများအား "အခု ဖြစ်ပွားခဲ့တဲ့ အမှုကတော့ သာကေတမြို့ (...) ရပ်ကွက်မှာ ပြည်သူ့ဆိုင်တစ်ဆိုင်လုံး လူဆိုး (၃) ဦး သေနတ်နဲ့ အစောင့်ကို ကြိုးတုတ်ပြီး လော်လီကားနဲ့ဆိုင်ထဲက ပစ္စည်းတွေမှန်သမျှ ကားပေါ်တင်ပြီး ဖောက်ထွင်း လုယက်မှု ကျူးလွန်ခဲ့တဲ့ အမှုဖြစ်ပါတယ်။

မြို့နယ်မှူးတို့ စခန်းမှူးတို့ အခုပေးလိုက်တဲ့ စာရင်းပဲကြည့်တော့။ ဒီပစ္စည်းတွေ တစ်ရက်နှစ်ရက် အတွင်းတော့ ရောင်းချနိုင်မယ် မထင်ဘူး။ ဒီတော့မြို့နယ်အတွင်းမှာရှိတဲ့ ဈေးကြီးဈေးငယ်တွေကို လိမ္မာပါးနပ်စွာ။ အထူးသဖြင့် ဆိုင်တွေကို စောင့်ကြည့်ဖို့ပါပဲ....။

မြို့အဝင်အထွက် ကားတွေကိုလည်း ယာဉ်ထိန်းရဲတွေကို စစ်ဆေးဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

ဒီတော့...ခင်ဗျားတို့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ရင် ဒီအမှုပေါ်ပေါက်ရမှာပါ။ ကြိုးစားပြီးတော့ ဆောင်ရွက်ပေးရန် ဖြစ်ပါတယ်။

❖❖❖

အစည်းအဝေးခေါ်ပြီး (၂) ရက်အကြာ ရုံးတွင် နံနက် (၁၀) နာရီအချိန်ခန့် ဌာနမှူး ဦးမြမောင် ခေါ်သဖြင့် ၎င်း၏အခန်းသို့ သွားရောက်ရာ...

"ကဲ...မောင်တင်အေး တာဝန်မှူးကြီး လာရောက်သတင်းပို့တယ်။ လှိုင်ရဲစခန်းမှူးက လှိုင်မြို့နယ်၊ ကျိုက်ကလှလားဈေးအတွင်းမှ "စားတော်ပဲ" ရောင်းတဲ့ အဖွားကြီးတစ်ယောက် မိန်းမဆောင်း ကြက်ဆင်ဖဲထီး (၅) ချောင်း ချရောင်းနေတာ တွေ့ရတာမို့ မသင်္ကာလို့ ရဲစခန်းကို ခေါ်ထားကြောင်း တင်ပြတဲ့ အတွက် စခန်းမှူးနဲ့အဖွဲ့ တစ်ပါတည်း ခေါ်ဆောင်ပြီး တိုင်းရဲ တပ်ဖွဲ့မှူးရုံး ခေါ်လာဖို့ ပြောလိုက်တယ်။ ဒီတော့ မင်းပဲတာဝန်ယူပြီး စစ်ဆေးလိုက်ပါ" ဟု အမိန့်ပေးလိုက်ပါသည်။

မကြာမီပင် လှိုင်ရဲစခန်းမှူးနှင့်အဖွဲ့ ပဲပြုတ်ရောင်းသော အသက် (၆၀) ကျော် အဖွားကြီးပါ တစ်ပါတည်း ခေါ်ဆောင်လာပြီး ပဲပြုတ်တောင်းနှင့်အတူ မိန်းမဆောင်း ကြက်ဆင်ဖဲထီး အသေး (၅) ချောင်းပါ ပါရှိလာပါသည်။

"ကဲ...အဒေါ်နာမည်က ဘယ်လိုခေါ်ပါသလဲ"

"ကျုပ်နာမည်က ဒေါ်ကြည်ပါ။ လှိုင်မြို့နယ် (...) ရပ်ကွက်၊ (...) လမ်းမှာနေပါတယ်။ ပဲပြုတ်ရောင်းစားပါတယ်။ အသက်ကတော့ (၆၀) ကျော်ပါပြီ..."

"အဒေါ်ကြီးမှာ မွေးချင်း ဘယ်နှယောက် ရှိသလဲ"

"မုဆိုးမကြီးပါ။ သားသမီးတစ်ယောက်မှ မရှိဘူး။ တူမလေး တစ်ယောက်နဲ့ နေပါတယ်"။

"အခု အဒေါ်ပဲပြုတ်ရောင်းပြီး စားသောက်နေတာတော့ ကျွန်တော်တို့သိပါပြီ။ ဒါပေမယ့် ဒီထီး (၅) လက်က ဘယ်သူရောင်းခိုင်းတာလဲ

www.burmeseclassic.com



**အခေါ်ဘယ်သူမှ လျှောက်ပြောမနေနဲ့ ကျုပ်လက်ဆောင် ပေးလိုက်မယ်ဆိုပြီး ထီး (၆) လက်ကို အစီးလိုက်ပေးလိုက်တယ်။**

ဘယ်ကရတာလဲ ဆိုတာကိုပြော ပြစမ်းပါ"

"ပြောမှာပေါ့.. ဆရာတို့ရယ်...မနေ့ညက ကျုပ်ကနံနက်စောစော ပဲပြုတ်ချက်ဖို့ အိမ်သေားမှာ ထင်းသွားယူပါတယ်။ အဲဒီမှာ ခြေရင်းအိမ်က မောင်တင်ဦးတို့ ကားနဲ့ပစ္စည်းတွေကို အိမ်ထဲချနေတာ တွေ့တယ်။ ဒါနဲ့ကျုပ်ကလည်း ဟဲ့ မောင်တင်ဦး... ဘာပစ္စည်းတွေ ချနေတာလဲ မေးတော့....မောင်တင်ဦးက ကျွန်တော့် သူငယ်ချင်း ရန်ကုန်မှာ ရောင်းဖို့ ပစ္စည်းတွေ ပို့လိုက်တာပါလို့ ပြောတယ်။

နောက်ကားပေါ်က မိန်းမဆောင်းထီး အငယ်လေးတွေ ထမ်းလာတာတွေ့တော့ ကျုပ်ကလည်း ဟယ် မိန်းမဆောင်းထီးလေး ကျုပ်တူမလေးကို ဝယ်ပေးချင်တာနဲ့ တစ်လက်လောက် ရောင်းပါလို့ ပြောလိုက်တော့ မောင်တင်ဦးက...ကဲ အခေါ် ဘယ်သူမှ လျှောက်ပြောမနေနဲ့ ကျုပ်လက်ဆောင်ပေးလိုက်မယ် ဆိုပြီး ထီး (၆) လက်ကို အစီးလိုက်ပေးလိုက်တယ်။ ကျုပ်ကလည်း ကျေးဇူးတင် စကားပြောလိုက်ပြီး ဘယ်သူ့မှလျှောက်မပြောပါဘူးဆိုပြီး ပြောလိုက်ရတာပေါ့။

အဲဒီနေ့ မနက်မှာပဲ ကျုပ်တူမလေးအတွက် ထီး (၁) ချောင်း ယူထားပြီး ကျန်တဲ့ထီး (၅) လက်ကို ပဲပြုတ်ရောင်းနေကျ လှိုင်က ကျိုက်ကုလားဈေးမှာ သွားရောင်းလိုက်တာပေါ့။

"ထီးလည်း (၁) လက်မှ မရောင်းရသေးပါဘူး။ ပဲပြုတ်လည်း မကုန်သေးဘဲနဲ့ အခု ဆရာလေးတို့ ခေါ်လာလို့ လိုက်လာရတာပါ..."

"ကဲ...အခေါ်ကျွန်တော်တို့ အခုလို အခေါ်ကိုခေါ်ပြီး မေးမြန်းတာလည်း ဘယ်သူ့မှမပြောပါနဲ့....အခေါ် ပဲပြုတ်မရောင်းရလဲ ကျွန်တော်တို့ငွေ ၂၀၀ိ/- စိုက်ပေးလိုက်ပါမယ်"

"ကျေးဇူးတင်ပါတယ်။ ဆရာလေးတို့ရယ်။ အခု ငွေ ၂၀၀ိ/- စိုက်ပေးတော့ အခေါ် အရင်းမပြုတ်တော့ဘူးပေါ့"

"ဒါထက်အခေါ်ကို တစ်ခုလောက် မေးချင်ပါသေးတယ်။ သိသလောက် ပြောပြပေးပါ။ တင်ဦးက ဘယ်အရွယ်လောက်

www.burmeseclassic.com



ရှိပြီလဲ။ အခုအဒေါ်အိမ်ခြေရင်းမှာ နေတာက သူ့ရဲ့ အိမ်ပိုင်လား။ အငှားနေတာလား။ သူကဘာ အလုပ်လုပ်သလဲ"ဟု မေးရာ··

"အင်း···ဆရာလေးတို့ မေးလိုက်တာကလည်း စုံလို့·· ဘယ်ကစပြီး ပြောရမှန်းတောင် မသိတော့ဘူး"

"အဒေါ် စိတ်အေးအေး ထားပြီး ပြောပါ။ လက်ဖက်ရည် တွေတောင် အေးကုန်ပြီ။ လက်ဖက်ရည်လည်းသောက်····မုန့်လည်း စားလိုက်ပါဦး"

"အင်း···တင်ဦးအသက်က (၃၈) လောက်ရှိပြီး အဒေါ်တို့ ခြေရင်းမှာ အိမ်ငှားနေတာပါ။ လင်မယားနှစ်ယောက်ပဲ နေကြတယ်။ သူတို့ပြောတော့ ညစောင့်အလုပ်လား ဘာလားလုပ်တယ်။ သူ့မိန်းမက ဘာမှမလုပ်ဘူး။ တင်ဦး မျက်လုံးတစ်ဖက်ကတိမ်စွဲနေတယ်။ အဒေါ်တော့ ဒီလောက်ပဲသိတယ်··ဆရာလေးတို့ရယ်"

"ကဲ··· အဒေါ် ကျေးဇူးတင်ပါတယ်။ အဒေါ်နေတဲ့ ရပ်ကွက်နဲ့ လမ်းလည်းသိပါပြီ။ ဒီတော့ အဒေါ်ကို ဈေးနဲ့မနီးမဝေးနားထိ ကားနဲ့လိုက်ပို့ပေးပါမယ်။ ထီး (၅) လက်တော့ ထားခဲ့ပါ။ ကျွန်တော်တို့ ကိစ္စပြီးရင် အဒေါ်ကို ပြန်ပေးပါ့မယ်"

အဆိုပါနေ့ ညနေ (၈) နာရီအချိန်လောက်တွင် ပစ်မှတ်တင်ဦး နေအိမ်သို့ လှိုင်ရဲစခန်းမှူး ဦးဇော်လေးနှင့် နယ်ထိန်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး (မှုခင်းကြီးတင် ကာကွယ်ရေးဌာနမှ) အဖွဲ့ခေါင်းဆောင် ရဲအုပ်ဦးခင်တို့နှင့်အတူ နေအိမ်တွင်တင်ဦး ရှိမရှိ စုံစမ်းပြီး သက်သေလူကြီးများနှင့်အတူ တက်ရောက်ဖမ်းဆီး ရှာဖွေခဲ့ရာ တင်ဦးနှင့်အခြားတရားခံ တစ်ဦးဖြစ်သူ ချိုကြီး (တစ်သက်တစ်ကျွန်းပြန်၊ နထိုးကြီးရှာသား) တို့နှစ်ဦးကို ပြည်သူ့ဆိုင်မှ တိုက်ရာပါပစ္စည်းများ အားလုံးနီးနီးဖြင့် သိမ်းဆည်းရမိခဲ့ပါသည်။

တရားခံနှစ်ဦးလုံး ဖမ်းဆီးပြီး ပစ္စည်းအားလုံးကို သက်သေလူကြီးများရှေ့တွင် ရှာဖွေပုံစံဖြင့် စနစ်တကျ သိမ်းဆည်းပြီး တိုင်းရဲတပ်ဖွဲ့မှူးရုံးသို့ ညတွင်းချင်း ယူဆောင် လာခဲ့ကြပါတော့သည်။

ညတွင်းချင်းပင် တင်ဦး (တိမ်တစ်လုံး) ဖောက်ထွင်းဝိဇ္ဇာအား စတင်စစ်ဆေးရာ

"တင်ဦး··မင်း ငြင်းကွယ်စရာ မလိုတော့ဘူး။ (ဆင်ကောင်ကြီးတွေ့မှ ငါတို့ ဆင်ခြေရာမရှာတော့ဘူး) မင်းမနာချင်ရင် မှန်တာပြော" လို့ စစ်မေးရာ

"ဟုတ်ကဲ့ပါဆရာ။ ကျွန်တော်ခုအချိန်မှာ ဘာမှလိမ်စရာ မလိုတော့ပါဘူး။ မှန်ရာတွေကို တစ်ခုမကျန် အားလုံး ကျွန်တော် ပြောပြပါ့မယ်"

"ဟုတ်ကဲ့ပါဆရာ··အခု ကျွန်တော်နဲ့အတူတွေ့တဲ့ ဦးချိုကြီးက တစ်သက်တစ်ကျွန်းပြန် (နထိုးကြီး ရွာသားပါ) နောက်တစ်ယောက်ကတော့ မောင်မြင့်ပါ ဆရာ။ သူကတော့ ကမ္ဘာအေး စမ်းရေတွင်းကျိုင့်ထဲမှာ နေပါတယ်"

"မင်း မောင်မြင့်နေအိမ်ကို သိလား···""ဟုတ်ကဲ့··· သိပါတယ် ဆရာ"

"ဒါနဲ့ သေနတ်က ဘယ်သူ့သေနတ်လဲဟု မေးရာ··· သေနတ်က မောင်မြင့်သေနတ် (ဂျာမန်မှော်ဇာ) အတိုဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ကဲ…ဒါဖြင့် မောင်မြင့်အိမ်ကို အခုသွားမယ် မင်းလိုက်ပြပါ'' ''ဟုတ်ကဲ့…ပြပါ့မယ် ခင်ဗျာ''

❖❖❖

ဖောက်ထွင်းဝိဇ္ဇာ တိမ်တလုံးတင်ဦးနှင့်အတူ မောင်မြင့်နေထိုင်ရာ စမ်းရေတွင်းကျိုင့်နေအိမ်သို့ ည (၂) နာရီ ဝင်ရောက်ရှာဖွေရာ ကုသိုလ်ကံအလျောက် မောင်မြင့်အား ဖမ်းဆီးရမိခဲ့ပါသည်။

အိမ်အတွင်း၌ ပြည်သူ့ဆိုင်မှ ဖောက်ထွင်း လုယက်သွားသော (ဟိုင်ဖိုင်) ရေဒီယို (၁) လုံး၊ ငွေ ၃၀၀၀၀ိ/- ကျပ်နှင့်အတူ မောင်မြင့်၏ ပြောပြချက်အရ မီးဖိုအောက်တွင် ဝှက်ထားသော သေနတ် (ဂျာမန်မော်ဇာအတို) (၁) လက်၊ ကျည်ကပ် (၁) ခု၊ ကျည် (၄) တောင့်နှင့် ၎င်း၏ဇနီး သေတ္တာတွင်းမှ ထုတ်ပေးသော ကျည်ကပ် (၁) ခု၊ ကျည် (၅) တောင့်တို့ကို သိမ်းဆည်းရမိခဲ့ပါသည်။

မောင်မြင့်မှ ဆရာခင်ဗျား ကျွန်တော့်ဇနီး ကလေးမွေးပြီးတာ (၇) ရက်ပဲရှိပါသေးတယ်။ ကျွန်တော့်ဇနီးကိုတော့ မဖမ်းပါနဲ့ ဆရာ။ ကျွန်တော် တစ်ခုမကျန် ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေကို အားလုံးပြောပါမယ်''ဟု ပြောသဖြင့်

''အေး..ရတယ်။ မောင်မြင့်…မင်းပြောတာ ငါကြိုက်တယ်။ မင်းမိန်းမထုတ်ပေးတဲ့ ပစ္စည်းကို ငါမသိမ်းဘူး။ မင်းပစ္စည်းပဲ ဖြစ်တယ်''ဟု ပြောပြီး တိုင်း ရဲတပ်ဖွဲ့မှူးရုံးသို့ ခေါ်ဆောင်လာခဲ့ကြပါသည်။

❖❖❖

''မင်းနာမည် မောင်မြင့်ပဲလား။ အခြားနာမည်ရှိသေးလား….''

''မရှိပါဘူး..မောင်မြင့်ပဲ ဆရာ…''

''အခုပြစ်မှုကျူးလွန်ရာမှာ မင်းက ပြစ်မှုကျူးလွန်မယ့်နေရာတွေ ဘယ်လိုရှာသလဲ အမှန်အတိုင်း ပြောပြစမ်းပါ''

''ဒီလိုပါ ဆရာခင်ဗျား..ကျွန်တော်က တစ်ပတ် (၂-၃) ကြိမ်လောက် (ဗေဒင်ဟောစာတမ်း) တွေ လိုက်ရောင်းပါတယ်။ သူစီစဉ်ပေးတဲ့အတိုင်း ကျွန်တော်တို့ လုပ်ပါတယ်''

''ဒါဖြင့် မင်းတို့ကိုအခါပေးတဲ့ ဆရာကြီးဆိုတာ ဘယ်သူလဲ…သူ ဘယ်မှာနေသလဲ။ သူ့နာမည်က ဘယ်လိုခေါ်သလဲ''ဟုမေးရာ

''သူ့နာမည်က ဦးအောင်သိန်းပါ။ မြောက်ဥက္ကလာ (ည) ရပ်ကွက်မှာ နေပါတယ်။ အိမ်မှာတော့ (ရာပြည့်မြန်မာဆေးခန်း) အမည်နဲ့ ဖွင့်ထားပြီး ဆေးကုပါတယ်''

ဒါဖြင့် မင်းလိုက်ပြနိုင်မလားဟု မေးရာ ''လိုက်ပြနိုင်ပါတယ် ဆရာ''ဟု ပြောသဖြင့်

''နေဦး…မင်းက အဲဒီဆရာကြီးနဲ့ ဘယ်လိုအဆက်အသွယ် ရတာလဲ''

''တင်ဦးကတစ်ဆင့် သိရတာပါ။ တင်ဦးက ကျွန်တော်နဲ့ မော်လမြိုင်ထောင်မှာ ဖောက်ထွင်းမှုနဲ့ (၃) နှစ်ထောင်ကျရင်း သိခဲ့ရတာပါ''

''ကဲ…ဒါထားဦး။ အခု မင်းတို့လူစု ပြည်သူ့ဆိုင်ပြစ်မှုကျူးလွန်ပုံကို ပြောပြစမ်းပါဦး''

''ဒီလိုပါဆရာ…ကျွန်တော် သာကေတ (…) ရပ်ကွက်ထဲ တစ်ရက်မှာ ဗေဒင်ဟောစာတမ်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရောင်းတော့ နေ့လယ် (၁) နာရီလောက် အဲဒီဆိုင်ထဲကို ဒေါ်ဂျစ်ကားနဲ့ အထည်အလိပ်တွေ၊ ရေဒီယိုတွေ၊ ကျားမဆောင်း ထီးတွေ၊ နို့ဆီသေတ္တာတွေ ချနေတာ တွေ့ရပါတယ်''

''ဒါနဲ့…အဲဒီဆိုင်နဲ့ကပ်ရပ် ကုလား လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် ဝင်သောက်ရင်း ကြည့်တော့ ဆိုင်ရှေ့အိမ်က လူမရှိဘူး။ ပိတ်ထားတယ်။ ဆိုင်ရဲ့ ခေါင်းရင်းဘက်ကလည်း မြေကွက်လပ်၊ ဆိုင်ကလည်း သွပ်မိုး ဝါးထရံ ကာထားတာကို တွေ့ရတယ်။

ပြည်သူ့ဆိုင်ကိုရောက်တဲ့ ပစ္စည်းတွေဆိုရင် ချက်ချင်း ပြည်သူတွေကို ခွဲတမ်းမချ မဝေပေးသေးဘူးဆိုတာ ကျွန်တော်တွေး မိတယ်။

အဲဒါနဲ့ ချက်ချင်းပဲ ဆရာကြီး ဦးအောင်သိန်းဆီကို အကျိုးအကြောင်း တင်ပြလိုက်တော့ ဆရာကြီးက မင်း ည (၆) နာရီလောက် တင်ဦးကိုခေါ်ပြီး အိမ်လာခဲ့လို့ ပြောတာနဲ့ ကျွန်တော် အိမ်ပြန်ပြီး ကျွန်တော့်မှာရှိတဲ့ (ဂျာမန်မော်ဇာ) သေနတ်ကို ပေါင်မှာကပ်ချည်ပြီး ဆရာကြီး အိမ်ရောက်ကြပါတယ်။

ဆရာကြီးအိမ်ရောက်တော့ အသက် (၇၀) လောက်ရှိမယ့် ကတုံးနဲ့ချိုကြီးဆိုတဲ့ တစ်သက် တစ်ကျွန်းပြန် တစ်ယောက်နဲ့မိတ်



ဆက်ပေးပါတယ် ဆရာ…။

နောက်ဆရာကြီးက ကျွန်တော်တို့ သုံးယောက်ကို ထမင်းကျွေးပြီး ပြက္ခဒိန် သွားကြည့်လိုက်ပြီးတော့ ဒီညက ''လ'' မိုက်ရက်ဖြစ်တယ်။ လုပ်ရမယ့် အကွက်ကလည်း အတော်ကောင်းတယ်။ မင်းတို့ မောင်မြင့် ဦးဆောင်တဲ့အတိုင်း လုပ်ရမယ်။

ပြီးတော့ အိန္ဒိယကိုပြန်မယ့် ကုလားတွေ၊ မိသားစု အတွက်…ကမ်းနားမှာ (မနော်ဟာရီ) သင်္ဘောကြီးကလည်း ဆိုက်ထားတယ်။ ဒီတော့ မင်းတို့ ည (၁) နာရီလောက် သုံးဘီး ကားစီးပြီးတော့ ကမ်းနားကိုသွား ရမယ်။ အဲဒီမှာ အငှားကားတွေ တစ်ညလုံး ရှိတယ်။ မောင်မြင့်က ပြောတတ် ဆိုတတ်ဖြစ်တော့ အငှားကား တစ်စီးကို သူတို့ တောင်းတဲ့ဈေးပေး၊ ပြီးတော့… ကုလားပြည်ပြန်မယ့် ကုလား မိသားစုကို သွားခေါ်ရမယ်ဆိုပြီး ငှားဖို့ သင်ပေးလိုက်တယ် ဆရာ…

ကျွန်တော်တို့ (၃)ယောက် ဆရာကြီး ညွှန်ကြားတဲ့အတိုင်း ည (၁) နာရီ ကမ်းနားကိုသွားပြီး

www.burmeseclassic.com



ကားနဲ့ သွားပြီး ကမ်းနားက ညလင်းပေါက် လက်ဖက်ရည်ဆိုင်ထိုင်ပြီးတော့ ကားတစ်စီးကို ဆရာကြီး သင်ပေးတဲ့အတိုင်း ငွေ (၅၀၀/-) နဲ့ ငှားပြီးတော့ သာကေတ (…) ရပ်ကွက်၊ ပြည်သူ့ဆိုင်ရှိတဲ့လမ်းကို မောင်းလာပြီး ဆိုင်ရှေ့ရောက်တော့မှ… ကားဆရာကို ကျွန်တော်က သေနတ်နဲ့ ခေါင်းကိုချိန်ပြီး မသေချင်ရင် အေးအေးနေဆိုပြီး ဦးချိုကြီးက ပါလာတဲ့ ဓားမြှောင်နဲ့ ကားဆရာရင်ဝကို ချိန်ထားပြီး ကျွန်တော်နဲ့တင်ဦး ကားပေါ်ကနေ ပြည်သူ့ဆိုင်ထဲ ဆင်းသွားတယ်။ ဦးချိုကြီးကတော့ ကားသမားကို စောင့်ပြီး ကျန်ခဲ့ပါတယ်။

ပြည်သူ့ဆိုင်ရဲ့ ရှေ့ဆင်ဝင်အောက်မှာ အစောင့်က မီးလှုံနေတာ တွေ့ရပါတယ်။ ဒါနဲ့ ကျွန်တော်တို့ အနားသွားပြီး အစောင့်ကို ခေါင်းသေနတ်နဲ့ချိန်၊ မသေချင်ရင် မအော်နဲ့ဆိုပြီး တင်ဦးက ပါလာတဲ့ ပလပ်စတစ်တိပ်နဲ့ ပါးစပ်ပိတ်၊ နောက်ပြန်လက်ကို ကြိုးနဲ့တုပ်ပြီး ဆိုင်နောက်ခေါ်သွားတယ်။ ဆိုင်နောက်ရောက်တော့ တင်ဦးကပါလာတဲ့ (သံတူးရွင်း) နဲ့ ဆိုင်တံခါးကို ဖွင့်လိုက်ပြီးအထဲဝင်လိုက်ကြတယ်။ အစောင့်ကိုတော့ ဆိုင်အတွင်းထောင့်မှာ ကြိုးနဲ့တုပ်ထားပါတယ်။

ဆိုင်ရှေ့တံခါးဖွင့်တာနဲ့ ချိုကြီးက ပါလာတဲ့ ကားကို ဆိုင်ရှေ့ထိုးရပ်ပြီး ဆိုင်ထဲက အထည်အလိပ်၊ ရေဒီယို၊ ကြေးမီးပူ၊ နို့ဆီသေတ္တာ၊ ကျားမဆောင်းထီးတွေ အားလုံးကို ကားပေါ်တင်ပြီး သမိုင်းက တင်ဦးအိမ်မှာ ပစ္စည်းတွေ သွားချထားလိုက်ကြပါတယ်။ ကားဆရာကိုတော့ မင်းဘယ်သူ့မှ မပြောပါနဲ့…ပြောရင်တော့ မင်းကို အသေသတ်ပစ်မယ်လို့ ပြောပြီး ကားခအပြင် "ဟိုင်ဖိုင်" ရေဒီယိုတစ်လုံးပါ ပေးလိုက်ပါတယ်။ ကျွန်တော်တို့ အားလုံး တင်ဦးအိမ်မှာ အိပ်ပြီး မနက် (၁၀) နာရီလောက်မှ ကျွန်တော်က အိမ်ပြန်ခဲ့ပါတယ်။ ဦးချိုကြီးကတော့ ဆရာကြီးအိမ် ပြန်သွားပါတယ်…"

"မောင်မြင့် တစ်ခုတော့ မင်းစဉ်းစားပြီးတော့ ပြောကွာ။ မင်းတို့ငှားတဲ့ ကားနံပါတ်က ဘယ်လောက်လဲ။ ဘယ်နားက သွားပြီး ငှားတာလဲ"

ဆိုင်ရှေ့ရောက်တော့မှ… ကားဆရာကို ကျွန်တော်က သေနတ်နဲ့ ခေါင်းကိုချိန်ပြီး မသေချင်ရင် အေးအေးနေဆိုပြီး ဦးချိုကြီးကပါလာတဲ့ ဓားမြှောင်နဲ့ ကားဆရာရင်ဝကို ချိန်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ လမ်းမတော်ဆိပ်ကမ်းနားက ကုန်တင်တဲ့ကား ဖြစ်ပါတယ်။ နံပါတ်ကတော့ ဆရာ..."ဟု တခဏစဉ်းစားပြီး..."ဆရာခင်ဗျား နံပါတ်ပြားကတော့ အနီပဲ့ ရှေ့စာလုံးကတော့ ခကွေး၊ နောက်က (ရှစ်) ဂဏန်းတစ်လုံးတော့ မှတ်မိတယ်။ မောင်းတဲ့လူကတော့ အသက် (၃၅) လောက်ရှိပြီထင်တယ်။ ကျွန်တော်မြင်ရင် မှတ်မိပါတယ် ဆရာ"

"ကဲ တစ်ဆက်တည်းမင်းတို့ ဆရာကြီးဆိုတာက ဘယ်လိုပတ်သက်နေတာလဲ"

"ဒီလိုပါဆရာ...တင်ဦးနဲ့ကျွန်တော်က မော်လမြိုင်ထောင်မှာ ဖောက်ထွင်းမှုနဲ့ ထောင်ကျဖူးတော့ ရင်းနှီးခဲ့ပါတယ်။ ဦးချိုကြီးကတော့ ဆရာကြီးအရင်တုန်းက ရန်ကုန်-ပုဇွန် တောင်ဘက်က မစိန်ညွန့် ဆေးလိပ်သူဌေးအိမ်ကို ဓားပြတိုက်ရင်း မြင်းခြံထောင်ကျတော့ သိခဲ့ကြတာလို့ ပြောပါတယ်။ အခု သူက နေအိမ်မှာ (ရာပြည့်မြန်မာဆေးတိုက်) ဆိုပြီးတော့ ရှပ်ပြပြီး ကျွန်တော်တို့ကို နေရာရှာ၊ အခါပေးလိုက်ခိုင်းတာဖြစ်ပါတယ်"

"ကဲ ဒါဖြင့် ပြောစမ်းပါ။ မင်းတို့ ရန်ကုန်မြို့မှာ ဘာပြစ်မှုတွေ ကျူးလွန်ခဲ့သလဲ။ မဟုတ်တာလည်း လုပ်မပြောနဲ့...ငါမင်းကို ယုံတယ်။ ပြောစမ်းကွာ။ ငါတို့မင်းကို နှိပ်စက်ပြီးမှ ဖော်ထုတ်ပြောတာကို မလိုချင်ဘူး။ ဒါပေမယ့် ပေါ်အောင်စစ်ဆေးရမှာကတော့ ငါတို့ရဲ့ ရဲတပ်ဖွဲ့လုပ်ငန်းပဲပေါ့ကွာ..."

"ဟုတ်ကဲ့....ရန်ကုန်မြို့ထဲမှာတော့ တင်ဦးနဲ့ကျွန်တော် ဘားလမ်းကလူကြီးတစ်ယောက်အခန်းနဲ့ ရုပ်ရှင်မင်းသား တစ်ယောက်ရဲ့ ရုံးခန်းကို ဖောက်ဖူးပါတယ်။ လူကြီးအိမ်ဖောက်တာကတော့ ငွေပဲ ရပါတယ်။ မင်းသားရုံးခန်းကတော့ တိပ်ရကော်ဒါ (၁) လုံးနဲ့ တိုင်ကပ်နာရီတို့ပါပဲဆရာ...အင်းစိန်ဖော့ကန်မှာ လုယက်မှု၊ အနန်းပင်ရွာလုယက်မှု ဒါတွေလည်း ကျွန်တော်၊ တင်ဦးနဲ့ ဦးချိုကြီးတို့ပဲ ကျူးလွန်ခဲ့ကြတာ ဖြစ်ပါတယ်..."



❖❖❖

"ခင်ဗျားနာမည် ပြောစမ်းပါ" "ချိုကြီးပါ ဆရာ"

"ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ..."

"ကျုပ်အသက် (၆၇)နှစ်ပါ..."

"ခင်ဗျားအသက်ကလည်း ကြီးနေပြီ။ လူသတ်မှုနဲ့လည်း ထောင်တစ်သက်တစ်ကျွန်း ကျခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လွတ်လာတော့လည်း ခုထိရာဇဝတ်မှုတွေ ကျူးလွန်တုန်းပဲကိုး ....

ကဲ နေပါဦး...လူသတ်မှုက ဘာကြောင့်ဖြစ်ရတာလဲပြောစမ်းပါ"

"ဒီလိုပါ...ကျွန်တော်က မြင်းခြံခရိုင်၊ နထိုးကြီးရွာသားပါ။ ကျုပ်မှာ သမီးလေးတစ်ယောက် ရှိပါတယ်။ တစ်ရွာထဲနေတဲ့

www.burmeseclassic.com



ကောင်လေးက သမီးနဲ့ချစ်ကြိုက်ပြီး သမီးကိုယ်ဝန်ရှိလာလို့ ကျုပ်ကယူဖို့ ပြောတယ်။ သူက မယူနိုင်ဘူးပြောတာနဲ့ ကျုပ်သတ်ပစ်လိုက်တာ…"

"အခု ပြစ်မှုကျူးလွန်တာတွေလည်း မောင်မြင့်တို့ တင်ဦးတို့က အားလုံးဖော်ထုတ်ပြီးသွားပြီ…ခင်ဗျား ကွယ်ဝှက်ပြောချင်သေးသလား"

"ခုမှတော့ ဆရာလေးတို့ရယ် ဘာမှ မကွယ်ဝှက်တော့ပါဘူး…ကျူးလွန်ခဲ့တဲ့ ပြစ်မှုမှန်သမျှ ဝန်ခံပါမယ် ခင်ဗျာ"

"အေးဗျာ…ဒါမျိုးမှကြိုက်တာ။ ခင်ဗျား တစ်သက်တစ်ကျွန်းပြန်ပဲ…ဒီလိုသတ္တိရှိမှပေါ့"

"ဒါထက်နေပါဦး…အခု ခင်ဗျားတို့ကို ဆရာကြီးလုပ်နေတဲ့ (ရာပြည့်ဆေးတိုက်) ဖွင့်ထားတဲ့ ဆရာနဲ့က ဘယ်လိုတွေ့တာလဲ"

"ကျုပ်လူသတ်မှုဖြစ်ပြီး မြင်းခြံ ထောင်ထဲမှာ နေစဉ်ကတည်းက သိကျွမ်းပြီးခင်လာခဲ့ကြတာပါ။ နောက်ရန်ကုန်မှာ ကျုပ် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာတော့ လေဟာပြင်ဈေးမှာ မမျှော်လင့်ဘဲ သွားတွေ့ကြတယ်။ အဲဒီမှာ ကျုပ်ကို သူ့အိမ်မှာ အိပ်ခိုင်းတာနဲ့ တစ်ညအိပ်ပြီး နထိုးကြီးကို ပြန်လာခဲ့တယ်။ သူက နောက်အလုပ်ရှိရင် စာရေးခေါ်မယ်ဆိုလို့ အဲဒီကစပြီး ဆက်သွယ်မိခဲ့တာပါ…"

❖❖❖

"ကဲ… ဦးကျော်သိန်း၊ ခင်ဗျားတို့ အဖွဲ့က အခုချိုကြီးကို ခေါ်သွားပြီး သူတို့ဆရာကြီးအိမ်သွား…သက်သေတွေနဲ့ စနစ်တကျ အိမ်ကိုရှာဖွေပြီး ဖမ်းခဲ့ပေတော့ဗျာ…

နောက်ပြီး ကိုနိုင်ဘကြင်တို့က မောင်မြင့်ကိုခေါ်သွားပြီး လမ်းမတော် ကမ်းနားလမ်းက မောင်မြင့်တို့ အသုံးပြုခဲ့တဲ့ကားကို သွားရှာဖို့ ဆောင်ရွက်ကြပေတော့… ဒီတစ်ညတော့ အပင်ပန်းခံပြီး ပြီးစီးအောင်လုပ်ကြတာပေါ့…"

ထိုည (၄) နာရီလောက်တွင် ဒုရဲအုပ်ဦးကျော်သိန်းနဲ့အဖွဲ့ မြောက်ဥက္ကလာ (…) ရပ်ကွက်မှ (ရာပြည့်မြန်မာ ဆေးတိုက်ဖွင့်ထားသော) ခေါင်းဆောင်ဆရာကြီး ဦးအောင်သိန်းကို ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြပါတော့သည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"ဟု မေးရာ

"ကျုပ်နာမည် ဦးအောင်သိန်းလို့ ခေါ်ပါတယ်"ဟု ဆရာကြီးဆိုသူမှ ပြန်ဖြေသည်။

"ခင်ဗျားက‥မကောင်းမှုဒုစရိုက်တွေကို လူမွေး…အခါပေးပြီးတော့ မြန်မာဆေးဆရာအယောင်ဆောင်ထားပြီး လုပ်ဆောင်နေတဲ့ ခေါင်းဆောင်ကြီးပဲပေါ့"

"မဟုတ်ပါဘူးဗျာ။ကျုပ်က မြန်မာဆေးကုစားတဲ့သူ ဖြစ်ပါတယ်…"

"ရယ်ဖို့ကောင်းတယ်ဗျာ။ ခင်ဗျားအသက်လည်း ကြီးနေပြီ ခုထိ မိုက်တုန်းပဲ။ ကျုပ်တို့ကို လွယ်လွယ်လေး လိမ်လို့ရမယ် ပြည်သူ့ရဲတွေ မှတ်နေသလား–

ကဲ‥ပြောနေကြပါတယ် ကိုကျော်သိန်းရေ…တင်ဦး၊ ချို ကြီးနဲ့ မောင်မြင့်တို့ကို အခန်းထဲ ခေါ်လိုက်ဗျာ"ဟု ပြောလိုက်ရာ မကြာခင် ရောက်လာကြပြီး။

"ဘယ်လိုလဲ အဲဒီသုံး ယောက်ကို ခင်ဗျား သိသေချာ ချာ ကြည့်လိုက်စမ်းပါ။ ဘယ်

www.burmeseclassic.com



သူတွေလည်း ဆိုတာ။

"ကဲ..ခင်ဗျား ဘာထပ်ပြောချင်သေးလဲ။ ဆေးဆရာအယောင်ဆောင် လူဆိုးကြီး ဦးအောင်သိန်း"

ထိုအခါတွင် မောင်မြင့်မှ "ဆရာကြီး...ဘာမှ ဖုံးကွယ်ဖို့မကြိုးစားနဲ့...ကျွန်တော်တို့ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေ အားလုံးဖော်ပြီးနေပြီ။ လိမ်နေလို့လည်း မရတော့ဘူး" ဟု ပြောလိုက်ရာ...

လာသေးသည်...လူဆိုးဆေးဆရာကြီးက "မင်းတို့လုပ်တာပဲ ငါမှမပါတာ" ဟု ပြောလိုက်သေးသည်။

"ကဲ ကိုကျော်သိန်း...တော်တော်လာတဲ့ လူကြီးပဲ လုပ်မိရင် မကောင်းဘူး။ ခေါ်သွားပြီး စစ်ဆေးလိုက်ကြတော့ဗျာ"

ထိုအချိန်တွင် ဦးနိုင်ဘကြင်တို့အဖွဲ့ ပြန်ရောက်လာကြသည်။ ကုသိုလ်ကံ အလျောက် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော နံပါတ်အနီ လော်လီကားအမှတ် (...) နှင့် ယာဉ်မောင်းပါ ကားပေါ်တွင် သဘော်မှ ဖျာများ တင်နေခိုက် တွေ့ရှိပြီး ခေါ်ဆောင်လာခဲ့ကြပါသည်။

**ခင်ဗျားက..**
**မကောင်းမှု**
**အလုပ်တွေကို**
**လုပ်ပြီး...**
**အခု ပေါ်ပြီတော့**
**မြန်မာဆေးဆရာ**
**အယောင်ဆောင်ထားပြီး**
**လုပ်ဆောင်နေတဲ့**
**ခေါင်းဆောင်ကြီးပဲပေါ့**

***

"နာမည် ဘယ်လိုခေါ်သလဲ..." ဟု မေးလိုက်ရာ

"ကျွန်တော့်နာမည်...စိုးမြင့်ပါ ဆရာ"

"သာကေတပြည်သူ့ဆိုင် ပြစ်မှုကျူးလွန်တုန်းက မင်းကားနဲ့ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ် ဆရာ ခင်ဗျား...ကျွန်တော့်ကိုငှားတုန်းက...ကုလားပြည်ပြန်ဖို့ ကုလားတွေ ဆိပ်ကမ်းသွားဖို့ဆိုပြီး ငှားတဲ့အတွက် ကျွန်တော်လိုက်ခဲ့ရတာပါ"

"ဒါဖြင့်...မင်းကားနဲ့ပစ္စည်းတွေယူပြီးတော့ သမိုင်းက အိမ်တစ်အိမ်မှာ သွားချတယ်။ အဲဒီမင်းကား လာငှားတဲ့လူ (၃) ယောက်ကို မှတ်မိလား" မေးရာ

"ကားပေါ်မှာ ကျွန်တော့်ကို ဓားနဲ့ထောက်ထားတဲ့အသက်ကြီးကြီး ကတုံးနဲ့ အဖိုးကြီးကိုတော့ မှတ်မိပါတယ်။ သူနဲ့ကျွန်တော်က ကားပေါ်မှာ နေရတာ ဖြစ်ပါတယ်"

"ပြီးတော့..ကျွန်တော့်ကို သေနတ်ကိုင်တဲ့ လူက နားထင်ကို သေနတ်နဲ့ထောက်ထားပြီး ဒီ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမင်းပြောခဲ့ရင် အရှင်မထားဘူး။ မင်းကိုလည်း မှတ်မိတယ်လို့ ပြောပါတယ်။ ပြီးတော့ ကျွန်တော့်ကို ငှားခငွေပေးတဲ့အပြင် ...(ဟိုင်ဖိုင်) ရေဒီယိုတစ်လုံးပါ ပေးလိုက်ပါတယ်။ အခု သူတို့ပေးလိုက်တဲ့ ရေဒီယို ကျွန်တော့်အိမ်မှာ ရှိပါတယ် ခင်ဗျား..."

"နေဦး...မင်းမောင်းတဲ့ကားက ဘယ်သူ့ကားလဲ"

"ဗိုလ်တထောင် (၅၄) လမ်းက ကုလားအမျိုးသမီး ဒေါ်မေရီမြင့်ဆီက တပတ်စာရှင်းနဲ့ ငှားထားရတာပါ ဆရာ..."

အချိန်ကား နံနက်မိုးလင်းစ ပြုတော့မည့်အချိန်...ဆောင်းတွင်းဖြစ်၍ ရုံးအပြင်ဘက်တွင် နှင်းပွင့်ကလေးများ တရိပ်ရိပ်ကျနေဆဲ...

"ဦးနိုင်ဘကြင်၊ ဦးကျော်သိန်းတို့အား သက်ဆိုင်ရာရဲစခန်းများသို့ ယခု ပေါ်ပေါက်ခဲ့သော အမှုများ သွားရောက် သတင်းပို့ရန် လွှဲအပ်ပေးပြီး ပြည့်စုံစွာဆောင်ရွက်ကြ၍ ပြည်သူ့တရားရုံးသို့ တရားစွဲတင်ပို့ရန် ပြောကြားလိုက်ပါတော့သည်။

အချိန်ကား နံနက် (၆) နာရီ ဖြစ်ပါတော့သည်။


၁၉၆၇ ခုနှစ်အတွင်းမှ ဖြစ်ပါသည်။

တောင်တွင်းတင်အေး



www.burmeseclassic.com





# ရထားလမ်းပေါ်က လူတစ်ယောက်

ရဲထား ဝန်ထမ်းတဦး (ရှမ်း)

တစ်စုံတစ်ယောက်ဟာ ကိုယ်သိပ်တန်ဖိုးထားတဲ့ ဂုဏ်သိက္ခာ၊ ရာထူး၊ လူမှုရေး၊ စီးပွားရေးတွေ ဆုံးရှုံးရင် အခြေအနေတစ်ခုခုကြောင့် ကိစ္စတစ်ခုကို ကိုယ်မနှစ်သက်ဘဲ လက်ခံရတော့မည့် အခြေအနေရှိရင် ကိစ္စတစ်ခုကို လုပ်သင့်လား မလုပ်သင့်ဘူးလား ကိုယ်တိုင် စဉ်းစားဆုံးဖြတ်ရမည့်အစား ကံကိုပဲပုံချရင် ကိုယ်ဟာဘာမှ အသုံးဝင်တဲ့သူတစ်ယောက် မဟုတ်တော့ဘူးဆိုပြီး စိတ်ဓာတ်ကျနေတဲ့ ရောဂါဖြစ်နေရင် အရက်နဲ့ မူးယစ်ဆေးဝါးတွေ သုံးစွဲနေလို့ အမှန်လား၊ အမှားလားဆိုတာ မဝေခွဲ မဆုံးဖြတ်နိုင်တော့ရင် ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်တတ်တယ်လို့ လေ့လာသိရှိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကိုယ့်ကိုကိုယ်သေကြောင်းကြံစည်တဲ့ သူဟာ ဒီဘ၀မှာတင် မကဘဲ အဖန်ငါးရာငါးကမ္ဘာတိုင်အောင် ဝဋ်ကြွေးခံရတယ်လို့ ဗုဒ္ဓဘာသာရေး အဆုံးအမရှိပါတယ်။ ဒါပေမယ့် မိမိကိုယ်ကိုမိမိ သေကြောင်းကြံစည်တဲ့ ဖြစ်စဉ်တွေ ဖြစ်ပေါ်နေဆဲပါ။ တကယ်တော့ သေကြောင်းကြံစည်တယ်ဆိုတာ သာမန်လူတွေအဖို့ ပြုလုပ်ခဲ ကြံစည်ခဲတဲ့ကိစ္စဖြစ်ပါတယ်။ ဘ၀ကို အရှုံးပေးပြီး ကိုယ့်ကိုကိုယ် သတ်သေလိုက်ရင် ကိုယ်ခံစားနေရတဲ့စိတ်ဖိစီးမှုတွေ၊ ဝေဒနာတွေက လတ်တလော လွတ်မြောက်သွားမှာပဲလို့ ယူဆကြပါတယ်။ ဒါကြောင့် ရခဲလှတဲ့ လူ့ဘ၀ရဲ့ အသက်ရှင်သန်မှုကို တန်ဖိုးမထားဘဲ ဘ၀ကို လက်မြှောက်အရှုံးပေးသွားကြပါတယ်။

အဲဒီလို ဘ၀ကို လက်မြှောက် အရှုံးပေးသွားကြသူများထဲက တစ်ယောက်ကတော့သိပ်ထူးခြားလှပါတယ်။ အချိန်ကာလကတော့ ၂၀၁၁ ခုနှစ် မေလ(၁၀) ရက်နေ့ကပါ။နေရာကတော့ အာရပ်စော်ဘွားများ

**ဘ၀ကို အရှုံးပေးပြီး ကိုယ့်ကိုကိုယ် သတ်သေလိုက်ရင် ကိုယ်ခံစားနေရတဲ့ စိတ်ဖိစီးမှုတွေ ဝေဒနာတွေက လတ်တလော လွတ်မြောက်သွားမှာပဲလို့ ယူဆကြပါတယ်။**

ပြည်ထောင်စု (ယူအေအီး) နိုင်ငံ ဒူဘိုင်းမြို့မှာပါ။ ဖြစ်စဉ်ကတော့ အမျိုးသားတစ်ဦးဟာ သူ့ရဲ့ အလုပ်ပိုင်ရှင်နဲ့ စကားများကြတယ်လို့ သိရှိရပါတယ်။ စကားများကြတာက ဘယ်အတိုင်းအတာအထိ ဖြစ်သွားလဲ မသိပါ။ အဲဒီအမျိုးသားက ကမ္ဘာပေါ်မှာ အမြင့်ဆုံးဖြစ်တဲ့ ခါလီဖာမိုးပျံ အဆောက်အအုံပေါ်က ခုန်ချသေဆုံးသွားတယ်လို့ လေ့လာမှတ်သားခဲ့ရပါတယ်။ ဩော်- အလုပ်ရှင်နဲ့ စကားများတာများ ဘာလို့ကိုယ့် အသက်ကို အဆုံးခံရတယ်လို့ "မထွက်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင်ထွက်" လိုက်ရင်ပြီးတာပါပဲ။

ဒါပေမယ့် အဲဒီအမျိုးသားကိုယ်တိုင်က ကမ္ဘာ့အမြင့်ဆုံးအဆောက်အဦးပေါ်က ခုန်ချရဲတဲ့ သူလိုလူကမ္ဘာပေါ်မှာ မရှိဘူးဆိုတာ သက်သေပြချင်တာလည်း ဖြစ်နိုင်တယ်။ ဒါ့အပြင် ကမ္ဘာ့အမြင့်ဆုံး အဆောက်အဦးပေါ်က ခုန်ချတာကို သူ့အနေနဲ့ ဂရင်းနစ်မှတ်တမ်းဝင်ချင်လို့လား မသိပါ။ အဲဒီလို သူခုန်ချဖို့ ကြံစည်နေတဲ့ အချိန်မှာ ဘယ်သူမှ မသိကြလို့

www.burmeseclassic.com



ပါ။ သိရင်တော့ မခုန်ချပါနဲ့လို့ ပိုင်းတားကြမှာပါ။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့က တရုတ်နိုင်ငံ ဝူဟန်မြို့မှာ ဝှန်ချီစက်ပေါ်က ခုန်ချဖို့ ကြံစည်နေတဲ့သူ တစ်ဦးကို မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးက ဖျောင်းဖျနေတာကို သတင်းစာထဲမှာ မြင်တွေ့မှတ်သားခဲ့ရပါတယ်။ သူက ဘာလို့ ဝန်ချီစက်ပေါ်က ခုန်ချချင်ရတာလဲ မသိပါ။

အဲဒီ ဖြစ်စဉ်က တရုတ်ပြည်မှာဆိုတော့ တရုတ်စကားပုံတစ်ခုက "Saving one man's life is better than building a seven-storeyed temple လူတစ်ယောက်၏ အသက်ကိုကယ်တင်ခြင်းသည် အထပ်ခုနစ်ထပ်ရှိသည့် ဘုရားကျောင်း တည်ဆောက်ခြင်းထက်ပင် ပို၍ ကောင်းသေးသည်။"လို့ ဆိုထားတာကို လေ့လာမှတ်သားထားမိပါတယ်။ ဒါပေမယ့်လည်း လူတစ်ယောက်ရဲ့ အသက်ကို ကယ်တင်ရမယ်ဆိုတာက ဘေးအန္တရာယ်ကျရောက်လို့ ဒုက္ခရောက်နေတဲ့သူကို ကယ်တင်တာကို ဆိုလိုတာလို့ ထင်ပါတယ်။ ကိုယ့်ကိုကိုယ် သေကြောင်း ကြံစည်နေတယ်လို့ သတင်းကြားရရင်၊ မြင်တွေ့ရရင်လည်း အမြန်ဆုံး အတတ်နိုင်ဆုံး ကယ်တင်ဖို့ ကြိုးစားကြမှာ ဖြစ်ပါတယ်။

စာရေးသူတို့ရဲ့ မြန်မာပြည်မှာလည်း ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်တဲ့ သူကို ကယ်တင်ခဲ့တဲ့ ဖြစ်စဉ်မျိုး ဖြစ်ပေါ်ခဲ့ပါတယ်။ နေရာက မန္တလေးမြို့မှာပါ။ အချိန်ကာလက ၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့ မွန်းတည့် ၁၂ နာရီ အချိန်ခန့်ကပါ။ ဖြစ်စဉ်က အသက် ၃၅ နှစ်ရှိ ယောက်ျားတစ်ဦးဟာ သူ့ရဲ့ ဇနီးဖြစ်တဲ့သူက သူ့ကို ကွာရှင်းခွင့်တောင်းလို့ လင်မယားအဆင်မပြေ ဖြစ်ကြတယ်လို့ သိရပါတယ်။ သူ့ကိုဘာလို့ မပေါင်းချင်ရတာလဲ ဆိုတာတော့ မသိပါ။ ဒါပေမယ့် "လင်နှင့်မယားလျှာနှင့်သွား"နဲ့"လင်မယားချစ်တော့ ရန်ဖြစ်" ဆိုတဲ့ ဆိုရိုးစကားတွေ ရှိသားပဲ။

"A good husband should be deaf and good wife blind ခင်ပွန်းကောင်းတစ်ဦးသည် နားပိတ်နေသင့်ပြီး ဇနီးကောင်းတစ်ဦးသည် မျက်စိပိတ်နေသင့်သည်" ဆိုတဲ့ ဒဿနအတိုင်းသာ နေထိုင်ကြရင် အဆင်မပြေစရာ အကြောင်းမရှိဘူးလို့ ထင်ပါတယ်။ ခင်ပွန်းက ဇနီးပြောနေတာကို နားပိတ်မထားဘဲ နားထောင်နေတာကြာတော့ နားငြီးလာမှာ သေချာပါတယ်။ အဲဒီလို နားတွေသိပ်ငြီးလာတော့ စိတ်ဖိစီးမှုတွေ များလာပြီး မထူးပါဘူး သေတာပဲ ကောင်းပါတယ်ဆိုပြီး သေကြောင်း ကြံစည်တာလို့ ထင်ပါတယ်။

ဒါကြောင့်မို့ မန္တလေးမြို့က ၉၂ ပေမြင့်တဲ့ ဒိုင်းမွန်းပလာဇာ ငါးထပ်က ခုန်ချသတ်သေဖို့ ကြံစည်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီလို ခုန်ချသတ်သေဖို့ ကြံစည်နေတာကို မြင်တွေ့ရတဲ့ တစ်စုံတစ်ယောက်က မီးသတ်တပ်ဖွဲ့ကို လှမ်းပြီး ဆက်သွယ်အကြောင်းကြားလို့ ထင်ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေက သတင်းကြားကြားချင်းပဲ အသက်ကယ် လူနာတင်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ သန္နွေဝင်တပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်

www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့ဝင် ၃၉ ဦးတို့က နံနက် ၁၁ နာရီအချိန်လောက်မှာ အခင်းဖြစ်တဲ့ နေရာကို ရောက်လာကြတယ်လို့ သိရပါတယ်။

အဲဒီနေရာကို ရောက်တယ်ဆိုရင် တပ်ဖွဲ့ဝင်တချို့က မြေပြင်မှာ လေမွေ့ရာ (Jumping sheet) ကို ပြင်ဆင်ကြပါတယ်။ တချို့က အပေါ်ကိုတက်ပြီး တစ်နာရီလောက်ကြာအောင် အမျိုးမျိုးစည်းရုံး ဖျောင်းဖျခေါ်ဆောင်ရတယ်လို့ သိရှိရပါတယ်။ အခုလိုကိုယ့်ဇနီးက ကွာရှင်းခွင့်တောင်းလို့ လင်မယား အဆင်မပြေဖြစ်ပြီး ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်နေတဲ့သူကို သူ့ရဲ့စိတ်တွေကို လျော့သွားအောင် စာရေးသူသာ မီးသတ်တပ်ဖွဲ့ဝင် နေရာမှာရှိခဲ့ရင် ဘယ်လိုများ စည်းရုံးဖြောင်းဖျရမလဲဆိုတာ စဉ်းစားမိပါတယ်။

BURMESE CLASSIC ကိုယ့်ကိုကိုယ်သေကြောင်းကြံနေတဲ့သူဟာ မီးသတ်တပ်ဖွဲ့ဝင်တွေ စည်းရုံးဖျောင်းဖျတာကို လက်ခံလိုက်လို့ အသက်မသေတော့ပေမယ့် အမှုကတော့ ပွေရပေဦးမယ်။ အဲဒီလို ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်ရင် ""ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၀၉) မှာမည်သူမဆို မိမိကိုယ်မိမိ သတ်ရန်အားထုတ်၍ ထိုအပြစ်ကို ကျူးလွန်ရန် တစ်ခုခုပြုလုပ်လျှင် ထိုသူကို တစ်နှစ်ထိ အလုပ်နှင့် ထောင်ဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်တစ်ခုခု ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ခုလုံးဖြစ်စေ ကျခံရနိုင်သည်"" လို့ လေ့လာမှတ်သားရပါတယ်။

စာရေးသူ မောင်ငယ်လေးလည်း အဲဒီလို ကိုယ့်ကိုကိုယ် သေကြောင်းကြံနေတဲ့ သူတစ်ဦးကို ကယ်တင်ဖို့ ကြိုးစားခဲ့ဖူးတဲ့ အတွေ့အကြုံ ရှိခဲ့ဖူးပါတယ်။ အချိန်က ၁၉၇၂ ခုနှစ်လောက်ကပါ။ နေရာက ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အတွင်းမှာရှိတဲ့ တော်ဝိဘူတာလေးမှာပါ။ အဲဒီအချိန်က မောင်ငယ်လေးက ညရုံပိုင်လေး တစ်ယောက်ပါ။ ညတစ်ညရဲ့ ၁၀ နာရီအချိန်လောက်မှာ ညောင်လေးပင် ဘူတာက မောင်ငယ်လေးရှိတဲ့ တော်ဝိဘူတာကို ကြေးနန်းနဲ့ ခေါ်ပါတယ်။ ကြေးနန်းကို လိုက်ဖမ်းလိုက်တော့ အမှတ် (၅၀၁) အဆန်သစ်လုံး ရထားအတွက်လမ်းရှင်းတောင်းမယ်ဆိုတာ သိရပါတယ်။

ရထားက သစ်လုံးရထားဆိုပေမယ့်လည်း တွဲတွေပေါ်မှာ သစ်လုံးတွေ မပါတော့ပါဘူး။ သစ်လုံးတွေကို ရန်ကုန်မှာချထားခဲ့ပြီး ပြန်လည်ထွက်ခွာလာတဲ့ တွဲအလွတ်တွေပါ။ လမ်းရှင်းပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး နာရီဝက်လောက်အကြာမှာ ညောင်လေးပင် ဘူတာက ထွက်လာပါတယ်။ ဒါကြောင့်မို့ ရထားကို တော်ဝိဘူတာက တောက်လျှောက် ခုတ်မောင်းနိုင်အောင် ပိန်းဇလုတ်ဘူတာကို လမ်းရှင်းဆက်တောင်းပါ တယ်။ ပိန်းဇလုတ်ဘူတာကို ကြေးနန်းခေါ်ရတာ လက်တွေလည်း ညောင်းနေပေမယ့် ဘယ်လိုမှ ခေါ်မရပါ။ ပိန်းဇလုတ်ဘူတာက ညရုံပိုင်လေးက ဘူတာမှာ မရှိဘဲ အပြင်ကို သွားနေတယ် ထင်ပါတယ်။ နောက်ဆုံးတော့ တော်ဝိဘူတာမှာ မရပ်ဘဲ တောက်လျှောက် ခုတ်မောင်းသွားနေမယ့် ရထားက ရပ်သွားရပါတော့တယ်။

မောင်ငယ်လေးကတော့ သူ့ဘူတာမှာ မရပ်မယ့် ရထား ရပ်နေလို့ စိတ်ပျက်လက်ပျက် ဖြစ်နေပါတယ်။ ပိန်းဇလုတ်ဘူတာကို ခေါ်လို့ရလိုရငြား နောက်ဆုံးအနေနဲ့ ထပ်ခေါ်ကြည့်ပါတယ်။ ဒီတစ်ခါသာကြေးနန်းခေါ်မရရင်တော့ လမ်းရှင်းမဲ့ထွက်ခွင့်လက်မှတ်နဲ့ လွှတ်ရတော့မှာပါ။ ဒါပေမယ့် မမျှော်လင့်ဘဲ ပိန်းဇလုတ်ဘူတာက ကြေးနန်းပြန်လာပါတယ်။ မောင်ငယ်လေးလည်း စိတ်မရှည်တော့လို့ "ခင်ဗျားဘူတာကို ပစ်ပြီး ဘယ် လျှောက်သွားနေတာလဲ။ ဒီမှာ 501 Up ရောက် နေတာကြာပြီ။ လမ်းရှင်းတောင်းမယ်"လို့ ပြောပြီး ချက်ချင်းပဲ လမ်းရှင်းတောင်းလိုက်ပါတယ်။ လမ်းရှင်းရချိန်မှာ လမ်းခွဲကိုင်ကြီးကို စက်ခေါင်းမောင်းဆီကို လမ်းရှင်း လက်မှတ်သွားပေးဖို့ ကပျာကယာ လွှတ်လိုက်ပါတယ်။ မောင်ငယ်လေးက သူ့ဘူတာက ရထားဆက်လက်ထွက်သွားနေချိန်မှာ နောက်ဆုံးတွဲပေါ်က ဂါတ်ဗိုလ်ကြီးကို "ဂါတ်ဗိုလ်ကြီးရေ ပိန်းဇလုတ်ဘူတာကို ခေါ်မရလို့ ရပ်သွားတာပါ။ ရထားကြန့်ကြာမှုကို ကြည့်သာ ပြလိုက်ပါတော့"လို့ လှမ်းအော်ပြီး ပြောလိုက်ပါတယ်။

အမှတ် (၅၀၁) အဆန် ရထားတော်ဝိဘူတာက ဆက်လက် ထွက်ခွာသွားလို့ မောင်ငယ်လေး ဘူတာရုံထဲကို ပြန်လာနေချိန်မှာ ဘူတာစင်္ကြံနံက ထိုင်ခုံပေါ်မှာ အမျိုးသားကြီးတစ်ဦး ထိုင်နေတာကို မြင်တွေ့လိုက်ရပါသည်။ ရထားမလာခင်အချိန်က ဘူတာရုံမှာ မောင်ငယ်လေးတို့ ဝန်ထမ်းသုံးယောက်က လွဲရင်ဘယ်သူမှ မရှိပါဘူး။ အခုဒီ အမျိုးသားကြီး ဘယ်က ရောက်လာလဲလို့ စဉ်းစားကြည့်ရာ စောစောက အမှတ် (၅၀၁) အဆန် ရထားနဲ့ပါလာတာ ဖြစ်နိုင်ပြီး ဘာလို့ရထားနဲ့ ပြန်မလိုက်သွားတာလဲဆိုတာ မသိပါ။ ဘူတာဆိုတာ လူတကာစုံတာပဲလေ သဘောထားပြီး အမှုမဲ့အမှတ်မဲ့ပဲ နေလိုက်ပါတယ်။ မောင်ငယ်လေးလည်း ရထားတွေလာဖို့ အချိန်ဝေးသေးလို့ ဘူတာရုံထဲမှာ နားနားနေနေပဲ နေလိုက်ပါတယ်။

နံနက်လင်းအားကြီး အချိန်တွင် ပိန်းဇလုတ်ဘူတာက မောင်ငယ်လေးကို ကြေးနန်းခေါ်ပါတယ်။ ကြေးနန်းဖမ်းလိုက်တော့ အမှတ် (၂) အစုန်တိုက်ကင်းစစ်ရထားအတွက် လမ်းရှင်းတောင်းတာပါ။ မောင်ငယ်လေးက ရွှေ ရထား အရောက်ကို ပေးပြီး အမှတ် (၂) အစုန် တိုက်ကင်းစစ် ရထားကို လက်ခံလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ပိန်းဇလုတ်ဘူတာက ထွက်လာလို့ ညောင်လေးပင်ဘူတာကို လမ်းရှင်းဆက်တောင်းလိုက်ပါတယ်။ လမ်းရှင်းဆက်တောင်းပြီးချိန်မှာ မောင်ငယ်လေးက ဘူတာရုံအပြင်ကို ထွက်ပြီး ဘူတာရုံရှေ့ စကြိုန်ပေါ်ကနေ ရထားလာမယ့် လမ်းပေါ်မှာ လမ်းရှင်းမရှင်း ကြည့်လိုက်ပါတယ်။ အဲဒီအချိန်မှာ ရထားလမ်းပေါ်မှာ တစ်စုံတစ်ယောက်ကို မြင်တွေ့လိုက်ရပါတယ်။

မောင်ငယ်လေး မြင်တွေ့ရတဲ့ ရထားလမ်းပေါ်က လူ ဘယ်သူလဲဆိုတော့ ညတုန်းက အမှတ် (၅၀၁) အဆန်သစ်လုံး ရထားထွက်သွားချိန်မှာ ဘူတာရုံအပြင်မှာ တွေ့ရတဲ့သူ ဖြစ်နေပါတယ်။ မောင်ငယ်လေး သူ့ကို မြင်တွေ့လိုက်ရချိန်မှာ နံနက် မိုးလင်းခါနီးလို့ ရထားလမ်းပေါ်မှာ အပေါ့အပါး သွားတာ ဖြစ်မှာပဲလို့ အစက ထင်မိခဲ့ပါတယ်။ ဒါပေမယ့် ရထားလမ်းပေါ်က မဆင်းဘဲ ရထားလာရာဘက်ကို မျက်နှာမူပြီး ရပ်နေပါတယ်။ ဒါကြောင့်မို့ မောင်ငယ်လေးက ရထားလမ်းပေါ် လူကြားအောင် လှမ်းအော်ပြောလိုက်ပါတယ်။

"ဗျို့ဆရာကြီး! အဲဒီလမ်းပေါ်က ရထားလာနေတယ်။ ရထားလမ်းပေါ်က မြန်မြန်ဆင်းပါ"

ရထားလမ်းက အစုန်လမ်းနဲ့ အဆန်လမ်းရှိလို့ အစုန်လမ်းက ရထားလာနေတာကို အဆန်လမ်းက လာနေတာထင်လို့ ရပ်နေတာများလား သိအောင် လှမ်းပြောပေမယ့်လည်း ရထားလမ်းပေါ်က မဆင်းပါ။ ရထားလမ်းပေါ်က လူက နားလေးလို့ မောင်ငယ်လေး အော်ပြောနေတာကို သူ့နားက မကြားလို့လား မသိပါ။ ရထားလမ်းပေါ်က လူဟာ ဒီအတိုင်းဆက်နေရင် ရထားတိုက်တာ ခံရတော့မယ်ဆိုတာ မောင်ငယ်လေး သိနေပါတယ်။ ဒါကြောင့်မို့ မောင်ငယ်လေးက သူ့ကိုကယ်တင်ဖို့ ဆုံးဖြတ်လိုက်ပြီး ရထားလမ်းပေါ်ကို ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အဲဒီအချိန်မှာပဲ ရထားလမ်းပေါ်မှ လူကအမှတ် (၂) အစုန် တိုက်ကင်း စစ်ရထားလာနေတဲ့ ရထားလမ်းနှစ်လမ်းကြားမှာ ရထားလာနေရာဘက်ကို ဦးခေါင်းထားပြီး သူ့ရဲ့ကိုယ်ကို ဝပ်ချလိုက်ပါတယ်။

မောင်ငယ်လေးက "ဒီလိုမလုပ်ပါနဲ့ဗျာ။ ရထားကြိတ်သွားပါမယ်"လို့ ပြောပြီး သူ့ခွန်အားရှိသလောက်နဲ့လူကြီးရဲ့ ခန္ဓာကိုယ်ကြီးကို ရထားလမ်းပေါ်က အတင်းဆွဲဖယ်နေတယ်။ ဒါပေမယ့် မောင်ငယ်လေးက သေးသေး ရထားလမ်းပေါ်က လူကကြီးကြီးဖြစ်နေလို့ ဝန်နှင့်အားမမျှသလိုဖြစ်ပြီး ရထားလမ်းပေါ်က လူကြီးကတော့ မလှုပ်တော့ပါ။ အဲဒီအချိန်မှာ ရထားက မောင်ငယ်လေးတို့နဲ့ သံလမ်းတစ်ဆက်(၃၉) ပေလောက်ပဲ ကွာပါတော့တယ်။ မောင်ငယ်လေးကရထားလမ်းပေါ်က လူကို ဆွဲဖယ်နေရင်လည်း ဘယ်လိုမှမရဘဲ သူ့ကိုပါ ရထားတိုက်သွားပါတော့မယ်။ ဒါကြောင့်မို့ အားမတန်မာန်လျှော့ပြီး မလွှဲမရှောင်သာဘဲ ရထားလမ်းပေါ်က လူကိုထားခဲ့ပြီး ရထားနဲ့လွတ်အောင် ပြေးထွက်ခဲ့ရပါတော့တယ်။

လူစီးရထားတွေရဲ့ ရှေ့ကကြိုပြီးလမ်းရှင်းလာတဲ့ တိုက်ကင်းစစ်ရထားတွေရဲ့ တွဲဆိုင်းဖွဲ့ဆင်ပုံက အခြားရထားတွေနဲ့မတူပါ။ ရထားစက်ခေါင်းက ရှေ့ဆုံးက မဟုတ်ပါ။ ရေနွေးငွေ့ စက်ခေါင်းကြီးက တွဲဆိုင်းအလယ်ကပါ။ စက်ခေါင်းရဲ့ ရှေ့နောက်မှာ မိုင်းကာတွဲတွေ ချိတ်ဆက်ထားပါတယ်။ မိုင်းကာတွဲတွေက သစ်လုံးတွေ၊ သစ်ခွဲသားတွေ တင်တဲ့တွဲ အမျိုးအစားတွဲအလွတ်တွေပါ။ ရှေ့ဆုံးတွဲရဲ့ ထိပ်မှာ ရထားလမ်းပေါ်က အတားအဆီးတွေကို ဖယ်ရှားနိုင်အောင်သုံးပေလောက်ရှိတဲ့ ရထားသံလမ်းတိုတစ်ချောင်းကို ရထားတွဲနဲ့ကပ်ပြီး ဂဟေ ဆော်ထားပါတယ်။ အဲဒီသံလမ်းတိုက ရထားလမ်းပေါ်မှာ ဝပ်နေတဲ့ လူကြီးရဲ့ ခန္ဓာကြီးနဲ့ ဘယ်လိုမှ မလွတ်နိုင်ပါ။

မောင်ငယ်လေးတစ်ယောက် ရထားလမ်းပေါ်က ပြေးထွက်သွားလို့ ခြေလှမ်းသုံးလေးလှမ်းလောက် ရောက်ရုံပဲ ရှိပါသေးတယ်။ ရထားလမ်းပေါ်က "ဒုန်း" ဆိုတဲ့ အသံတစ်ချက်ကြားလိုက်ပြီး ရထားလမ်းပေါ်က လူကို ရထားတစ်စင်းလုံးဖြတ်ကျော် သွားပါတော့တယ်။ မောင်ငယ်လေးက သွေးသံရဲရဲမြင်ကွင်းကို မကြည့်ရဲပါ။ ရဲကင်းနဲ့ ဆေးပေးခန်းကို အကြောင်းကြားပါတယ်။ ရထားလမ်းပေါ်က လူကတော့ သူ့ရဲ့ဘဝနိဂုံးကို အဆုံး သတ်လိုက်ပါပြီ။ သူ့အတွက် မောင်ငယ်လေးအနေနဲ့ ရင်နင့်စွာ ခံစားရင်း ရထားလမ်းပေါ်က လူရဲ့ ဘဝဝဋ်ကြွေးက ဒီ ဘဝဟာ နောက်ဆုံးဘဝ ဖြစ်ပါစေလို့သာ ဆုတောင်းပေးခဲ့ရပါတော့တယ်။

ရထားဝန်ထမ်းတစ်ဦး
(ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





တင်ဇေယော် (သထုံ)

# မူးယစ်စိတ်ပြောင်း တစေ့တစောင်း

www.burmeseclassic.com

www.burmeseclassic.com



# တင်ဖေသော် (သထုံ)

# မှုးယစ်စိတ်ပြောင်း တစေ့တစောင်း

ကျွန်တော်သည် ငယ်ရွယ်စဉ်အခါ အဋ္ဌမတန်းကျောင်းသားဘဝတုန်းက ကျူးလွန်သည့်ပြစ်မှု ထင်ရှားသဖြင့် တင်ပါး၌ ပြင်းထန်သော ကြိမ်ဒဏ် သုံးချက်အနက်ခံရဖူးပါသည်။ တရားရုံးက ချမှတ်သော ကြိမ်ဒဏ်မဟုတ်ပါ။ ကျောင်းအုပ်ဆရာကြီး၏ စီရင်ချက်အရ ချမှတ်ပေးခဲ့သော ကြိမ်ဒဏ်ဖြစ်ပါသည်။ မပြောချင်ပါသလေ။ ကျောပြင်မှာ ဒဏ်ရာစတွေနဲ့ ဆိုတာလိုမျိုး ဖြစ်ခဲ့ကြုံခဲ့ရပါသည်။ ထိုအဖြစ်အပျက်ကို ယနေ့ထက်တိုင်မကြာခဏလည်းသတိရတတ်ပါသည်။

ထိုကြိမ်ဒဏ်မှာ ကျွန်တော့်အတွက် တကယ်ပင် ထိုက်သင့်သော ကြိမ်ဒဏ်ပင် ဖြစ်ပါ၏။ ကျောင်းအုပ်ဆရာကြီး၏ အလွန်သက်ညှာသော အဆုံးအမဟုသာ ကျွန်တော်ခံယူခဲ့ပါသည်။ ထိုစဉ်က ထိုကြိမ်ဒဏ် သုံးချက်ထက် ကြီးလေးသော ပြစ်ဒဏ်မျိုးကို ပေးခဲ့မည်ဆိုလျှင်လည်း ပေးနိုင်ကောင်းပါသည်။

ဖြစ်ကြောင်းကုန်စင် ပြောပြချင်ပါ၏။

❖❖❖

"ဟေ့ကောင် တင်ဖာန်.. မင်းတို့ရွာမှာ ပဒိုင်းသီးမရှိဘူးလားကွ"....။

"သိပ်ရှိပေါ့ကွာ....မင်းဘာလုပ်မလို့လဲ".....။

ကျွန်တော်သည် သထုံမြို့မှ ခုနစ်မိုင်ခန့်ဝေးသော ဒေးဗရိန်းကျေးရွာမှ သထုံမြို့ အမှတ် (၁) အထက်တန်းကျောင်းသို့ စက်ဘီးစီး၍ ကျောင်းတက်ရသူဖြစ်ပါသည်။ မြို့ခံကျောင်းသားတစ်ဦးဖြစ်သူ မောင်စိုးက ကျွန်တော့်အား ဆိုင်းမရုံမိုမဆင့် ကောက်ခါငင်ခါ မေးလာသည်ကို မဆိုင်းမတွပင် အလွယ်တကူဖြေလည်းဖြေ မေးလည်း မေးလိုက်ပါသည်။

"ဘာမှမလုပ်ပါဘူးကွ...မမြင်ဘူး၊ မတွေ့ဘူးလို့ပါ....။ မနက်ဖြန် ခူးလာပေးလို့ ရမလား".....။

"ဘယ်နှလုံးယူမှာလဲ"...။

"တစ်လုံးဆိုရပါပြီ"...။

"ကောင်းပြီ....၊ စိန်လိုက်....၊ စိတ်ချ...."။

ကျွန်တော်တို့ နှစ်ယောက်သား စကားအတိုင်အဖောက် ကတိကဝတ် ပြုလိုက်ကြပါသည်။

❖❖❖

ညနေကျောင်းဆင်း အိမ်ပြန်ရောက် ရေမိုးချိုး ထမင်းစား

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ကျွန်တော်တို့ရွာရှိ ဘုန်းတော်ကြီးကျောင်း (ပြဿဒ်ကျောင်း) သို့ ကျွန်တော်သွားခဲ့ပါသည်။ ထိုဘုန်းတော်ကြီးကျောင်းမှာ ကျွန်တော့်မိဘများက ကျွန်တော့်ကို ရှင်ပြုကိုရင်ဝတ်ပေးခဲ့သော ကျောင်းဖြစ်ပါသည်။ ကျောင်းရှိ သံဃာတော်များ၊ ကိုရင်များနှင့် ဘုန်းကြီးကျောင်းသားများမှာ အားလုံးတစ်ရွာတည်းသား ရွာခံများသာဖြစ်၍ ကျွန်တော့်အတွက် အဝင်အထွက် မခက်သလို အထူးအဆန်းလည်း မဟုတ်ပါ။

ကျောင်းခြံဝင်းကြီးထဲတွင် ဘယ်နေရာ ဘာရှိသည်ကို ကျွန်တော် သိပါသည်။ ကျောင်းထိုင်ဘုန်းတော်ကြီးက တိုင်းရင်းဆေးဝါးအဖြစ် အသုံးပြုရန်အတွက် စိုက်ပျိုးထားသည့် ပဒိုင်းပင်လေးပင်ရှိကြောင်း ကျွန်တော် ကောင်းကောင်း သိထားပါသည်။ ထိုပဒိုင်းပင်များကို ကျောင်းကြီး၏ခေါင်းရင်း ဘက်ခြမ်း ဘုရားစင်အောက် ကျွန်းလုံးတိုင်ကြီး လေးတိုင်၏ တစ်တိုင်စီ ခြေရင်းတွင် စိုက်ထားခြင်း ဖြစ်သည်။ သုံးပင်မှာ ပဒိုင်းအဖြူမျိုးဖြစ်၍ ကျွန်တစ်ပင်မှာ ညိုတိုတိုအရောင်ရှိသည့် ပဒိုင်းမျိုး ဖြစ်ပါသည်။ ပဒိုင်းပင်များမှာ ပင်စည်ထွားထွားရွက်ဖားဖားနှင့် အားကောင်းလှပေသည်။ အပင်များ၏ အမြင့်မှာ ကျွန်တော့်ခါးစောင်း ကျော်ကျော် ရှိ၏။

အပင်တိုင်းတွင် အသီးတွေရှိ၏။ အပွင့်တွေလည်းရှိ၏။ *အဖူးတွေလည်း* ရှိ၏။ အရွက်ဖားဖားကြီးတွေ ကြားထဲက အသီးများမှာ အရွယ်အစားအမျိုးမျိုးကို တွေ့ရ၏။ ပဒိုင်းပင်တစ်ပင်လျှင် အရွယ်ရောက်သည့် အသီး ငါးလုံး ခြောက်လုံးခန့်ရှိနေကြသည်။ ထိုပဒိုင်းပင် လေးပင်အနက် အညိုရောင်သန်းနေသော အပင်ကို ကျွန်တော်မျက်စိကျမိသည်။ ထိုအပင်နားဆီသို့ မယောင်မလည်သွားပြီး မည်သူမျှ မသိအောင် ပဒိုင်းသီးတစ်လုံးကို အမြန်ခူးပြီး ခါးပိုက်ထဲထည့်၍ အလစ်သုတ်ခဲ့ပါသည်။ ဘုန်းတော်ကြီးသာ သိလို့ကတော့ ဆော်ပလော် တီးခံရမှာ သေချာသည်။

အိမ်ရောက်တော့လည်း အိမ်က လူကြီးမိဘတွေ မသိအောင် ခိုးကြောင်ခိုးဝှက် ဖုံးဖိလျက် ထားခဲ့ပါ၏။ သူငယ်ချင်းကို ပေးခဲ့သည့် ကတိအတိုင်း ပြချင်ပေးချင်လို့။ ကျွန်တော်ခူးယူခဲ့သော ပဒိုင်းသီးမှာ ဘဲဥကြီးကြီး အလုံးခန့်ရှိသည်။ မညီမညာသော မျက်နှာပြင် အဖုအထစ်တွေနဲ့။ ညိုတိုတို အရောင်သန်းနေသည်။ အညိုပင်က ခူးခဲ့သောကြောင့် ဖြစ်ပါသည်။ ထိုအသီးကို ကျွန်တော်ကျောင်းသွားသည့် လွယ်အိတ်ထဲဝှက်ပြီးထည့်ထားပါသည်။ နောက်နေ့ကျောင်းအတက်တွင် ကတိမပျက်အောင်ကျောင်းသို့ ယူဆောင်ခဲ့ပါ၏။

❖❖❖

"ပဒိုင်းသီးပါသလား…"

"ပါတာပေါ့ကွ…၊ ငါက ကတိတည်ပါတယ်…"၊

"မှန်း…ပြစမ်း…"။

"ရော့…ဒီမှာ…"။

ကျွန်တော် ကျောင်းသို့အရောက် ကျောင်းပေါက်ဝမှ ကြိုစောင့်နေသော မောင်စိုးနှင့် အေးမြင့်တို့နှစ်ယောက်ကို လွယ်အိတ်ထဲက ထုတ်ပြီး ပြလည်းပြပေးလည်းပေးလိုက်သည်။

"ဟော့…ဟော့…ကျတ်

www.burmeseclassic.com



တယ်ကွ။ ပဒိုင်းသီး၊ ပဒိုင်းသီး ....”။

မောင်စိုးနှင့်အတူ ရှိနေသော အေးမြင့်က ပြောသည်။

“ဟ...၊ ပဒိုင်းသီးကွ...၊ ဘယ်သူယူလာတာလဲ...”။

နောက်ထပ် ကျွန်တော်တို့အနီးသို့ ရောက်လာသော မြင့်အေး (ရင်းငြိမ်ရွာ) က ဝင်မေးသည်။

“ငါတို့ရွာက ခူးလာတာကွ။ မောင်စိုးက မမြင်ဘူးမတွေ့ဖူးဘူးဆိုလို့...”။

ကျွန်တော် ခပ်ပေါ့ပေါ့ပဲ ဖြေလိုက်ပါသည်။

“ဟော့ရောကောင်တွေ၊ အဲဒီအသီးကို မစားနဲ့နော်...”။

တစ်ယောက် ဝင်ထောက်သည်။

“စားတော့ ဘာဖြစ်မှာလဲကွ...”။

တစ်ယောက်က ပြန်မေးသည်။

“ရူးတတ်တယ် ကိုယ့်လူ...”။

“ဘယ်လိုရူးမှာလဲ...”။

“ရက်တစ်ပတ်လည် ရူးတယ်တဲ့ကွ...”။

“ဘယ်လို ရက်တစ်ပတ်လည်လဲ....”။

“ဟာကွာ။ ဒီနေ့မနက်လို စားပြီးလို့ ရူးလိုက်ရင် နောက်နေ့ ဒီအချိန် အကောင်းပကတိ ပြန်ဖြစ်တာပဲတဲ့...”

“ဟုတ်ရဲ့လား....”။

“ဟုတ်ပါ့ဆို....”။

“နောက်တော့ ဘာဖြစ်သေးလဲ..။အကျိုးနဲ့အပြစ်...”။

“ပဒိုင်းသီးစားပြီးလို့ ရူးပြီးရင် လူကျန်းမာပြီး ဝလာတယ်လို့တော့ ပြောကြတာပဲကွ ဟုတ်မဟုတ်တော့ မသိဘူး.”။

ကျွန်တော်တို့ သူငယ်ချင်းတစ်စု တစ်ယောက်တစ်ပေါက် လျှောက်ပြောနေကြသည်။

“ဒါဆို လက်တွေ့ စားကြည့်မှပဲ....တက်စ်တီးဝမ်းတူးသရီး လုပ်မယ်...”။

နောက်ဆုံး ပြောသူကတော့ မောင်စိုး ဖြစ်ပါသည်။

ကျောင်းတက်ခေါင်းလောင်း တခေါင်းခေါင်း တီးသဖြင့် ကျွန်တော်တို့ အသီးသီး စာသင်ခန်းအတွင်းသို့ နေရာကိုယ်စီ ဝင်ကြလေတော့သည်။

ကျွန်တော်နှင့်မြင့်အေးတို့က နှစ်ယောက်တွဲ အတန်း၏ လက်ဝဲဘက် ရှေ့ထောင့် ဒုတိယတန်းထိုင်ခုံနှင့် ခုံတန်းရှည်တွင် ထိုင်သည်။ ကျွန်တော်တို့ အတွဲ၏နောက်တွင် မောင်စိုးနှင့် အေးမြင့်တို့နှစ်ယောက်ထိုင်သည်။ အတန်းသားပေါင်း (၄၀) ကျော်ရှိသည်။ ယောကျ်ားလေးများ သီးသန့်ဖြစ်သည်။ စက်မှုလက်မှု အပိုဘာသာတွဲယူသော အတန်း ဖြစ်၍ မိန်းကလေးတွေ မပါ။

ထိုစဉ်က ကျွန်တော်တို့ အမှတ်(၁) အထက်တန်းကျောင်းသည် (အထူး သိပ္ပံကျောင်း) အဖြစ် သိပ္ပံဘာသာ ဦးစားပေးသင်ကျောင်းဖြစ်ခဲ့သည်။ အမှတ်(၂) အထက်တန်းကျောင်းမှာဝိဇ္ဇာဘာသာရပ် သင်ကျောင်း ဖြစ်ခဲ့သည်။ ကျွန်တော်တို့ကျောင်းတွင် အဋ္ဌမတန်း စာသင်ခန်း အေ၊ ဘီ၊ စီ၊ ဒီ....အိတ်(ချ်) အထိရှိရာ နောက်ဆုံး ဂျီနှင့်အိတ်(ချ်) အခန်း (၂) ခန်းသည် စက်မှုလက်မှုအပိုဘာသာတွဲယူသည့် အခန်းဖြစ်ပါသည်။ ကျွန်တော်တို့ အခန်းကို (မဟာဂျီ) အခန်းဆိုပြီး ဆရာ ဆရာမများက ဝိသေသထူးပြုပြီး ကင်ပွန်းတပ် မှည့်ခေါ်ထား

www.burmeseclassic.com

www.burmeseclassic.com





ပေးသည်။ အကြောင်းမှာ ခပ်ထက်ထက် ခပ်သွက်သွက်နှင့် ခပ်ဆိုးဆိုးလေးတွေ များလို့ဟု ဆိုကြပါ၏။

မှန်ပါသည်။ ထိုစာသင်ခန်းမှာ ပညာသင်ခဲ့ပြီး နောင်တွင် ထူးချွန်ပြောင်မြောက်စွာဖြင့် ထွန်းထွန်းပေါက်ပေါက် ခရီးရောက်ခဲ့သော တိုင်းသိပြည်သိ ပုဂ္ဂိုလ်များပင် ရှိနေပါ၏။ (မဟာဂျီ) အခန်းတွင် ပညာသင်ခဲ့ဖူးသူတစ်ဦးဆိုလျှင် ယခုအခါတိုင်းဒေသကြီး တစ်ခု၏ ဝန်ကြီးချုပ်ရာထူးကို ထမ်းဆောင်လျက်ရှိနေပါသည်။ တိုင်းပြည်၏ သားကောင်းတစ်ယောက် ကျောင်းကောင်းတစ်ဈေ အဖြစ် လက်တွေ့ မြင်နေရပါသည်။ အဲဒါသည် (မဟာဂျီ) ၏ ဝိသေသပင်တည်း။

❖❖❖

ကျောင်းတက်ခေါင်းလောင်းထိုးပြီးလျှင် ထုံးစံအတိုင်း နိုင်ငံတော် သီချင်းကို တစ်ကျောင်းလုံး သံပြိုင်ဆိုကြရသည်။ ပြီးမှ စာသင်၏။ ကျွန်တော်တို့အတန်း၊ ကျွန်တော်တို့အခန်း၏ ပထမဦးဆုံး အချိန်မှာ အတန်းပိုင်ဆရာကြီး ဦးအုန်းဖေ၏ မြန်မာစာအချိန်၊ ဆရာကြီးဦးအုန်းဖေမှာ စာသင်ရာတွင် အလွန်စိတ်ရှည်၏။ တည်ငြိမ် အေးဆေးသဖြင့် လေးစားကြည်ညိုဖွယ် ကောင်းပါသည်။

ဆရာကြီးက ရှေ့တွင် စာသင်နေခိုက် ကျွန်တော်တို့၏ ထိုင်ခုံအနောက်မှ တကြွပ်ကြွပ် ကိုက်ဝါးနေသည့် အသံကို တစ်ချက်တစ်ချက် ကြားနေရသည်။ မာလကာသီး အစိမ်းတစ်လုံးကို ကိုက်ဝါးနေသည့် အသံမျိုးဖြစ်သည်။ ကျွန်တော်အသာလေး လှည့်ကြည့်မိသောအခါ မောင်စိုး၏ ပါးစပ်မှာ လှုပ်နေပြီး တမြုံ့မြုံ့နှင့် အောက်မေးလှုပ်နေ၏။ သူ့မျက်နှာပေးကလည်း မချိုမချဉ် စပ်ဖြီးဖြီးနှင့်။ ဟုတ်နေပါပြီ။ မောင်စိုးတစ်ယောက် ကျွန်တော် ယူလာသော ပဒိုင်းသီးကို စားနေချေပြီ။ ပဒိုင်းသီးစေ့များမှာ မာလကာသီးစေ့နှင့် တူပါသည်။ ကျွန်တော်က ဆရာကြီး မမြင်အောင် ကိုယ်တစောင်းလှည့်ပြီးလက်ဝါးယမ်းခါ၍ ဆက်မစားရန်တားပါ၏။ မျက်ရိပ်မျက်ခြည်ဖြင့် ခေါင်းခါပြ၏။ မရ။ အတော်ကြာမှ သူ့နားထိုင်သော အေးမြင့်ကလည်း မစားရန် လက်ကုပ်ပြီး တား၏။ မရ။ နောက်ဆုံး ပဒိုင်းသီးကို အေးမြင့်က မောင်စိုး

www.burmeseclassic.com



ဘယ်အချိန်
လောက်မှာ
ဘယ်လို
ထဖောက်မည်နည်း။
ဘယ်လိုပုံစံမျိုးနှင့်
အရှုးစလာမည်နည်း။
ယဉ်ယဉ်လေးရှုးမည်လား။
ကြမ်းကြမ်းတမ်းတမ်း
ရှုးမည်လား။
အဲဒါကိုပဲ
ကျွန်တော်
စိုးရိမ်သောက
ဖြစ်နေရပါသည်။

လက်ထဲမှ အတင်းလုယူ လိုက်သည်ကို ကျွန်တော်တွေ့လိုက်ရပါသည်။ လုယူလိုက်သည့် အချိန်တွင် ပဒိုင်းသီးမှာ တစ်ဝက်ပင် ကျိုးနေလေပြီ။

အတန်းပိုင် ဆရာကြီး ဦးအုန်းဖေ၏ မြန်မာစာ အချိန်ကုန်သွားပါပြီ။ အချိန်ပြောင်း ခေါင်းလောင်းထိုးပြီး နောက်ဆရာ မရောက်မီ စပ်ကူးမတ်ကူးအချိန်တွင် လက်ကျန်ပဒိုင်းသီးကို အေးမြင့်ထံမှ ကျွန်တော်ပြန်တောင်းယူလိုက်ပါသည်။ မောင်စိုး ဘာဆက်ဖြစ်မည်မသိ။ ကျွန်တော် စိုးရိမ်စိတ်ဖြင့် ထိန့်လန့်နေပါ၏။

❖❖❖

ဒုတိယ စာသင်ချိန်မှာ ဆရာကြီး ဦးအုန်းမောင်၏ သချ်ာ (၁) အချိန် ဖြစ်ပါသည်။ ကျွန်တော်တို့ အားလုံးကလေးစား ကြောက်ရွံ့ရသော ဆရာကြီးဖြစ်ပါသည်။ အသင်အပြ အလွန်ကောင်းသလို အထုအထောင်းလည်း အလွန် သွက်ပါသည်။ ပြုံးမြုံးပြုံးပြုံးနှင့် တမြန်းမြန်းလည်း အုပ်တတ်ပါသည်။ ကျွန်တော်တို့၏ ကျောပြင်ကိုလည်း ဗျောတင်တတ်ပါသည်။

"မင်းတို့ကို အိမ်စာပေးပြီး တွက်ခိုင်းထားတဲ့ သချ်ာစာအုပ်တွေ လာတင်ကြ..."။

"ဟုတ်ကဲ့ပါ ဆရာကြီး ...."။

ကျွန်တော်တို့ တွက်လာခဲ့သည့် သချ်ာစာအုပ်များ စားပွဲပေါ်တွင် တင်လိုက်ကြပါသည်။ သချ်ာကိစ္စ စိတ်မချစရာ မရှိ။ ကျွန်တော်ကောင်းစွာ တွက်ထားနိုင်ပါသည်။ သို့သော် ကျွန်တော့်မှာ စိုးရိမ်ပူပန်စိတ်နှင့် တထင့်ထင့် ဖြစ်နေ၏။ မောင်စိုးတစ်ယောက် ဘယ်အချိန်လောက်မှာ ဘယ်လိုထဖောက် မည်နည်း။ ဘယ်လိုပုံစံမျိုးနှင့် အရှုးစလာမည်နည်း။ ယဉ်ယဉ်လေးရှုးမည်လား။ ကြမ်းကြမ်းတမ်းတမ်း ရှုးမည်လား။ အဲဒါကိုပဲ ကျွန်တော် စိုးရိမ်သောက ဖြစ်နေရပါသည်။

ဆရာကြီးအား ကြောက်ရွံ့ရင်းစွဲ ရှိပေလို့ပဲလား မသိ။ မောင်စိုးလှုပ်ရှားမှု ထူးခြားမှုမပြသေးပါ။ တော်ပါသေးသည်။ ဒါပေမယ့် မောင်စိုး၏ သဏ္ဌာန်မှာ ပုံမှန်မဟုတ်သည်ကို ကျွန်တော် ရိပ်စားမိပါ၏။ သူ့နဂိုအတိုင်း မဟုတ်ပြီ။ သူ၏ နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ခမ်းများ ခြောက်နေပါသည်။ နှုတ်ခမ်းထောင့်စွန်း နှစ်ဖက်စလုံးတွင် အမြှုပ်တွေ စေးကပ်ကပ်ဖြစ်နေသည်။ တံတွေးတပြစ်ပြစ်နှင့် ဖြစ်နေသည်။ သူ့မျက်လုံးနှစ်လုံး၏ အကြည့်မှာ ပြူးတူးတူး ကြောင်တောင်တောင်။ ဘယ်ညာထက်အောက် ကျီးကန်းတောင်းမှောက် ဖြစ်နေသည်ကို ကျွန်တော်ကောင်းစွာ သတိထားမိပါ၏။ ပါးစပ်ကလည်း ပွစိပွစိနှင့် ကရင်ဆီမန်းမန်းသလို ရွတ်နေသည်။မောင်စိုးနှင့် အနီးကပ်ထိုင်နေသည့် အေးမြင့်က ကျွန်တော့်အား ခေါင်းရမ်းပြနေပေပြီ။ လက်ကိုပါ ခါပြီး အခြေအနေ မဟန်ကြောင်း အရိပ်အယောင် ပြသည်။ ခက်ချေပြီ။



မောင်စိုးမှာ အသားညိုသူဖြစ်သော်လည်း သူ့မျက်နှာပြင်မှာ ဖြူဖပ်ဖြူရော် ဖြစ်လာသည်ကိုလည်း တွေ့ရသဖြင့် ကျွန်တော် စိတ်မကောင်းခြင်း၊ ဝမ်းနည်းခြင်း၊ စိုးရိမ်ကြောက်လန့်ခြင်းတို့ကို တပြိုင်တည်း ခံစားနေရပါတော့သည်။ တော်ပါသေးသည်။ ဒီကနေ့ စာသင်ချိန်၌ ဆရာကြီး ဦးအုန်းမောင်သည် အိမ်စာတွက်ခိုင်းလိုက်သော ပုစ္ဆာများကို သူ၏ စားပွဲနှင့် ထိုင်ခုံ၌ ပင် ထိုင်၍ စစ်ဆေးနေသောကြောင့် ငြိမ်သက်နေ၏။ ဆရာကြီး၏ စာသင်ချိန် မြန်မြန်ကုန်ပါစေဟု ကျွန်တော် အပူတပြင်း ဆုတောင်းခြင်း ပြုနေရပါသည်။ မိနစ် (၄၀) အချိန်မှာ ကျွန်တော့်အတွက် လေးသချီမျှကြာသည် ထင်ရ၏။ ကုန်ခဲလေခြင်းဗျာ။ အချိန်ပြောင်း ခေါင်းလောင်းသံတီးမှ ကျွန်တော်သက်ပြင်း ရှည်ကြီး ချနိုင်လေတော့သည်။

❖❖❖

တတိယအချိန် လာချေပြီ။ အင်္ဂလိပ်စာပြသည့် ဆရာမဒေါ်နော်စုစု။ ကျွန်တော်တို့ အားလုံးက ချစ်၊ ကြောက်၊ ရိုသေလေးစားရသော ဆရာမ။ စည်းကမ်းကြီးသည်။ တစ်ခါတစ်ခါ ဗျောလည်းတီးသည်။ ငယ်ပင်ငယ်သော်ငြား လက်သံတအားပြောင်သည်။ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောတတ်သည်။

"မင်္ဂလာပါ ဆရာမ"

ကျွန်တော်တို့အားလုံးက ထိုင်ရာမှ ထ၍ နှုတ်ဆက်ကြ၏။

"မင်္ဂလာပါ..."။

ဆရာမကလည်း ထုံးစံအတိုင်း ပြန်လည် နှုတ်ခွန်းဆက်၏။

ထိုအခါ အတန်းသားအားလုံး ထိုင်ခုံပေါ်သို့ ပြန်ထိုင်ကြသော်လည်း တစ်ဦးတစ်ယောက်သော ကျောင်းသားမှာ ထိုင်ခုံပေါ် ပြန်မထိုင်ဘဲ မတ်တတ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



လျက်ပင် ငူငူကြီး ဖြစ်နေ၏။ ပေတိပေကတ် ရပ်နေလေသည်။ ထိုသူကား အခြားမဟုတ်။ မောင်စိုးတည်း။ ထိုအခါ ဆရာမက မြင်၍····

"ဟဲ့···ဟဲ့ ဟိုကလေး ထိုင်လေ···"

ဆရာမက မောင်စိုးအား လက်ညှိုးညွှန်၍ ပြော၏။ သို့သော် မောင်စိုးက မထိုင်။ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ဆိုသည့်အလား မားမားကြီး ဆက်ရပ်နေပါသည်။ ကျွန်တော်သည် မောင်စိုးကို ကြည့်၍ အကြီးအကျယ် စိတ်ပျက်ရပါသည်။ အတန်းသားအားလုံးက ဝိုင်းကြည့်နေကြသည်။ မောင်စိုး၏ အပြုအမူကို အံ့သြနေကြသည်။ ဘာကြောင့် ဤသို့ပြုနေရသည်ကို နားမလည်နိုင်သော အကြည့်ဖြင့် စူးစမ်းနေကြလေသည်။

"ကမ္ဘာမကျေ၊ မြန်မာပြေ၊ ဒို့အဘိုးအဘွား အမွေ အနှစ်မို့ ချစ်မြတ်နိုးပေ၊ ပြည်ထောင်စုကို အသက်ပေးလို့···၊ ····၊ ······"။

မောင်စိုးတစ်ယောက် စိတ်ရှူးဖောက်ပြီး နိုင်ငံတော်သီချင်းကို ဆိုချေပြီ။ ပြီးတော့···ပုဆိုးကို စလွယ်သိုင်းထားပြီး ခြေထောက်နှစ်ချောင်းကို ဘယ်ညာနင်းလေတော့သည်။ ထို့အပြင် စာသင်ခန်းထဲမှ ထွက်သွား၏ ။ကျောင်းအနောက်ဘက်ရှိ အိမ်သာများဆီသို့ အပြေးတစ်ပိုင်းနှင့် စိုင်းလေတော့သည်။ တော်ပါသေးသည်။ အတွင်းခံ ဘောင်းဘီတို့



ပါပေလို့သာ။

ကျွန်တော်တို့ အခန်းမှာ ကျောင်းကြီး၏ အောက်ထပ်အစွန်းဘက်ကျပြီး အိမ်သာခန်းများနှင့် နီးပါသည်။ မောင်စိုးပြေးထွက်သွားရာ နောက်သို့ မည်သူတစ်ဦးတစ်ယောက်မျှ မလိုက်သွားရဲကြပါ။ အံ့အားသင့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ထူးဆန်းနေခြင်းကြောင့် အားလုံးမင်တက်မိနေကြပေသည်။

"ဟဲ့- ဒါဘာဖြစ်တာလဲ···။ မင်းတို့ မသိကြဘူးလား····"။

ဆရာမက အတန်းသားတွေကို မေး၏။ မည်သူမျှမဖြေ။ ကျွန်တော်တို့ အနီးကပ်အတူထိုင်နေကြသည့် လေးငါးယောက်ကလွဲ၍ အခြားသူတို့ မသိကြပါ။

"အတူတူထိုင်တဲ့ လူတွေ မသိကြဘူးလား····"။

ဆရာမက အဖြေမရ၍ မကျေနပ်၍ ထပ်မေးပြန်သည်။ မည်သူမျှ စကားမေးမရကြပါ။ နှုတ်ဆိတ် တိတ်နေကြလေသည်။ ကြောင်၍ ငေါင်း၍သာ ကြည့်နေကြ၏။ အဖြေရာတွေ ပုံမှန်မဟုတ်သည်ကို ဆရာမရိပ်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းတို့အားလုံး မှန်မှန်ပြောကြစမ်း။ ဘာဖြစ်တာလဲ။ တစ်ခုခု လုပ်ထားပြီး ဖြစ်နေတာ သေချာတယ်…"။

အတန်းသား အားလုံးမှာ ငြိမ်ချက်သား ကောင်းနေကြ၏။

"လာပြီဟော×××သာကီဆွေ ရဲရဲတောက်မောင်တွေ××သေစေ ရှင်စေ စိတ်ဓွဲချက်က မသွေ××× ကမ္ဘာ့မကျေ၊ မြန်မာပြေ ဒို့ပြေ ဒို့ပိုင်စေ×××သေမင်းဆွေရေ××× သစ္စာနှံ့စို့လေ×××…"။

မောင်စိုးအိမ်သာများဘက်ဆီမှ စစ်ချီသီချင်းဆို၍ စာသင်ခန်းအတွင်းသို့ ပြန်ဝင်လာလေသည်။ ဆရာမစိတ်ဆိုးနေပါပြီ။ ဆိုးလည်း ဆိုးလောက်ပါ၏။ မေးတာကို မဖြေကြတာရယ်။ မောင်စိုး၏ လှုပ်ရှားမှုများ ပုံစံမကျတာရယ်၊ ဒီလိုအဖြစ်မျိုး မကြုံစဖူး အကြုံထူးတာရယ်ကြောင့် ဆရာမ စိတ်ဆိုးစရာ ဖြစ်ရသည်မှာ မလွန်ပါ။

"ကဲ…၊ မင်းတို့အားလုံး မတ်တတ်ရပ်ကြစမ်း။ ဘယ်သူမှ မသိကြဘူးလား။ မဖြေကြဘူးလား…။ ဆရာမ မင်းတို့အတန်းကို ကျောင်းအုပ်ကြီး ရုံးခန်းတိုင်မယ်…."။

ဆရာမ ရာဇသံ ပေးလေပြီ။ ကျွန်တော့်မှာ ရင်ဘတ်ထဲပြင်းအားကြီးမားသော ဒိုက်နမိုက်မိုင်းကွဲသလို ဒိုင်းကနဲ လှုပ်ရမ်းတုန်ခါသွားလေတော့၏။ ဘုရားဘုရား ငါးပါး မှောက်ပါပြီ။ ကိုယ်ကျိုးတော့ နည်းပါပေါ့လား။ စိုးရိမ်မှု မျဉ်းအမှတ်သည် ကျွန်တော်၏ ငယ်ထိပ်ကိုအတင်းဖြတ်၍ ထိုးဖောက်ကျော် တက်သွားလေပြီ။ ဆရာမက ထိုသို့ရာဇသံပေး၍ မေးနေစဉ်မှာပင်…..။

"ပဒိုင်းသီး ပဒိုင်းသီး××× စားလို့ကောင်းတဲ့ ပဒိုင်းသီး××× အီး…ဟီး…ဟီး…ဟီး…၊ ဝှီး၊ ဝှီး၊ ဝှီး၊ ဝှီး…"။

မောင်စိုးနှုတ်ထွက်ကရုတ်တရက် အသံမြည်လာလေတော့သည်။ မောင်စိုး၏ အရူးစကားကြောင့် ထူးခြားသည့် အဖြေကို အလိုအလျောက် ဆရာမရလိုက်လေသည်။ ထိုအဖြေကို အခြေခံခြေရာကောက်ပြီး ဆရာမက ဆက်လက်စစ်ဆေး မေးမြန်းပါတော့သည်။ ထိုအခါ အကြောင်းစုံ ဖြစ်ရပ်မှန် သရုပ်သဏ္ဌာန် ပေါ်လေ၏။

အကြောင်းစုံ ဖြစ်ရပ်မှန်ကို အဆင့်ဆင့် ဝေဖန်စစ်ကြော ဆင်ခြင်ကြသောအခါ ပဒိုင်းသီးကို ကျောင်းသို့ယူလာသူ ကျွန်တော် ငတင်ဟန် တရားခံဖြစ်ရလေတော့သည်။ ကောင်းလေစွ။

မောင်စိုး၏ အခြေအနေမှာ တဖြည်းဖြည်း နေမြင့်လေအရူး ရင့်နှလေ ဖြစ်လာပြီး ဆောက်တည်ရာ မရတော့ပေ။ တောက်တီးတောက်တဲ့တွေ၊ တွေ့ကရာ စကားတွေ ပြောဆို ရေရွတ်ပြီး ထင်ရာမြင်ရာတွေ လုပ်ချင်တာတွေ လျှောက်လုပ်လာလေတော့သည်။ နောက်ဆုံး အခြေအနေမှာ အတန်းသားတွေ ဝိုင်းချုပ်ထားပြီး အိမ်သို့ ပြန်ပို့ပေးလိုက်ရသည် အထိ ဖြစ်ခဲ့ပါသည်။

❖❖❖

ထိုနေ့ညနေကျောင်းမဆင်းမီ စာသင်ချိန် နောက်ဆုံးအချိန်၌ ကျွန်တော် ငတင်ဟန်သည် ကျောင်းအုပ်ဆရာကြီး ရုံးခန်းသို့ သတင်းပို့ရပြီးသကာလ ကျောင်းအုပ်ဆရာကြီး၏ စစ်ဆေးမေးမြန်း ချက်ကို ဖြစ်ရပ်မှန်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံချက် ပေးရလေသည်။ ပြစ်မှုထင်ရှားသဖြင့် ချမှတ်သော ပြစ်ဒဏ်အဖြစ် ကြိမ်ဒဏ်သုံးချက် တင်ပါးကို အနာက် ခံရလေသတည်း။ ကျွန်တော်ငတင်ဟန်၏ တင်ပါးတွင် ထင်ရှားသော အရိုးတံဆိပ်ခတ်နှိပ်ခြင်း ခံလိုက်ရပါသည်။ မျက်စိစုံမှိတ်၍ ကြိတ်ခံလိုက်ရသည့်ဖြစ်ခြင်း။ မောင်စိုး၏ "တက်စ် တီးဝမ်းတူးသရိုး" ဆိုသော စကားကို ပြန်ကြားနေမိရင်းက ကျောင်းအုပ်ဆရာကြီး၏ "နက် တီးဝမ်းတူးသရိုး" ကို မြိန်ရှက်စွာ ခံစားလိုက်ရလေသည် တမုံ့။

❖❖❖

ငယ်ရွယ်စဉ် ကျောင်းသားဘဝတုန်းက ပဒိုင်းသီးဓာတ်လမ်းမှာ စာသင်ခန်းတွင်တစ်ခန်းရပ်ခဲ့ပါ၏။ သို့ရာတွင်ကျွန်တော်နှင့် ပဒိုင်းပင် ပဒိုင်းသီးမှာ ရေစက်မကုန်သေးဘဲ ထိုပဒိုင်းပင် ပဒိုင်းသီးတွေနှင့် ထပ်မံဆုံဆည်းခဲ့ရသည့် အကြောင်းကို ကျွန်တော်ထပ်ပြီး တင်ပြစရာများ ကျန်ရှိနေပါသေးသည်။

❖❖❖

ကျွန်တော်တပ်မတော်သားဘဝ စစ်မှုထမ်းခဲ့စဉ်က ဖြစ်သည်။ ၁၉၇၂/၇၃ မှစ၍နောက်ပိုင်းကာလများတွင် ကြုံတွေ့ခဲ့ရခြင်းပါ။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တောင်ပိုင်းတို့၌ စစ်ဆင်ရေးများတွင် ကျွန်တော်ပါဝင် လှုပ်ရှားခဲ့ရဖူးပါသည်။ ကျွန်တော်၏ မိခင်တပ်ရင်းသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ လက်အောက်ခံ တပ်ရင်းတစ်ရင်းဖြစ်၍ အဆိုပါ နယ်မြေများတွင် နယ်မရှောင် ကြယ်ပြောင်တပ်ရင်း ဖြစ်ခဲ့ရပါသည်။

ကျိုင်းတုံခွင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်နှင့် မိုင်းပေါက်နယ်မြေများ၌ အထူးစစ်ဆင်ရေး တစ်ရပ်ကို ကျွန်တော်တို့ တပ်ရင်း တာဝန်ယူခဲ့ရပါသည်။ ၎င်းစစ်ဆင်ရေးမှာ ကူမင်တန် (တရုတ်ဖြူ) လက်ကျန်များ၏ တပ်စခန်းများကို မြန်မာ့မြေမှ တိုက်ခိုက်မောင်းထုတ်ရန် ဖြစ်သည်။ ကျွန်တော့်အနေဖြင့် ထိုစစ်ဆင်ရေးများ အကြောင်းကို အကျယ်တဝင့် တင်ပြရန် မရည်ရွယ်ပါ။ စစ်ဆင်ရေး အတွေ့အကြုံများအရ ကျွန်တော်တွေ့မြင်ခဲ့ရသည့် "ပဒိုင်းပင် ပဒိုင်းသီး" အကြောင်းကို ဆက်လက်တင်ပြလိုခြင်းသာ ဖြစ်ပါ၏။

ကျွန်တော်တို့သည် စစ်ဆင်ရေးများတွင် တိုက်ပွဲဝင်အောင်ပွဲဆင်၍ ကူမင်တန် (တရုတ်ဖြူ) တပ်များ မြန်မာ့မြေမှ လက်လွှတ်ထွက်ပြေးပြီးအဝေးသို့ ရောက်ခဲ့ကြလေသည်။ ၎င်းတို့ စွန့်ခွာသွားသော နယ်မြေများတွင် ၎င်းတို့ ကိုယ်တိုင်စိုက်ပျိုးခဲ့ကြသော ဘိန်းခင်းကြီးများ၊ ၎င်းတို့၏ အမိန့်နှင့် ညွှန်ကြားချက်များအရ နယ်မြေခံ တိုင်းရင်းသားများ စိုက်ပျိုးထားကြသည့် ဘိန်းခင်းကြီးများကို ကျွန်တော်တို့ သိမ်းပိုက်နိုင်ခဲ့ကြလေသည်။

အထူးတလည် အနေဖြင့် ကျွန်တော်သတိပြု ဆင်ခြင်ပြီး တွေ့မြင်ခဲ့ရသည်မှာ ထိုဘိန်းခင်းကြီးများတွင် ဘိန်းပင်များနှင့် ပူးတွဲလျက် စိုက်ပျိုးထားသောပဒိုင်းပင်များနှင့် သဘော်ာ ကြက်ဆူ (အနီ) ပင်များကို မှတ်မှတ်ရရ ဖြစ်ခဲ့ပါသည်။ ကျွန်တော့်တွင် ပဒိုင်းပင် ပဒိုင်းသီးအကြောင်း ကျောင်းသားဘဝက ကောင်းကောင်း သိခဲ့သဖြင့် ဒဏ်ရာဟောင်းကို ပြန်ပြောင်းသတိရခြင်း ဖြစ်မိပါ၏။ ဘိန်းပင်နှင့်ဘိန်းသီး၊

www.burmeseclassic.com

www.burmeseclassic.com





ပဒိုင်းပင်နှင့် ပဒိုင်းသီးအကြောင်းကိုလည်း ကျွန်တော် ဆက်စပ်ပြီး တွေးတော ဆင်ခြင်မိပါသည်။

ကူမင်တန် (တရုတ်ဖြူ)များ စိုက်ပျိုးခဲ့ကြသည့် ဘိန်းခင်းတိုင်း ဘိန်းခင်းတိုင်း၌ ပဒိုင်းပင်များ၊ သဘော်ကြက်ဆူ (အနီ) ပင်များကို ပူးတွဲစိုက်ထားကြသည်မှာ ထူးခြားချက်ရှိမည်ဟု ကျွန်တော် ထင်မြင် ယူဆပါသည်။ ပတ်သက်ဆက်နွယ်မှု အကြောင်းဆက် အကျိုးဆက်ရှိမည်ဟုလည်း ကျွန်တော်ယူဆမိပါသည်။

ဘိန်းပင်မှ ဘိန်းသီးသည် မူးယစ်ဆေးဝါး ဖော်စပ်ထုတ်လုပ်ရာတွင် အဓိက ကုန်ကြမ်းပစ္စည်းဖြစ်သည်ကို လူတိုင်းအသိဖြစ်ပါသည်။ ဘိန်းမှထုတ်လုပ်သော မူးယစ်ဆေးဝါးသည် လူ၏စိတ်ကို ရူးကြွ၍ ပြောင်းလဲစေသော ဂုဏ်သတ္တိအစွမ်း အာနိသင်ရှိသည်ကိုလည်း လူအများသိထားပြီး ဖြစ်ပါသည်။ ဘိန်းသီးအစေးမှ ဘိန်းမဲ၊ ဘိန်းဆီခဲ၊ ဘိန်းရည်၊ ဘိန်းညိုခဲ၊ ဘိန်းဖြူမှုန့် စသည်ဖြင့် အဆင့်ဆင့်ကို ဓာတုဗေဒ ပစ္စည်းများနှင့် ပေါင်းစပ်၍ မူးယစ်ဆေးဝါး အမျိုးမျိုးကို ချက်လုပ်ထုတ်ယူကြသည်ကိုလည်း လူတိုင်း အသိဖြစ်ပါ၏။

ဘိန်းနှင့်ပဒိုင်း အကြောင်းကို ကျွန်တော်ပေါင်းစပ်ပြီး တွေးမိပါသည်။ ပဒိုင်းသီးမှာလည်း လူကို မူးယစ်ထုံထိုင်းစေခြင်း၊ လူ၏စိတ်ကို ရူးသွပ်ဖောက်ပြန်စေခြင်း၊ စိတ်ကို ပြောင်းလဲစေခြင်းတည်း ဟူသော အစွမ်းသတ္တိ အာနိသင် ရှိသည်မှာ အမှန်ဖြစ်သည်။ငြင်းဆန်၍မရ။ ကျွန်တော် စာတွေ့ကိုယ်တွေ့ ကြုံတွေ့ခဲ့ရဖူးသည်ဖြစ်၍သာ။ ဤသို့ဆက်စပ် တွေးတော ဆင်ခြင်မိခြင်း ဖြစ်ပါသည်။ မြန်မာမှု နယ်ပယ်တွင်

www.burmeseclassic.com



"ဆုပ်လျှင်လည်းစူး၊ နမ်းလျှင်လည်းမွှေး၊ စားလျှင်လည်းရှူး" ဆိုသော အသီးမှာ ပဒိုင်းသီး ဖြစ်ကြောင်း ကောင်းကောင်းကြီး သိထားကြပါသည်။ အငြင်းမပွားကြပါ။ အကြွင်းမဲ့ ယုံကြည်ထားကြသည်။

ဘိန်းခင်းများနှင့် တွဲဖက်ပြီး ပဒိုင်းပင်များကိုပါ စိုက်ပျိုးထားကြသည်မှာ သဘာဝကျသည်ဟု ထင်စရာ ရှိပါသည်။ အလွန်စဉ်းစားစရာ ကောင်းသော အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ဇုဏ်သတ္တိနှင့် စွမ်းရည်စွမ်းပကား၊ အာနိသင်များ တူကြသည့် ဘိန်းနှင့်ပဒိုင်းကို စိုက်ခင်းများတွင် အတူ တွဲစိုက်ရခြင်း၏ အကြောင်းရင်း ဝေကန်အမှန်ရှိမည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

မူးယစ်ဆေးဝါး အမျိုးမျိုးကို အဆင့်ဆင့် ဖော်စပ်ချက်လုပ်ကြရာ၌ အဓိက ကုန်ကြမ်းဖြစ်သော အဓိက ဓာတ်ကောင်ဘိန်း၏ အပေါင်းအဖော်များ ဖြစ်ကြသော ဓာတုဗေဒ ပစ္စည်းများဖြစ်သည့် အမိုနီယမ် ကလိုရိုက်၊ ဟိုက်ဒရိုကလိုရစ် အက်စစ်စသည့် ဆက်စပ်ပစ္စည်းများနှင့် အတူ ပဒိုင်းသီးကိုလည်း ဓာစ်မျိုးတစ်ဖုံ ပုံစံပြောင်း၍ ပေါင်းစပ်ပြီး ဓာတ်ပို့ဓာတ်ရံ အနေဖြင့် ထည့်သွင်း အသုံးပြုကြလေရော့သလားဟု ကျွန်တော်သံသယများစွာ ဖြစ်မိခဲ့ပါသည်။


ကျွန်တော်ရွေ့နေဘဝသို့ ရောက်လာပြီးသော အခါ၌လည်း တရားခွင်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ အမှုအခင်းများကို ဆုံကြုံစစ်ဆေးရသည့် အခါတိုင်း "ဘိန်း" နှင့် "ပဒိုင်း" အကြောင်းကို ကျွန်တော့်ခေါင်းထဲ စွဲ၍ တဝဲလည် ဖြစ်နေခဲ့ရပေါင်း များလှပါသည်။ အမြဲတမ်း အစွဲအလန်းလို ဖြစ်နေခဲ့ပါ၏။

မဟုတ်မှသာ လွဲရော။ မသိသူ ကျော်သွား၍ သိသူတွေ ဖော်စားနေလေရော့ သလား။ မပြောတတ်ပါ။ ပဒိုင်းသီးသည် တိုင်းရင်းသား မြန်မာဆေးဝါးအတွက် အစွမ်းထက်သော အကျိုးပြု ကုန်ကြမ်းတစ်ရပ်အနေဖြင့် ခေတ်မီ နည်းပညာများဖြင့် အသေအချာ စမ်းသပ်ဖော်ထုတ်အပ်သည်ဟု ကျွန်တော်ထင်ပါသည်။

ပဒိုင်းပင် ပဒိုင်းသီး အကြောင်းကို "မူးယစ်စိတ်ပြောင်း တစေ့တစောင်း" အနေဖြင့် သက်ဆိုင်ရာ ပညာရှင်များ၊ ဆေးဘက်ဆိုင်ရာ ပညာရှင်များ၊ မြန်မာ့သမားတော်ကြီးများတို့က သုတေသန ပြုသင့်ပါကြောင်း အတွေ့အကြုံအရ တင်ပြလိုက်ရပါသည်။

အနန္တဂိုဏ်းဝင် ဆရာရှင်တို့၏ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့လျက်.....

တင်ဖေဆော် (သထုံ)



www.burmeseclassic.com

www.burmeseclassic.com






## ဖောက်ထွင်းမှုနှင့် ခိုးမှုများကို ကြိုတင်ကာကွယ်ရန်

- ❑ နေအိမ်၏ ခြံစည်းရိုးကို လုံခြုံမှုရှိသည်ထိ ခိုင်ခံ့အောင် ကာရံပါ။
- ❑ ခြံစည်းရိုးကို ကျော်ဖြတ်ဝင်နိုင်သည့် သစ်ပင်၊ သက်ကိုင်းများကို ခုတ်ထွင်ဖယ်ရှားပစ်ပါ။ မှောင်ရိပ်ဖြစ်စေမည့် ချုံနွယ်များ၊ သစ်ပင်များကို အမြဲတစေ ရှင်းလင်းဖယ်ရှားပါ။
- ❑ ဖြစ်နိုင်က နေအိမ်ပတ်လည်၌ မီးထွန်းထားပါ။
- ❑ နေအိမ်ခြံစည်းရိုးများ၌ အချက်ပေးကိရိယာ တပ်ဆင်ပါ။ အသံမြည်သည့် ချူ၊ ဆည်းလည်းခေါင်းလောင်း၊ သစ်သားခလောက်၊ နို့ဆီခွက်ခလောက်များ တပ်ဆင်ထားရှိပါ။
- ❑ စုပေါင်းလူနေတိုက်ခန်းများ၏ ရေပိုက်များ၊ အမှိုက်စွန့်ပိုက်နှင့် မိလ္လာပိုက်များကို အတားအဆီး တပ်ဆင်ပါ။
- ❑ သီးခြားနေထိုင်သည့် အိမ်ခြံဝင်းများ၌ အစောင့်ထားရှိပါ။ သို့မဟုတ် အစောင့်ခွေးထားရှိပါ။
- ❑ ရွှေ၊ ငွေပစ္စည်းများကို အလွယ်တကူ မြင်တွေ့နိုင်သည့် နေရာ မျိုး၌ ထားရှိခြင်း မပြုပါနှင့်။
- ❑ မယုံကြည်ထိုက်သူများကို နေအိမ်အတွင်း ဝင်ထွက်ခွင့် မပြုပါနှင့်။
- ❑ ရေ၊ မီး၊ မိလ္လာနှင့် နေအိမ်ပြုပြင်မှု ပြုရသည့်အခါ အစောင့်အမြဲ ရှိနေပါစေ။
- ❑ နေအိမ်အနီး၌ ကြိုး၊ ဆူး၊ ဆောက်၊ လွှ၊ လှေကား၊ ထိုင်ခုံ၊ အမြင့်များကို အလွယ်တကူ အသုံးပြုနိုင်ရန် မထားရှိပါနှင့်၊ ညအချိန် တံခါးအားလုံးကို လုံခြုံမှု ရှိ မရှိ စစ်ဆေးပြီးမှ အိပ်တတ်သည့် အလေ့အထ ပြုလုပ်ပါ။
- ❑ နေ့ဖြစ်စေ၊ ညဖြစ်စေ အပြင်ထွက်သည့်အခါ တံခါးကို အမြဲပိတ်ထားပါ။ သို့မဟုတ် အစောင့်ထားရှိပါ။ အပြင်ထွက်သွားသည့် မိသားစုဝင်ကို တံခါးဖွင့်ပြီး စောင့်ဆိုင်းမှု မပြုပါနှင့်။
- ❑ သံသယရှိသည့် ထူးခြားမှုတွေ့ပါက ပတ်ဝန်းကျင်သို့ အသိပေးအကူအညီတောင်းခံပါ။ သို့မဟုတ် ရဲကင်း၊ ရဲစခန်းနှင့် တာဝန်ရှိသူများထံ ချက်ချင်း အသိပေး အကြောင်းကြားပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အိမ်ဝေါ မိသော်

ပြည့်စုံမိုးဟိန်း



ဖေဖေမေမေတို့ သီရိဂေဟာ (မေမေပေးသော နာမည်) မှ ပေါက်ဖွားလာသော မောင်နှမ (၆) ဦးတွင် ယခုသက်ရှိ (၅) ဦးသာကျန်၏။ တစ်ဦးဖြစ်သည့် တင်မောင်လွင် (ခ) အတူးမှာ ငယ်ငယ် အသက် (၇) နှစ် အရွယ်တွင် ဆုံးပါးသွားရာ မိခင်ကြီး ဒေါ်သောင်းသောင်း ပရိဒေဝ မီးတောက်လောင်ရသည်။ မိခင် အသက်ကလည်း (၄၀) သာသာ မို့တစ်ကြောင်း ကွယ်လွန်ရှာသူ သားလေး "အတူး" အတွက် သောက ဖြေဖျောက်ခြင်းမှာ ဖေဒင်မေး၊ နတ်မေးလုပ်ရာတွင် မိသားစုအတွင်းသို့ ဘဝသစ်ဖြင့် ပြန်ဝင်လာမည်ဟု ဟောပြောချက်က ရှိသည်တစ်ကြောင်းတို့ ကြောင့် တရားဖြင့် မဖြေသိမ့်နိုင် တော့ဘဲ ကလေးထပ်ရယူရာ တွင် ယနေ့ အသက် (၅၀) ကျော်ပြီဖြစ်သော ကျွန်တော့်ညီမ အငယ်ဆုံး "မိုနာထွန်းရှိန် (ခ) သီဂီဇင်ကို (၂၅) ရက် နိုဝင်ဘာ (၁၉၅၆) တွင်ဖွားမြင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ကျွန်တော်ကလည်း (၁၄) နှစ်သားအရွယ် မိခင်ကြီး မမွေးဖွားနိုင်၊ ဗိုက်နာနေ၍ အော်ဟစ်၊ ညည်းတွားသံကို နားမခံရက်၊ အရပ် လက်သည်တို့နှင့် မွေးဖွားသည်မှာ ကျွန်တော်တို့ မြို့နယ်လေး ထုံးစံဖြစ်၍ ယောက်ျား ဖောင်စီး၊ မိန်းမမီးနေ အသက်လုနေရသည်ကို မစဉ်းစားတတ်သေး။ ဗိုက်ထဲက မထွက်နိုင်သော အပြစ်မဲ့ ကလေးကိုသာ စိတ်တို ဒေါသထွက်နေမိသည်။ ဒါလေးကြောင့် ငါ့အမေ ဒုက္ခဆင်းရဲပင်ပန်းတကြီး ကြုံနေရပါလား။ တော်တော်ကောင်းကျိုး မပေးတဲ့ ကလေးဟု ကလေးတွေးတွေး၍ မိခင်အပေါ် ချစ်ခြင်း မေတ္တာဖြင့် ဆောက်တည်ရာမရ ဖြစ်နေသည်။

သို့နှင့် မီးနေခန်းမှ "အုဲ" သံကြားမှ ကျွန်တော်တို့မိသားစု စိတ်အေးရတော့သည်။ 'မိန်းကလေး' တဲ့။ ကျွန်တော်တို့ သီရိဂေဟာသို့ နောက်ဆုံးဝင်ရောက်လာသော ညွှန့်သည်မလေးပါပေ။ ယခုတော့ သူလည်း သမီး (၂) ယောက် မိခင်၊ အိမ်ထောင်ရှင်မကြီးဖြစ်ပြီး ကျွန်တော်တို့ မောင်နှမ (၅) ဦးတွင် အချမ်းသာဆုံးဖြစ်နေပြီ။ မိဘ၏ သွန်သင်ဆုံးမ စေတနာမေတ္တာတို့ကြောင့် (၅) ဦးစလုံး ဘွဲ့၊ ဒီဂရီ အသီးသီး ရကြသော်လည်း သူက စီးပွားရေးတက္ကသိုလ်မှ (B.Com) ဘွဲ့ရပီပီ စီးပွားရေး အကွက်မြင်လေသလား၊ ခင်ပွန်းဖြစ်သူ (B.V.S) တိရစ္ဆာန်ဆေးကုဘွဲ့ရ ဒေါက်တာတင်ဆွေကပင် အစိုးရဝန်ထမ်းဘဝက စောစောစီးစီး ထွက်၍ ကြက်၊ ဝက်၊ ဘဲ၊ ကျွဲ၊ နွား စသည်တိရစ္ဆာန်အစားအစာ၊ ဆေးဝါး နိုင်ငံခြားမှတင်သွင်း ဖြန့်ချိသော ကုမ္ပဏီတစ်ခုလုပ်ကိုင် အဆင်ပြေနေခြင်းကို မီးဖိုချောင်လုံအောင် ထိန်းနိုင်၍လား မသိ၊ တစ်မိပေါက်ချင်း လူလတ်တန်းစား မိခင် ဖခင်တို့မှ မွေးချင်းအတူတူ သူကလေးက အထွေးဆုံးပေမင့် အစ်မကြီး၊ အမိအရာ၊ အစ်ကိုကြီး အဖအရာထား၍ လစဉ် ငွေကြေးကန်တော့သည်။ ရံဖန်ရံခါ စားကောင်းသောက်ဖွယ်မှအစ အဝတ်အထည် အသုံးအဆောင်၊ ဆေးဝါးတို့ မပြတ်စေရ။ မိန်းမဟူသည် ပေါက်တူးမျိုးမဟုတ်။ လင်ဘက်ယောက္ခမ၊ ယောင်းမ၊ မတ်တို့လည်း မလွတ်ပါ။ (ဟုတ်ကဲ့ သူတို့ မောင်နှံ ၂ ဦးစလုံး အငယ်ဆုံး သားသမီးတွေ) သူတို့မှာလည်း သမီးလေး (၂) ဦးရပြီး (၂) ယောက်စလုံး လိမ္မာထူးချွန် ထက်မြက်သူများ (၁၀) တန်းမှာ ဘာသာစုံဂုဏ်ထူးဖြင့် အောင်ကြပြီး ယခု တစ်ယောက်က ဆရာဝန်ဖြစ်၍ နိုင်ငံခြားဖောင်ဒေးရှင်းတစ်ခုတွင် လုပ်နေပြီ။ အငယ်လေးကလည်း မကြာမတင်ဆို ဆရာဝန်ဖြစ်တော့မည်။ ယခု ကျောင်းနောက်ဆုံးနှစ်ရောက် လက်တွေ့တွေ ဆင်းနေရပြီ။ သူတို့ မိသားစုဘဝ ပျော်စရာ၊ ပျော်စရာ၊ ပျော်စရာကြီးပါတကား။

ဒါက စာရေးသူ အစ်ကိုလတ်ဖြစ်သော ကျွန်တော့် အတွေး၊ အထင်၊ အကြားတစ်နှစ်တစ်ခေါက်လောက်သာ အလည်အပတ်ရောက်တုန်း မြင်တွေ့ရသည့်အမြင်၊ ကျွန်တော်က မောင်နှမ (၅) ဦးတွင် တစ်ယောက်တည်းသော အဝေးရောက်နေသူ။ အစ်မ၊ အစ်ကိုနှင့် ညီ၊ ညီမတို့က ရန်ကုန် (စမ်းချောင်း၊ သင်္ဃန်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်း၊ ရွှေပြည်သာ) တို့တွင် အသီးသီး အိုးပိုင် အိမ်ပိုင်နှင့် လူ့ဘဝ ကုန်ဆုံးမည့် အချိန်များကို တတိယအရွယ် သံသရာခရီးသည်များပီပီ ဖြတ်သန်းနေကြသည်။ ကျွန်တော်ကသာ နိုင်ငံဝန်ထမ်းရင်း နောက်ဆုံး အငြိမ်းစားယူရာ မော်လမြိုင်၊ မြိုင်သာယာရပ်ကွက်တွင် ဝန်ထမ်း မြေကွက်ရ၍ နှစ်ဖက်အမွေရသည့် ငွေဖြင့် အိမ်ဆောက်၊ ဥပဒေအရာရှိ အငြိမ်းစားဘဝဖြင့် စာကလေး၊ ပေကလေးရေးကာ ဇနီးသည် ဆရာမနှင့် ပင်စင်လစာစား၊ စာအုပ်အငှားဆိုင်လေး အိုးမကျွာ အိမ်မကျွာဖွင့်ပြီး နှစ်ယောက်တည်းနေချင်တယ် ဇာတ်ကနေသည်။ အစ်ကို၊ အစ်မနှင့် ညီမကြား "အလတ်ကောင်" ဆိုတော့ ရန်ကုန် နေသူတို့အကြား နေရာလပ်မရှိရန် ဘဝဇာတ်ဆရာက ဖန်တီးထားလေသလား မဆိုနိုင်။ နတ်တလင်းသားက မြိုင်သာယာ (မော်လမြိုင်) မှာ။ ထို့ထက် ကျွန်တော့်ဇနီး "မော်ကျွန်း" သူကလည်း "မော်လမြိုင်" ဆိုသည့် ဝေါဟာရထဲကပဲ မထွက်နိုင်။ ရေစက်မကုန်။ ယခု မော်လမြိုင်ကျွန်းမှ ကျွန်းတစ်လုံးဖြတ်ရသော မော်လမြိုင် (မြိုင်သာယာ) မှာပါ ကျွန်တော်နှင့် ရောင်နောက်ဆံထုံးပါ လိုက်ပြောင်း၍ ကျွန်တော်တို့ မော်လမြိုင်ခြေချတာ ငွေရတုပင် နီးပါပေါ့လား။ ကျွန်တော် ကုလားထိုင်ထိုင် စာရေး၍ တွေးနေစဉ် စာရေးဆရာအသင်းမှ မဲပေါက်ထားသော (၁၅၀၀ိ)တန် ဖုန်း မြည်လာ၍ ကောက်ကိုင်လိုက်သည်။

"ဟဲလို၊ ဟဲလို ကိုလတ်လား။ သီဂီပါ။ ဒီနေ့ပဲ ရန်ကုန်လာခဲ့ပါ။ အမြန်ဆုံး အမြန်ဆုံး"

"ဟဲလို ဟဲလို"

ဖုန်းချသွားသည်။ သူ့အိမ်မှာ ဘာတွေဖြစ်ကုန်ပြီလဲ။ သူ့ယောက်ျားများ အငယ်အနှောင်း ပြဿနာပေါ်ပြီလား၊ ကြီးမှ ဝက်သက်ပေါက် ...။ ဟယ် ... မဟုတ်သေးပါဘူး။ ရိုးရိုးသားသား၊ ကြီးကြီးစားစား အသောက်အစား၊ အပျော်အပါးကင်းကင်း၊ ဘုရားနဲ့တရားနဲ့ ပုတီးသမားလေးပါ။ ဟွန်း ..ဒါပေမင့် ယောက်ျားဆိုတာ ဖွဲတစ်ဆုပ် နိုင်သေးရင်တောင် ဒါမျိုးစိတ် မချရသေးဘူးတဲ့။ ငွေသုံးနိုင် သဘောကောင်း

**ယောက်ျားဆိုတာ ဖွဲတစ်ဆုပ် နိုင်သေးရင်တောင် ဒါမျိုးစိတ်မချရသေးဘူးတဲ့။ ငွေသုံးနိုင် သဘောကောင်းသူဆိုတော့ ကိုယ့်ဘော့ဇ်အပေါ်မှာ ဝန်ထမ်း ငယ်လေးတွေကလည်း**

www.burmeseclassic.com

www.burmeseclassic.com



## ပြည်တွင်း ဖြစ်ရပ်မှန်

သူဆိုတော့ ကိုယ့်ဘော့စ်အပေါ်မှာ ဝန်ထမ်း ငယ်လေးတွေကလည်း မြင်းကမလှုပ် ခုံကလှုပ်လို့ "ရွှေယောက်ဖ" က နှောင်ခါလာ နှောင်ခါဈေးတွေပြီး "ငြိ" သွားလို့များ ညီမ ဆောက်တည်ရာမရ ဖြစ်နေလို့ ဥပဒေသမား အစ်ကိုကို အမြန်လာဖို့ ဖုန်းဆက်ရတာများ လား။ ဒါလည်း မဖြစ်နိုင်။ သမီးတွေ မွေးထား၊ တူမ အပျိုတွေက လည်း တန်းစီလို့ ရှိနေ၊ မိန်းမသားတွေများတဲ့ အသိုက်အဝန်းမှာ နေရသူ။ စာနာတတ်မှ၊ စာနာမှ၊ သမီးချင်း၊ တူမချင်း စာနာမှုပါဆိုပြီး သတိ တရားလက်ကိုင်ထား ရပ်တည် နေမှာပါ။ ဒီတော့သမီး၊ သမီး ဟုတ်သည်။ သမီး (၂) ယောက်ထဲက တစ်ယောက်။ မိဘ သဘောမတူနိုင်တဲ့ သူနဲ့များ ခိုးရာလိုက်ပြေးပြီထင့်။ ဖူးဖူးမှုတ်ထားရတဲ့ 'ရွှေပေါ်မြတင်' သမီးလေးတွေ ယောက်မ မြင်းစီးထွက်သွားပြီလား။ ဒါကြောင့် မလွန်ခင်၊ မကျွံခင်၊ ဘရိတ်အုပ်နိုင်အောင် ဒါမှမဟုတ် တရားဥပဒေနည်းလမ်းအရ၊ ယောက်ျားလေးနဲ့ မပေါင်းရဘဲ အမှုလုပ်ခွဲနိုင်အောင် နည်းလမ်းရှာပုဏ္ဏားတိုင် လုပ်ဖို့ အခါပေးဦးပုည အစ်ကို အကူအညီလိုပြီလား။ ကျွန်တော့် ဦးနှောက်အလုပ်ပေး ဗျာများနေသည်။ မိရွှေဝင်း (ကျွန်တော့် ဇနီး) ကိုလည်း အကျိုးအကြောင်း ပြော၊ ရန်ကုန်သွားရန် အထုတ်အပိုးပြင်ခိုင်းရ၊ "ဗိုး" စိတ်ကတော့ မော နေရပါပြီ။

သို့နှင့် မော်လမြိုင်ကားဂိတ်သို့ရောက်၍ မှီရာကားနှင့် ရန်ကုန် (စမ်းချောင်း) သို့ လိုက်ခဲ့ရသည်။ လမ်းကလည်းကောင်း၊ ကားကလည်းမောင်းမို့၊ ခရီးလမ်းအကြား အချိန် (၄) နာရီ ခွဲသာသာခန့်နှင့်ပင် အရောက် လာနိုင်ခဲ့သည်။ အိမ်တွင် သမီး (၂) ယောက်နှင့် သူ့အမေ သီဂီကို တွေ့ရသည်။ မျက်နှာတွေ မကောင်းလှ။ ဟုတ်ပါပြီ။ ဒီလို တနင်္ဂနွေရုံးပိတ်ရက်တွင် အိမ်ဦးနတ် ပျောက်နေပုံက မကောင်း။ ဘယ်အကြောင်းနှင့်ဖြစ်ဖြစ် သူတို့ မိသားစု တစ်စု တစ်စည်းတည်း ရှိနေရမည်။ ကျွန်တော်က အထုတ်အပိုးချ။ ညောင်းခန်း ထိုင်မိလျှင် ...

"ဘာတွေ အရေးပေါ်ကိစ္စပေါ်နေလို့လဲ။ မောင်တင့်ခွေကော မမြင်ပါလား"

"အဖေကြီးလည်း အချိန်မီ အုပ်မိအောင် သူ့ သူငယ်ချင်း ကိုသိန်းကြွယ်နဲ့ မြောက်ဒဂုံကို သိ သိချင်း လိုက်ကြလေရဲ့။ ခုခေတ်က အလယ် အမွှတ် ပန်ကာ ထိပ် သီးတွေ အများကြီး။ သူတို့ထက် အကွက်ပို မမြင်လို့ကတော့နေရင်း ထိုင်ရင်း အချုပ်ထဲရောက်သွားမယ်။ ကိုလတ်တို့ဆို ဒီအဖြစ်မျိုးတွေ ပိုသိ၊ ပိုကျွမ်းမယ်"

"ဘာ ... ဘယ်လို။ ကိုလတ်တော့ ဘာမှ မသိ၊ မကျွမ်းနိုင်ပါလား။ စ-လယ်- ဆုံး ရေလည်အောင် ပြောပြဦးလေ"

ကျွန်တော်က ငယ်ထိပ် မြွေပေါက်၊ ဆောက်တည်ရာမရပြောချင်အားကြီး၍ အဆီအငေါ်မတည့် ဖြစ်နေသည့် ညီမကို သတိပေး၍ လိုရင်းပြောနိုင်ဖို့ နှိုးမြန်းလိုက်ရသည်။

"ဒီလို ကိုလတ်ရေ၊ အိမ်

www.burmeseclassic.com

www.burmeseclassic.com



က အိမ်ဖော်ကောင်မလေး ထွက်ပြေးသွားလို့ ၊ ဘာမှတော့ ပါမသွားဘူး။ သူ့အသွား မမာမကျွန်း အကြောင်းပြ၊ တတီတာတာနဲ့ ငါး သောင်းလောက် ယူထားတာ တော့ ပါသွားပြီပေါ့။ ဒီငွေက အရေးမကြီးပါဘူး။ အရေးကြီး တာက သူ့အမေ။ သူက ညီမတို့ မိသားစုအပေါ် မဟုတ်တာယုတ် အမှုလုပ်၊ ငွေမညှစ်ဖို့ပဲ။ ဒါကြောင့် မြောက်ဒဂုံက သူနေတဲ့ ရပ်ကွက် အပြေးအလွှားလိုက်ရတာ။ ကိုလတ်ဆီလည်း သူ့အမှုလုပ်လာရင် ရင်ဆိုင်နိုင်ဖို့ ခေါ်လိုက်ရတာ''

''ဟုတ်တယ် 'လေးချစ်'။ အဖော်လိုလို့သာ လက်ခံထားရတာ မြွေပွေး ခါးပိုက်ပိုက်ထားရသလိုပဲ။ သမီးတို့ သားအမိတွေ အလစ်မပေးရဲဘူး။ အိမ်မှာ မေကြီးနဲ့ နှစ်ယောက်တည်း ကျန်ခဲ့လို့များ မေကြီး အိမ်သာဝင်၊ ရေချိုးခန်းဝင်တာဘောင် သော့တွဲ ယူသွားရတယ်။ နေ့လည် နေ့ခင်း တစ်ရေးမှေးဖို့ဆိုတာ ဝေလာဝေး၊ သူပျော်အောင်လည်း အခွေတွေ ငှားဖွင့်ပေးနေရ၊ မေကြီးသက်သာဖို့ အဖော်ခေါ်တာ ပိုဆိုးနေတယ်''

အကြီးမ ဆရာဝန်က ဝင်ထောက်ခံသည်။ ဒီတော့ အငယ်မ တာတာအိုးကလည်း ဘယ်အညံ့ခံမလဲ။ ဇာတ်စုံအောင် ဝင်နွဲလာသည်။

''သမီးတို့ မိသားစု အားလုံး သာရေး၊ နာရေး၊ အပြင်ထွက်စရာ အကြောင်းကိစ္စရှိလို့ကတော့ မချောတစ်ယောက်တည်း မထားရဲဝံ့ပေါင်။ တစ်အိမ်လုံး ရှိသမျှ မသွားမယ့်ပုံ။ လိုချင်မျက်စိက အရမ်းရှိတာ။ ချွဲချွဲနွဲ့နွဲ့နဲ့ ဟိုဟာ တောင်း၊ ဒီဟာတောင်း။ ဒါတောင် သမီးတို့က အတောင်းမခံရခင် ကတည်းကပဲ သူပျော်အောင် သမီးတို့ ထဘီ၊ အင်္ကျီအဟောင်းတွေ ပေးထားတာ။ မရပါဘူး။ တောင်းတာပါပဲ''

''ဟုတ်တယ်လေ။ အိမ်မှာ တစ်ယောက်တည်း မထားခဲ့ရဲလို့ ဝေဋ္ဌဝန်က မမတို့ အိမ်ခဏ တဖြုတ်သွားပို့ ထားရတာ။ တစ်ရပ်ကွက်ထဲမို့ အကြို၊ အပို့လုပ်ရတာ မကြာလို့ တော်သေးရဲ့။ နို့မဟုတ်ရင် ကားတွေကြပ်တာ၊ ပိတ်တာ၊ စောင့်ရတာနဲ့ အချိန်တွေပါ ကုန်တော့မှာ။ သွားရမယ့် ခရီးအစီအစဉ်မပျက်ဖို့ သူက တစ်မှောင့်''

သီဂီက ဝင်ညည်းသည်။ ပြောစရာတွေက တစ်ပုံကြီးနေမှာပါ။ အမျိုးသမီး အချင်းချင်း ဆိုတော့လည်း အကွက်တွေ အရပ်အကဲတွေ မြင်ကြပေမပေါ့။ ရိပ်မိကြပေမပေါ့။

''အကြို အပို့အပြင် ကြီးမေတို့ အိမ်မှာ စားရတာ မရဲပါဘူး။ အားနာတယ်။ လူကြီးတွေ တစ်ယောက်စာ အလုပ်ပိုတယ်။ သူ ငယ်ချင်းရှိတဲ့ ကြည့်မြင်တိုင် ပန်းပင်ကြီးလမ်းကိုပဲ သွားလည်နေမယ်။ မုန့်ဖိုးနဲ့ ခရီးစရိတ်သာပေးပါ တောင်းနေလို့ တောင်း



www.burmeseclassic.com



**ဟိုလူပြော ဒီလူပြော
အိမ်ဖော်ဇာတ်လမ်းများ
သဲထိတ်ရင်ဖို
ကြားလာရသည်။
သတင်းစာ၊
ဂျာနယ်များတွင်လည်း
ရံဖန်ရံခါ ဖတ်လာရသည်။
ဘာတဲ့ အိမ်ဖော်နှင့်
အိမ်ရှင် ဇာတ်လမ်းများ**

တောင်းပန်ပန် အကြော်အလှော်နဲ့ ဟင်းချိုင့်ပါ အလုပ်မအား၊ သွားဖို့လာဖို့ ပြင်ဆင်နေရတဲ့ ကြားထဲ သူ့ကို လုပ်ပေးရတာက လည်း တစ်မှောင့်။ သူ့အမေက အိမ်ပြင်ကို အိမ်ရှင်တွေ မပါဘဲ မထွက်ပါစေနဲ့လို့ ပြောထားတာ တစ်ခုခုဖြစ်ရင် ကိုယ့်တာဝန်ဖြစ် နေမယ်"

တစ်ယောက် တစ်ပေါက် ပြောမဆုံးပေါင်၊ တောသုံးထောင်၊ ခုလို အိမ်ရှင်တွေအလစ်၊ အဝတ် တစ်ထည် ကိုယ်တစ်ခုနဲ့ လစ်ထွက်သွားတာ ဘာအကြံနဲ့လဲ။ သီဂီတို့ တွေးစရာ၊ စဉ်းစားစရာပါ။ သို့ဖြင့် အားပေးရသည်။

"မိုးပြို့မှာ တွေးကြောက်တဲ့ ယုန်သူငယ်ဖြစ်မနေပါနဲ့ ညီမရယ်။ ကိုယ့်ဖက်က ဘာမဟုတ်တာမှ လုပ်မထားရင် ဘာမှ ကြောက်စရာ မလိုဘူး။ 'ကိုယ်ကောင်း 'ခေါင်းမရွေ့' ဆိုတဲ့ စကားရှိသားပဲ"

"ခုခေတ်ကြီးက လှည်းလှေခေတ်ကလို ရိုးရိုးရှင်းရှင်းကြီးနေလို့ မရတော့ဘူး ကိုလတ်ရေ။ ကိုယ်မတွေးမိ၊ မတွေးဝံ့တဲ့ အကြံအဖန် ရိုက်စား "ခွင်" တွေက အများကြီး။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာမှ တွေ့ရတာ မဟုတ်ဘူး။ အပြင်လောကမှာ တကယ်ဖြစ်၊ တကယ်ကြုံနေရတာ။ (၂၁) ရာစုခေတ်ကြီးနော် ကိုလတ်။ ဉာဏ်များတဲ့ အကြံအဖန်သမားတွေက ဒုနဲ့ဒေး"

လက်ခံတုန်းက လူပုံကြည့် ရိုးပုံရိုးလက်။ ပွဲစားကလည်း အလှော်ကောင်းမို့ လိပ်စာတွေ၊ မှတ်ပုံတင်တွေ၊ အိမ်ထောင်စု သန်းခေါင်စာရင်းတွေ ယူကြည့်၊ မိတ္တူကူးထား လုပ်ကာ 'မိသော်' ကို အိမ်ဖော်မလေးအဖြစ် သီဂီတို့ မိသားစု လက်ခံခဲ့သည်။ အိမ်မှာလည်း အလုပ်သွား၊ ကျောင်းတက်၊ ခင်ပွန်း၊ သမီးကြီး၊ သမီးငယ်တို့ တာဝန်တွေ ရှိနေရသလို။ မိမိ ကိုယ်တိုင်လည်း ကျန်းမာရေးက ဒေါင်ဒေါင်မြည် မဟုတ်သူမို့ နေ့စဉ် အိမ်ဗာဟီရ ကိစ္စ အဖော်အလှော်လိုလာသည်။ ယခင်ကတော့ နယ်မှ ခွေ့နီး မျိုးစပ်မှုဆိုးမက လာနေပေးသည်။ သို့သော် သူလည်း ကြာလာတော့ ပြန်ချင်စရာ အကြောင်းရမယ်ရှာ၍ "နေချင်ပါသည်။ သို့သော်" ဖြစ်ပြီး ရွာကိုပြန်ပြေး

www.burmeseclassic.com



သည်။ တကယ်တော့ "အတ္တာ ဟီ၊ အတ္တနော၊ နာထော" မဟုတ်ပါလား။

သူစိမ်း မိသော်ကို လက်ခံပြီးမှ ဟိုလူပြော ဒီလူပြော အိမ်ဖော်ဇာတ်လမ်းများ၊ သဲထိတ်ရင်ဖိုကြားလာရသည်။ သတင်းစာ၊ ဂျာနယ်များတွင်လည်း ရံဖန်ရံခါ ဖတ်လာရသည်။ ဘာတဲ့ အိမ်ဖော်နှင့် အိမ်ရှင် ဇာတ်လမ်းများ၊ သတင်းများက အိမ်ရှင်သည် လူကြမ်း၊ အိမ်ဖော်သည် သနားစရာ မျက်နှာငယ်မွဲ မင်းသမီး အဖြစ်တွေပါ။ ဒါတွေက တချို့တဝက်လည်း ဟုတ်မည်။ တချို့တဝက်လည်း မဟုတ်။ လုပ်ကြံရိုက်စား 'ခွင်' ထည့်သောဇာတ်လမ်းတွေ အိမ်ရှင်တို့ခမျာယုတ်မာမှု၊ ဒဏ်ခံရပုံများလည်း အနေတင့်မ၊ တကယ်တော့ တီဗွီမှာ ငါးတန်းနှင့်ပြိုင် အရှုံးနှင့် ရင်ဆိုင်ဝန်ခံရဲသော ကိုကို၊ မမတို့လောက်မှ အိမ်ကြီးရှင်တို့ သတ္တိမကောင်းပြီးတာတွေလည်း ပြီးပါစေတော့။ 'ဝဋ်' ရှိလို့ ခံရတာပဲ။ နောင် ရှောင်ဖို့ပဲလေဟုသတိထားနောင်တ တရားယူကြသည်။

မောင်နှမတွေ စကားကောင်းနေတုန်း မောင်တင့်ဆွေတို့လည်း ပြန်ရောက်လာသည်။

"ဗိုး ...ကိုသိန်းကြွယ်ကယ်လို့ သာပကွာ။ သူ့အသိ ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေ၊ နယ်ထိန်းတွေ မျက်နှာကြောင့်ပေါ့။ နို့မို့ဆို ဒေါ်သီဂီတို့ လင်တော်မောင်အတွက် ငွေထုပ်ပိုက်လိုက် ရချည်သေး။ မိသော်အမေကြီးက သမီးအိမ်ဖော်လုပ်ခိုင်းပြီး အိမ်ရှင်က မီးပူနဲ့ ကပ်ပါတယ်တို့ သူတို့ပါသူတို့ လည်ပင်း၊ ပါး၊ လက်မောင်းတို့ ကုတ်ခြစ်ကာ ရိုက်နှက် နှိပ်စက်ပါတယ်တို့ (Rape) လုပ်ပါတယ်တို့ ဆိုတဲ့ ဇာတ်လမ်းတွေက ကျွမ်းပြီးသား။ ကိုယ့်တို့ မိသားစုအပေါ် တစ်မျိုးမျိုးနဲ့ထိုး ဇာတ်ခင်းတော့မလို့ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ရောက်နေပြီ။ ကိုယ်တို့မြင်မှ မျက်စိမျက်နှာတွေပျက်၊ ရပ်ကွက်လူကြီးတွေကလည်း သူ့အမေကြီးလုပ်ရပ် နောကြေအောင်သိနေ၊ ကိုသိန်းကြွယ် အပေါ်မှာလည်း အထင်ကြီးလေးစား ရှိရင်းစွဲမို့ လက်ဖက်ရည်နဲ့ ဧည့်ခံလိုက်လို့ တောင် သောက်ပြန်ခဲ့ရသေးဗျာ"

"အေးပေါ့ကွာ။ မိန်းမလည် သိန်းကြွယ်ကို မောင်ရင့်သူငယ်ချင်း ကိုသိန်းကြွယ်က အနိုင်ယူလိုက်တဲ့ ဇာတ်လမ်းပေါ့"

ကျွန်တော် မိန်းမလည်သိန်းကြွယ်ဟု 'မိသော်' အမေကို ကင်ပွန်းတပ်ရင်း သမ္မာအာဇီဝ လုပ်ကိုင် မစားချင်သူတို့ ဘဝ "မြောင်း" ထဲက မတက်နိုင်ပါကလားဟုရှိဟုသာ မှတ်ချက်ပြုလိုက်ရသည်။

ပြည့်စုံမိုးဟိန်း

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





"လူသည် တရားကင်း
ကွာသွားပြီဆိုရင် ဒေါသအပူ
အခိုးအငွေ့ ကိန်းသွားပြီဆိုရင်
တိရစ္ဆာန်ထက်တောင်မှကြောက်
စရာအဖြစ် ရောက်သွားတတ်ပါ
တယ်။ လူကြောင့်ဖြစ်သော အန္တ
ရာယ်သည် လောကမှာ အကြီး
မားဆုံးပါ"

**"တိပိဋကဓရ"**
**(ယော ဆရာတော်)**

လူ့အသိတရားတွေ ကွယ်
ပျောက်လို့မို့ တကယ်ကြောက်
စရာ ကောင်းခဲ့သူတစ်ယောက်
အကြောင်းကိုလည်း ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



သမီးရှင်တို့ အထူးသဖြင့်အရွယ် မရောက်ကြသေးတဲ့ သမီးပျို (အပျိုဖျန်း) ကလေးတွေရဲ့ မိဘတွေ ဆင်ခြင်ဖွယ်ရာ "သတိထား" စရာများကို "အသိတရား"နှင့် ယှဉ်နိုင်ကြစေပြီး သမီး ကညာကလေးများအတွက် ဗဟုသုတယူနိုင်ရန် ရှောင်ကြဉ်နိုင်ကြပါရန် အမှန်အကန် ဇာတ်လမ်းတစ်ပုဒ်ကို (ကျွန်ုပ်) မှ ရေးဖွဲ့တင်ဆက်မိရာမှ "သိန်းငှက်မျက်လုံးအသွင်မျိုးနဲ့အတူ ကိလေသာပိုးထတဲ့ သူ"ရယ်လို့....

"အစားကျူးတဲ့ လူတစ်ယောက်ဟာ ပျင်းရိငိုက်မျဉ်းခြင်းကို မတွန်းလှန်နိုင်ဘူး။ ပျင်းရိပြီး အစားကြီးတဲ့သူဟာ ကာမရာဂကိုလည်း မရှောင်ရှဲနိုင်ဘူး"။

အထက်ဖော်ပြပါ "စာသား" (အဆိုအမိန့်) ကလေးကိုတော့ ကမ္ဘာကျော် "လီယိုတော်စတွိုင်း"က အဆိုအမိန့် (နှုတ်ထွက်စကား) ပြောကြားခဲ့ဖူးပါတယ်။ အတော့်ကို ကျွန်ုပ်သဘောကြွဲ နှစ်သက်မိသကဲ့သို့ ကျွန်ုပ်၏ ဇာတ်ကောင် "သိန်းငှက်မျက်လုံးအသွင်မျိုးနဲ့ အတူ ကိလေသာ ပိုးထသူ"တစ်ဦးထဲ

> **အစားကျူးတဲ့ လူတစ်ယောက်ဟာ ပျင်းရိငိုက်မျဉ်းခြင်းကို မတွန်းလှန်နိုင်ဘူး။ ပျင်းရိပြီး အစားကြီးတဲ့သူဟာ ကာမရာဂကိုလည်း မရှောင်ရှဲနိုင်ဘူး။**

မှ သန်းဌေးဆိုသူနှင့် "ထပ်တူထပ်မျှ" (ONE TO ONE) မေ... လည်း ဤဇာတ်ကြောင်းဖြစ်ရပ်မှန်တွင်...

(၂)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ် "ထုံးဘို"..."လိပ်ပေါက်"အုပ်စု "သဲဖြူကျေးရွာ"သည် တော သူတောင်သားတို့ဘဝ လယ်ယာမြေကို ပျော်မွေ့ကြသကဲ့သို့ တောင်သူလယ်သမား မိသားစု များ နေထိုင်ကြပါသည်။ သာယာလှပတဲ့ ကျေးတောရွာလေးပါ။

တောသူတောင်သားများ ပီပီ ရိုးသားကြသည်။ နှီးကြားမှု အပြည့်အဝလည်း ရှိခဲ့ကြပါသည်။ သို့ပါသော်လည်း "ဆွမ်းဆန်ထဲ ကြွက်ချီးရော"ဆိုသကဲ့သို့ တစ်ရွာလုံး ရိုးသားကြိုးစား နှီးကြားကြပါလျက် "အဖြူပေါ် အမည်းစက်"ထင်သည့်အသွင် ကြောင့်လည်း "သဲဖြူကျေးရွာ" ကို နာမည်ပျက်စေခဲ့ ရပါတော့ ၏။

အနီး ကိုသန်းဌေးဆိုသူက အိမ်ထောင်ဇနီးမယား ရှိခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



အသက် (၃၃) နှစ်အရွယ်ပါ။ သူ့ဇနီး မတင်တင်ကလည်း သူ့အသက်နှင့် မတိမ်းမယိမ်း (၃၂) နှစ်အရွယ်ပါ။ ကိုသန်းဋ္ဌေး ဆိုသူက အရပ်က ပုပြတ်ပြတ်၊အသားက နီစပ်စပ် (အသနီစပ်)ဥပမိရုပ်ရှိခဲ့သူမို့ မိန်းမသာ ဖြစ်ခဲ့ရင်တော့ "ဟတ္ထနီ"အမျိုးအစား မိန်းမစား (မိန်းမမျိုး) ထဲဖြစ်ရာ "ကိလေသာ တဏှာစိတ် ယိုဖိတ်အားကြီးသူ" စာရင်းဝင် တစ်ဦးပါ။ အသက်အရွယ် ဆယ်ကျော်သက်ကပင် အိမ်ထောင် ကျခဲ့သလို သမီးဦးလေး "သဇင်" ဆိုသူ (၁၃) နှစ် (အပျိုဖျန်း) လေးကိုပင် ရှာခံလက်သည် "ဒေါ်ဘုမ"နဲ့ မွေးဖွားလာခဲ့သူပါ။ "မီးနေချိန်" (မီးဖွားချိန်) ကတော့ မြန်မာ့ရိုးရာအတိုင်း "နနွင်း" (ဆနွင်း) "စမုန်နက်စေ့"တို့ကို "လှော်ပြီး" "ကြပ်ထုတ်ထိုး"ရသလို အားရပါးရလည်း "ရှူ"ခဲ့ရသပေါ့။ "မီးတွင်းကာလ"(၅)ရက်တိတိပေါ့။ကျန်းမာသလားတော့မမေးနဲ့ "တစ်သားမွေးတစ်သွေးလှ"ထဲက ကိုသန်းဋ္ဌေးမိန်းမ မတင်တင်ပါ။

လင်ကိုလည်း "ချစ်ကြောက် ရိုသေ"ရှိသူ တောသူတစ်ဦးပါ။ သူ့ယောကျ်ားကိုသန်းဋ္ဌေးကတော့ သူ့အသက် ဒုတိယနေရာသို့ ဝင်ခဲ့ပြီကိုပင် သတိမထား အသိတရားနည်းသလို ဘာသာသာသနာ အရေးလေးတွေကိုပင် မေ့ပျောက်သလို ရှိခဲ့သည်။ မိရိုးဖလာ ဗုဒ္ဓဘာသာ အသိပဲ ၊ ထားရှိနေသူပေါ့။ သူ့စိတ်ကူးကိုယ်က ကိလေသာ တဏှာစိတ်နှင့် ပျော်မွေ့လိုသူပါ။

သူ့သမီးဦးလေး"သဇင်" အပျိုဖျန်းလေး ဖြစ်နေသည်ကိုပင် သတိ မထားမိသလို သမီးကလေး "သဇင်" နှင့်ကျောင်းအတူနေဘက် "ရွှေရည်"ဆိုသူ အသက် (၁၂) နှစ်အရွယ် အပျိုဖျန်းမကလေးက "ဘယ်ဘက်ပါးပြင်"ပေါ်က "မှဲ့နက်"ကလေးနဲ့အတူ "ပါးချိုင့်ကလေးနှစ်ဖက်"ကို မြင်၍ သူတို့အိမ်သို့ အိမ်လည်လာလေတိုင်း "ကိလေသာစိတ်တွေနဲ့အတူ" ရမ္မက်အာရုံတွေလွှမ်းမိခဲ့တာက လွန်ခဲ့တဲ့ တစ်လကျော်ကာလမှ ဖြစ်ခဲ့ရပါ၏။ တကယ့်တော့ သူ့ရဲ့ သမီးဦးလေး "သဇင်"ထက် အသက် (တစ်နှစ်) ပင် ငယ်ရွယ်သူ ကျောင်းသူလေးတစ်ဦးပင် မဟုတ်ပါလားဗျာ။ "ကစားဖော်ကစားဖက်"လည်း ဖြစ်သပေါ့ ကလေးစိတ်မကုန်သေးတဲ့ တောသူ အပျိုဖျန်းလေးခများမှာတော့ "ကံကြမ္မာအလှည့်အပြောင်း" တွင် "အကြောင်းကံခေ"ဖို့



www.burmeseclassic.com






ရောက်ရှိခဲ့တဲ့ (၁၀-၉-၂၀၁၁) ရက်နေ့ ညနေ (၄း၀၀) နာရီ အချိန်…သဇင်နှင့်မိခင် ဒေါ်တင်တင် မရှိခိုက်အိမ်လည်ရန်ရောက်ရှိနေသည့် “သဇင်”သူငယ်ချင်း မဖြစ်သူ“ရွှေရည်”ကလေးတစ်ယောက်ထဲ အိမ်တွင်စောင့်နေခိုက် အိမ်ရှင် ကိုသန်းထွေးမှာ “ရွှေရည်” လက်မောင်းနှစ်ဖက်ကို ဆွဲယူလျက် အိပ်ခန်းထဲသို့အတင်း အဓမ္မ ခေါ်ယူသွားချိန်မှာတော့…

“ဦး…ဦး…သမီးက ဦးရဲ့သမီး သဇင်နဲ့ သူငယ်ချင်းပါ။ သမီးကို ဒီ…ဒီ…လိုတော့ မတော်တာ မလုပ်ပါနဲ့ သမီးက ကလေးဘဝသာသာပါ…”

လူမဆန်စွာ တိရစ္ဆာန်စိတ် ယိုဖိတ်လျက်မှ မိမိ၏ သမီး (၁၃) နှစ်သမီးထက်ပင် တစ်နှစ်တိတိ ငယ်ရွယ်သူလေးကို သားမယားအဖြစ် ပြုကျင့်လိုက်ချိန်မှာက (၁၀) မိနစ်ခန့်အချိန်အတွင်းမှာပင်…။

“ဒီအကြောင်းကို ဘယ်သူမှ မပြောနဲ့။ နင်ပဲ ငယ်ငယ်နဲ့ နာမည်ပျက်တယ်။ နင့်အဖေ အမေတွေကို ပြောရင် သတ်ပစ်မယ် မြဲမြဲမှတ်ထား…”

ဟု “အမိန့်ပေး”သကဲ့သို့ “ကာမဘီလူး”မှ “ကာမစိတ်ထိပ်တက်”၏ ပြောကြားသဖြင့် “ပန်းကောင်းအညွန့်ကျိုး”ဘဝ ဖြစ်ခဲ့ရသူ အသက်အရွယ် နုနယ်သူလေး ရွှေရည်မှာ “ရေတိမ်နစ်” ခဲ့ရပါပြီ။

“အပျိုရည် အပျိုသွေး” ပျက်ခဲ့ရသူလေး “မရွှေရည်” ကလေးမှာတော့ သူငယ်ချင်းမ၏ ဖခင် ဦးသန်းထွေးမှ သားမယားအဖြစ် ပြုကျင့် ခံစားရပြီးနောက် နာရီပိုင်းမျှအကြာမှာပင် “ဆီး” သွားရာမှာကစ၍ နာကျင်သည့် ဝေဒနာကို အလူးအလဲ ခံစားရပြီးမှ မဖြေသာသည့်နောက်ဆုံး ဖြစ်စဉ်အားလုံးတို့ကို မကွယ်မဝှက် အရှက်တရားကိုမထောက်ထားနိုင်သည့် အခြေအနေတွင် မိခင်ဖြစ်သူ ဒေါ်လှဲကြိုင်သို့အမှန်အတိုင်း ဖွင့်ပြောခဲ့ရာ ရင်နှင့်မျှ ခံစားခဲ့ရပါသော မိခင်ကြီးဒေါ်လှဲကြိုင်မှ သက်ဆိုင်ရာသို့တိုင်ကြားခဲ့ရာ မြို့နယ် ဆရာဝန်ကြီးဒေါက်တာ “ဦးဝင်းမြင့်ဦး” (ရန်ကုန်)၏“ဆေးစာ”အရလည်းကောင်း၊ မြို့နယ် တရားသူကြီး “ဒေါ်ဖြူဖြူမြင့်” (တောင်ဥ)၏ ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မပြောနဲ့။ နှင်ပဲ ငယ်ငယ်နဲ့ နာမည်ပျက်တယ်။ နှင့်အမေအမေတွေကို ပြောရင် သတ်ပစ်မယ် မြဲမြဲမှတ်ထား”

ဖြတ်ချက်ကို အတည်ပြုလျက်မှ တရားခံ “သန်းဌေး” အသက် (၃၃) နှစ် (ဘ) ဦးစိန်လွင်အား အမှုကြီး အမှတ်စဉ် (၂/၂၀၁၁) ရဲ့စခန်း (ပ) ၉၆/၂၀၁၁/ပုဒ်မ (၃၇၆) အရ အလုပ်နှင့်ထောင် ဒဏ်(၁၀) နှစ် ကျခံစေရန် အမိန့် ချ သတ်မှတ်လိုက်သည်ကား (၂၁-၅-၁၀၁၂) ရက်နေ့တွင်ဖြစ် ပါတော့သည်။

မိမိ၏ သမီးကလေးထက် အသက်အရွယ် (၁) နှစ်အထိ ငယ်ရွယ်သူ ကလေးအပေါ် လူ မဆန်စွာ အဓမ္မပြုကျင့်ခဲ့သူ သန်း ဌေးအပေါ် တစ်ရွာလုံးကော တစ်ခွေလုံး တစ်မျိုးလုံးကပါ အော့နှလုံးနာ ရွံမုန်းကြသကဲ့သို့ သမီးလေးအရင်းဖြစ်တဲ့ “သဇင်” ကလည်း “အစဉ် နာကျည်းနေ မည်မှာ မသွေမုချပင် ဖြစ်နိုင် လောက်ပါရဲ့ ဖအေကိုပင် မုန်းနိုင် လောက်ပါရဲ့။ ဖခင်မပီသတဲ့ ကို သန်းဌေးပင် မဟုတ်ပါလားဗျာ။

“ထောင်နန်းစံ” ဘဝ “ကာမဘီလူး သန်းဌေး” ထံသို့ ဇနီးဖြစ်တဲ့ “မတင်တင်” သည် လည်း ဝတ္တရားအရ “ထောင် ဝင်စာ” သွားတွေ့ခဲ့စဉ်က ပြောခဲ့ တဲ့ စကားတစ်ခွန်း ၊

“ကိုသန်းဌေး တော့်သမီး ကလေးလည်း အပျိုဖြစ်နေပြီလေ အဲဒီတော့ တော့်သမီးအပျိုလေး ကို တော့်လိုလူ လူတစ်ယောက် က ဖောက်လွဲဖောက်ပြန် အဓမ္မ ကျင့် စော်ကားခဲ့ရင် တော်ဘယ် လို ခံစားနိုင်မလဲ။ အဲဒီလိုစဉ်း စားတတ်တဲ့ လူစိတ်ကော ရှိရဲ့ လား”

လို့လည်း “ထောင်ဝင် စာ” တွေ့ချိန် မိနစ်ပိုင်းမှာပင် မေးလိုက်ပါလေရော။ ညှိုးငယ် သော မျက်နှာနှင့် အဝေးသို့ ကြည့်လျက်မှပင်…

“မိန်းမရယ်…ငါကမသူ တော် လူယုတ်မာပါ။ ငါ့လိုလူ ဒီဇမ္ဗူမှာ မရှိစေဖို့ ဆုတောင်း လိုက်ပါတယ်။ ငါ့ဆီကို မလာ တော့နဲ့။ ငါ့မိုက်ပြစ် မိုက်ကြွေးကို ချေးနဲ့ ပေးဆပ်ပါတော့မယ်။ သမီးကလေးကိုတော့ ငါ့လို လူ ယုတ်တွေနဲ့ မတွေ့မိဖို့ ထိန်းသိမ်း ပေးပါ။ ငါ့မိုက်ပြစ်ကို ချေးနဲ့ စတေးလို့ သေသွားရင်လည်း သေသွားပါစေတော့။ အကယ်၍ များ ငါသေသွားရင်လည်း ငါ့ အတွက်ကတော့ ဆိုးမွေကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ခံစားသွားရမှာလို့ ငါ ယုံကြည်တယ်။ ငါ သေများသွားခဲ့ရင် ဝမ်းနည်းစရာ မလိုတော့ဘူး မိန်းမရေ…''တဲ့။

''ထောင်နှန်းစံ''သူ(ထောင်ကျ) တစ်ဦး၏ ဇနီးမယားနှင့် သမီးဖြစ်သူ နှစ်ဦးတို့မှာတော့ ပတ်ဝန်းကျင် လူ့လောကတွင် မျက်နှာ ညှိုးငယ်စွာနှင့် လူ့လောကကို ဆက်လက် ရှင်သန်နိုင်ရန်တို့အတွက် (ဝါ) ဘဝကို ရပ်တည်နိုင်ရန်အရေး မျှော်တွေးတာဖြင့် ''ပရိယေသန ဝမ်းစာရေး''အတွက် မနက် (၇း၀၀) နာရီအချိန်အတိုင်း ''ပဲပြုတ်''ရောင်းလျက် အသက်မွေးဝမ်းကျောင်း ပြုနေရပါသည်။

ကောင်းနိုးရာရာ ကိစ္စမှန်သမျှကို မိဘတို့က သွန်သင်ဆုံးမ ရမည်မှာ''မြတ်ဗုဒ္ဓဒေသနာ''ကျမ်းဂန်လာ (အဆိုအမိန့်) ပါ။ မိဘ ပီသရပါမည်။

ယခုတော့ မိဘဖြစ်သူက ''သွန်သင် ဆုံးမရမည့်အစား'', ''နွံတွင်နစ်၍သွား'' သကဲ့သို့ ရှိနေပြီ ပါပကောလား။

''သိန်းငှက်မျက်လုံးအသွင်မျိုးနဲ့အတူ ကိလေသာပိုး ထတဲ့သူ'' တစ်ဦးဖြစ်ခဲ့တဲ့ ''ကိုသန်းဌေး''တို့ကဲ့သို့ ''လူယုတ်မာ'' (ကာမဓားပြ) တို့ ''လူ့ပြည်''မှာ ''အမှုတွေ''နဲ့ ရင်ဆိုင်နေရသေးသည်များကတော့ ပုဒ်မ (၃၇၆) ဖြစ်တဲ့ ''သူယုတ်မာ''တို့ရဲ့ ''မုဒိမ်းမှု''ပင် မဟုတ်ပါကလား။

(၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်မှန်ကို ကာယကံရှင်တို့၏ အမည်များလွှဲပြောင်း၍ ရေးဖွဲ့ထားပါသည်။)

တမာသင်းနိုင်
(စက်မှုလယ်ယာ)

## ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၆
## မုဒိန်းမှုအတွက် ပြစ်ဒဏ်

မုဒိန်းမှု ကျူးလွန်သူကို တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

မုဒိန်းကျင့်ခံရသော မိန်းမသည် မိမိ၏ မယားဖြစ်၍ အသက် တစ်ဆယ့်နှစ်နှစ်အောက် မဟုတ်လျှင်မူကား မုဒိမ်းကျင့်သော ထိုလင်ကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

ရာဇသတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



နီလေးမောင် မြကန့်သာ မဂ္ဂဇင်း

လူကြိုးမင်း လုပ်ငန်း၏ ကောင်းသတင်းများ ပုံမှီကျယ်ပြန့်ပို့ ဖြစ်ရပ်မှန်မဂ္ဂဇင်း တွင်ပါဝင်ကြော်ငြာပါ

၂၀၁၅ နှစ်သစ်အတွက် အထူးသက်သာသော ဈေးနှုန်းဖြင့်ကြော်ငြာများ လက်ခံနေပါပြီ ၊ နှစ်ပေါင်း ၃၀ ကျော် တစ်ပြည်လုံးသို့ ဖြန့်ချိ၍ ၊ အာဆီယံ နိုင်ငံများအထိပါ လစဉ်တင်ပို့သောမဂ္ဂဇင်းဖြစ်ပါသည် ၊ ကြော်ငြာကိုယ်စားလှယ်တော်များလည်း ဆက်သွယ်နိုင်ပါပြီ ၊

| | | |
|---|---|---|
| နောက်ကျောဖုံး | ၄ ရောင် | ၂၅၀,၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၁ ရောင် | ၁၀၀,၀၀၀/- |
| နောက်ကျောဖုံး ( အတွင်း ) | ၄ ရောင် | ၁၅၀,၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၁ ရောင် | ၁၀၀,၀၀၀/- |
| ရှေ့မျက်နှာဖုံး ( အတွင်း ) | ၄ ရောင် | ၂၀၀,၀၀၀/- |
| အတွင်းတစ်မျက်နှာ | ၁ ရောင် | ၅၀,၀၀၀/- |
| အတွင်းမျက်နှာဝက် | ၁ ရောင် | ၃၀,၀၀၀/- |

အမှတ် ၁၈၉ ၊ ဒုတိယထပ် ( ၃၄ လမ်းအထက် )
ကျောက်တံတားမြို့နယ် ၊
ဖုံး ၀၉၅၁ ၉၆၃၃၁ ၊
Email ; True.megazine@gmail.com

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



(ဂုမညိုးသင်း)

"ဒီမှာကျော်ကြီး"

"ဗျာ…ဆရာ"

"မင်းတို့ ဒီနေ့ ကျွင့် ၁၆ဉ်ခနဲ့ လွှတ်မယ်။ တကယ်တော့ လွှတ်မပေးချင်ဘူး။ ဥပဒေအရ မတတ်သာလို့ လွှတ်ပေးရမှာ။ အပြင်ရောက်ရင် ကောင်းကောင်းနေပေါ့ကွာ ဟုတ်လား"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဆရာ"

"ဟကောင်ကျော်ကြီး ငါက မတတ်သာလို့ လွှတ်ပေးတာမင်းက ဘာကြောင့် ကျေးဇူး တင်ရတာလဲကွဟေ"

ကျော်ကြီးသည် တာမွေ မင်္ဂလာတောင်ညွန့် သာကေတမြို့နယ်ရဲစခန်းများတွင် ပြစ်ချက်ဟောင်းများရှိသည့် အဆိုပါစခန်းနယ်မြေများတွင် ခိုးမှုကျူးလွန်ခြင်းကြောင့် ဖြစ်ဒဏ်ချမှတ်ခံရပြီးထောင်ကျဖူးသည်။ ရန်ကုန်တိုင်းဒေသကြီး အတွင်းက အခြားမြို့နယ် အချို့တွင်လည်း မသင်္ကာမှုများ၊ မှောင်ရိပ်ခိုမှုများကြောင့် တစ်ပတ် ဆယ်ရက် ဆိုသလို ချုပ်နှောင် ခံရဖူးသူဖြစ်သည်။

အချုပ်ထောင် ရဲစခန်းအ… ဆိုသည်များကား ကျော်ကြီး…

www.burmeseclassic.com

www.burmeseclassic.com



အတွက် ခြင်ထောင်သဖွယ်မို့ မဆန်းတော့။ သူမှာတရားဝင်ကော တရားမဝင်ပါ မိန်းမ ၅ ယောက်ရှိသည်။ အသီးသီး တစ်နိုင်တစ်ပိုင် လုပ်ကိုင်စား သောက်ကာ သူ့အား အထိုက်အလျောက် ပံ့ပိုးပြီး လင်လုပ်နေကြသူများဖြစ်သည်။ ကျော်ကြီးကို သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းများက အလွန် မ,ကျမ်းကြေသူဟု ဂုဏ်ပြုပြောကြသည်။

ကျော်ကြီးသည် သူခိုးဂျပိုးအလုပ်ကို လုပ်သူ ဖြစ်သော်လည်း သူ့ရုပ်က သူခိုးဂျပိုးပုံမပေါက်။ ကျားကျားလျားလျား ယောက်ျားမို့ အမျိုးသမီးများ အထင်ကြီးစရာ ဖြစ်သည်။ စကားပြောတော့လည်း အများသူငါ ကျလောက်အောင် ပြောတတ်သည်။ စခန်းအချုပ်တွင် သူ့ကို ရီမာန်ယူချုပ်၍ စစ်ဆေးနေစဉ်အတွင်း စောစောကပြောတဲ့ သူ့ဇနီးမယားတွေနဲ့ အခြားအမျိုးသမီးများ စခန်းမှူး၏ ခွင့်ပြုချက်ဖြင့် အစားအစာများ လာပို့ကြရာ အချုပ်တွင်းက တရားခံများအနက် သူ့ကို မှီပြီး စားရသောက်ရသဖြင့် အားကျမိသလို ကျော်ကြီးရဲ့ အချုပ်ခန်းတွင်းလျှာအရသာခံ ပုံပြင်များအတွက်လည်း သူတို့၏ စိတ်ဖိစီးမှုများ အတန်အသင့် ပြေပျောက်ကြသဖြင့် ဘဝတူအချုပ်သား အားလုံးက ကျော်ကြီးကို ခင်မင်ကြသည်။

တစ်နေ့ ဂါတ်စာရေးကြီး လှထွန်းသည် မအော်ရ မဆူရဘဲ အချုပ်ခန်းတွင်း ငြိမ်သက်နေပြီး တစ်ခါတစ်ရံ လေသံမျှသာ စကားပြောသံကြားသဖြင့် အချုပ်ခန်း ဖောက်ပြေးရန်ကြံနေသလားအောက်မေ့ပြီး စိုးရိမ်မကင်းဖြစ်ကာ တစ်ခြားနေ့များထက် အချုပ်ခန်းအား စောင့်ကြည့်နေသည့် အပြင် ကင်းမှူး ဖြစ်သည့် ရဲတပ်ကြပ်ကြီး တင်အောင်ကိုလည်း သတိ၊ ဝီရိယဖြင့် စောင့်ကြပ်ရန် သတိပေး မှာကြားထားလိုက်သည်။ စခန်းအချုပ်ခန်းသည် တရားခံ ၁၀ ယောက်သာ ချုပ်ခွင့်ရှိသော အချုပ်ခန်းဖြစ်သော်လည်း အချိန်လွန်မှဝင်လာ သည့် တရားခံများလည်းရှိရာ စခန်းမှူးလှဓော်သည် မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အခြေအနေ တင်ပြ၍ ၁၄ ယောက်ထိ ချုပ်ထားခြင်း ဖြစ်သည်။

ယနေ့ တနင်္လာနေ့ နံနက် ရုံးချိန်တွင်တော့ မြို့နယ်တရားရုံး ရုံးတင်ရမည့် အမှုနှင့်ပတ်သက်သော တရားခံနှင့် အမှုတွဲအသင့်ပြင်ရသလို တရားစွဲတင်ရန်သက်သေ အထောက်အထား မရသေးဘဲ အချုပ်ရီမာန် စေ့နေသူများကိုလည်း တရားရုံး တင်ပြပြီး အချုပ်မှ ပြန်လွှတ်ရမည်ဖြစ်ရာ ကျော်ကြီးလည်း အမှုတွဲနဲ့အတူ အသင့်ပြင်ကာ တရားသူကြီး အမိန့်ခံရန်စောင့်ရင်း စခန်းမှူးက ပြောဆိုလိုက်ရာ ကျော်ကြီးက တဟဲဟဲနဲ့ ရယ်မောရင်း ဟုတ်ကဲ့ ကောင်းကောင်းနေပါ့မယ် ဆရာ ဟု ပြန်လည်အဖြေပေးလိုက်သည်။ ပြောမယ့်သာပြော်ရ စရိုက်သမား သူခိုးဂျပိုးရဲ့ စကား ဘယ်ယုံရမှာလဲနော်။

◆◆◆

"ဆရာသမား ဆရာတို့လည်း နေ့မအား ညဥ့်မနားပါဘဲလား။ မနက်က အမဲဈေး လည်တော့ နယ်မြေတွင်းနဲ့ တာဆင်း။ ညနေကျတော့ ဆန်းကွင်း ဘောလုံးပွဲပုံမြဲရေး ဟောဒီလို သန်းခေါင်ယံကျတော့

www.burmeseclassic.com



လည်း ရပ်ကွက်ထဲမှာ တာဝန်ထမ်းဆောင်ရတော့ ဟိုသီချင်းထဲကလို မေးပါများ စကားရ၊ သွားပါများ ခရီးရောက်၊ မအိပ်မနေ အသက်ရှည်ဆိုတဲ့ မောင်ပေါက်ကျိုင်းလို လူစားတွေ ဖြစ်နေရော့သလား ဗိုလ်လေး”

“သူ့ဆန်စားရဲမှဆိုတဲ့ စကား ကိုသံချောင်း ကြားဖူးတယ် မို့လား”

“ဟုတ်ကဲ့ ကြားဖူးတာပေါ့ ဗိုလ်လေးရာ”

“ကျုပ်တို့က ပြည်သူက ကျွေးထားတဲ့ ထမင်းစားနေတဲ့ ရဲတပ်ဖွဲ့ဝင်တွေလေ။ ပြည်သူကို ကာကွယ် စောင့်ရှောက်ရမယ့် တာဝန် ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေမှာရှိတယ်မို့လား။ မဖြစ်သေးတဲ့ မှုခင်းတွေ မဖြစ်အောင်၊ ကြိုတင်ကာကွယ်ရမယ်။ ဖြစ်ပွားလာတဲ့ အမှုအခင်းတွေလည်း အမြန်ဖော်ထုတ်ရမယ့် တာဝန်ရှိတယ်ဗျ ကိုသံချောင်းရ။ ခင်ဗျား တောင် နံနက်လင်းအားကြီး ကုန်စိမ်းဈေးမှာ ကုန်စိမ်းထမ်းပြီး ညဥ့်ပိုင်းကျတော့လည်း ဆိုက်ကားနင်းတာဟာ ခင်ဗျား မိသားစု တာဝန်ထမ်းဆောင်တာပဲ မဟုတ်လား” (ကုန်စိမ်း ဈေးသည် ယခင်က ဆိပ်ကမ်းမြို့နယ် ကမ်းနားဆိပ်ကမ်းတွင် ရှိသည်)

“မှန်ပါတယ် ဗိုလ်လေး မှန်ပါတယ်။ လူတိုင်းကိုယ်စီတာဝန်ရှိကြတယ်ပေါ့နော်”

“ဒါနဲ့ကိုသံချောင်း ဒီညဥ့် အုံနာကြေးကိုက်ပြီလား”

“ဟုတ်ကဲ့ ကိုက်ပါပြီ တော်ကြာ ဆိုက်ကားပေါ်မှာပဲ ခဏ မှေးပြီး ညီလုံး လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ကျကျလေး တစ်ခွက်နဲ့ နံပြား ကျွတ်ကျွတ်ရွရွလေး သောက်မယ် စားမယ်၊ ပြီးတော့ ကုန်စိမ်း ဈေး ပြေးပြီး ကုန်စိမ်း ထမ်းမယ်လေ။ ဒါက ကျွန်တော့်ရဲ့ နိစ္စဓူဝ လုပ်တဲ့ အလုပ်ပဲ။ သားသမီးက ၃ ယောက်ဆိုမှ နားလို့မရဘူး ဗိုလ်လေးရေ”

“ဘာပဲဖြစ်ဖြစ် သမာအာဇီဝ



www.burmeseclassic.com



အလုပ်ဟာ ဂုဏ်ရှိပါတယ်။ ငယ်တုန်းရွယ်တုန်း ကြိုးစားလုပ် စားလည်းစား စုလည်းစုပေါ့"

ရန်ကုန် ဆိုက်ကားလောက တွင် ကိုယ်ပိုင် ဆိုက်ကားကို ကိုယ်တိုင်နင်းသော ဆိုက်ကား သမား ရှိသလို အငှားဆိုက်ကား ကို နေ့ပိုင်းညဉ့်ပိုင်းခွဲကာ အုံနာ ကြေးပေးနင်းကြသည့် ဆိုက်ကား သမားလည်း ရှိသည်။ ကိုသံ ချောင်းက မင်္ဂလာတောင်ညွန့် မြို့ နယ် ဖဆပလရပ်ကွက် တိရစ္ဆာန် ရုံ (ယခု ရန်ကုန် တိရစ္ဆာန်) တောင်ဘက် ထွက်ပေါက်အနီး တန်းလျားများတွင် နေထိုင်သူဖြစ် သည်။ သူက ဖောက်ထွင်းမှုဖြစ် သော ကန့်တော်လေး(.....) လမ်းထိပ်က ဆိုက်ကားဂိတ်တွင် ဂိတ်ထိုးသူဖြစ်သည်။ ကိုသံ ချောင်း အဆိုအရ နေ့ဘက်ဆိုက် ကား နင်းရတာ နေပူတယ်၊ မော တယ်။ အုံနာကြေးကလည်း ဈေး ကြီးတယ်။ ညဉ့်ဘက်ကျတော့ အေးအေးချမ်းချမ်း နင်းရပြီး အပူ ဒဏ်မခံရဘူး။ အုံနာကြေး ပေး ရတာလည်း နည်းတဲ့အပြင်ဆိုက် ကားခ (ဝန်ဆောင်ခ) လည်း မြက်မြက်ကလေး ရတယ်တဲ့။ ညဉ့်ငှက်မလေးတွေနဲ့ ငှက်ခတ် သမား တစ်နည်းအားဖြင့် ငှက် လိုက်သမား ညဉ့်မင်းသားများနဲ့ တွေ့ပြီး လိုရာ ပို့ပေးရတယ်ဆို ထောတာပဲတဲ့။

"ဒါနဲ့ ဗိုလ်လေးတို့ အဖွဲ့ တွေ နားကော နားကြရဲ့လား ဗျာ"

"တာဝန် ဝတ္တရားကျေပွန် အောင် ထမ်းဆောင်ရတဲ့ရဲဆို တော့ နားချိန်တော့ နည်းတာပေါ့ ကိုသံချောင်းရာ။ ဒီကြားထဲဟော ဒီလမ်းထဲမှာ ဖြစ်ခဲ့တဲ့ ဖောက် ထွင်းမှုက အမှုလည်း မပေါ် သေး၊ တရားခံကိုလည်းမမိသေး တော့ ကျုပ်လို တာဝန်အရှိဆုံး နယ်ထိန်း အရာရှိအတွက် စိတ် ပမ်း လူပမ်းပေါ့။

"ဟောဗျ.... အထင်နဲ့ အမြင်တက်တက်စင် လွဲရောပဲ"

"ဘာဖြစ်လို့လဲ ကိုသံ ချောင်း"

"လွန်ခဲ့တဲ့ တစ်လလောက် က သန်းခေါင်ယံညတစ်ည ဒီ အချိန်လောက်ပဲ ဟုတ်တယ်ဒီ အချိန်လောက်ပဲ ကျော်ကြီးကို ဗိုလ်လေးတို့စခန်း ကျားသစ် လှည့်ကင်းက ဖမ်းသွားတာ မြင် တော့ ဒီလမ်းထဲက ဖောက်ထွင်း မှုပေါ်ပြီလို့ထင်တာ ခုဗိုလ်လေး ပြောမှ အထင်နဲ့အမြင် တက် တက်စင်အောင် လွဲနေတာပဲ"

"ဘာကြောင့်လဲ ကိုသံ ချောင်း ကျွန်တော့်ကို အစအဆုံး ရှင်းအောင် ပြောပြပါ"

"ဒီလိုဗျ ဗိုလ်လေး အဲဒီ ညက ညမင်းသမီးလေး အညို နဲ့မင်းသား ငှက်လိုက်သမား တစ် ယောက်ကို ဂျက်ကာတာည်းခိုခန်း ပို့ဖို့ (......) လမ်းအတိုင်း ဆိုက် ကားနဲ့ အသွား ဟောဒီ ဖောက် ထွင်းမှု ဖြစ်တဲ့လမ်း ဟိုဘက် ထိပ်မှာ ကျော်ကြီးနဲ့ တွေ့တယ်။ ဆိုက်ကားခဏရပ်ဖို့ ပြောတာနဲ့ ကျွန်တော် ရပ်ပေးလိုက်တယ်။ ကိုကျော်ကြီးနဲ့ အညို အပြန် အလှန် ခဏပဲ ပြောပါတယ်"

"အညို နက်ဖြန် ဘယ်မှ မသွားနဲ့"

"သေချာလား အစ်ကို ကျော်"

"သေချာလို့ အညို့ ရှာတာ သိသားနဲ့"

"ဒါဆိုကတိနော် အစ်ကို ကျော်"

ကိုသံချောင်း ပြောစကားတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို နယ်ထိန်းအရာရှိ စောသီဟ ချက်ချင်း နားလည်ပါသည်။ နယ်ပယ်စုံ အလွှာအသီးသီးက လူတန်းစား အသီးသီးနဲ့ ဆက်စပ်လှုပ်ရှားနေရတဲ့ နယ်ထိန်းအရာရှိမို့ ဒီလောက်တော့ ကျွမ်းပြီးသားပေါ့လေ။

ကျော်ကြီး တစ်ယောက် အကွက်မိ အချိုကြီးရပြီဆို အညို့တို့လို အလှပဂေးညဉ့်ငှက်မလေးများ တစ်နေ့တစ်ယောက် လဲကာ အပန်းဖြေတတ်သည်။ ဒါက ဒုစရိုက်သမားတွေ မသင်ရဘဲ တတ်တဲ့ အကျင့်ပဲပေါ့။ ဒါပေမယ့် ဒီတစ်ခါတော့ ကျော်ကြီးကတိ မတည်နိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် စခန်းကျားသစ်လှည့်ကင်းက တွေ့ရှိစစ်မေးသောအခါ သံသယဖြစ်ဖွယ်ရာရှိ၍ ကြိုတင် ကာကွယ်မှုနှင့် ဖမ်းဆီးစစ်ဆေးခြင်းခံရသောကြောင့် ဖြစ်သည်။

အကွက်မိ
အချိုကြီးရပြီဆို
အညို့တို့လို
အလှပဂေး
ညဉ့်ငှက်မလေးများ
တစ်နေ့တစ်ယောက်လဲကာ
အပန်းဖြေတတ်သည်။
ဒါက ဒုစရိုက်သမားတွေ
မသင်ရဘဲတတ်တဲ့
အကျင့်ပဲပေါ့။

"အဲဒီညက မိုလ်လေးတို့ စခန်း ကျားသစ်လှည့်ကင်းအဖွဲ့က ကျော်ကြီးကို ဖမ်းခေါ်သွားတာ အညို့တို့အတွဲပို့ပြီး ဂိတ်ပြန်ထိုးတော့ ကျွန်တော်မြင်တယ်။ ဒါ ကြောင့် ဒီလမ်းထဲက ဖောက်ထွင်းမှုပေါ်ပြီလို့ တွက်တာဗိုလ်လေးရေ။ ဒါကြောင့်အထင်နဲ့ အမြင်လွဲတယ်လို့ ပြောတာ"

"ရဲစခန်းက တစ်စုံတစ်ယောက်ကို ဖမ်းဆီးအရေးယူဆောင်ရွက်တော့မယ်ဆိုရင် ခိုင်လုံတဲ့ သက်သေခံ အထောက်အထားရှိဖို့လိုတယ်။ ခုတော့ ကျော်ကြီးဆီမှာ ဘာသက်သေခံ အထောက်အထားမှ မရတော့ ရီမာန်ပြည့် ပြန်လွှတ်ရတဲ့ ကိန်းဆိုက်သွားတာပေါ့။ ဒီလောက်ရီမန်ယူ စစ်ဆေးခွင့်ရတာက ကျော်ကြီးမှာ ပြစ်ချက်ဟောင်းရှိလို့သာ။ ပြစ်ချက်ဟောင်းမရှိရင် ရဲကဖမ်းဆီးစစ်ဆေးလေ့ မရှိပါဘူး။ ကျော်ကြီးက ခင်ဗျား ပြောသလို အချင်းဖြစ်ညက ကျားသစ်လှည့်ကင်းက ဖမ်းမိတာတောင် သူ့ဆီမှာ ဘာတစ်ခုမှ သက်သေခံပစ္စည်း မတွေ့ဘူးဆိုတော့ ဒီကောင်တစ်ယောက်တည်း ပြစ်မှုကျူးလွန်တာ မဟုတ်လောက်ဘူး။ အဖော် အပေါင်းအသင်းပါမယ် ထင်တယ်ဗျ။ ဒါကြောင့် ကျွန်တော့် အဖွဲ့နဲ့ ဘက်စုံထောင်စုံအောင် လိုက်နေတာပဲ ကိုသီ ချောင်းရေ။ တကယ်လို့များ

www.burmeseclassic.com



ဒီအမှု မပေါ်ခဲ့ရင် စခန်းမှူးနဲ့ ကျွန်တော် တောရောက်တော့မှာ။ ဘယ်ရောက်ရောက် ကျွန်တော် မကြောက်ပါဘူး။ ဒါပေမယ့် ဒီအမှု မဖော်နိုင်လို့ ပြောင်းရွှေ့ခံရတယ် ဆိုတာမျိုးတော့ ခံပြင်းတယ်ဗျို့"

"နေဦး နေဦး ဗိုလ်လေးပြောမှ ကျွန်တော်သတိရတယ်။ကျော်ကြီးကို ကျားသစ်လှည့်ကင်းအဖွဲ့က ဆွဲမစီခင်လေးပဲ ဆံပင်ရှည်အသား‌မည်းမည်း ငနဲ တစ်ယောက် လွယ်အိတ်ကို ရှေ့ဘက်မှာသိုင်းလွယ်ပြီး စက်ဘီး သွက်သွက်နင်းသွားတာ တွေ့တယ်။ အဲဒီကောင် နာမည်တော့ မသိဘူး။ ကန်တော်လေး မာဆလာစက်ဘတ်စ်ကား မှတ်တိုင်မှာ မကြာခဏတွေ့ဖူးတယ်"

"ကိုသံချောင်းရေ ခင်ဗျားနဲ့ ကျွန်တော် ဒီညတွေ့ပြီး ပြောဖြစ်ကြတဲ့ စကားတွေထဲမှာ ကျွန်တော့်အတွက် တန်ဖိုးအရှိဆုံး စကားဟာ ဒီစကားပဲ။ စောစောက ခင်ဗျားပြောတဲ့ စကားလိုမေးပါများ စကားရ သွားပါများခရီးရောက်၊ မအိပ်မနေ အသက်ရှည်ဆိုတဲ့ မောင်ပေါက်ကျိုင်း ထုံးနှလုံးမှုကာ ကျွန်တော်နဲ့ ခင်ဗျားနက်ဖြန်ကစပြီး မာဆလာစက်ဘတ်စ်ကား မှတ်တိုင်မှာ အပ်ပျောက် ရှာကြစို့။ ခင်ဗျားအတွက် နေ့တွက်စရိတ် မနစ်နာစေရပါဘူး"

"ကျွန်တော်လည်း ပြည်သူထဲကပြည်သူတစ်ယောက်ပဲ ဗိုလ်လေးရာ တာဝန်ရှိပါတယ်။ ဘာစရိတ်မှ ပေးစရာမလိုပါဘူး။ အားမနာပါနဲ့။ ကျွန်တော် ကူညီပါ့မယ်"

ထိုနေ့က နယ်ထိန်းအရာရှိ စောသီဟနှင့် ကိုသံချောင်းတို့ ဖောက်ထွင်း တရားခံရမိရေး အချိန်းအချက်ပြုကာ လမ်းခွဲခဲ့ကြသည်။

◆◆◆

မာဆလာစက် ဘတ်စ်ကား မှတ်တိုင်နဲ့ မနီးမဝေးရှိ လက်ဖက်ရည်ဆိုင်လေးသည် အများသူငါ နံနက် လက်ဖက်ရည်သောက်ချိန်မို့ ဆိုင်ထိုင်သောက်သူနှင့် ပါဆယ်ဆွဲဝယ်သူများစည်ကားလျက်ရှိသည်။ နယ်ထိန်းအရာရှိ စောသီဟက နံနက် ၆ နာရီကပင် အဆိုပါ လက်ဖက်ရည်ဆိုင်ကို စတင်ရောက်ရှိပြီး မရှေးမနှောင်းမှာပင် ကိုသံချောင်းလည်း ရောက်လာကာ အတူတကွ လက်ဖက်ရည်သောက်ဖြစ်သည်။ ရေမိုးချိုး ထမင်းစားချိန်မှအပ စုရပ် လက်ဖက်ရည်ဆိုင်တွင်လည်းကောင်း အနီးပါးရှိ အခြားဆိုင်များတွင်လည်းကောင်း ထိုင်ဖြစ်ကာ ပြစ်မှုသားကို စောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြသည်။ ပစ်မှတ်၏ ပုံသဏ္ဌာန်မှာ ဆံပင်ရှည်ရှည်၊ အသားမည်းမည်း၊ အရပ် မနိမ့်မမြင့် ပသိုင်းမွေးရှိသည် ဆိုခြင်းကြောင့် အလားတူပုံစံနှင့် လာသူတိုင်းကို စောသီဟ ပစ်မှတ်ဟုတ်နိုးနိုးနဲ့ ကြည့်ဖြစ်သည်။ သို့သော် လူမြင်လျှင် မှတ်မိသည် ဆိုသော ကိုသံချောင်းကတော့ ခေါင်းမသိမသာ ရမ်းပြသည်မှာ အကြိမ်ပေါင်း မနည်းတော့။

ဆံပင်ရှည် (လမ်းသရဲဆံပင်) နှင့် အသားမည်းမည်း ပသိုင်းမွေးရှိယောကျ်ားများ ကန်တော်လေး တစ်ဝိုက်အများကြီး ရှိသည်မို့ ပစ်မှတ်ရအောင်ရှာဖို့အတွက် ခဲယဉ်းမည်ဆိုတာ သဘောပေါက်သော်လည်း နယ်ထိန်းအရာရှိ စောသီဟ အနေနဲ့ လက်မလျှော့နိုင်ပါ။ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်တဲ့ ဘယ်လောက်ပဲ ငုတ်လျှိုးနေပါစေ တစ်နေ့ပေါ်လာမှာပဲမို့ သည်းခံစောင့်မြဲ စောင့်ကြသည်။

ပထမနေ့ နံနက် ၆နာရီမှ ည ၉နာရီ (မထူး)။

ဒုတိယနေ့ နံနက် ၆နာရီမှ ည ၁၀နာရီ (မထူး)။

တတိယနေ့ နံနက် ၇နာရီ ပစ်မှတ်နဲ့ ပုံသဏ္ဌာန်တူသော အသက် ၃၅ နှစ်ခန့် အမျိုးသားတစ်ဦး။ မာဆလာစက်ဘတ်စ်ကားမှတ်တိုင်သို့ ဦးတည်လာနေသည်ကို စောသီဟမြင်လိုက်၍ ကိုသံချောင်းအား အချက်ပြလိုက်ရာ မမျှော်လင့်ဘဲ ပစ်မှတ် မှန်ကန်ကြောင်း ခေါင်းညိတ်ပြသဖြင့် နယ်ထိန်းအရာရှိကလည်း ဆက်လုပ်မည် ဖြစ်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။

နယ်ထိန်းအရာရှိ အနေဖြင့် ငုတ်ကောင်ပေါ်လာသည့်အတွက် ထခုန်ကာ လက်ပမ်း ပေါင်းခတ်ပစ်လိုက်ချင်သော်လည်းကျော်ကြီးသီလို့ မဖြစ်သေးတာမို့ ချုပ်တည်းထားလိုက်သည်။ ပစ်မှတ်ဂိတ်သို့ ရောက်လာသော ဘတ်စ်ကားကြီးပေါ်တက်သလို စောသီဟကလည်း နောက်ကကပ်၍ ကားပေါ်တက်ခဲ့သည်။ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ ဆိုတဲ့ စကားလိုပဲ နယ်ထိန်းအရာရှိနဲ့ ဒုစရိုက်သမား ဘတ်စ်ကားပေါ်တွင် ရင်ဆိုင်တွေ့ကြပြီပေါ့။

"ဆရာရေ အထူးစည့်သည် ပါတယ်။ တောင်ညွန့်စခန်းကို

> **အသားမည်းမည်း ပသိုင်းမွေးရှိ ယောကျ်ားများ ကန်တော်လေး တစ်ဝိုက်အများကြီး ရှိသည်မို့ ပစ်မှတ် ရအောင် ရှာဖို့အတွက် ခဲယဉ်းမည်**

www.burmeseclassic.com

www.burmeseclassic.com



မောင်း''

မဆလာစက် ကားမှတ်တိုင်မှ ကားအထွက် နယ်ထိန်းအရာရှိသည် သူ၏အရာရှိအိပ်ဆောင်ကတ်ပြားကို လက်မှတ်ရောင်းကို ပြ၍ ကားကို စခန်းမောင်းနိုင်းရာ ထူးခြားချက်ရှိပြီဆိုတာ အတတ်သိသော ယာဉ်နောက်လိုက်မှ ယာဉ်မောင်းဆရာကို အော်၍ စခန်းသို့မောင်းနိုင်းလိုက်သည်။ (ရှေးက ယာဉ်စီးခပေးလျှင် လက်မှတ်ပြန်ပေးရသည်။ ယခုငွေပေး လက်မှတ်ယူသည့် အသွင်နှင့် အရာရှိအိပ်ဆောင်ကတ်ကို စောသီဟ ပြလိုက်ရာမည်သူမျှမရိပ်မိကြပါ) ဘီလူးမဈေး (ယခုသိမ်ဖြူဈေး) မီးပွိုင့်အရောက် ပြစ်မှတ်သည် မီးနီကြောင့် ကားရပ်သည်ကို အခွင့်ကောင်းယူကာ သူကဲ့သို့ ရပ်စီးနေသော ခရီးသည်များအား တိုးဝှေ့ ခုန်ဆင်းမည့်အကြံဖြင့် အနီးဆုံးလူ နယ်ထိန်းအရာရှိစောသီဟမျက်နှာကို လက်ပြန်ရိုက်ကာ နောက် လူတွေ ရှဲသွားအောင် လက်ဦးမှုယူ တိုက်ခိုက်လိုက်သည်။ တကယ်သာ သူမှန်းတဲ့အတိုင်းဖြစ်လျှင် နယ်ထိန်းအရာ



ရှိ မျက်စိအစုံက ကြယ်တွေလတွေ ထွက်ကာစမ်းတဝါးဝါးဖြစ်ကျန်ခဲ့ပြီး သူလွတ်မြောက်သွားမှာ သေချာပါတယ်။ သို့သော်လည်း စောသီဟဟာ သာမန်လူတစ်ယောက်မဟုတ်ဘဲ အမြဲတမ်း သတိရှိနေတဲ့ နယ်ထိန်းအရာရှိတစ်ယောက် ဖြစ်တဲ့အတွက် ပြစ်မှတ်ရဲ့ အကြံ ထင်တိုင်း မပေါက်ဘဲ ဘတ်စ်ကားပေါ်မှာ အားကနည်းအော်ပြီးမှောက်သွားတယ်။ ဘတ်စ်ကားပေါ်မှ ခရီးသည်အားလုံး အသံလာရာသို့ စောင်းငဲ့ကြည့်ရင်းမင်တက်မိသွားတယ်။ ဘာကြောင့်လဲဆိုတော့ ပြစ်မှတ်ကို နယ်ထိန်း အရာရှိ စောသီဟလက်တွင်းမှာ မလူးသာမလွန့်သာ လက်ထိတ် တန်းလန်းနဲ့

မိနေတာကြောင့်ပါပဲ။

◆◆◆

''ဘတ်စ်ကားစီး ခရီးသည်များခင်ဗျား အရေးကြီးတရားခံဖမ်းမိရမိရေးအတွက် မပြောမဆို ဘတ်စ်ကား စခန်းမောင်းခိုင်းရတာကို နားလည်ခွင့်လွှတ်ပေးကြပါ။ ခရီးလမ်းမှာ ၅ မိနစ်ခန့် နှောင့်နှေးသွားရခြင်း အတွက်လည်း အထူး တောင်းပန်ပါတယ်။ ကားဆရာ ဆက်လက်ထွက်ခွာလို့ ရပါပြီ ကျေးဇူးပဲ''

စခန်းရှေ့ ဘတ်စ်ကားတစ်စီးထိုးဆိုက်လာပြီ ဆိုကတည်းက စခန်းကင်းအဖွဲ့ နေရာယူပြီး အသင့် စောင့်လေ့ ရှိကြသည့် အကြောင်းမှာ ကားပေါ်တွင် ခါးပိုက်နှိုက်မှု ဆွဲကြိုးဖြတ်မှု စသည့် အမှုများနဲ့ ဆက်စပ်နေသော တရားခံ (မသင်္ကာသူ)များ ပါလာတတ်ပြီး ထိုမသင်္ကာသူများကို ရဲစခန်းတွင် အပ်နှံစစ်ဆေးရန် ဖြစ်သည်ဆိုတာ သဘောပေါက်သောကြောင့်ဖြစ်သည်။ဒီမြင်ကွင်းမျိုးက ရန်ကုန်ဘတ်စ်စီးသူများ လောကတွင် မကြာခဏ တွေ့ကြုံရတတ်တာမို့ မဆန်းတော့ပါ။

နယ်ထိန်းအရာရှိ စောသီဟ

www.burmeseclassic.com

www.burmeseclassic.com

သည် ဆက်လက်ဆောင်ရွက်မယ့် အခြေအနေကို စခန်းမှူးအားတင်ပြပြီး လုပ်ထုံးလုပ်နည်းအတိုင်း အရပ်ရပ်နေ့စဉ် မှတ်တမ်း၌ မှတ်တမ်းတင်ကာ ပစ်မှတ်ကို သူ၏ရုံးခန်းသို့ ခေါ်သွားသည်။

"ဒါနဲ့ ဆရာတင်သိန်း သူ့ရဲ့ ကိုယ်ရေးမှတ်တမ်းနဲ့ ဖြစ်စဉ်အကျဉ်းယူလိုက်ပါ၊ ပြီးရင်သူနဲ့ ကိုယ်စကားတွေ အများကြီး ပြောစရာရှိတယ်။ ခုတော့ မနက် ၆ နာရီလောက်က လက်ဖက်ရည်တစ်ခွက်နဲ့ အီကြာကွေး တစ်ချောင်းစားထားတာ ဘယ်ရောက်ကုန်လဲ မသိဘူး အပေါ်တက်ပြီး ဝမ်းဖြည့်လိုက်ဦးမယ်။ (၁၀)မိနစ်အတွင်း ပြန်ဆင်းလာမယ်။ ဪ ဒါနဲ့ သူ့ကိုလည်း ဆိုင်ကကော်ဖီနဲ့ မုန့် မှာကျွေးထားလိုက်ပါ"

နယ်ထိန်းအရာရှိ စောသီဟသည် လူပျိုလူလွတ်ဖြစ်သည်။ နယ်ထိန်းအဖွဲ့ထဲမှ တပည့်ရဲဘော်တစ်ယောက်နှင့်အတူ စခန်းအပေါ်ထပ်ရှိ လူပျိုဆောင်တွင်နေကာ ရံဖန်ရံခါ တပည့်ချက်ကျွေးတာစားသလို တာဝန်အရ သွားရင်းလာရင်း ကြုံရာတွင်လည်း စားသောက်တတ်သူ ဖြစ်သည်။

"ဆရာတင်သိန်း အသင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့ ဒါသူ့ရဲ့ ကိုယ်ရေး မှတ်တမ်းပါ"

စောသီဟသည် ရဲတပ်ကြပ်တင်သိန်းလက်တွင်းက ပစ်မှတ်ရဲ့ ကိုယ်ရေးမှတ်တမ်းစာရွက်ကို ဆွဲယူ၍ ခဏမျှ ဖတ်ကြည့်လိုက်သည်။

"ဒီမှာ ဘမြင့် မင်းက အထက်တန်းကျောင်းမှာ ၆ တန်းအထိ နေခဲ့ဖူးတယ်ဆိုတော့ ဗမာစာကောင်းကောင်း ဖတ်တတ်တာပဲ။ ငါ့နောက်က နံရံမှာရေးထားတဲ့ စာတန်းကို ဖတ်ပြစမ်းပါ"

"လိမ်ညာစကားဖြင့် ဤ



နေရာကို မကျော်လွှားနိုင်"

"ဘာတဲ့ ကျယ်ကျယ် ဖတ်ပြစမ်းပါကွာ"

"လိမ်ညာစကားဖြင့် ဤနေရာကို မကျော်လွှားနိုင်"

"အေး ဒီလိုမှပေါ့ ဘမြင့်ရာ ဟောဒီကိုယ်ရေး အကျဉ်းဖတ်ကြည့်လိုက်တော့ ဘမြင့်ဆိုတဲ့ အမည်တစ်လုံးတည်း ဆိုကတည်းက မင်းဟာလိမ်ညာပြီဆိုတာတို့သိတယ်။ မင်းမှာ နာမည်သုံးမျိုးမက ရှိတယ်။ ဘမြင့် (ခေါ်) ဘယ်သူဘယ်ဝါပေါ့ကွာ။ အဲဒီတော့ ပြည့်ပြည့်စုံစုံပြော ဟုတ်လား။

"ဘမြင့် (ခေါ်) ဘီလား (ခေါ်) ကီးမာစတာ အများကကီးလို့ပဲ ခေါ်ကြတယ်။ တကယ်တော့ စောသီဟ ပြစ်မှတ်ရဲ့ အမည်ကို စခန်းရောက်သည်အထိ မသိသေး။ ကိုသံချောင်းနဲ့ တွေ့စဉ်ကလည်းမသိခဲ့။ သို့ရာတွင် နယ်ထိန်းအရာရှိသည် အမှုစစ်ဆေးတာ သဘာရင့်နေပြီမို့ သူ စောစောက စခန်းအပေါ်ထပ်သို့တက် ထမင်းစားတုန်း နယ်ထိန်းအဖွဲ့ဝင် ရဲတပ်ကြပ် ဝင်းသိန်းအား ပြစ်မှတ်ရဲ့ ကိုယ်ရေး

**ဒီကောင်က မာစတာကီးဆိုတော့ လက်ထိပ်လည်း ခဏအတွင်း ဖြုတ်နိုင်တယ်ကွ ငါအထူးသတိပေး လိုတာကတော့ ထွက်ပြေးဖို့ မကြိုးစားနဲ့**

အကျဉ်း ယူစေခဲ့ခြင်း ဖြစ်သည်။ ကိုယ်ရေး အကျဉ်းဆိုကတည်းက အမည်ထိပ်ဆုံးမှ စရမည်ဆိုတာ သူသိတယ်လေ။ ဒါကြောင့် သူထင်သလိုပဲ ဘမြင့်ဆိုတဲ့ အမည် ထိပ်ဆုံးမှာ တွေ့တော့ အခြား အမည်ကွဲတွေ ရှိဦးမယ်လို့တွေးမိပြီး အမေးအပေါ်အမေးနဲ့ ရေလာ မြောင်းပေးလိုက်တော့ ဘမြင့် (ခေါ်) ဘီလား (ခေါ်) ကီးမားစတာဆိုတဲ့ အမည်တွေ ဆင့်ကဲဆင့်ကဲ ပေါ်လာတော့တာပေါ့။

"ဘီလား ငါမေးစရာရှိတာ မေးမယ်။ မှန်မှန်ဖြေ၊ လိမ်မယ် ညာမယ်ဆိုရင်တော့ ငါတို့အဖွဲ့ ဆောင်ပုဒ်က မင်းစောစောက ဖတ်ပြထားတဲ့ နံရံပေါ်က စာတမ်းအတိုင်းပဲ။ နောက်တစ်ခုက တို့တွေဟာ ပြောတိုင်း ယုံတတ်တဲ့ လေးငါးနှစ်ရွယ် ကလေးသူငယ်တွေ မဟုတ်ဘူးဆိုတာ သိထားပါ"

"ဟုတ်ကဲ့"

"ကန်တော်လေး (....) လမ်း အိမ်အမှတ် (...) ကို ဖောက်ထွင်းတုန်းက ရခဲ့တဲ့ ပစ္စည်းတွေ ဘယ်မှာထားလဲ"

"ဆရာဘာတွေ ပြောနေတာလဲ ကျွန်တော် ဘာမှမသိဘူး"

"မင်းနဲ့အတူပါတဲ့ လူက ဘယ်သူလဲ"

"ကျွန်တော်ဘာအမှုမှမကျူးလွန်ဘူး။ ဘယ်သူ့ကိုမှလည်း မသိဘူး"

"ဘမြင့် (ခေါ်) ဘီလားက တယ်ပြီးမေ့တတ်တာပဲ။ နံရံပေါ်က စာလေးတစ်ခေါက်လောက် ဖတ်ပြပါဦး"

"လိမ်ညာစကားဖြင့် ဤနေရာကို မကျော်လွှားနိုင်"

"ဒီမှာဘီလား မင်းကော ကျော်လွှားနိုင်မယ် ထင်သလားဟင်"

"ဆရာ ပြောနေတာတွေ ကျွန်တော် ဘာမှ နားမလည်ဘူးဗျ။ ရဲဆိုပြီး အနိုင်မကျင့်နဲ့ သက်ဆိုင်ရာကို တိုင်မယ်"

"အေးလေ မင်းဆန္ဒအတိုင်း လုပ်ခွင့်ရှိပါတယ်။ ငါမတားပါဘူး။ တစ်ခုမင်းသိဖို့ကယောက်ျား ဆိုတာ လုပ်ရဲရင် ခံရဲရတယ်ကွ အေးလေ ငါလည်း မင်းကိုမီ မဆလာစက် ကားမှတ်တိုင်မှာ စောင့်ခဲ့ရတဲ့ ရက်တွေကျော်ခဲ့တော့ စိတ်ပမ်းလူပမ်း ဖြစ်နေတယ်

www.burmeseclassic.com



ခဏနားဦးမယ် မင်းလည်းအနား ယူပါ။ ပြီးတော့ ငါနဲ့ထပ်ပြီး ပြောကြ ဆိုကြသေးတာပေါ့။ ဟုတ်လား ကဲကဲ ဆရာတင်သိန်း ဆရာတင်ထွေး တပည့် ကျော် ကျားလှထွန်းတို့ သေသေချာချာ စောင့်ကြည့် ထားကြကွာ။ ဒီ ကောင်က မာစတာကီးဆိုတော့ လက်ထိပ်လည်း ခဏအတွင်း ဖြုတ်နိုင်တယ်ကွ။ ဘီလားကို ငါအထူးသတိပေး လိုတာက တော့ ထွက်ပြေးဖို့ မကြိုးစားနဲ့။ ဘတ်စ်ကားပေါ်မှာ ငါ့ကို တိုက် ခိုက်သလိုမျိုး မလုပ်နဲ့။ တို့က မင်းကို တာဝန်အရ စစ်ဆေးတာ ကလွဲပြီး လက်ဖျားနဲ့တောင် မထိ ဘူးနော်။ အကယ်၍ လွတ် မြောက်ရေးအတွက် မင်းကြံစည် တိုက်ခိုက် လာမယ်ဆိုရင်တော့ တို့ရဲ့ ခုခံကာကွယ်ခွင့်အရ ကာ ကွယ်ရမှာမို့ မင်း အထိနာလိမ့် မယ်။ တို့ရဲတပ်ဖွဲ့မှာ အဆင့်မြင့် မြန်မာ့သိုင်းသမားနဲ့ ခရာတေး (ခါးပတ်နက်) အဆင့်တွေချည့်ပဲ တုန်ကုန်ပြောမယ်ကွာ။ အမျိုး သမီးရဲအရာရှိနဲ့ ရိုးရိုးတပ်ဖွဲ့ဝင် အမျိုးသမီးတွေတောင် မင်းတို့ လို ဒုစရိုက်သမားတွေကို ယှဉ် ပြိုင် တိုက်ခိုက်နိုင်ကြတယ် ဆို တာ မင်းသိထား"

နယ်ထိန်းအရာရှိ စောသီဟ သည်သူ၏ နယ်ထိန်းအဖွဲ့ဝင်များ ကို မှာစရာရှိတာမှာသလို ဘမြင့် (ခေါ်) ဘီလားကိုလည်း သတိ ပေးပြောဆိုတာ နယ်ထိန်းရုံးခန်း မှ အပြင်ထွက်သွားသည်။


◆◆◆

"သူများပစ္စည်းအပ်တို့ တစ် ချောင်းတောင် မပြစ်မှားဖူးဘူးတဲ့။ ဖောက်ထွင်းမှုမှာ သူပါတယ်လို့ ဘယ်သူပြောတာလဲလို့ ဒီကောင် ကျွန်တော့်ကိုမေးနေတယ် ဆရာ။ ကျွန်တော်က မသိဘူး ဆရာလာ မှမေးလို့ ပြောထားတယ်"

"အေးသိရမှာပေါ့ ဘီလား။ မင်း အမှန်စကားပြောလာတဲ့ အခါ ငါ့ဘက်က ဘာမှ လျှို ထားစရာမရှိပါဘူး။ အားလုံး ပြောပြပါ့မယ်။ ခုတော့ မင်းသိ ဖို့ စောသေးတယ်"

နယ်ထိန်းအရာရှိ ရုံးခန်း အတွင်း ပြန်ရောက်ရောက်ခြင်း ရဲတပ်ကြပ် တင်သိန်းက သတင်း ပို့လိုက်ရာ စောသီဟက ခေါင်း ညိတ်အသိအမှတ်ပြုကာ ဘီလား ကို ပြောလိုက်သည်။

"မင်းကောင်က ပြောတာ ရှိသေးတယ်။ အချင်းဖြစ်ညက နှစ်ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး၊ တစ်ကျပ်သား ရွှေဆွဲကြိုး



www.burmeseclassic.com

www.burmeseclassic.com



(ရမည်းသင်း)

# ကျော်ကြီးနဲ့ မာစတာကီး

(၁) ကုံး၊ ငါးမှုးသာ ရွှေဆွဲကြိုး ကလေးဆွဲကြိုး (၁) ကုံး၊ နှစ်ကျပ်သား မောင်နှံခုနစ်ဖော် ရွှေလက်ကောက် (၇) ကွင်း၊ ရွှေရောင်စီတီဇင် အမျိုးသမီး လက်ပတ်နာရီ (၁)လုံး၊ JVC လက်ဆွဲရေဒီယို ကက်ဆက် (၁) လုံး၊ ပန်းကမ္ဘာ အမျိုးသမီးစီး အစိမ်းရောင် စက်ဘီး (၁) စီး၊ သားရေလက်ဆွဲအိပ်အနက် (၁) လုံးကို ယူပြီး အချင်းဖြစ်အိမ်က မင်းအရင်ထွက်သွားတယ်တဲ့''

''တောက်ခွေးသား ကျော်ကြီး ပြန်ဆုံလို့ကတော့ အသေပဲ''

''ဒါ့ကြောင့် ပြောတာပေါ့။ ကျော်ကြီးဆိုတဲ့ကောင်က ဘိန်းစားခြင်းအတူ တစ်လုံးပိုရှုသွားတယ်လို့''

သီဟာသည် ကျော်ကြီးနဲ့ ဘီလားပါတနာအတွဲဆိုတာ နဂိုကမသိ။ ခုလေးတင် ဘီလားပေါက်ကွဲတောက်ခတ်ကာ နှုတ်ကထွက်လာသော စကားအရ ကျော်ကြီးဆိုတာ သိပြီ။ သူ့စကားနဲ့သူ့ကိုနင်းကာ ပြောလိုက်ခြင်း ဖြစ်သည်။ အထက်ပါ သက်သေခံ ပစ္စည်းများ အကြောင်းလည်း ကျော်ကြီးက ပြော၍ သိခြင်းမဟုတ်။ တရားလိုများ အမှု ဖွင့်စဉ်က ပျောက်ဆုံးသွားသော တိုင်ချက်ပါပစ္စည်းအမယ်များကိုစောသီဟ သိထားသဖြင့် အကွက် ဝင်လာတဲ့အခါ အသုံးချ ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဆရာအားလုံးသိထားပြီးသားဆိုတော့ ကျွန်တော် ဖုံးကွယ်နေလည်း အလကားပဲ။ ရခဲ့တဲ့ ပစ္စည်းအားလုံး ကျော်ကြီးအချုပ်က လွှတ်တဲ့နေ့မှာပဲ ခင်စိန်အေးအိမ်မှာ အညီအမျှ ခွဲဝေပြီးသား။ ကျော်ကြီးဆိုတဲ့ကောင် ပန်းကမ္ဘာစက်ဘီးအတွက် ကျွန်တော်နဲ့ နည်းနည်း မကျေမလည် ဖြစ်တယ်။ စိတ်ခုသွားတယ်။ ဒါကြောင့် ကျွန်တော့်ကို ချောက်တွန်းတာပါ''

''ခင်စိန်အေးက ကျော်ကြီးမိန်းမလား''

''ဟုတ်တယ် နံပါတ် (၃) ပေါ့''

''ဒါနဲ့ စက်ဘီးအတွက်ဘယ်လိုပြဿနာ တက်ကြတာလဲ။ ပြောပြစမ်းပါဦး''

''စက်ဘီးဆိုတာ အကောင်အထည်မြင်သာတယ်။ ဒီနားတစ်ဝိုက် စီးပြီး သွားလာနေရင် တစ်နေ့မဟုတ်တစ်နေ့ ကာယကံရှင်များနဲ့တွေ့ပြီး စက်ဘီးကို မှတ်မိရာက အမှုပေါ်သွားရင်ဒုက္ခရောက်မယ်။ ဒါကြောင့် တစ်စစီဖြုတ်ပြီး ရေဆိုးမြောင်းထဲ လွှင့်ပစ်လိုက်ပြီလို့ ပြောတာ။ သူကမယုံဘူး။ အဲဒီကစပြီး တစ်ယောက်နဲ့ တစ်ယောက် တင်းသွားကြတာဆရာ''

''အင်း အမှုပေါ်ချင်တော့

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒုစရိုက်ကောင်ချင်း ခပ်ကုန်ကြပြီကိုး"

အချင်းဖြစ်တဲ့ညက အချင်းဖြစ်အိမ်ကို သူတို့ ဘယ်လိုဝင်ပုံ အခန်းထဲကသေတ္တာနဲ့ ဘီဒိုတွေကို ဘယ်လိုဖွင့်ပုံ အံဆွဲအားလုံးနဲ့ သေတ္တာဘီဒိုအားလုံးရဲ့သော့များကို ဘီလား (ခေါ်) ဘမြင့် (ခေါ်) ကီးမာစတာ (ခေါ်) ကီးက ၁၀မိနစ်အတွင်း ဖွင့်ပုံ။ ရှာဖွေတွေ့သမျှ ရွှေထည်ပစ္စည်းတွေကို အချင်းဖြစ်အိမ်က တွေ့တဲ့သားရေအိတ်မှာထည့်ပြီး ဘီလားကလွယ်ကာ လေ့ခါးအနီးထောင်ထားသော အမျိုးသမီးစီးစက်ဘီးကို ဆွဲယူခဲ့ကြောင်း နှစ်ဦးတပြိုင်တည်းထွက်လျှင် လူမြင်နိုင်သဖြင့် ဘီလားက အရင်ထွက်ခဲ့ကြောင်း ပြီးမှကျော်ကြီးက ထွက်၍ဒိုဘီလိုင်း ထိပ် တွင် ပြန်ဆုံမည်ဖြစ်ကြောင်း တိုင်ပင်ခဲ့ကြောင်း ဘီလား (ခေါ်) ဘမြင့်က ဝန်ခံထွက်ဆိုချက်ပေးသည်။

♦♦♦

"ဆရာရေ ကျော်ကြီးကို ခေါ်ခဲ့ပြီ"

"မြန်သားပဲ ဒီငနဲပထမ ရီမန်မှာ လွတ်သွားပေမယ့် ဒီတစ်ခါတော့ မလွတ်တော့ဘူး"

"အခက်အခဲရှိသေးလား"

"မရှိပါဘူးဆရာ"

ဒါဆို စခန်းကား အသင့် ပြင်ခိုင်း ဘီလားနဲ့ တစ်လှည့် ကျော်ကြီးနဲ့ တစ်လှည့် သက်သေခံပစ္စည်းလိုက်သိမ်းမယ်။

**ဝင်းသောင် (ရမည်းသင်း)**

## ပြစ်ဒဏ်

ပြစ်ဒဏ်ချမှတ်ရာတွင် ပြစ်မှုကျူးလွန်သူအပေါ် ကလဲ့စားချေသည့် သဘောမဟုတ်ဘဲ ပညာပေးသည့်သဘောလည်း သက်ရောက်စေရမည်။ တစ်ဖက်တွင်လည်း ထိုအပြစ်ဒဏ်သည် ပြစ်မှုကျူးလွန်သူအား ထပ်မံ ပြစ်မှုကျူးလွန်ခြင်းမှ နောင်ကြဉ်စေရန်နှင့် အလားတူ ပြစ်မှုကျူးလွန်ရန် ကြံရွယ်သူတို့အား အဟန့်အတား ဖြစ်စေသင့်သည်။ သို့မှသာ ပြည်သူ၏ အကျိုးကို စောင့်ရှောက်ရာ ရောက်မည်ဖြစ်ပြီး ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်းမှ ကာကွယ်ရာရောက်သည်။

*မစ္စတာချုပ်သမာဓိယာနှင့် မြန်မာနိုင်ငံ*

*၁၉၆၆ ခု၊ တရားရုံးချုပ်*

www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

# ပပယ

## ရာမညမောင်မောင်ကျော်

"ဗေထိ-ဗေထိ-ဗေထိ ဗိန် မောင် ပုန်ဗောင်ထိ-ဗေထိ-ဗေ ထိ-ဗေပေါင် ပုန်းဗောင်ထိ"

နတ်ဆိုင်းသံ တော့လိုက် သည်။ နတ်ဆရာသည် နတ် ကန္တားပွဲစရန်အတွက် ဆိုင်ရာ ပိုင်ရာများတို့အား ပူဇော်ပသ၍ မြှောက်ပင့်လျက်ရှိသည်။

အလှည့်ကျသည်က ရေင် ပိုင်ဦးရှင်ကြီး ပင့်နေ ကောက် ညှင်း၊ ငှက်ပျော ယိုစုံနှော၍ဆား ဆီမဆွတ်၊ သတ်သတ်လွတ် ပွဲ များပြင်၍ ဝါးဖြူ ဝါးအလုံးခပ် ကြီးကြီး၊ လုံးပတ်လေး လက်မ ပတ်လည် အရှည် တစ်လံခန့်ကို အထက်ပိုင်း တဝက်ခန့် လေးစိပ် ခွဲပြီး တစ်ပေခွဲပတ်လည် နီးဖြင့် ယက်ထားသော အပြားကို တိုင် ထိပ်တွင် စင်သဖွယ်ပြု လုပ်ပြီး မြေတွင်းတူးကာ အုန်းရွက်လေး လက်ထိုး၊ ထောင့်လေးထောင့် တိုင်များတွင် တစ်လက်စီ ချည် နှောင်လျက် ဦးရှင်ကြီး တင်စင် ၏ ပုံသဏ္ဍာန်ကို ပြင်ဆင်ထား လေသည်။

နတ်ကန္တား၏အပြင်အဆင် မှာလည်း ခမ်းနားထည်ဝါလှပေ သည်။ နတ်ဆရာသည် လင်ဗန်း တွင်း အထက်ပွဲအတွက် (၃) ပွဲ၊ အောက်ပွဲအတွက် (၁) ပွဲ၊ ရွာ တော်ရှင်ပွဲ၊ နယ်တော်ရှင်ပွဲဆိုင်ရာ ပိုင်ရာပွဲများ အသီးသီး နေရာ အလိုက် တင်မြှောက်ပြီး။

"ပုလဲငွေမိုး၊ သဲရေယဉ်စို့ ပဲရွှေအမျိုးအပိုင်း အောက်ခရိုင် ကျောက်ဘိုင်ပမာ နေမင်းတထီး ရွှေစာရင်းညိုလိုက်တော့ ရေကင်း အထိ ပိုင်တော်မူပါသတဲ့ ခရိုင် အကျော် ဇမ္ဗူဘွဲ့တစ်လုံး အမည် သာပါတဲ့ ရေင်ပိုင်ဦးရှင်ကြီး။

ရွှေကျွန်းကြီး ဒီပါမြေက ဤဋ္ဌာနေ ကျောင်းဝိဟာသို့ အပေါင်း တပည့်မကွာ ချွေရံတ သင်းရယ်နဲ့ ရေင်မင်း တကျွန်း ပိုင် ကွမ်းခရိုင် ဆွမ်းထိုင်လို့ ဘုန်း လှည့်ပါ ဘုန်းရှိတဲ့ နတ်ဦးရှင် ခင်များ...

နတ်ဆရာသည် နှုတ်မှ ပွစိပွစိဖြင့် ရွတ်ဆိုဆုတောင်းပြီး အုန်းရည်များ ဟိုပက်သည်ပက် လုပ်၍ ငှက်ပျောသီး ကောက်

www.burmeseclassic.com

www.burmeseclassic.com



သင်းစသည့် စားဖွယ်ကလေးများ နည်းနည်းစီ စွန့်ကြပြီးပြန်၍ ရွတ်ပြန်နေသည်။

'မှင်စွယ်စခန်း ပင်လယ်နန်းက ကမ်းအကြောတွင် ဒေါ အသွင်ဖြင့် ငွေစင်မဟုတ် ဘုန်းချုပ်သည့် နက်ဦးရှင် နတ်ဘောဇဉ် ချိုချဉ်တင်လို့ ပြီးပါပေါ့။ ဤဌာနေကျောင်း ဝိဟာက အပေါင်း တပည့်မကွာ ချွေရံတသင်းနဲ့ ရေင်မင်း တကျွန်းပိုင် ကွမ်းခရိုင် ဆွမ်းထိုင်လို့ ဘုန်းပြီးပါပေါ့။ နတ်နန်းဆော် စောင်းတော်မပါလို့ နေဝင်ရင် ရွှေတညင်သို့ မြန်းရမယ် နတ်နန်းစောင့်တော် မပါလို့ အပေါင်းအဖော်နှင့်တကွ ကျောင်းတော်က ကြွတော်မူပါ ဘုန်းရှိတဲ့ နတ်ဦးရှင်ခင်ဗျား'

နတ်ဆရာသည် ဆိုင်ရာပိုင်ရာတို့အား ပူဇော်ပသပြီး နတ်ကန္နားပေးသည့် အလှူရှင်မိသားစုသည် သန်ရာသန်ရာ ကန်တော့ကြသည်။ ပြီးလျှင် နတ်ပွဲစလေသည်။

နှစ်နှစ်ကတော့ ယုံကြည်သူများရှိသလို မယုံတဝက်ယုံတဝက်ဖြင့် လာကြသူများ၊ လုံး လုံး အယုံအကြည် မရှိဘဲ သံသယစိတ်ဖြင့် နှောင့်လိုသူများလည်း ပါလာကြလေသည်။

နတ်ကန္နားပေးသည့်နေရာက ပဲခူးအလယ်ရိုးမ တောင်ခြေ ငမိုးရိပ် ချောင်းနံဘေးတွင် မေးတင်၍ ရွာတည်ထားသော ဖောင်ကြီးအနောက်ဘက်ကမ်း ကျေးရွာနယ်မြေ သတင်းထောက် ဦးတင်ဦး အိမ်ရှေ့ နတ်ကန္နားက ဦးတင်ဦးပေးသော နတ်ကနားတော့ မဟုတ်ပါ။

သတင်းထောက် ဦးတင်ဦး၏ အိမ်ခြေရင်းဘက် ကပ်လျက် ငမိုးရိပ်ချောင်း၏ ကမ်းနဖူးကို မေးတင်ပြီး ဆင်လိပ်တက်ပုံစံမျိုး ဆောက်ထားသည့် ငါးပိကုန်သည် မွန်မိသားစုတို့က ငါးပိရောင်း၍ မြတ်သဖြင့် ငါးထောင်အကုန်အကျခံပြီး ပေးခြင်းဖြစ်သည်။

အမိဌာန်ပြု၍ အမြတ်ရသည့် အတွက် နတ်ကန္နားပေးသည်ဟု သိရသည်။ မယုံကြည်သူများအဖို့ သံသယတော့ ဝင်နိုင်စရာ ရှိကောင်းရှိမည် ဖြစ်သော်လည်း ယုံကြည်သူများအတွက်မူ သဘောတွေ့ကြမည်မှာ မလွဲပင်။

ကျွန်တော်သည် ဖောင်ကြီး ရဲစခန်းတွင် စခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် ဖြစ်သည့် အလျောက် နတ်ကန္နား လုံခြုံရေးကိုလည်း တာဝန်ခံထားရသဖြင့် အနီးသို့ မကြာခဏ ဆိုသလို လှည့်ပတ်ကြည့်ရှုရင်း လူနောက်လူပြောင် အနှောင့်အယှက် ကင်းအောင် မျက်နှာသွားသွား ပြပေးရပါသည်။

ရဲဘော်များကိုလည်း နတ်ကန္နားကြောင့် ခိုက်ရန် မဖြစ်ပွားစေရန် စောင့်ကြပ်ခိုင်းခဲ့ရလေသည်။

'အဘ···အဘ၊ လာပါဦး အဘရဲ့၊ နတ်ကန္နားမှာ ရန်ဖြစ်ကြလို့'

နယ်ထိန်းအဖွဲ့မှ ရဲတပ်သား မြဟန်သည် ကျွန်တော့်အား လာရောက် သတင်းပို့လေသည်။

'ဘယ်သူနဲ့ ဘယ်သူတွေ ဖြစ်ကြတာလဲကွ'

'သပြေတောင်က တင်ဝင်းနဲ့ ရွာမက ကျော်သန်းတို့ အငြင်းပွားရာက စပြီး ရန်ဖြစ်ကြတာပါ''

www.burmeseclassic.com

www.burmeseclassic.com



'ဟ ဒီကောင်နှစ်ကောင်က သူငယ်ချင်း သောက်ဖော်သောက်ဖက်တွေပဲ။ ဘယ်လိုဖြစ်ကြတာလဲ။ ဒီကောင်တွေ တစ်ခုခု မှားပြီ ထင်တယ်'

ကျွန်တော်လည်း မေးမေးပြောပြောဖြင့် အိမ်ပေါ်မှ ဆင်းလိုက်သွားပါသည်။ ရဲစခန်းနှင့် သတင်းထောက် ဦးတင်ဦး အိမ်သည် ကိုက် ၃၀၀ ကျော်ကျော်လောက်သာ လှမ်းသဖြင့် ခဏချင်းပင် ရောက်သွားပါသည်။

နတ်ကန္နားထိန်းမှာ မင်္ဂလာဒုံဈေးမှ ဒေါ်မှုန်တို့အဖွဲ့ ဖြစ်ပြီး ကန္နားအုပ်မှာလည်း ဒေါ်မှုန်ပင် ဖြစ်ပါသည်။

ကျွန်တော် ရောက်သွားချိန်၌ ဒေါ်မှုန်သည် ဘကြီးညိုပွဲကို ပင့်လိုက် မြှောက်လိုက်၊ တောင်းပန် တိုးရှိုးလုပ်လိုက်ဖြင့် အလုပ်ရှုပ်နေလေသည်။ ရွာတော်ရှင်၊ နယ်တော်ရှင်များကိုလည်း တိုင်တည်နေလေသည်။

ကျွန်တော်လည်း အနီးပတ်ဝန်းကျင် နတ်ကရာကြည့်မော နေကြသူများထံ သတင်းထောက်လှမ်းလိုက်သည်။

ကျော်သန်းက နတ်ကို မယုံကြည်၊ တင်ဝင်းက နတ်ကိုယုံကြည်သည်လည်း မဟုတ်၊ မယုံကြည်ဘူးလည်း မပြော၊ သူ့ဘာသာသူပေ့ပ် ကိုယ့်ဘာသာကိုယ်နေ သဘောထားသူ။

ကျော်သန်းက အဘညိုကြီးပွဲမှ တင်ထားသော စားသောက်ဖွယ်ရာများကို နတ်ကတော်မသိအောင် ယူ၍ လွှင့်ပစ်သည်။ ဒါကို တင်ဝင်းက မကျေနပ် ဖြစ်ရာက စကားများကြသည်။ နတ်ကခြင်းကိစ္စခေတ္တ ရပ်လိုက်ရသည်ဟု သတင်း ရလိုက်သည်။

ဒေါ်မှုန်က-

'ဆရာကြီးရယ် ကျွန်မတို့ကို ခွင့်လွှတ်ပါ။ ကျွန်မတို့ကြောင့် ရန်ဖြစ်တာ မဟုတ်ပါဘူး။ သူတို့အချင်းချင်း စကားများကြတာပါ။ ဒီည နောက်ဆုံးညဖြစ်တော့ ကျွန်မတို့ ဆက်ကပါရစေရှင်။ ဆရာကြီး ကျွန်မတို့ကို ကူညီစောင့်ရှောက် ပေးပါ ဆရာကြီးရယ်။ ကျွန်မ တောင်းပန်ပါတယ်။'

သတင်းထောက် ဦးတင်ဦးကလည်း-

'ဟုတ်ပါတယ် ယောက်ဖ

ဒေါ်မှုန်သည် ဘကြီးညိုပွဲကို ပင့်လိုက်မြှောက်လိုက်၊ တောင်းပန် တိုးရှိုး လုပ်လိုက်ဖြင့် အလုပ် ရှုပ်နေလေသည် ရွာတော်ရှင်၊ နယ်တော်ရှင် များကိုလည်း တိုင်တည် နေလေသည်

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုချက်နဲ့ ငွေကုန်ခံပြီး ကာယကံရှင်က ကျေနပ်လို့ လုပ်တာပဲ နှောင့်ယှက်ရင် ကုန်ကျစရိတ် လျော်ရတယ်ဆိုတာ နားမလည်ကြဘူးနဲ့ တူတယ်

ရယ် တို့လည်း ကူညီပါ့မယ်။ ယောက်ဖရှိနေရင် ကောင်လေးတွေ ငြိမ်ပါတယ်။ ဆက်ကခွင့်ပြုစေချင်ပါတယ်။ ပရိသတ်ကလည်း တော်တော်များနေတယ်။ အဝေးက လာကြတဲ့ လူတွေကို ငဲ့ပြီး ဆက်ကဖို့ 'ကောင်းပါတယ်'

ရန်ဖြစ်တာနဲ့ နတ်ကန္နားကို ရပ်လိုက်ရမှာ ဘာမှမဆိုင်ဘူးလေ။ ရန်ဖြစ်တဲ့လူ တရားဥပဒေအရ အရေးယူရုံပဲပေါ့။ နတ်ကန္နားက ခွင့်ပြုချက်နဲ့ ငွေကုန်ခံပြီး ကာယကံရှင်က ကျေနပ်လို့ လုပ်တာပဲ နှောင့်ယှက်ရင် ကုန်ကျစရိတ် လျော်ရတယ်ဆိုတာ နားမလည်ကြဘူးနဲ့ တူတယ်။ ကဲ…ဒေါ်မှုန် ဆက်ကပါ'

ကျွန်တော်က ဆက်ကခွင့်ပေးလိုက်ပါသည်။

'ဟာ… ကိုကြီးကျော်တောင် ရောက်နေမှပဲ။ကျွန်တော် စောစောကလေးတင် ပြန်သွားတာ အိမ်ရောက်လို့ ထိုင်ခါ ရှိသေးတယ်။ ရန်ဖြစ်ကြလို့ လာသတင်းပို့တာနဲ့ ကျွန်တော်လည်း ချက်ချင်း လိုက်လာတာပဲ'

ကောင်စီဥက္ကဋ္ဌ ဦးသောင်းလည်း ရောက်လာပြီး ကျွန်တော့်အား ပြောပြသည်။

'ဒီကောင်တွေက ဒီလိုပဲ။ လူကြီးတွေ လစ်ရင် လစ်သလို နှောင့်ချင်တဲ့ ကောင်တွေ တော်သေးတာပေါ့။ တုတ်တပြက် ဓားတပြက် မဖြစ်တာ ကဲ-လာပါ။ ဟိုနားထိုင်ရအောင် ပြီးမှပဲ ပြန်ကြတာပေါ့။ မထူးတော့ပါဘူး'

နတ်ကန္နားလည်း ဆက်ကနေသည် နတ်ချော့သူများလည်း ဆိုင်းဝိုင်းအား လက်ပစ်ကြေးပေးပေးပြီး နတ်ချော့နေကြသည်။

ကောင်စီဥက္ကဋ္ဌ ဦးသောင်း သတင်းထောက် ဦးတင်ဦးတို့အဖွဲ့နှင့် ကျွန်တော်နှင့် ရဲတပ်ဖွဲ့ဝင် ၃ ဦးတို့ပါ နတ်ကန္နားအနီးတွင် ပင် အသင့်ရှိကြသဖြင့် လူနောက်တွင် လူနှောင့်တွေ ငြိမ်ချက်သားကောင်းနေကြသည်။ နတ်ပွဲကလည်း ကဆဲ။

ကျော်သန်းနှင့် တင်ဝင်းတို့ နှစ်ယောက်သည် အင်မတန်ရင်းနှီးကြသည့် တစ်ရွာတည်းနေ သူငယ်ချင်းများ ဖြစ်သည်။ ဘာကြောင့်များ ဒီနေ့ကိစ္စနှင့် ရန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြရသနည်း။ သံသယ ဝင်လာမိသည်။

'အဘကျော်…အဘကျော်။ ကျွန်တော့်ကို ကယ်ပါဦး။ အဘကျော်'

နတ်ကန္နား သိမ်းပြီး၍ လူတွေလည်း ရှင်းသွားပြီ ဖြစ်သဖြင့် နတ်ပွဲက ကြစဉ်က ပြင်ဆင်ထားသော ပြင်ဆင်မှုပစ္စည်းများကို သိမ်းနေကြသည်။

ကျွန်တော်လည်း အိပ်ချင်စိတ် မရှိသေးသည်နှင့် သတင်းထောက် ဦးတင်ဦး ကောင်စီဥက္ကဋ္ဌ ဦးသောင်းတို့နှင့် အတူ နတ်ကန္နား ပေးသည့် မိသားစု၊ ဒေါ်မှုန်တို့ အဖွဲ့သားများနှင့် ဝိုင်းထိုင်၍ စကားပြောနေကြစဉ်ညည့် ၁၁ နာရီခွဲခန့်တွင် ကျွန်တော့်ကို ခေါ်၍ အကူအညီ တောင်းနေသံ ကြားသဖြင့် မဏ္ဍပ်အတွင်းမှပြေးထွက်သွားရာ မီးသတ်အဆောက်အအုံနှင့် မနီးမဝေး နတ်ကန္နားမဏ္ဍပ်နှင့်လည်း မလှမ်းမကမ်းလမ်းပေါ်တွင် ကျော်သန်းလဲနေသည်ကို တွေ့ရသည်။

ကျော်သန်းသည် လက်တစ်ဖက်က မြေတွင်ထောက်ပြီး ညာလက် တစ်ဖက်က ဘယ်



ဘက်လည်ပင်းကို လက်ဝါးဖြင့် ပိတ်ထားရင်းက

'တင်-ဝင်း-တင်-ဝင်း-အဘ…အဘ…အဘကျော် ကျွန်-ကျွန်တော့်ကို ကယ်…ကယ်ပါဦး'

'ကျော်သန်း…ကျော်သန်း စကားမပြောနဲ့။ အဘ ဒီမှာရှိတယ်။ မင်းဘာမှ မဖြစ်ပါဘူး။ တင်ဝင်း ဟုတ်လား'

'ဟုတ်…ဟုတ်ပါတယ် တင်ဝင်း။ ဓား-ဓား-ဓားနဲ့ ခုတ်…ခုတ်…'

ကျော်သန်း ထစ်ထစ်ငေါ့ငေါ့ မပီတပီပြောရင်း သတိလစ်သွားသည်။

ကောင်စီ ဥက္ကဋ္ဌနှင့် သတင်းထောက် ဦးတင်ဦးတို့လည်း ချက်ချင်း ရောက်လာကြသည် တင်ဝင်း တင်ဝင်း…ဟု ပြောနေသံကို အားလုံးပင် ကြားကြသည်။

ကျွန်တော်လည်း ကျော်သန်းအား ပွေ့ထားပြီး…

'ဥက္ကဋ္ဌကြီး မြင်းလှည်း တစ်စီး မြန်မြန် လုပ်ပေးပါ။ ဆေးရုံအမြန်ပို့မှ သေတမ်းစစ်ချက် ယူရလိမ့်မယ် ထင်တယ်'

အချိန် အနည်းငယ်ကြာလျှင် သတင်းထောက် ဦးတင်ဦး အိမ်ခေါင်းရင်း နှစ်အိမ်ကျော်ရှိ မြင်းလှည်းရှင်က ချက်ချင်း မြင်းလှည်းဆင်ပြီး တာလမ်းပေါ်တွင် အသင့်ဖြစ်နေသဖြင့် ကျွန်တော့် စွပ်ကျယ်အကျႌချွတ်၍ ကျော်သန်းလည်ပင်းမှ သွေးတဖွက်ဖွက် ထွက်နေသည့်နေရာကို ပတ်၍ ပိတ်လိုက်သည် များ

www.burmeseclassic.com

www.burmeseclassic.com



အလိမ်းလိမ်းဖြင့် မြင်းလှည်းပေါ် ပွေ့တင်ပေးပြီး ရဲတပ်သားမြဟန်အား အကူထည့်လိုက်၍ ဆေးရုံသို့ တင်ပို့ခဲ့ရပါသည်။

ကျွန်တော်နှင့် ကောင်စီဥက္ကဋ္ဌ သတင်းထောက် ဦးတင်ဦးတို့သည် တင်ဝင်း၏ အိမ်သို့ ချက်ချင်းသွား၍ တင်ဝင်းအား ရှာပါသည်။ မတွေ့။ တင်ဝင်း လစ်သွားလေပြီ ဖြစ်သည်။

မျက်မြင်သက်သေ ဟူ၍ လုံးဝမရှိ။ ဒဏ်ရာဖြင့် လဲနေစဉ် ပထမဆုံး တွေ့ရသူက ကျွန်တော်။ ကျော်သန်း ပြောနေသံကိုတော့ လူတော်တော်များများ ကြားကြရသည်။

စောစောပိုင်းက နတ်ကန္နားတွင် တင်ဝင်းနှင့် ကျော်သန်း ရန်ဖြစ်ကြသည်။ ကျော်သန်းက တင်ဝင်းဟု ပြောသည်။ တင်ဝင်း ပျောက်နေပါလေသည်။ သံသယ ဖြစ်စရာပင်။

ကျော်သန်း ဆေးရုံတွင် သတိမရသေး။ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်လွင် ကြိုးစားကုသပေးသည်။

သွေးသွင်းခြင်း၊ ဂလူးကို့သွင်းခြင်း အောက်စီဂျင် ပေးခြင်းများ ဆက်တိုက်ပြုစု ကုသပေးလျက် ရှိသည်။ အသက်မသေသေး၊ မသေနိုင်ဟု သိရသည်။ လောလောဆယ် သတိလစ်နေသည်။

**နတ်ကန္နားတွင် မလျော်ကန်သည်ကို လုပ်မိ၍ မကောင်းဆိုးဝါးတွေ ကိုင်လို့ပဲလား ၊ နတ်ကတော်၏ တိုင်တည်မှုကြောင့်များ ဖြစ်ရလေခြင်းလား ၊ တွေးတောစရာ**

အသက်ရှင်သည့်တိုင် လူ့ဘဝတော့ တဝက်ဆုံးမည် ဖြစ်သည်ကို ကျွမ်းကျင်လှသော စေတနာ ဆရာဒေါက်တာ မြင့်လွင်က ကြိုတင်အသိပေးထားသည်။

လောလောဆယ် တရားလိုဖြစ်သူ ကျော်သန်း သတိမရသေးသဖြင့် ကျွန်တော်ကပင် တရားလို လုပ်၍ အမှုဖွင့်ထားလိုက်ပါသည်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဖောင်ကြီး ရဲစခန်းတွင် (ပ) နံပါတ် (××) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ အပြင်းအထန် နာကျင်မှုဖြင့် လက်ခံအမှုဖွင့်ထားခဲ့ပါသည်။

ဘာကြောင့် ခုလို ခင်မင်ရင်းနှီးသူ သူငယ်ချင်းချင်း တစ်ရပ်တည်းသားချင်း လွန်လွန်ကျူးကျူး ကိုယ်ထိလက်ရောက် စားခုတ်မှုအထိ ဖြစ်ရသနည်း။ စဉ်းစားစရာ အကြောင်းရှာရန်

www.burmeseclassic.com

လမ်းကြောင်း ပေးသလိုပင် ဖြစ်နေသည်။

နတ်ကန္တာရတွင် မလျော်ကန်သည်ကို လုပ်မိ၍ မကောင်းဆိုးဝါးတွေ ကိုင်လို့ပဲလား။ နတ်ကတော်၏ တိုင်တည်မှုကြောင့်များ ဖြစ်ရလေခြင်းလား။ တွေးတောစရာ သံသယအမျှင်တန်းများ ယှက်သိမ်းလာသည် အထိ ဂယက်က လှုပ်ခတ်ခဲ့လေသည်။

ဘာပဲဖြစ်ဖြစ် ဒါတွေက တရားဝင် လက်ခံနိုင်စရာ ကိစ္စတွေ မဟုတ်။ ဒဏ်ရာဖြင့်ဆေးရုံတက် နေရသည်။ သတိရပြီးမှသာ စစ်ဆေးမေးမြန်း စုံစမ်းမှုလုပ်ငန်း စရပေတော့မည်သာ ဖြစ်ပေသည်။

တင်ဝင်းက ရှောင်တိမ်းနေဆဲ...။

ပြေးစမ်းပါ။

နောက်ဆုံးတော့ ပြေးစရာ နတ္ထိ မြေမရှိ ဖြစ်ရမှာ မလွဲပါလေ။

ယုံကြည်မှု မယုံကြည်မှု ဒွန်တွဲလာလျှင် ဝိရောဓိ ဖြစ်လာတော့မည် ဖြစ်သည်။ တစတစဖြင့် ဝိရောဓိက မြင့်မားပြင်းထန်လာလျှင် ပဋိပက္ခ ဆောင်လာတော့မည်မှာ မလွဲဧကန်ပင် ဖြစ်သည်။

စိတ်ပိုင်း၊ ရုပ်ပိုင်း သက်ရှိ၊ သက်မဲ့အရာ ခပ်သိမ်းတွင်ပြောင်းလဲသည့် အရာသည် ...သည်။ သည်အရာက ဘာလဲ ပြောင်းလဲနေသည့်အရာသည် ဘယ်တော့မှ မပြောင်းလဲ ခြင်းတည်း။

ချစ်ရာက မုန်းတတ်ကြသည်။ မုန်းရာမှလည်း ချစ်လာတတ်ကြသည်ကိုလည်း တွေ့ဖူး မြင်ဖူးပါသည်။

သံသယ ကင်းရှင်းက ချစ်ရာက မုန်း၊ မုန်းရာက ချစ်။ မမြင်နိုင်စရာ အကြောင်းကား မရှိ ရှိနိုင်သည် ဖြစ်နိုင်သည်ပင်။

ကျော်သန်းနှင့် တင်ဝင်းတို့ နှစ်ဦး၏ ဘဝက ရင်နာစရာကောင်းလှပေသည်။

ကျော်သန်းသည် ကိုယ်တခြမ်းစောင်း၍ ခေါင်းတခြမ်းစောင်းကာ မသန်မစွမ်းတော့သည့် လူ့ဘဝ အသက်ထက်ဝက် သေနေသူနှင့်မခြား လူစင်မမီတော့သည့် ဒုက္ခိတဘဝဖြင့် လူလုံးမလှတော့ဘဲ ယနေ့ထက်တိုင် ဖောင်ကြီးအနောက်ဘက် ကမ်း၌ အသက်ရှင်လျှက် ဘဝပျက်နေသူအဖြစ် ကြေကွဲဝမ်းနည်းစရာ မြင်တွေ့နေရသေးသည်မှာ ရင်နှင့်စရာ မဟုတ်ပါလား။

တင်ဝင်းမှာမူကား ကိုယ့်မိုက်ပြစ်ဒဏ် ကိုယ်သာခံရမည်ဆိုသည့် နိယာမတရားအား မလွန်ဆန်နိုင်ခဲ့သဖြင့် နောက်ဆုံးအဖမ်းခံရပြီး တရားဥပဒေ၏ အဆုံးအမကို တွန်းလှန်ပြင်းငှာ မစွမ်းနိုင်သဖြင့် အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်ကျခံသွားရလေတော့သည်။

**ရာမညမောင်မောင်ကျော်**

www.burmeseclassic.com

www.burmeseclassic.com





ရှေးအခါက သိုက်ဆရာနဲ့ သူ့တပည့်တို့ဟာ ဥစ္စာစောင့် သိုက်ရှိတယ်လို့ နာမည်ကြီးနေတဲ့ ကျောက်တစ်လုံးဂူကို သိုက်ဖမ်းဖို့ သွားခဲ့ကြတယ်။ ကျောက်တစ်လုံးဂူဆိုတာက လူသူမနီးတဲ့ တော တောင်ထဲက ရောမကျောက်ဂူကြီးတစ်ခုရှိတဲ့ နေရာပေါ့။ အဲဒီဂူမှာ ဥစ္စာစောင့်တွေထားတဲ့ ရတနာသိုက် ရှိတယ်လို့ သိုက်ဆရာတွေ၊ ဂိုဏ်းဆရာတွေက ယူဆခဲ့ကြတယ်။

ကျောက်တစ်လုံးဂူရောက်တော့ ဆရာကြီးက ရှောင်ရ၊ ဆောင်ရမယ့်သဘော သဘာဝကို တပည့်ကို ရှင်းပြတယ်။ သူ့ဆီက ခွင့်ပြုချက် မရဘဲ၊ သူ အမိန့်မပေးဘဲ ဘာမှမလုပ်ရ၊ မပြောရ ပြီး တားမြစ်ထားတယ်။ သူ့တပည့်ကို ပြောဆိုစရာတွေ ပြောပြီးတဲ့အခါမှာတော့ ဆရာကြီးဟာ သိုက် ဖမ်းဖို့ဂါထာ မန္တရား အစီအရင်တွေနဲ့ စီရင်တယ်။ စည်းတားတယ်။ ကျောက်ဂူက သိုက်တွေ ထွက်

www.burmeseclassic.com


www.burmeseclassic.com



# သိုက်ဆရာ

## ရွှေဟောင်းရတနာနဲ့ လောဘဇောတိုက်သူတို့ ငါအကုသိုလ်တရား

ဦးကျော်လှမြို့ (မဟာဝိဇ္ဇာ)



မပြေးနိုင်အောင် ဖမ်းချုပ်တယ်။ သူ့အစီအရင်တွေပြီးလို့ အမိန့်ပေးလိုက်တဲ့အခါမှာတော့ ဂူကြီးထဲက သိုက်စောင့်ဟာ ထွက်ပြေးတိမ်းရှောင်ပုန်းကွယ်လို့ မရတော့ဘဲ သူတို့ရှေ့မှာ ဘွင်းဘွင်းကြီး ပေါ်လာတော့တယ်။

ပေါ်လာတဲ့ပုံကတော့ ရတနာတွေအပြည့်နဲ့ ရွှေလှေတစ်စင်းပေါ့။ အဲဒီ ရတနာလှေပေါ်မှာက လူနှစ်ယောက်ပါတယ်။ တစ်ယောက်က လှော်တက်ကိုင်ပြီး လှော်ခတ်တော့မယ့်ပုံအတိုင်း။ နောက်တစ်ယောက်ကတော့ ရွှေမောင်းကလေးတစ်လုံးကို လက်တစ်ဖက်နဲ့ ကိုင်၊ မောင်းထုတဲ့ သစ်သားဖုကို တစ်ဖက်က ကိုင်ပြီး ရပ်နေတယ်။ သိုက်ဆရာကြီးကတော့ သူ့အစီအရင်အောင်လို့ သူတို့ ချမ်းသာတော့မယ်လို့ ဝမ်းသာပီတိဖြစ်နေတယ်။ နောက်တစ်ဆင့် ဘာလုပ်ရမယ်ဆိုတာလဲ သူ စဉ်းစားနေတာပေါ့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ သူ့တပည့်ဟာ ဘာမပြော ညာမပြောနဲ့ သိုက်အစီအရင်နဲ့ ပေါ်နေတဲ့ ရတနာလှေပေါ်က ရွှေရုပ်ကလေးကိုင်ထားတဲ့ ရွှေမောင်းကို သွားထုလိုက်ပါတယ်။ မောင်းသံ 'ဒူ' လို့ မြည်ပြီး သူတို့ရပ်နေတဲ့ ကျောက်ဂူကြီးဟာ ရေပြင်ကြီးဖြစ်သွား၊ ရတနာလှေပေါ်က လူတွေ သက်ဝင်လှုပ်ရှားလာပြီး သူတို့လှေကို လှော်ကြတယ်။ ရတနာလှေပေါ်က လူနှစ်ယောက်ဟာ တစ်ယောက်က မောင်းကလေးကို 'ဒူ' ခနဲ ထုလိုက်၊ နောက်က လူတွေက လှော်လိုက်နဲ့ အဝေးကိုရောက်သွားကြသလို သိုက်ဆရာတို့ ဆရာတပည့်နှစ်ယောက်ကတော့ အသက်လုပြီး ရေကူးခဲ့ကြရတယ်။

ဆရာကြီးက စည်းပေါက်လို့ အခုလိုဖြစ်ကြရတာ ဆိုပြီး တပည့်ကို ဆူပူကြိမ်းမောင်းတယ်။ ရခါနီးဆဲဆဲမှာ စည်းပေါက်သွားလို့ ဆရာ တပည့်နှစ်ယောက်ဟာ မချင့်မရဲ ဖြစ်ခဲ့ကြရတယ်လို့ ဆိုပါတယ်။

အဲဒီအဖြစ်ကလေးဟာ ကျွန်တော်တို့ ငယ်စဉ်က လူကြီးမိဘတွေ ပြောတာ ကြားခဲ့ဖူးတဲ့ ပုံပြင်တစ်ခုပါ။ ရတနာနဲ့ ပတ်သက်တဲ့ စိတ်ကူးယဉ်ပုံပြင် တစ်ခုလို့လည်း ယူဆနိုင်ပါတယ်။

ဒါပေမဲ့ ဒီလို သိုက်ရှိတယ်ဆိုတဲ့ အယူအဆဟာ အမ်းမြို့နယ်က ကျေးရွာတွေမှာ အခုအချိန်ထိ ကလေးငယ်တွေ၊ လူငယ်တွေ ပြောနေကြတာ စိတ်ကူးယဉ်နေကြတာ ရှိနေတုန်းပါပဲ။ တစ်ခါက ရွာတစ်ရွာက ဆယ်ကျော်သက်ရွယ် တစ်ယောက်က သရွဲဆိုတဲ့ ရွာက ချင်းတိုင်းရင်းသားတစ်ယောက်ဟာ ဥစ္စာစောင့်ကပေးတဲ့ ရွှေငှက်ပျောဖူး တစ်ခုရတယ်လို့ ပြောတာ ကြားဖူးကြောင်း ပြောခဲ့ပါတယ်။ နောက်ပြီးတော့ လူငယ်တွေဟာ ဥစ္စာစောင့်သိုက်အကြောင်း ပြောရင် အိပ်မက်ပေးလို့ သွားတူးတာ စည်းပေါက်လို့ ကျင်းကြီးထဲမှာ မီးသွေးတုံးတွေကိုသာ တွေ့တဲ့အကြောင်း၊ စဥ့်အိုးကိုတူးဖော်ရရှိပေမယ့် အထဲမှာ ပြာတွေဖြစ်ကြောင်း ပြောဆိုတတ်ကြပါတယ်။ တစ်ခါတစ်ခါ တောတောင်တွေမှာရှိတဲ့ ကျောက်ဖျာကြီးတွေ၊ ကျောက်တုံးကြီးတွေမှာ ချောမွေ့တဲ့ တွင်းခေါင်းတွေဟာ သိုက်ဆရာတွေ သိုက်တူးလို့ ဥစ္စာစောင့်တွေကို နေရာရွှေ့သွားတာ။ ဒါမှမဟုတ် သိုက်ဆရာတွေ တူးဖော်ယူသွားတာဆိုပြီး ပြောတတ်ကြပါတယ်။ အဲသလို ကျောက်ဆောင် ကျောက်တုံးတွေမှာ လှပချောမွေ့တဲ့ တွင်းပေါက်တွေကို ကျွန်တော်လည်း တွေ့ဖူးပါတယ်။ ပထဝီသဘော၊ ဘူမိဗေဒသဘောနဲ့ စစ်ဆေးရင်တော့ အဖြေတစ်မျိုး ရနိုင်တယ်လို့ ထင်ပါတယ်။

သိုက်ဆရာဆိုတဲ့ အယူအဆတွေ၊ သိုက်လိုက်တယ် (ဥစ္စာသိုက်ရှာတယ်) ဆိုတဲ့ အယူအဆတွေဟာ ကျွန်တော် ငယ်စဉ်က ကြုံတွေ့ခဲ့တဲ့ ပတ်ဝန်းကျင် အတွေ့အကြုံတွေ ဖြစ်ပါတယ်။ တကယ်တွေ့ အဲသလို ငယ်စဉ်က ကြုံဖူးကြားဖူးခဲ့တာဟာ အခုလို အသက်ကြီးပိုင်းတစ်ယောက်အနေနှင့် စဉ်းစားကြည့်လိုက်မိတဲ့အခါ သို့လော သို့လော အတွေးတွေ ဖြစ်လာပါတယ်။ ဒါတွေဟာ ဟုတ်လို့ပဲဖြစ်ဖြစ် မဟုတ်ဘဲနဲ့ဖြစ်ဖြစ် ဒီလိုရှာဖွေတတ်ကြတာတွေဟာ လူယဉ်ကျေးမှုတွေ လူတွေရဲ့ ကမ္ဘာမြေပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းလွတ်လပ်စွာ နေထိုင်ကြမှုတွေကို ရိုက်ချိုးဖျက်ဆီးလိုက်ကြတာတွေလို့သာ အဖြေထုတ်မိပါတယ်။ ဘာလို့လဲဆိုတော့ သိုက်ဆရာဆိုတဲ့ လောဘသားတွေဟာ သူတို့ အကျိုးစီးပွားတစ်ခုကို ရှေ့တန်းတင်ပြီး ရိုးရာယဉ်ကျေးမှုတွေကို အန္တရာယ်ပြုလာကြလို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်ငယ်က ကြားဖူးခဲ့တဲ့ ဖြစ်ရပ်တစ်ခုကတော့ လုတ်ရွာက ဖြစ်ရပ်ပါ။ လုတ်ရွာဆိုတာ ဟိုတုန်းက ရွာကြီးတစ်ရွာပါ။ အခုတော့ အရင်လို အိမ်ကြီးရခိုင်တွေလည်း မရှိတော့ဘူး။ ငွေကြေးချမ်းသာသူတွေလည်း တခြားရွာကို ပြောင်းသွားကြလို့ ရွာငယ်တွေဖြစ်သွားပါပြီ။

အဲဒီရွာကို ဖြတ်စီးတဲ့ လုတ်ချောင်းနံဘေးမှာ ညီအစ်မနှစ်ယောက် ငါးသဲ့ကြတယ်တဲ့။ ငါးသဲ့ရင်း ချောင်းနံဘေးမှာ စဥ့်အိုးတစ်လုံးတွေ့လို့ မကြည့်တဲ့အခါ အထဲမှာ ငွေဒင်္ဂါးတွေ (တချို့က ရွှေဒင်္ဂါးတွေတဲ့) ပါပြီး သူတို့နှစ်ယောက် မ,မနိုင်တာနဲ့ ရွာကိုပြန်ပြီး လူကြီးတွေကို ခေါ်ကြတယ်။

လူကြီးတွေနဲ့အတူ ပြန်ရောက်တဲ့အခါ စဥ့်အိုးက မရှိတော့ဘူး။ စောစောကတွေ့ခဲ့တာတော့ အသေအချာပဲ။ ဒီတော့ ဖြစ်နိုင်တာက ညီအစ်မနှစ်ယောက် ပြောကြဆိုကြတုန်းက ကြားသွားတဲ့ လူတစ်ယောက်က ယူသွားတာဖြစ်မယ်။ အဲသလိုပဲ ယူဆကြတယ် မကြာပါဘူး။ အဲဒီရွာက လူတစ်ယောက်ဟာ မြို့ကို ပြောင်းရွှေ့သွားတယ်။ အဲဒီရွာက လူတွေကတော့ အဲဒီလူဟာ မိန်းကလေးတွေတွေ့တဲ့ ရတနာအိုးကို ရသွားတယ်။ ဒါကြောင့် ချမ်းသာသွားတယ်လို့ ပြောကြတယ်။ ဒီအဖြစ်အပျက်ဟာ ဒဏ္ဍာရီလို ထင်ရပေမယ့် တစ်ချိန်တုန်းက တကယ်ဖြစ်ခဲ့တယ်လို့ လူကြီးတွေက ပြောနေတုန်းပါပဲ။

အခု ကင်းခြေရွာက ဖြစ်ရပ်တစ်ခုကို တင်ပြပါ့မယ်။ ကင်းခြေရွာဟာ လုတ်ရွာနဲ့ ငါးမိုင်လောက်ဝေးမယ် ထင်ပါတယ်။ ကင်းခြေရွာသားတစ်ယောက်ဟာ မိဘ၊ ဘိုးဘွားပိုင် လယ်မြေကို လုပ်ကိုင်ရင်း မိုးတွင်းယာယီနေတဲ့ တဲနားမှာ နနွင်းပင်တွေ စိုက်တယ်။ နွေဘက်မှာ ဥတွေဖော်တယ်။ တစ်ခါမှာတော့ နနွင်းဥတွေ တူးဖော်ရင်း ရွှေဒင်္ဂါးပြားတွေ တွေ့တယ်။ သူဟာ မမျှော်လင့်ဘဲ ရတဲ့ ရွှေဒင်္ဂါးတွေကို မြို့ကို သွားပြီး ရောင်းတယ်။ ဒါပေမဲ့ ရွှေအကြောင်း နားမလည်လို့ ရသင့်သလောက် မရခဲ့ဘူးလို့ ပြောကြပါတယ်။

အမ်းမြို့နယ်မှာ ရခိုင်တိုင်းရင်းသားတွေအပြင် ချင်းတိုင်းရင်းသားတွေလည်း နေထိုင်ကြပါတယ်။ ရခိုင်ရွာ မနီးမဝေးအရပ်တွေမှာ ချင်းရွာတွေရှိတတ်ပါတယ်။ ချင်းအမျိုးသမီးတွေဟာ မျက်နှာမှာဆေးတွေနဲ့ စုတ်ထိုးထားတတ်ကြပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက

> သိုက်ဆရာဆိုတဲ့ လောဘသားတွေဟာ
> သူတို့ အကျိုးစီးပွားတစ်ခုကို
> ရှေ့တန်းတင်ပြီး
> ရိုးရာယဉ်ကျေးမှုတွေကို
> အန္တရာယ်ပြုလာကြလို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



ချင်းအဘွားကြီးတွေကို တွေ့ရင် အလွန်ပင် ကြောက်တတ်ကြပါတယ်။

ချင်းလူမျိုးတွေဟာ ငွေထည်ပစ္စည်းတွေကို သုံးစွဲတတ်ကြပါတယ်။ သူတို့လူမျိုးတွေ သေတဲ့ အခါ အသုံးအဆောင်ပစ္စည်းတွေကို တစ်ခါတည်း သင်္ချိုင်းမှာ မြှုပ်လိုက်ကြပါတယ်။ ဒါကြောင့် နှစ် ကြာလာတဲ့အခါ ချင်းလူမျိုးတွေမှာ တန်ဖိုးရှိတဲ့ ပစ္စည်းတွေ မြှုပ်နှံပြီးသား ဖြစ်လာပါတယ်။

ဒါကို မတော်လောဘရှိသူတစ်ယောက်ဟာ ကျွန်တော်တို့ ရွာအနီးက သင်္ချိုင်းဟောင်းတစ်ခု ညဘက်မှာ ထိတ်တဆိတ်တူးတယ်။ ငွေထည်ပစ္စည်းတွေကို ပန်းထိမ်ဆိုင်တွေ သွားရောင်းတယ်။ သလိုနဲ့ တစ်ယောက်ကနေ တခြားလူတွေကို ကူးစက်ပြီး အဲဒီသင်္ချိုင်းဟောင်းရော တခြားသင်္ချိုင်းတွေ လိုက်တူးကြတာ သက်ဆိုင်ရာက တားဆီးအရေးယူရတဲ့ အခြေအနေကို ရောက်သွားတယ်လို့ ကြားလိုက် ရပါတယ်။

**ကျွန်တော့်သက်တမ်း တစ်လျှောက်မှာတော့ သိုက်ဆရာတစ်ယောက်မှ ကြီးပွားချမ်းသာသွား တယ်ဆိုတာ မကြားဖူးပါဘူး။**

အမ်းမြို့နယ်က ကျေးရွာတွေမှာ သိုက်နဲ့ပတ်သက်တဲ့ ပြောစကားတွေရှိပါတယ်။ ဥစ္စာစောင့် သိုက်၊ ဘုရားသိုက်နဲ့ ခေတ်ပျက်တုံးက ဖွက်ထားခဲ့ကြတဲ့ ရတနာတွေပေါ့။ လုတ်ကျေးရွာက ဖြစ်ရပ်မှာ ရွှေဒင်္ဂါးအိုးတွေ တွေ့တယ်။ ကင်းခြေရွာက လယ်သမား နန္ဒင်းဥတူးရင်း ရွှေဒင်္ဂါးတွေ့တယ်ဆိုတာ ခေတ်ပျက်ကာလ (အင်္ဂလိပ်ခေတ်) က လူတွေ ဝှက်ထား မြှုပ်ထားခဲ့ကြတာ ဖြစ်မှာပါ။ အဲဒါတွေအပြင် ဘုရားတွေမှာလည်း တန်ဖိုးရှိတဲ့ရတနာတွေ ရှိတယ်လို့ လူတွေက ယူဆကြပါတယ်။ အမှန်ကတော့ ဘုရားတည်တယ် ဆိုကတည်းက ဗုဒ္ဓဘာသာဝင်တွေဟာ တန်ဖိုးရှိတဲ့ ရတနာတွေကို လှူဒါန်းဌာပနာ ထည့်သွင်းကြတဲ့အတွက် ဘုရားစေတီတွေမှာ ရတနာတွေရှိတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ ပြောလို့ မရ ဘူး။ ဒါတွေဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် ကောင်းမြတ်တဲ့ ဓလေ့အစဉ်အလာဖြစ်လို့ ယဉ်ကျေးမှု ဓလေ့ အမွေ မပျက်စီးမပျောက်ဆုံးဖို့ ရှေးဘိုးဘွားတွေရဲ့ ကောင်းမှုကုသိုလ်တွေကို နောင်းနောက်လူငယ် တွေက ထိန်းသိမ်းစောင့်ရှောက်ရမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ခက်တာက ဒါတွေကို ယဉ်ကျေးမှု အမွေအနှစ်လို့ မသိမြင်ဘဲ တချို့ လောဘဇောတိုက်သူတွေက တစ်ခါစား တစ်နပ်စားဉာဏ်နဲ့ ဘုရားဖျက်ပြီး သိုက်တူးတာ ရှိပါတယ်။ အဲဒီလို သိုက်တူးလို့ အမ်းမြို့နယ်မှာ ပျက်စီးရတဲ့ ဘုရားဆင်းတုတော်တွေ ရှိပါတယ်။ ကင်းခြေရွာက ရှေးဟောင်းစေတီတစ်ဆူ ဖြိုဖျက်လို့ တူးဖော်ရာမှာ ဓာတ်တော်မွေတော်တွေနဲ့ ရှေးခေတ်ဘုရားတစ်ဆူကို တူးဖော်တွေ့ရှိရပါတယ်။ ကြေးပုရပိုက်တစ်ခုလည်းပါတယ်။ ဒါပေမဲ့ ဒီကြေးပုရပိုက်ဟာ ဘာတွေ ရေးထားတယ်ဆိုတာ ဘယ်သူမှ မဖတ်တတ်ဘူး။ ဒါနဲ့ အင်္ဂရုတ်ထိုးတဲ့ ဘုန်းကြီးတစ်ပါး အင်္ဂရုတ်ထိုးပစ်လိုက်လို့ ကြေးပုရပိုက် ပျက်စီးခဲ့ရတယ်။ အဲဒီကြေးပုရပိုက်ကိုသာ ထိန်းသိမ်းထားနိုင်ခဲ့ရင် အဲဒီဘုရားရဲ့ သမိုင်းမှတ်တမ်းကို သိရမှာ။ ခုတော့ သမိုင်းမှတ်တမ်းတစ်ခု ပျက်စီးသွားခဲ့ရပါတယ်။

**ဒါတွေဟာ စီးပွားရေးဖြတ်လမ်း လိုက်ချင်သူတွေအတွက် စိတ်ကူးယဉ် စရာတွေပဲလို့ ထင်ပါတယ်။**

ကျွန်တော်တို့ ခပ်ငယ်ငယ်တုန်းက သိုက်စာဖတ်ပြီး ထူးခြားတဲ့ နေရာတွေ၊ စေတီဘုရားတွေမှာ သိုက်လိုက်ကြတဲ့အကြောင်းတွေ ပြောကြပါတယ်။ တချို့ ဘယ်သူဘယ်ဝါမှန်း မသိတဲ့ ယောင်တောင်တောင် သွားလာနေတတ်ကြတဲ့ လူစိမ်းတချို့ကို တွေ့ကြရပါတယ်။ သူတို့ဟာ သိုက်ဆရာတွေလို့ ပြောကြပါတယ်။ သူတို့ဟာ ဒေသခံနားမလည်သူတွေနဲ့ ပေါင်းပြီး သိုက်ရှိတယ်လို့ ထင်တဲ့ နေရာတွေကို တူးဖော်တတ်ကြပါတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် တချို့ကျေးရွာတွေမှာ သိုက်တူးတဲ့အကြောင်းတွေကို ခဏခဏ ကြားဖူးပါတယ်။ ဒါပေမဲ့ ဘယ်သိုက်ဆရာမှ ရွှေအိုးရတယ်ဆိုတာ မကြားဖူးပါဘူး။

အမ်းမြို့နယ်မှာ ရှေးဟောင်းဘုရားတွေ ရှိပါတယ်။ ဒါပေမဲ့ ဘုရားရုပ်ပွားတော် တချို့ဟာ မူရင်းအတိုင်း မဟုတ်တော့ဘဲ ကျိုးပဲ့ ပျက်စီးခဲ့ကြရတာတွေကို ဝမ်းနည်းစရာအဖြစ် တွေ့မြင်ကြရပါတယ်။ သိုက်ဆရာတွေဟာ ဘုရားရုပ်ပွားတော်ရဲ့ တစ်နေရာမှာ ရတနာရှိတယ်လို့ ယူဆရင် အဲဒီနေရာ

www.burmeseclassic.com





ကို ဖျက်ဆီးလိုက်တာပါပဲ။ ရတနာမတွေ့တဲ့အခါ တော့ ဒီအတိုင်း ပစ်ထားခဲ့ကြတယ်။ ရုပ်ပွားတော်တွေ ပျက်စီးကြရပါတယ်။ ခုအချိန်မှာတော့ သက်ဆိုင်ရာ က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေကို ကြပ်ကြပ်မတ်မတ် ထိန်းသိမ်းတဲ့အတွက် ဒီလိုအဖြစ် မျိုးတွေ မရှိတော့ပါဘူး။ ယခု အမ်းမြို့မှာ ကိုးကွယ် နေကြတဲ့ မဟာကနောင်ဆိုတဲ့ ရုပ်ပွားတော်ဟာ လက်မောင်းတော် ပျက်စီးနေလို့ အသစ်ပြန်လည် ပြုပြင်ထားတာ ဖြစ်ပါတယ်။ မဟာကနောင် ရုပ်ပွား တော်ဟာ တစ်ချိန်က ကံချိန်ကျေးရွာနားက ဘုရားတောင်မှာ သီတင်းသုံးခဲ့တာ ဖြစ်ပြီး သိုက်သမားအမည်ခံ လောဘကောင်တွေ လက်ချက်ကြောင့် ပျက်စီးခဲ့ရတာလို့ ကျွန်တော် ငယ်ငယ်က ကြားဖူးခဲ့ပါတယ်။ အဲဒီ ဘုရားတောင်မှာ ပျက်စီးနေတဲ့ ဘုရားရုပ်ပွားတော်တွေ ရှိလိမ့်ဦးမယ်လို့လည်း လူတွေက ယူဆ ကြပါတယ်။ အဲဒီ ကံချိန်တောင်ဟာ ဥစ္စာစောင့် သိုက်တွေ၊ ဘုရားသိုက်တွေ ရှိလို့ သိုက်သမားတွေရဲ့ ပစ်မှတ်ဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော် ငယ်ငယ်တုန်းက ကြားဖူးခဲ့လို့ အခုအခါ အိပ်မက်လိုလို မှတ်မိ နေတုန်းပါပဲ။

ကျွန်တော့်သက်တမ်း တစ်လျှောက်မှာတော့ သိုက်ဆရာတစ်ယောက်မှ ကြီးပွားချမ်းသာသွား တယ်ဆိုတာ မကြားဖူးပါဘူး။ ဒါတွေဟာ စီးပွားရေးဖြတ်လမ်း လိုက်ချင်သူတွေအတွက် စိတ်ကူးယဉ် စရာတွေပဲလို့လည်း ထင်ပါတယ်။

လူတစ်ယောက်အတွက် ဥစ္စာပစ္စည်း ရှာဖို့ဆိုတာ မိမိရဲ့ ကံ၊ ဉာဏ်၊ ဝီရိယတွေနဲ့ အရင်းစိုက် လုပ်ပါမှ တကယ့်စီးပွား ဖြစ်ထွန်းစရာ ရှိတယ်လို့ ထင်ပါတယ်။

ရတနာကို လူတိုင်း မက်မောကြပါတယ်။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေဟာ ရတနာတွေ ပါပဲ။ ရတနာဆိုတာ တခြားကမ္ဘာက လာတာမဟုတ်ဘဲ ဒီကမ္ဘာမြေကြီးရဲ့ တွင်းထွက်ပစ္စည်းတွေဖြစ် ပြီး ရာသီဥတု နှစ်လရှည်စွာ ပြောင်းလဲမှုတို့ကြောင့် သူ့အလိုလိုဖြစ်လာတဲ့ ဘူမိတွင်းထွက်တွေ ဖြစ် ပါတယ်။

လူတွေဟာ သူ့သက်တမ်းနဲ့သူ အသက်ရှင်ရပ်တည်နိုင်ပေမယ့် လူတွေရဲ့ မျိုးဗီဇ ဆက်လက် ပေါက်ဖွားမှုကြောင့် ဒီကမ္ဘာရဲ့ ကြာမြင့်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ လူသားတွေဟာ အမြဲ ရှိနေကြ ပါတယ်။ ကမ္ဘာမှာ သက်ရှိသတ္တဝါတွေ များစွာရှိတဲ့အထဲက လူဟာ အသိဉာဏ်အရှိဆုံးနဲ့ သတ္တလောက ကြီးတစ်ခုလုံးရဲ့ အရှင်သခင်ဟာလည်း လူတွေသာဖြစ်ပါတယ်။ ဒီတော့ လူတွေဟာ ကမ္ဘာမှာရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



စားစရာ၊ ဝတ်စရာ၊ အသုံးအဆောင်၊ ရတနာမျိုးစုံတွေကအစ အခြား သက်ရှိသစ်ပင်၊ တိရစ္ဆာန်တွေအားလုံးရဲ့ အရှင်သခင်ဖြစ်ပြီး အဲဒီအရာတွေအားလုံးကိုလည်း မိမိ ကံ၊ ဉာဏ်၊ ဝီရိယတွေနဲ့ စွမ်းအားရှိသလောက် ပိုင်ဆိုင်ခွင့်ရရှိဖို့ ကြိုးစားကြပါတယ်။

လူတစ်ယောက်ဟာ မိမိအတွက်၊ မိသားစုအတွက်၊ မိမိ လူမျိုးအတွက်၊ မိမိနိုင်ငံအတွက် အသုံးတည့်မယ့် အသုံးအဆောင်ပစ္စည်းနှင့် ရတနာတွေကို ရှာဖွေကြ သိမ်းဆည်းကြပါတယ်။ ဒီလို ရှာဖွေရာမှာ တချို့က လူ့အဖွဲ့အစည်းရဲ့ ဥပဒေ၊ လူမှုရေး၊ ဘာသာရေးဘောင်တွေနဲ့ ညီညွတ်စွာ ရှာဖွေကြသလို တချို့ကတော့ မိမိတစ်ဦးတည်း ကောင်းစားရေးအတွက် လုပ်ကြလို့ တခြားသူတွေကို ထိခိုက်နစ်နာရတာတွေ ရှိပါတယ်။

ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား စတဲ့ ရတနာတွေကို လူတွေက အသွင်ပုံသဏ္ဌာန်မျိုးစုံနဲ့ ရှာဖွေကြ၊ စုဆောင်းကြတာတွေ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာဆိုရင် ရှေးခေတ်ကတည်းက စပြီး စေတီ၊ ပုထိုးတွေ၊ အိမ်ရာတိုက်တာ အဆောက်အဦတွေမှာ ရတနာတွေထည့်သွင်း ပန္နက်ချ မြှုပ်နှံထားခဲ့ကြတာတွေရှိပါတယ်။ ရှင်ဘုရင်တွေက သူတို့မိသားစု သူတို့ဘဝရဲ့ အထိမ်းအမှတ်အဖြစ် ရတနာတွေနဲ့ စီရင်လုပ်ကိုင်ထားခဲ့ကြတာတွေလည်း ရှိပါတယ်။ ကမ္ဘာအရပ်ရပ်မှာလည်း ဒီလိုပါပဲ။ မိမိတို့ရဲ့ ရှာဖွေရရှိခဲ့တဲ့ ဥစ္စာပစ္စည်းတွေဟာ အဲဒီလူနဲ့ တစ်ခါတည်း သေဆုံးပျောက်ကွယ်သွားတာ မဟုတ်တဲ့အတွက် ရှာဖွေတဲ့လူတွေသာ သေကြေပျောက်ဆုံးသွားကြပေမယ့် သူတို့ရှာဖွေခဲ့တဲ့ ရတနာပစ္စည်းတွေကတော့ ကမ္ဘာမြေကြီးပေါ်မှာ ကျန်ခဲ့ကြပါတယ်။ အဲဒီရတနာတွေဟာ တစ်နည်းနည်းနဲ့ နောက်လူတွေ လက်ထဲကို ရောက်ကြရပြန်တယ်။

ကျွန်တော်တို့နိုင်ငံကို နယ်ချဲ့ ကိုလိုနီတွေနဲ့ ဖက်ဆစ်တွေ ဝင်ရောက်ခဲ့တဲ့ ကာလမှာ ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ရေးဆိုင်ရာ ထိခိုက်ပျက်စီးခဲ့ရတာတွေ အများကြီးရှိခဲ့ပါတယ်။ သူတို့ လုပ်လို့ပဲဖြစ်ဖြစ်၊ စစ်ကာလမှာ အုပ်ချုပ်ရေးမနိုင်နင်းလို့ တောကြောင်တွေကပဲလုပ်လုပ် ပျက်စီးခဲ့ရတာတွေကတော့ တကယ်ရှိခဲ့တာပဲ။ ရွှေ၊ ငွေ၊ ရတနာတွေကို ဖောက်ယူသလို ကြေးခေါင်းလောင်းတွေကိုတောင်မှ အမြောက်သွန်းလုပ်ခဲ့ကြတယ်ဆိုတာ တွေ့ကြရတာပဲ။ ဒါတွေဟာ ဘာပဲပြောပြော ကျွန်တော်တို့နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ဘာသာရေးဆိုတဲ့ ရတနာတွေ ဆုံးရှုံးခဲ့ရတာတွေပါပဲ။

တစ်ခုတော့ ရှိပါတယ်။ ဒီလို မသမာမှုတွေ မဖြစ်ပေါ်ရအောင် ဒေသခံလူတွေက နားလည်သဘောပေါက်မယ်ဆိုရင် သိုက်သမားတွေလည်း ဝင်နိုင်မှာ မဟုတ်ပါဘူး။ မိမိတို့ရဲ့ ရှေးဟောင်းအမွေအနှစ်တွေကို ကာကွယ်ဖို့ တာဝန်ရှိတယ်လို့ သိလာကြရင် နောက်ထပ် ဆုံးရှုံးမှုတွေ မဖြစ်ပေါ်နိုင်တော့ပါဘူး။ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန် ကျေပွန်ရာလည်း ရောက်နိုင်ပါတယ်။

ဒါကြောင့် လူတွေမှာ မိမိတို့ရဲ့ ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ အမွေအနှစ်ပစ္စည်းတစ်ခုကို ထိန်းသိမ်းထားရမယ်ဆိုတဲ့ စိတ်ဓာတ်နိုးကြားနေမယ်ဆိုရင် အထက်က ရေးခဲ့သလို ဆုံးရှုံးမှုတွေကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ဘုရားသိုက်ပြစ်မှားသူမှာတော့ ဥပဒေနဲ့အညီ အပြစ်ပေးတာ ခံရမှာဖြစ်သလို နှောင်တမလွန်အတွက်လည်း အကုသိုလ်က စောင့်ဆိုင်းနေမှာမို့ ရှောင်ရှားနိုင်ကြပါစေလို့ တင်ပြလိုက်ပါတယ်။

ဦးကျော်လှဖြူ (မဟာဝိဇ္ဇာ)



www.burmeseclassic.com

www.burmeseclassic.com





## ကြောက်မက်ဖွယ်ရေးချက်

ရီနေဆန်ခေတ် ပန်းချီဆရာတစ်ဦးဖြစ်သူ ‘ဂျီယော့တို’ သည် သူ့လက်ရာအနည်း အကျဉ်းကိုသာလျှင် ယနေ့ခေတ် လူများအတွက် ထားရစ်ခဲ့နိုင်သည်။ သူသည် ပန်းချီကားတစ်ချပ်ကို စိတ်တိုင်းကျမှ ရေးဆွဲလေ့ရှိသည်။ သူ့စိတ်ထဲ သဘာဝမကျဘူးထင်လျှင် ရေးလက်စတန်းလန်း ပန်းချီကားတွေကို သည်အတိုင်း ချောင်ထိုးထားလေ့ရှိသည်။

တစ်နေ့တွင် ဂျီယော့တို့သည် ဆာလောင်မွတ်သိပ်နေသော သူတောင်းစားတစ် ယောက်အား အခကြေးငွေ ကောင်းကောင်းပေးပါမည်ဟူသော ကတိဖြင့် သူ့အတွက် ကိုယ်ဟန်ပြပေးရန် ခေါ်ဆောင်လာခဲ့သည်။

စတူဒီယိုခန်းထဲသို့ ရောက်သောအခါ စိတ်အားထက်သန်နေသော သူတောင်းစားသည် ပန်းချီဆရာအား သူ့လက်တွေ၊ ခြေတွေကို ကြိုးဖြင့် တုပ်နှောင်ခွင့်ပြုလိုက်သည်။ သူ့တစေ သူ၏ စိတ်အားထက်သန်မှုအတွက် ကြီးစွာသော နောင်တကို သူရရှိခဲ့ပါလေသည်။

ပန်းချီဆရာ ဂျီယော့တိုက သူတောင်းစား၏ ဝမ်းဗိုက်ထဲသို့ ဓားမြှောင်တစ်ချောင်း ကို ထိုးစိုက်ချလိုက်သည်။

ပြင်းထန်သောဝေဒနာကိုတမြေ့မြေ့ခံစားရင်း ဖြည်းဖြည်းချင်း အသက်ထွက်သွားသောသူတောင်းစား၏ပုံတူကို ဂျီယော့တိုက အေးအေးဆေးဆေးစိတ်တိုင်း ကျထိုင်ဆွဲနေပါလေသည်ဟူ၏ ။

*51, April- Dime Mystery Magazine*

www.burmeseclassic.com

www.burmeseclassic.com



# မရဏကမ္ဘာသို့ ချိန်းဆိုသောနေ့လယ်စာ

စလင်းညို (နီလာရှိင်း



www.burmeseclassic.com

www.burmeseclassic.com



**Lynch Dare With Death**

**by**

**Don White Head**

**၁၉၅၀ ခုနှစ်၊ ဇွန်လ၊ ၁၀ ရက်**

နံနက်ပိုင်းတွင် ကျွန်ုပ်သည် စားပွဲရုံကလေးတစ်ခုဆီသို့ ကားကို ကိုယ်တိုင်မောင်း၍ ထွက်လာခဲ့သည်။ ယင်းစားပွဲရုံကလေးကား ပါရီမြို့အစွန်တစ်နေရာ၊ ဒေါင်ဗီးလေးမြို့သို့ သွားရာ လမ်းနံဘေး၌ တည်ရှိပေသည်။

ယနေ့သည်ကား နှစ်ဦးပိုင်းကတည်းက အချိန်ယူကာ စနစ်တကျ သိုသိုသိပ်သိပ် စီစဉ်လှုပ်ရှားလာခဲ့ရသော အစီအစဉ်တစ်ခုကို အပြီးအပိုင် အကောင်အထည် ဖော်ရတော့မည်ဖြစ်သည်။အတန်ကြာအောင် လာပြီးနောက် စားပွဲရုံဆီသို့ ရောက်ရန် သုံးမိုင်ခန့်လိုသော နေရာတွင် ကားကို ဆိုက်ရပ်ထားလိုက်၏။ ဆင်ပြောင်ကြီး အမြီးကျမှ တစ်ဆိုသလို ပန်းတိုင်သို့နီးကာမှ ကျွန်ုပ်၏ အစီအစဉ်များ ပျက်ယွင်းသွားမည်ကို မလိုလားပေ။ အစီအစဉ်တစ်ခုလုံးကို သတိကြီးစွာထား၍ အစပြု လာရသကဲ့သို့ ယခုအချိန်၌လည်း သတိပေါ့ဆ၍ကား မဖြစ်ပေ။ ထို့ကြောင့် စားပွဲရုံဆီသို့ ကားလမ်းဘေး တစ်လျှောက်ရှိ တောအုပ်အတွင်းမှ ဖြတ်၍လမ်းလျှောက်သွားရန် ကျွန်ုပ်ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် စားပွဲရုံကလေးနှင့် မျက်နှာချင်းဆိုင်နေရာသို့ ရောက်သည်အထိ ကျွန်ုပ်လျှောက်လာခဲ့၏။ စားပွဲရုံကလေးကို တိုက်ရိုက်မြင်တွေ့နိုင်သော ချုံပုတ်ကြီးတစ်ခုအနီးသို့ ရောက်သောအခါ ပတ်ဝန်းကျင်မှ ကျွန်ုပ်အား မမြင်မတွေ့နိုင်အောင် ချုံပုတ်အတွင်းသို့ မသိမသာတိုးဝင်ပြီး ခိုအောင်းနေလိုက်သည်။

မွန်းတည့်ချိန်လောက်တွင် စားပွဲရုံကလေးရှေ့သို့ တောက်ပသစ်လွင်သော ဒီလဟာရီ လင်မော်စိုင်း အမျိုးအစား အမိုးဖွင့်စလွန်းကားကြီးတစ်စင်း ထိုးဆိုက်လာခဲ့သည်။ ထိုကားမျိုးမှာ ပါရီမြို့တော် တစ်ဝိုက်တွင် အပျော်တမ်းဂီတသမား လူငယ်တို့ အများဆုံး စီးနင်းကြပေသည်။ နှစ်လိုဖွယ်ရာ ဆွဲဆောင်မှုရှိသော အမျိုးသမီးနှစ်ဦးနှင့် စတိုင်ကျကျ ဝတ်စားတတ်သော အမျိုးသားနှစ်ဦးတို့သည် ကားပေါ်မှ စုပြုံဆင်းလာကြပြီးနောက် စားပွဲရုံကလေးအတွင်းသို့ တပျော်တပါး လျှောက်ဝင်သွားခဲ့ကြလေသည်။ အဖြစ်မှန်ကို သိထားသော ကျွန်ုပ်တစ်ယောက်မှလွဲလျှင် မြင်ရသူတိုင်းက အပျော်ခရီးထွက်လာကြသည့် လူငယ်စုံတွဲများဟူ၍ ယူဆမိကြသည်သာ ဖြစ်ပေသည်။

စားပွဲရုံအတွင်း၌ကား နေ့လယ်စာ စားနေသူတစ်ဦးမှအပ လူရှင်းလျက်ရှိ၏။ ထိုလူသည် သီးသန့်စားသောက်ခန်းအနီးရှိ စားပွဲတွင်တစ်ဦးတည်း ထိုင်လျက်နေ့လယ်စာကို စိမ်ပြေနပြေစား

နိုင်ငံတကာ

မှုခင်း

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ဆူဆူညံညံ ရယ်မောပြောဆိုဝင်ရောက်လာခဲ့ကြသော လူငယ်အဖွဲ့သည် တစ်ဦးတည်း ထမင်းစားနေသူ၏ စားပွဲအနီးရှိ စားသောက်ခန်းအတွင်းသို့ ဝင်သွားခဲ့ကြသည်။ လူငယ်နှစ်ဦးက အဖိုးတန်ဘောင်းဘီရှည်များနှင့် ပါတိတ်ဆင် ဟာဝေယံရှပ်လက်တို အရောင်တောက်တောက်များကို ဝတ်ဆင်ထားကြပြီး အမျိုးသမီးနှစ်ဦးက ခေတ်မီလှပသစ်လွင်ပြီး ပေါ့ပေါ့ပါးပါးရှိမည့် ဝတ်စုံများကို အသီးသီးဝတ်ဆင်ထားကြသည်။ တစ်ဦးတည်း နေ့လယ်စာ စားနေသူက သူတို့အဖွဲ့ကို မသိမသာ အကဲခတ်နေ၏။

'ဟေ့...ပိုင်ရီ၊ အိုရီရင့်ဟိုတယ်ကို ငါ ဖုန်းဆက်လိုက်ဦးမယ်'

'ဂျက်ကွီ...ဘီယာ သောက်လိုက်ဦးလေကွာ။ ငါ မှာလိုက်မယ်'

'ဟာ...ငါ ဘီယာမသောက်ချင်ဘူး။ သီးစုံဖျော်ရည်ပဲ မှာပေးထား'

'ဟေး...ဟုတ်တယ်၊ တို့လည်း သီးစုံဖျော်ရည်ပဲ သောက်မယ်မဟုတ်လား မာဂျီ'

'အေး...ကောင်းတယ်'

တစ်ဦးတည်း စိမ်ပြေနပြေ နေ့လယ်စာ စားနေသူသည် သီးသန့်ခန်းတွင်းမှ သူတစ်ပေါက် ငါတစ်ပေါက် ပြောဆိုနေကြသည်ကို အသာနားစွင့်ရင်း၊ စားပွဲရုံတံခါးပေါက်ဆီသို့ မသိမသာကြည့်လျက် ဆက်စားနေလိုက်သည်။ နံ့သာရောင် သက္ကလပ်ပျော့ ဘောင်းဘီရှည်နှင့် ပါတိတ်ဆင် ညိုဝါရောင်ကွက်ပြောက် ခပ်ပျော့ပျော့ ဟာဝေယံရှပ်လက်တိုဝတ်ထားသူ လူငယ်တစ်ယောက်သည် သီးသန့်ခန်းထဲမှ ထွက်လာပြီး တယ်လီဖုန်းရှိရာကောင်တာဆီသို့ လျှောက်သွားလိုက်သည်ကို နေ့လယ်စာစားနေသူက မသိမသာ အကဲခတ်နေလိုက်သည်။

'ကျွန်တော် ဖုန်းပြောချင်တယ်' ကောင်တာမှ စာရေးမှ ဖုန်းခုံကို ထိုလူ၏ ရှေ့သို့ တွန်းရွှေ့ပေးလိုက်သည်။

'ဟယ်လို...အိုရီရင်တီမာစီလီ ဟိုတယ်ကပါလား ခင်ဗျား'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ ဘာများဆောင်ရွက်ပေးရမလဲဆိုတာကို အမိန့်ရှိပါ။ မွန်စီယာ'

'ကျွန်တော်က ဟင်နရီနူးရန့်ပါ ကျေးဇူးပြုပြီး ကျွန်တော့်အတွက် နှစ်ယောက်ခန်းစီစဉ်ပေးပါ။ ပထမတန်းအခန်းပေါ့'

'ဝမ်းနည်းပါတယ် မွန်စီယာ၊ ကျွန်တော်တို့ဆီမှာ အခန်းအားလုံး ပြည့်နေပါပြီ။ ဒါကြောင့် မွန်စီယာ...'

တစ်ဖက်မှ စကားမဆုံးမီ နူးရန့်က ကြားဖြတ်၍ ပြောလိုက်သည်။

'ဒီလိုဆိုရင် ဟန်ကျတာပေါ့။ ကျွန်တော်တို့နဲ့အတူ မိတ်ဆွေတွေလည်း ပါဦးမယ် သူတို့ကတော့ မွန်စီယာနဲ့ မဒန်ပိုင်ရီနှိုင်းကာလပ်(စ်)တို့ နေးမောင်နံ့ပါပဲ။ ဩော်...ဒွိုင်း...က...လပ်စ် ဟုတ်ပါတယ်။ သူတို့အတွက်ပါ အခန်းရနိုင်မယ် မဟုတ်လား'

တစ်ဖက်မှ ဟိုတယ်စာရေးမှာ မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မွန်စီယာ၊ ဒီလိုမဟုတ်'

'ဟုတ်ပါတယ်။ နှစ်ယောက်ခန်းပါပဲ။ ဖြစ်နိုင်ရင် ကျွန်တော့်တို့အခန်းနဲ့ ကပ်လျက် စီစဉ်ပေးပါ။ ဪ...ဟုတ်လား။ ဒီလိုဆိုရင် ကျေးဇူးတင်ပါတယ်'

'မဟုတ်သေး' နူးရန့်က တယ်လီဖုန်းကို ချလိုက်သည်။

'မွန်စီယာ နူးကလပ်စ်'

သီးသန့်စားသောက်ခန်းထဲမှ နူးကလပ် ထွက်လာခဲ့သည်။

'ဂျက်ကွီး ငါတို့အတွက်ပါ အခန်းရရဲ့လား'

နူးကလပ်စ်၏ စကားဆုံးသည်နှင့် တစ်ကိုယ်တော် နေ့လယ်စာ စားနေသူမှာ ရုတ်တရက် မမျှော်လင့်ဘဲ နူးရန့်တို့နှစ်ဦး၏ လျှင်မြန်စွာ ခုန်အုပ်ဖမ်းဆီးခြင်းကို ခံလိုက်ရလေတော့၏။ သူ့အဖို့ ခါးမှ သေနတ်ကို မဆွဲထုတ်နိုင်မီအချိန်ကလေးအတွင်းမှာပင် နူးရန့်တို့နှစ်ဦး၏ လက်ထဲတွင် မလှုပ်နိုင်အောင် ချုပ်မိနေတော့သည်။ နူးရန့်က လက်တစ်ဖက်ဖြင့် ဝီစီ (ရဲခရာ) ကိုထုတ်၍ ခပ်ကျယ်ကျယ် မှုတ်လိုက်သည်။

စားပွဲရုံအတွင်းသို့ စုံတွဲများ ဝင်သွားပြီး ကတည်းကပင် ကျွန်ုပ်လည်း အထူးသတိထား၍ နေခဲ့သည်။ ဝီစီသံကို ကြားလိုက်ရသည်နှင့်သေနတ်ကိုထုတ်၍ စားပွဲရုံအတွင်းသို့ ကျွန်ုပ် အမြန်ဆုံးပြေးဝင်သွားလိုက်၏။ စုံထောက်ကျော်နှစ်ဦး၏ လက်ထဲတွင် မရုန်းမကန်နိုင်အောင် မိနေသော သူ့ကို မြင်လိုက်ရမှ စိတ်အေးသွားပြီး ခန္ဓာကိုယ်ရှိ အကြောများ



ကို လျှော့ချလိုက်မိသည်။

'ဪ...လက်စသပ်တော့ ခင်ဗျားပဲကိုး' ကျွန်ုပ်ကို အားမလိုအားမရစိုက် ကြည့်ရင်း သူက ပြောလိုက်သည်။

'ဟုတ်လိုက်လေ ဘွစ်ဆန်ရယ်။ ကျုပ်ပါပဲ'

အပြုံးဖြင့် ကျွန်ုပ်က တုံ့ပြန်လိုက်ပြီး၊ ကျွန်ုပ်၏ နာရီကို ကြည့်လိုက်မိသည်။

'အင်း...တစ်နာရီနဲ့ လေးဆယ်ခုနစ်မိနစ်ဆိုတော့ ကျုပ်နှစ်မိနစ်တောင် နောက်ကျသွားတယ်။ ဒါတော့ စိတ်မကောင်းစရာပဲ'

◆◆◆

ဘွစ်ဆန် သူ၏နာမည် အပြည့်အစုံကား အီမလေဘွစ်ဆန် ဖြစ်သည်။ သူကား ရှစ်နှစ်အရွယ် လူမမယ်ကတည်းက စ၍ ခိုးဝှက်ခြင်း၊ ကလိန်ကျခြင်းတို့ဖြင့် ရာဇဝတ်မှုလမ်းကြောင်းပေါ်သို့ တိုးဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ သက်တမ်း ၄၀ အတွင်း ဘဝဆိုသည်ကို အခြားသော အမြင်ရှုထောင့်များဖြင့် သူ မသိပေ။ သိနားလည်ရန်လည်း သူ မလိုလားပေ။ ရာဇဝတ်မှုများကို ကျူးလွန်ခြင်းသည်သာ သူ့အသိ၊ သူ့အကြိုက်ဖြစ်၏။ သူ၏ အနှစ်ခြိုက်ဆုံးလုပ်ငန်းလည်း ဖြစ်သည်။ ဥပဒေကို ကျူးလွန်ဖောက်ဖျက်ကြသူများသာ သူ၏ မိတ်ဆွေများဖြစ်ပြီး သူ၏ အကြီးဆုံးသော ရန်သူများကား ရဲများပင်ဖြစ်သည်။ ဘွစ်ဆန်ကား နားလည်ရခက်သလောက် လူပုံပန်းသဏ္ဌာန်ကလည်း သေးကွေးလှသူတစ်ဦး ဖြစ်သည်။ သူ၏ ခြေစကြံဖြန့်၍ ကျက်စားရာအရပ်ကား ပါရီမြို့တော်တစ်ခွင်သာ ဖြစ်ပေသည်။ သူသည် လျှို့ဝှက်စွာ နေထိုင်ကျင့်ကြံတတ်သလို အရာရာကိုလည်း သံသယမျက်လုံးများဖြင့်သာ ရှုမြင်နေတတ်သူဖြစ်သည်။ ကျူးလွန်ခဲ့ပြီးသော ရာဇဝတ်မှုများနှင့် နောက်ထပ်ရာဇဝတ်မှုအသစ် မကျူးလွန်မီစပ်ကြားကာလ၌ သူ၏ ဂိုဏ်းဝင်များနှင့် အဆက်အသွယ် ဖြတ်ထားလေ့ရှိသည်။

သူ၏ ရာဇဝတ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ အကျိုးအမြတ်ခံစားမှု၌ ကြံရာပါများအပေါ်တွင် ရက်ရောသလောက် ရက်စက်ပြီဆိုလျှင်လည်း ပြိုင်ဖက်မရှိပေ။ တစ်စုံတစ်ယောက်သည် သူ လက်မခံနိုင်သော အမှားကို ကျူးလွန်မိလျှင်၊ သို့တည်းမဟုတ် သူ့အနေဖြင့် ယုံကြည်မှု နည်းပါးပြီဆိုလျှင် ဘွတ်ဆန်သည် ကိုယ်တိုင်တရားစီရင်ဆုံးဖြတ်ပြီး ကိုယ်တိုင်ပင်လျှင် သွေးအေးအေးဖြင့် လက်မရွံ့သားလုပ်သည်။ သူ၏ မျက်လုံးများက ထာဝရ ကောက်ကျစ်စဉ်းလဲမှုကို ဖော်ပြနေပေသည်။ သူ စိတ်ဆိုးလာပြီဆိုလျှင် ပြောဖွယ်မရှိတော့ပေ။ သူ၏ မျက်လုံးများမှ ကောက်ကျစ်သော အငွေ့အသက်များ ယှက်သန်းနေသည့် ဒေါသရောင်များဖြင့် လက်နေသော သူ့အကြည့်သည် ကြောက်မက်ဖွယ်ရာကောင်းလှတော့၏၊ ယင်းအချိန်မျိုး၌ သူ့အား တွေ့မြင်မိခဲ့သူတစ်ဦးက နောင်တွင် အောက်ပါအတိုင်း ပြောပြခဲ့သည်။

'ရုတ်တရက် ဖျတ်ခနဲကြည့်လိုက်တဲ့ သူ့မျက်လုံးတွေဟာ မြွေဆိုးတစ်ကောင်ရဲ့ မျက်လုံးတွေလိုပဲ ကြောက်စရာ သိပ်ကောင်းတယ်။ ကောက်ကျစ်ပြီး မကောင်းမှုအရိပ်အယောင်တွေနဲ့ တောက်ပြောင်နေတော့တာပါပဲ'

သူနှင့် ပတ်သက်၍ ရဲများအနေဖြင့် သိထားသမျှအကြောင်းမှာ စာမဖွဲ့လောက်ချေ။ သူ၏ လက်ရာဖြစ်သော်ငြားလည်း ပါရီမြို့သူမြို့သားများနှင့် ကမ္ဘာလှည့်ခရီးသည်များထံမှ လုယက်တိုက်ခိုက်သွားခဲ့သော ဓားပြမှုကြီးများနှင့် ပတ်သက်၍ ခြေရာခံမိသမျှမှာ သွေးနှင့်လူသေအလောင်းများသာ ဖြစ်သည်။ သူသည် မမျှော်လင့်သောအချိန်၊ မမျှော်လင့်သောအရပ်များတွင် ရုတ်တရက်ပေါ်လာပြီး ရှိန်းဆာယာပိုမောက် ကိုယ်ပျောက်တတ်သည့် သူ့အလား တစ်ခါတည်း စုံးစုံးမြုပ်ပျောက်ကွယ်သွားနိုင်ခဲ့သည်မဟုတ်ပါလား။ ထို့ကြောင့်လည်း ပြင်သစ်တစ်နိုင်ငံလုံးတွင် သူ့အမည်နှင့် ရာဇဝတ်မှုများကို အချိန်ကြာအောင် မည်သူမျှ မဆက်စပ်မိခဲ့ကြပေ။

အမှန်တကယ် ဘွစ်ဆန်၏အမည်နှင့် သူ၏ ရာဇဝတ်မှုများကို ဆက်စပ်ကာတားခင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ဖြစ်ရပ်သည်ကား သူ၏ ဒုစရိုက်သက်တမ်း တတိယပိုင်းအစပြုသည့် ၁၉၄၇ ခုနှစ်မှပင် ဖြစ်ပေသည်။ ထိုအချိန်က သူသည် ပါရမီစံတီအကျဉ်းထောင်ကြီးအတွင်း၌ ထရိုင်ရေမှ ဖရန့်ငွေ ၁၈ သိန်းတန် လုယက်မှုကြီးနှင့် စပ်လျဉ်း၍ အကျဉ်းသားအဖြစ်ရှိနေပေသည်။ သူ၏ ထောင်တွင်း မိတ်ဆွေကား ရီဂျာဒက်ကာဆိုသူ နာမည်ကြီး သူခိုးတစ်ယောက်ပင်ဖြစ်သည်။ သူတို့နှစ်ယောက်သည် ထောင်မှလွတ်မြောက်ရေးအတွက် အစီအစဉ်များ ပြုလုပ်ထားခဲ့ကြသည်။ ဘွစ်ဆန်သည် သူ၏ လွတ်မြောက်ရေးအတွက် အကောင်းဆုံးအခွင့်အလမ်းအဖြစ် ထောင်အရာရှိများအား သူ့အပေါ် စိတ္တဇအကျဉ်းသားတစ်ယောက်အဖြစ် ယုံကြည်လာအောင် လှည့်စားရန် ဆုံးဖြတ်လိုက်သည်။ သူ့အကြံသာ အောင်မြင်ခဲ့ပါက သူ့အား ဗီလီဂျူဖ်တွင်ရှိသော အယ်အဆေးအကျဉ်းစခန်းသို့ ပြောင်းရွှေ့ထားရှိမည်ကို သူသိထား၏။ ဗီလီဂျူဖ်ရှိ အကျဉ်းစခန်းတွင်ကား အကျဉ်းသားလူနာများအား အထိုက်အလျောက်သာ ကြပ်မတ်အုပ်ထိန်းထားပေသည်။

သို့ဖြစ်၍ ဘွစ်ဆန်သည် စိတ်ဖောက်ပြန်သော ဝေဒနာရှင်တစ်ဦးပမာ တဖြည်းဖြည်း သရုပ်ဆောင်ပါတော့သည်။ လှောင်ချိုင့်ထဲရှိ သားရဲတစ်ကောင်ပမာ သူ၏ အခန်းတွင်း၌ တစ်ညပြီးတစ်ည ခေါက်တုံ့လူးလာ လျှောက်နေသည်ကို အစောင့်အကြပ်များက စတင်အမှတ်ထားမိကြသည်။ ၂၄ နာရီအတွင်း ၂ နာရီထက် ပို၍မအိပ်ပေ။ နောက်ပိုင်းတွင် ကျယ်လောင်စွာ အော်ဟစ်ငိုကြွေးခြင်း




www.burmeseclassic.com

www.burmeseclassic.com



များပြုလုပ်လာပြီး လက်သီးများကို သွေးဖုံးလွှမ်းလာသည့်တိုင်အောင် နံရံများကို ထုနက်လေတော့၏။ အခြားသော အကျဉ်းသားများမှာ သူ့ကြောင့် ကြီးစွာသော အနှောင့်အယှက် ဖြစ်ကြရပါတော့သည်။ သူ၏ အပြုအမူများသည် စိတ္တဇဝေဒနာရှင်များ၏ အပြုအမူများသာဖြစ်သည်ဟု ထောင်အာဏာပိုင်တို့က ယုံကြည်လာကြသည်။ ထို့ကြောင့် အကျဉ်းထောင်ဆေးရုံသို့ သူ့အား တင်ပို့ကုသကြလေသည်။ ဆေးရုံတွင် စိတ္တဇဝေဒနာရှင်များကို လျှပ်စစ်ဖြင့် ရှော့တိုက်ကုသလေ့ရှိရာ အခံရခက်အောင် နာကျင်လွန်းအားကြီးသဖြင့် အများသော စိတ္တဇလူနာများသည် ထိုသို့ ကုသရမည်ကို ကြောက်ရွံ့ကြပြီး အကြိတ်အနယ် ရုန်းကန်ကြသည်သာဖြစ်၏။ ဘွစ်ဆန်ကမူ ယင်းသို့သော ကုသမှုကိုသာ ထပ်ကာတလဲလဲ တောင်းဆိုနေတတ်ပြီး သူ့တောင်းတိုင်း မလုပ်ပေးသောအခါ ဆရာဝန်များကို ဒူးတုပ်လျက် တောင်းပန်နေတော့သည်။ သို့ဖြင့် နောက်ဆုံးတွင် သူ့အား ပါရီမြို့တောင်ဘက်အစွန် ဗီလီဂျူဖ်ရှိ အယ်အဆေးစိတ္တဇအကျဉ်းစခန်းသို့ ပြောင်းရွှေ့ထားလိုက်ကြလေသည်။ များမကြာမီပင် သူ၏ ကြမ်းတမ်းသော အပြုအမူများလည်း တဖြည်းဖြည်း အနယ်ထိုင်၍လာခဲ့သည်။ ထို့ကြောင့် သူ့အား ပြုပြင်ကုသလွယ်ကူသော လူနာအဖြစ် အသိအမှတ်ပြုလျက် စခန်းဧရိယာအတွင်း၌ တစ်နေ့ထက်တစ်နေ့ လွတ်လပ်စွာ သွားလာခွင့်ပြုခဲ့ပေသည်။

◆◆◆

၁၉၄၇ ခုနှစ်၊ ဩဂုတ်လအတွင်း တစ်နေ့တွင် စိတ္တဇဝေဒနာရှင် အကျဉ်းစခန်းသို့ အမျိုးသမီးတစ်ဦး ရောက်လာပြီး ဘွစ်ဆန်နှင့်တွေ့ဆုံလေသည်။ ဘွတ်ဆန်၏ညီဖြစ်သူ ဂျင်း၏ဇနီး ဆူဆန်ပင်ဖြစ်ပေသည်။ ဆူဇန်အား ကောင်းစွာမမှတ်မိသော အမူအရာဖြင့် ဇဝေဇဝါလုပ်နေသော ဘွစ်ဆန်အနီးသို့ ကပ်၍ သူမက တိုးတိုးလေး ပြောလိုက်သည်။

'ဒက်ကာတော့ လွတ်သွားပြီ၊ ရှူးဘစ်ချတ်မှာ ဂျင်းနဲ့အတူ ရှိနေတယ်။ စက်တင်ဘာလ ၃ ရက်နေ့ အရုဏ်ဦးမှာ တောင်ဘက်တံတိုင်းနားမှာ စောင့်နေပါလို့။ သူတို့မှာ လိုက်တယ်။ ရှင်စောင့်နေမယ် မဟုတ်လား'

'အေး…ပြောလိုက်၊ ဆက်ဆက်စောင့်မယ်လို့'

ချိန်းဆိုထားကြသည့်အတိုင်း ထိုနေ့အရုဏ်ဦးတွင် ဘွစ်ဆန်သည် စခန်း၏တောင်ဘက်ကျောက်တံတိုင်း နံရံကြီးအနီး၌ ဝပ်နေခဲ့သည်။ မကြာမီ တံတိုင်းကြီးထိပ်မှ အချက်ပေးသံကို တိုးသဲ့သဲ့ကြားလိုက်ရပြီး လှေကားတစ်စင်းကျလာသည်။ မိနစ်ပိုင်းအတွင်းမှာပင် ကျောက်တံတိုင်းနံရံကြီးကို ခက်ခဲစွာ ကျော်လွှားခဲ့ပြီး ဘွစ်ဆန်လွတ်မြောက်သွားခဲ့လေသည်။ သူ လွတ်မြောက်သွားကြောင်းကို အစောင့်အကြပ်များ မသိရှိမီမှာပင် ရှူဘီချတ်ရှိ အိမ်တစ်ဆောင်သို့ ဘေးကင်းစွာ ရောက်ရှိသွားခဲ့ပေသည်။

သူ လွတ်မြောက်ခြင်း အထိမ်းအမှတ် ကြိုဆိုပွဲကလေး ကျင်းပကြရာ ထောင်ပြေးများဖြစ်ကြသော

www.burmeseclassic.com



ရိဂျာဒက်ကာ၊ ဒန်ဒ ရေလီမိုနပ်၊ ဟင်နရီရူဆက်၊ ဖရန့်ကွိုက်စ်ဂိုင်လိုအပြင် သူ၏ ညီဖြစ်သူ ဂျင်းပါ တက်ရောက်ခဲ့ကြပေသည်။

ထိုညမှာပင် လူစည်ကားနေသော အရက်ဆိုင်ကလေးတစ်ဆိုင်အတွင်းသို့ သေနတ်ကိုင်လူဆိုး ၅ ဦး ရုတ်တရက်ဝင်ရောက်လာခဲ့ကြသည်။ ဆိုင်၏ အပြင်ဘက်တွင် သူတို့ ခိုးလာခဲ့သော ကားတစ်စီးကလည်း မောင်းသူနှင့်တကွ စက်မသတ်ဘဲ အဆင်သင့်ရပ်စောင့်နေလေသည်။



ကြောက်မက်ဖွယ်ရာကောင်းသော မျက်လုံးအကြည့်များနှင့် လူညှက်ကလေးက ဆိုင်အတွင်းရှိ လူများကို စက်သေနတ်တစ်လက်ဖြင့် ချိန်ရွယ်ထားစဉ်၊ သူ့လူများက ဆိုင်အတွင်းရှိသမျှ မိန်းမ၊ ယောကျ်ားများထံမှ ပါလာသမျှ ငွေနှင့် လက်ဝတ်လက်စားများကို သိမ်းယူလိုက်ကြသည်။ ထို့နောက် လူဆိုးများသည် ဝင်ရောက်လာစဉ်ကကဲ့သို့ပင် ရုတ်ခြည်းပြန်လည် ထွက်ခွာသွားကြလေသည်။ ဓားပြတိုက်ကြရသူများ၏ ရွေးပြသော ဓာတ်ပုံများအရ လူညှက်ကလေးမှာ ဘွစ်ဆန်ဖြစ်ကြောင်း သိခဲ့ရသည်။ အရက်ဆိုင် လုယက်မှုအပြီး နောက်တစ်ပတ်အတွင်း သူတို့အဖွဲ့သည် ရှူလေဆူအာလမ်းထဲရှိ စားသောက်ဆိုင်တစ်ခု အတွင်းသို့ ရုတ်ခြည်းဝင်ရောက် လုယက်ကြပြန်သည်။ သူသည် ကြောက်ရွံ့တုန်လှုပ်နေကြသော လူများ၏ ခေါင်းပေါ်သို့ ကျော်၍ စက်သေနတ် ဖြင့် နှစ်ချက်သုံးချက်ပစ်လိုက်၏။

'ပါတဲ့ လက်ဝတ်လက်စားနဲ့ ငွေအားလုံးတို့ကို ပေးရမယ်' သူက ခပ်ဆတ်ဆတ်ပြောလိုက်ပြီး ပစ္စည်းအားလုံး ရယူပြီးသည်အထိ သူ၏ သေနတ်ကို လူများဆီသို့ တဆတ်ဆတ်လှုပ်ရင်း ချိန်ရွယ်ထား၏။ စိတ်တိုင်းကျ ရှာဖွေယူငင်ကြပြီးသောအခါ သူ့လူများအား ထွက်ခွာရန် အချက်ပြလိုက်သည်။

'ဟေ့…ဂိုင်လို သွားကြစို့' ဂိုဏ်းသားတစ်ယောက်က အမှတ်မထင်ပြောလိုက်သည်။ စောင့်နေသော ကားပေါ်သို့ သူတို့အားလုံးပြေးတက်သွားသောအခါ အဆင်သင့်ဖြစ်နေသော ဒက်ကာက ကားကို တစ်ရှိန်ထိုးမောင်း၍ ထွက်လာခဲ့လေသည်။ ရဲများကလည်း မိနစ်ပိုင်းအတွင်းမှာပင် အခင်းဖြစ်ပွားရာ ဧရိယာအတွင်းရှိ ထွက်ပေါက်အားလုံးကို ပိတ်ဆို့ရန် ကြိုးပမ်းလိုက်ကြ၏။ ရှူဒီကလီချီလမ်းထဲသို့ သူတို့ကားရောက်သောအခါ သံဆူးကြိုးမြင်းခုံအတားအဆီးများဖြင့် လမ်းကို ပိတ်ဆို့ပြီး ရဲများစောင့်နေသည်ကို တွေ့လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒက်ကာက ကား၏အရှိန်ကို အမြင့်ဆုံးမြှင့်တင်လိုက်ပြီး အရံအတားများကို တိုးဝင်တိုက်ဖောက်ပြီး ထွက်လိုက်သည်။ ရဲနှင့်ဘွစ်ဆန်တို့အုပ်စု အပြန်အလှန် ပစ်ခတ်လိုက်ကြသော သေနတ်သံများက ပတ်ဝန်းကျင်တစ်ခုလုံးကို ဆူညံသွားစေခဲ့သည်။ မကြာမီ သူတို့၏ ကားနောက်မှ ဆိုင်ကယ်စီးရဲသားနှစ်ဦး ထပ်ချပ်မကွာလိုက်လာနေသည်ကို တွေ့လိုက်ကြရ၏။

'ရပ်လိုက်စမ်း' ဘွစ်ဆန်က အမိန့်ပေးလိုက်သည်။ ဒက်ကာက ဘရိတ်နင်းလိုက်ရာ ကားသည် လမ်းပေါ်တွင် ကိုက် ၂၀၀ ခန့် လျှောပါသွားပြီးမှ ရပ်သွားခဲ့၏။ ကားရပ်လျှင် ရပ်ချင်း လမ်းပေါ်သို့ ခုန်ဆင်းလိုက်ကာ တစ်ချိန်တည်းမှာပင် သူ၏ စက်သေနတ်ပြောင်းဝမှ မီးပွင့်များ ထွက်လာခဲ့သည်။ ကျည်တစ်တောင့်က ရဲသားတစ်ဦး၏ မေးရိုးကို ဖောက်ထွက်သွားခဲ့ပြီး၊ ရဲသားခမျာမှာ လမ်းပေါ်သို့ လွင့်စင်ကျသွားခဲ့လေသည်။ ထိုအခြင်းအရာကြောင့် ကျန်ရဲသားတစ်ဦးမှာ နောက်ကြောင်းသို့ လှည့်ပြေးသွားခဲ့လေသည်။ နောက်ထပ် ရဲတပ်ဖွဲ့ဝင်များ ရောက်လာချိန်၌မူ လူဆိုးများ၏ အရိပ်အယောင်မျှကိုပင် မတွေ့ကြရတော့ချေ။

နိုအောင်းစခန်းချရာ အိမ်သို့ ပြန်ရောက်သောအခါ ဘွစ်ဆန်၏ဒေါသယမ်းအိုး ပေါက်ကွဲလေတော့၏။ သူသည် ရှုဆက်၏အင်္ကျီကော်လာကို ဆောင့်ဆွဲလိုက်ပြီး ကုလားထိုင်တစ်လုံးဆီသို့ တွန်းပစ်လိုက်၏။

'အလကားအကောင်…မင်းကိုတော့ ရှင်းပစ်ရမယ်။ ငါတို့အားလုံးကို ချောက်ချတဲ့ ခွေးကောင်' သူသည် အံ့အားသင့်နေသူ ရှုဆက်ကို စားမတတ် ဝါးမတတ် ကြည့်ပြီး ဆူပူကြိမ်းမောင်းလိုက်၏။

'ကျွန်…ကျွန်တော် ဘာ…ဘာလုပ်မိလို့လဲ' ရှုဆက်၏ အသံမှာ တုန်ယင်ထစ်ငေါ့နေပေသည်။

'ဘာလုပ်မိလို့လဲ ဟုတ်လား ခွေးမိုက်။ စားသောက်ဆိုင်ထဲမှာ ဂိုင်လိုရဲ့ နာမည်ကို မင်းခေါ်လိုက်တာလေ'

ဘွစ်ဆန်က ရှုဆက်၏အသံကို တုရှဲ တစ်ဆက်တည်း ဆိုပြလိုက်၏။

"ဟေ့ … ဂိုင်လို သွားစို့"

ကြောက်ရွံ့တုန်လှုပ်နေသော ရှုဆက်က သူ့အမှားအတွက် တိုးလျှိုးတောင်းပန်ရှာသည်။

"ကျွန်တော် … ကျွန်တော် စိတ်လှုပ်ရှားသွားလို့ပါ။ ကျွန်တော် မှား … မှားပါတယ်။"

"မင်း ဒီညပဲ ပါရီကနေ ရှောင်ထွက်သွား။ မင်းမိန်းမကိုပါ ခေါ်သွား၊ ငါမမှာမချင်း ပြန်မလာရဘူး"

ဘွစ်ဆန် အမိန့်သံဆုံးလျှင် ရှုဆက်လည်း အပြေးအလွှား ထွက်ခွာသွားခဲ့သည်။

"ဒီကောင်မပါဘဲ တို့တစ်တွေ အလုပ်လုပ်နိုင်ပါတယ်။ အင်မတန်မှ အသိတရားခေါင်းပါးတဲ့ အကောင်ပဲလေ"

ရှုဆက်ထွက်သွားသည်နှင့် ဒက်ကာအား ဘွစ်ဆန်က ယင်းသို့ ပြောလိုက်သည်။ ရက်သတ္တပတ် နှစ်ပတ်ခန့်အကြာတွင် ရှုဆက်ကို ဘွစ်

www.burmeseclassic.com

www.burmeseclassic.com



ဆန်က ပြန်ခေါ်လိုက်၏။ ရှူဆက်သည် ပါရီသို့ ချက်ချင်းပြန်လာခဲ့ပြီး ဘွစ်ဆန်နှင့် လာတွေ့သည်။ သူ့အမှားအတွက် ထပ်ကာမနား တောင်းပန်ရှာသည်။

"မေ့ထားလိုက်စမ်းပါကွာ။ ရဲတွေလည်း သိတာမှ မဟုတ်ဘဲ"

ထိုသို့ပြောရင်း ဘွစ်ဆန်က ရှူဆက်၏ ဖန်ခွက်ထဲသို့ အရက်များ ထပ်ဖြည့်ပေးသည်။ ရှူဆက်က တစ်ကျိုက်တည်းမော့ချလိုက်၏။ ဘွစ်ဆန်က ထပ်ဖြည့်ပေး၏။ ရှူဆက်က မော့ချလိုက်၏။ ဖြည့်သူက ဖြည့်ပေး၊ မော့သူက မော့ချနှင့် သူတို့ ၃ ဦး အိမ်ပြင်သို့ ထွက်လာကြသောအခါ ရှူဆက်မှာ ဒယီးဒယိုင်ဖြစ်လျက် သိုင်းကွက်နင်းနေပေပြီ။

နောက်တစ်နေ့ နံနက်တွင် နောက်စေ့၌ ကျည်ဆန်ရာ တစ်ပေါက်နှင့်အတူ ရှူဆက်၏ အလောင်းကို တွေ့လိုက်ကြရသည်။ ဤအကြိမ်တွင်မူ ရဲများက သဲလွန်စကို နင်းမိလိုက်ကြ၏။ ရှူဆက်၏ အလောင်းကိုတွေ့ပြီး ရက်အနည်းငယ်အကြာ တစ်ညတွင် ရူဘီချွတ်လမ်းရှိ အိမ်တစ်အိမ်ကို ရဲများက ဝိုင်းဝန်းစီးနင်းလိုက်ကြသည်။ ထိုအချိန်တွင် ဘွစ်ဆန်၊ ဒက်ကာဂျင်းဘစ်ဆန်၊ ပိုင်ရီပီလေနှင့် ဖနီးများဖြစ်သော ဆူဇန်၊ ဗေတီတို့ အားလုံး တစ်စုံတစ်ရာအကြောင်းကို တိုင်ပင်ဆွေးနွေးနေကြသည်။ ရဲက စီးနင်းလိုက်စဉ် ရှုပ်ရှုပ်ထွေးထွေးဖြစ်သွားသော အခြေအနေကို အခွင့်ကောင်းယူလျက် ဘွစ်ဆန်သည် အပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။ ထို့နောက် ပြူတင်းပေါက်မှတစ်ဆင့် ခေါင်မိုးစွန်းကို တွဲခိုလိုက်ပြီး ကိုယ်ကို လွှဲလျက် ခေါင်မိုးပေါ်သို့ တက်လိုက်၏။ ရဲအဖွဲ့ဝင်အချို့လည်း သူ့နောက်မှ ထပ်ကြပ်မကွာလိုက်လာကြ၏။ ခေါင်မိုးပေါ်သို့ ရောက်သောအခါ၌မူကား ဘွစ်ဆန်အား မတွေ့ရတော့ပေ။ ဘွစ်ဆန်ကာ လက်မတင်ကလေး လွတ်မြောက်သွားခဲ့ပြန်ချေပြီ။ အမှန်တော့ ရဲများမျက်စေ့မှောက်သွားခဲ့ခြင်းဖြစ်ပေသည်။ အကယ်၍ မီးခိုးခေါင်းတိုင်အတွင်းသို့ ငုံ့ကြည့်ကြမည်ဆိုလျှင် ရဲများပြန်သွားသည်အထိ အသက်အောင့်ပြီး ပုန်းအောင်းနေသော ဘွစ်ဆန်ကို တွေ့ကြရပေမည်။ ပတ်ဝန်းကျင်တစ်ခုလုံး အခြေအနေငြိမ်သက် အေးဆေးသွားသည်အထိ နာရီပေါင်းအတော်ကြာ ပုန်းအောင်းနေခဲ့ပြီးနောက် ဘွစ်ဆန် ပြန်ထွက်လာခဲ့သည်။ ထို့နောက် ခေါင်မိုးပေါ်မှ သတိကြီးစွာ တွားဆင်းလာပြီးနောက် နံနက်



www.burmeseclassic.com

www.burmeseclassic.com



စောစော အလုပ်သွားကြသူများနှင့် ရောနှော၍ သူလိုရာခရီးသို့ အရောက်သွားနိုင်ခဲ့လေသည်။

◆◆◆

လက်မတင်ကလေး လွတ်မြောက်လာခဲ့ပြီးနောက် သူ၏ လုံခြုံရေးအတွက် သတိတရားလိုအပ်နေသေးကြောင်းကို ဘွစ်ဆန်စဉ်းစားမိသည်။ ထိုအချိန်မှစ၍ သူဘယ်မှာနေသည်ကို သူ၏ စိတ်အချရဆုံး လူရင်းများကိုပင် အသိမပေးတော့ပေ။ တစ်ရာတွင် တစ်လထက်ပို၍လည်း မနေတော့ချေ။ မကြာခဏနေရာပြောင်းခြင်းဖြင့် ခြေရာဖျောက်၍ လျှို့ဝှက်စွာ နေထိုင်လာတော့၏။ ဆိတ်ငြိမ်အေးချမ်းသော နေရာတွင် နားအေးပါးအေးနေလိုသော ကြေးရည်တက်လူဂုဏ်တန် ဇနီးမောင်နှံအဖြစ် အိမ်များကို ငှားရမ်းနေထိုင်ခဲ့၏။ သူ၏ လူများကိုလည်း တယ်လီဖုန်းဖြင့်သာ ဆက်သွယ်လေ့ရှိသည်။ လူချင်းတွေ့ဖို့ အကြောင်းရှိလာသောအခါ၌လည်း သူသွားရောက်ရမည့်နေရာ ပတ်ဝန်းကျင်ကို စိတ်ချရသည်အထိ အကဲခတ်ပြီးမှ သူ့လူများနှင့် တွေ့ဆုံသည်။ သူနေထိုင်ရာ အရပ်ရှိ အိမ်နီး ချင်းများကိုလည်း ညတိုင်း တိတ်တဆိတ်ထွက်၍ မသင်္ကာဖွယ်ရာ ရှိ၊ မရှိကို အသေးစိတ်လေ့လာ သည်။

နံနက်၊ နေ့၊ ညစာများကိုလည်း တစ်ယောက်တည်းသာ စားတော့သည်။ သူစားသောက်ရာဆိုင်တွင်းသို့ ဝင်လာသူများကို ခပ်လှမ်းလှမ်းမှ မြင်တွေ့စောင့်ကြည့်နိုင်ပြီး ထွက်ပေါက်နှင့် နီးသောနေရာတွင် အသင့်ပစ်ခတ်နိုင်ရန် သေနတ်ကို ပြင်ဆင်ထားပြီးမှ အစားအသောက်ကို ထိုင်စားသည်။

ရှုဘီချွတ်တွင် ရဲများစီးနင်းပြီးနောက် ၁၉၄၇ ခုနှစ် အောက်တိုဘာလမှ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ တိုင်အောင် ဘွစ်ဆန်၏ သတင်းသည် လုံးဝစုံးစုံး မြုပ်လျက် ပျောက်ကွယ်နေခဲ့ပေသည်။ ထိုအတွင်း သူသည် ဂိုဏ်းဝင်သစ်များကို ပြန်လည်စည်းရုံးခဲ့သည်။ ဂိုင်လိုနှင့်ပတ်သက်၍ သိထားသော ဟင်နရီ ရိုင်ဘော့၊ ဒီဇိုင်ရီပိုလီဒရီ၊ မော်ရစ်ယီမ်နှင့် ဂျင်းဘက်ပတစ်အော်ဆိုနီတို့ကို စုစည်းလျက် ပါရီ မြေအောက်လောကတွင် ရာဇဝင်တင်ကျန်လောက်မည့် လက်မရွံ့ ဓားပြဂိုဏ်းကို ခိုင်မာစွာ ဖွဲ့စည်းလိုက်လေသည်။ သူတို့ဂိုဏ်းသည် ပထမပိုင်းတွင် အခြေအနေအရ ပြောက်ကျားပြောက်ကျားသာ လှုပ်ရှားလာခဲ့ကြသော်လည်း နောက်ပိုင်းတွင် တစ်စထက်တစ်စ အတင့်ရဲစွာ ခြေလှမ်းချဲ့လာခဲ့ကြသည်။ သူတို့၏ ရာဇဝတ်မှု လက်ရာများသည်လည်း တစ်နေ့ထက်တစ်နေ့ ထင်ပေါ်တိုးပွားလာခဲ့၏။ အစီအစဉ်ကို ထောင့်စေ့အောင် စီစဉ်ဆောင်ရွက်လေ့ရှိသူ ဘွစ်ဆန်ကြောင့် ဓားပြတိုက်ပြီးတိုင်း သူတို့အားလုံး အလွယ်တကူ တိမ်းရှောင်နိုင်ခဲ့ကြပေသည်။ သို့ဖြစ်၍ သူတို့၏ လက်ရာဖြစ်သော ရာဇဝတ်မှုကြီးများသည်လည်း တဟုန်ထိုးမြင့်တက်တိုးပွားလာခဲ့လေသည်။ သူတို့ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွင်း ပြည်သူတို့ ဆုံးရှုံးခဲ့ရသော ငွေကြေးပစ္စည်းတန်ဖိုးမှာ ဖရန့်ငွေ သန်းချီ၍ ရှိလာခဲ့ပေပြီ။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



# ရေခြားမြေခြား ဖြစ်ရပ်မှန်

၁၉၄၉ ခု မေလတွင် ထုံးစံအတိုင်း ဘွစ်ဆန်သည် တရားသူကြီးနှင့် လက်မရွံ့သားအဖြစ် တစ်ပြိုင်နက် သရုပ်ဆောင်ပြန်ပါတော့သည်။ ဖြစ်ပုံမှာ တစ်နေ့တွင် ဘွစ်ဆန်နှင့် အော်ဆိုနီတို့ နှစ်ဦး စောင့်နေကြမည့် ချိန်းဆိုထားသော နေရာဆီသို့ ပိုလီဒရီနှင့် ယိဖ်တို့နှစ်ဦးသည် ကားတစ်စီးဖြင့် ထွက်လာခဲ့ကြသည်။ ကားကို ယိဖ်က မောင်းလာစဉ် နံဘေးမှ ပိုလီဒရီက သေနတ်တစ်လက်ကို မောင်းတင်လိုက်၊ မောင်းပြန်ဖြုတ်လိုက်၊ လက်ညှိုးနှင့် လှည့်ပတ်လိုက်ဖြင့် ကစားလာခဲ့သည်။ ထိုစဉ် မမျှော်လင့်ဘဲ သေနတ်မှ ကျည်ဆန်ထွက်သွားပြီး ယိဖ်၏ နှလုံးသားကို ဖောက်ဝင်သွားခဲ့သည်။ သို့ဖြင့် အထိန်းအကွပ် မရှိတော့သော သူတို့ကားကလေးသည် ကျောက်တုံးများပေါ် ခုန်ပေါက်ဖြတ်ကျော်သွားပြီး၊ အဆောက်အဦးတစ်ခုကို ဝင်တိုက်မိမှ ရပ်သွားခဲ့လေသည်။ ချက်ချင်းပင် ပိုလီဒရီလည်း ကားပေါ်မှ ခုန်ဆင်းထွက်ပြေးသွားခဲ့၏။

"မောရစ်ရော" ယိဖ်မပါလာဘဲ တစ်ယောက်တည်းရောက်လာသော ပိုလီဒရီကို ဘွစ်ဆန်ကမေးလိုက်၏။ မြေအောက်လောကတွင် "ငါးစိမ်းသည်ကလေး" ဟူသော အမည်ဖြင့် လူသိများလှသော လူငယ်ကလေးယိဖ်ကို ဘွစ်ဆန်က အတော်ပင် သဘောတွေ့ထားသည်။

"သူသေပြီ"

"ဘာကွ ... သေပြီ ဟုတ်လား"

ဘွစ်ဆန်မှာ ကြီးစွာအံ့အားသင့်သွားရ၏။

"ဘယ်လိုဖြစ်တာလဲ"

"သူ့ကိုယ်သူ ပစ်မိတယ်လေ။ သူတစ်ချိန်လုံး သေနတ်တစ်လက်နဲ့ မဆင်မခြင် ဆော့ကစားနေခဲ့တာကိုး"

အခင်းဖြစ်ပွားချိန်တွင် သူက ကားကို မောင်းလာကြောင်း၊ ယိဖ်သည် ဘေးမှထိုင်လိုက်လာရင်း သေနတ်တစ်လက်ကို ဆော့ကစားရာမှ ကျည်ဆန်ထွက်ပြီး သေဆုံးသွားရကြောင်း ပိုလီဒရီက ဘွစ်ဆန်အား ပြောလိုက်သည်။

ညတွင်းချင်းပင် ဘွစ်ဆန်သည် သူ့ဇနီးနေထိုင်ရာ ဆင်ခြေဖုံးရှိ ဆိတ်ငြိမ်ရပ်ကွက်တစ်ခုတွင် ခိုအောင်းတိမ်းရှောင်ရန် ပါရီမြို့မှ ထွက်ခွာသွားခဲ့လေသည်။ ယိဖ်သေဆုံးမှုနှင့် စပ်လျဉ်းပြီး ပိုလီဒရီကို ရဲများအနေဖြင့် မည်သို့ ဆက်စပ်ပြီး ခြေရာကောက်နိုင်လာမည်ကို သူ့လုပ်ငန်းသစ် မစမီ ဘွစ်ဆန်သိလိုလှ၏။ အကယ်၍ ပိုလီဒရီအား ရဲများက ဖမ်းမိသွားခဲ့သော် သူ့အဖို့ အခွင့်အရေးကောင်းများ ဆုံးရှုံးရတော့မည်ကို ဘွစ်ဆန်က ကြိုတွေးဆထားသည်။ ယိဖ်သေဆုံးခြင်းနှင့် စပ်လျဉ်း၍ ပိုလီဒရီပြောပြချက်များကို သူ့အဖို့ချင့်ချိန်စဉ်းစားဖွယ်ရာ ဖြစ်နေခဲ့သည်။ နောက်တစ်နေ့သတင်းစာများတွင် မော်တော်ကားလက်ကိုင်ဘီးပေါ်တွင် မှောက်လျက်သေဆုံးနေသော ယိဖ်၏ အလောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ခဲ့ကြရကြောင်း သတင်းက ပါလာခဲ့သည်။

မော်တော်ကားကို ယိဖ်ကိုယ်တိုင်မောင်းလာသည်မှာ ထင်ရှားလှ၏။ သေနတ်ကို ယိဖ်ဆောင်ကစားလာခဲ့သည်ဆိုသော ပိုလီဒရစ်၏စကားမှာ ယုတ္တိမတန်တော့ပေ။ သို့ဆိုလျှင် ပိုလီဒရစ်က သူ့အားလိမ်ပြောခဲ့ပြီတကား။ ယိဖ်ကို ပိုလီဒရစ်သတ်ခြင်းသာဖြစ်ရမည်။ ဤသို့လျှင် ဘွစ်ဆန်က ကောက်ချက်ချခဲ့သည်။ ယိဖ်သေဆုံးမှုနှင့် ပတ်သက်၍ အမှုမှန်ကို ရဲများက စုံစမ်းရှာဖွေနေကြချိန်မှာပင် ပါရီသို့ ဘွစ်ဆန်ပြန်လာခဲ့သည်။

ညစာစားရင်း တွေ့ရှိထားသော အကွက်ကောင်းကိစ္စတစ်ခုကို တိုင်ပင်ဆွေးနွေးကြရန်ဟူသော အကြောင်းပြချက်ဖြင့် ဘွစ်ဆန်က ပိုလီဒရစ်ကို ခေါ်ယူလိုက်၏။ ဘွစ်ဆန်သည် ပိုလီဒရစ်နှင့် အော်ဆိုနီတို့ကို အင်းဗလိုက်ဟော်တယ်အနီးရှိ စားသောက်ဆိုက်တွင် လက်ခံတွေ့ဆုံလေသည်။ ည ၁၀ နာရီခန့်တွင် သူတို့သုံးဦးသည် စားသောက်ဆိုင်မှ ထွက်လာကြပြီး နိုင်ငံခြားရေးရုံးဘက်ဆီသို့ အညောင်းပြေလမ်းလျှောက်ထွက်လာခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် စားသောက်ဆိုင်အနီးမှောင်ရိပ်ထဲတွင် ရပ်ထားခဲ့သော ကားတစ်စီးသည် သူတို့သုံးဦးနောက်မှ ကားဘီးကို တစ်လှိမ့်ချင်း လှိမ့်ရင်းလိုက်လာခဲ့သည်။

"ဒီလမ်းထဲမှာ အရက်ဆိုင်ကလေးတစ်ဆိုင်ရှိတယ်။ တို့အရက်သောက်ရင်း စကားပြောကြရအောင်"

လမ်းခွဲကလေးတစ်ခုသို့ ရောက်သောအခါ ဘွစ်ဆန်သည် ပိုလီဒရီအား အဆိုပါ လမ်းခွဲကလေးထဲသို့ မျှားခေါ်သွားနိုင်ခဲ့သည်။ အတော်ကြာ လျှောက်လာကြပြီးသောအခါ သူတို့နောက်မှ ရုတ်တရက်လင်းလာသော ကားမီးနှင့်အတူ ဟွန်းသံကိုပါ ကြားလိုက်ရသဖြင့် ပိုလီဒရီက လှည့်ကြည့်လိုက်မိ၏။ တစ်ချိန်တည်းမှာပင် ဘွစ်ဆန်သည် သူ၏ ပစ္စတိုကို ထုတ်၍ ပိုလီဒရီ၏ ခန္ဓာကိုယ်ရှိ ချက်ကောင်းနေရာများဆီသို့ အဆက်မပြတ်ကျည်ဆန်များကို ပစ်လွှတ်လိုက်လေသည်။ ပွဲချင်းပြီး သေလောက်သော ဒဏ်ရာများဖြင့် ပိုလီဒရီခမျာ မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားခဲ့လေသည်။ ချက်ချင်းပင် ဘွစ်ဆန်နှင့် အော်ဆိုနီတို့ နှစ်ဦးစလုံး စောင့်နေသော ကားထဲသို့ ရောက်သွားကြပြီး ကားလည်း တစ်ရှိန်ထိုး မောင်းထွက်သွားခဲ့လေသည်။

ပွဲချင်းပြီးသေလောက်သော ဒဏ်ရာများဖြင့်ပင် ပိုလီဒရီသည် ၂ နာရီကြာမျှ အသက်ရှင်နေခဲ့သေးသည်။

"ဘွစ်ဆန် ... ဘွစ်ဆန်သတ်တာ"

ရဲများက သူ့ထံမှာ သေတမ်းစစ်ချက်ယူချိန်တွင် ပိုလီဒရီသည် လေသံသဲ့သဲ့ဖြင့် စကားတစ်လုံးနှစ်လုံး ပြောပြီး အသက်ရှုရပ်သွားခဲ့သည်။ ဘွစ်ဆန်၏ နောက်ဆုံးကျည်ဆန်ကပင်လျှင် သူ့အား ဤမျှပြောခွင့်ပေးပြီးမှ လူ့လောကအား အဆက်ဖြတ်စေလိုက်ဟန်တူပေသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရဲမင်းကြီးချုပ်နှင့် အမျိုးသား လုံခြုံရေးအဖွဲ့တို့ ညှိနှိုင်းတိုင်ပင်လျက် ဘွစ်ဆန်အတွက် ဥပဒေပိုက်ကွန်ကို ဖြန့်ကျက်လိုက်ကြလေသည်။ သူ၏ အပေါင်းပါများမှာ တစ်ဦးပြီးတစ်ဦး ရဲနှင့်စုံထောက်များ၏ ဥပဒေပိုက်ကွန်အတွင်း မိခဲ့ကြသော်လည်း ဘွစ်ဆန်မူကား လက်မတင်ကလေးလွတ်မြောက်သွားခဲ့သည်ချည်းဖြစ်၏။ သို့သော်လည်း တစ်နေ့တခြား တင်းကြပ်ကျဉ်းမြောင်းလာသော ဥပဒေဘက်တော်သားတို့၏ ပိုက်ကွန်ပစ်ချက်များက ဘွစ်ဆန်အား ဆင်ခြေဖုံးတစ်ခုအတွင်းသို့ မလွဲမသွေ တွန်းပို့ခိုအောင်းစေခဲ့သည်။



ထိုအချိန်က ကျွန်ုပ်သည် မှန်စီယာချားလ်ချီနီဗိုင်အမည်ဖြင့် ရာဇဝတ်မှုခင်းဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပေသည်။ ဘွစ်ဆန်ကဲ့သို့သော မြေအောက်ရာဇာတစ်ဦးကို ရှာဖွေထောက်လှမ်းရသည်မှာ အန္တရာယ်စက်ကွင်းအတွင်းသို့ ဝင်ရောက်ရသည်နှင့် မခြားလှပေ။ သာမန်အားဖြင့် ရာဇဝတ်သားတစ်ယောက်ကို ရှာဖွေထောက်လှမ်းရသည်မှာ ကိုယ်ရေးကိုယ်တာကိစ္စမဆန်ဘဲ သွေးအေးအေးဖြင့် လုပ်ရိုးလုပ်စဉ်အလုပ်တစ်ခုမျှသာဖြစ်သည်။ သို့ပေသော်ငြား ဖြစ်တောင့်ဖြစ်ခဲလှစွာ တစ်ခါတစ်ရံ၌မူကား ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ရပ်သဖွယ် မိမိကိုယ်မိမိ သဘောထားလာတတ်ပေသည်။ ဘွစ်ဆန်ကိစ္စတွင်လည်း ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ရပ်အလား ကျွန်ုပ်ကို ကျွန်ုပ်သဘောထားလျက် လုပ်ဆောင်လာမိခဲ့လေသည်။ ဥပဒေ ပြင်ပသားများနှင့် ယှဉ်

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ကြရာတွင် ရဲများ၏ မအောင်မြင်သော အပိုင်းမှုကို ကြည့်၍ ပြည်သူတို့က မရိုးသားသောလုပ်ရပ်များအဖြစ် ဝေဖန်ကဲ့ရဲ့လာကြသည်မှာ ယခုကိစ္စတွင် တစ်နေ့ထက်တစ်နေ့ ပို၍ပို၍ ကျယ်လောင် လာခဲ့ပေတော့၏။

တွေ့ရာသချိုင်းစားမဆိုင်းဘဲ ဘွစ်ဆန်အား ပစ်သတ်ရန် ရဲမင်းကြီးချုပ်က ရဲအဖွဲ့ဝင်များအား ညွှန်ကြားမိန့်ထုတ်ပြန်ခဲ့သည်။ သို့ပင်ဖြစ်ငြား ကျွန်ုပ်အနေဖြင့် ဘွစ်ဆန်အား လက်ရဖမ်းရန်သာ ဆုံးဖြတ်ထားလိုက်၏။ ကျွန်ုပ်တွင် ခိုင်လုံသော အကြောင်းရှိပါသည်။ ယနေ့တိုင် မဖြေရှင်းနိုင်သေးသော ပါရီမြို့တော်မှ ရာဇဝတ်မှုခင်းအတော်များများ၏ နောက်ကွယ်ရှိ ဇာတ်လမ်းများကို သိသူဆို၍ ဘွစ်ဆန်တစ်ဦးတည်းသာရှိကြောင်း ကျွန်ုပ်အနေဖြင့် ခိုင်လုံစွာ ယူဆထားခဲ့သည်။ ထိုအကြောင်းများကို ကျွန်ုပ်သည် ဘွစ်ဆန်ထံမှ ကြားနာရန် ဆန္ဒရှိနေပေသည်။

တစ်နေ့တွင် မိတ်ဆွေတစ်ဦးက ကျွန်ုပ်အား ဘွစ်ဆန်ကို ရှာဖွေထောက်လှမ်းနေခြင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်၏ ထင်မြင်ချက်များကို တောင်းဆိုလာခဲ့သည်။

“ခင်ဗျားအနေနဲ့ ‘စတတ်ပိုကာ’ ဆိုတာ ကစားဖူးသလား၊ မကစားဖူးသေးဘူးမဟုတ်လား။ ကျုပ်ရှင်းပြမယ်။ ဒီကစားနည်းကို စစ်အတွင်းမှာ အမေရိကန်တွေဆီက သင်ယူထားခဲ့တာ။ ဒီ ကစားနည်းမှာ တစ်ဖက်ပြိုင်ဖက်ရဲ့ ဖဲအခြေအနေကို သိအောင် အစွမ်းကုန်ကြိုးပမ်းရသလို ကိုယ့်ဖဲအခြေအနေကိုလည်း တစ်ဖက်သား မရိပ်မိအောင် ပရိယာယ် သုံးပြီး ကာကွယ်ရတယ်” ကျွန်ုပ်သည် စကားကို ခေတ္တဖြတ်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။

◆◆◆

မေလကုန်ကာနီးတွင် ဘွစ်ဆန်သည် သူ၏ ပထမဆုံးသော ခြေလှမ်းအမှားကို စတင်လှမ်းလေတော့၏။ ကျွန်ုပ်မှန်းဆထားသော အချိန်တိုင်အောင် ဘွစ်ဆန်ပုန်းမနေနိုင်။ ခမ်းစပြုနေသော ဘဏ္ဍာရေးအခြေအနေက သူ့ကို ငြိမ်သက်စွာနေခွင့် မပေးတော့ချေ။ သူသည် အကျဉ်းသမားဘဝက သိထားခဲ့သော ထောင်ပြေးတစ်ယောက်ကို ဆက်သွယ်ခဲ့လေသည်။ ထိုသူက သေနတ်တစ်လက်နှင့် ကားတစ်စီး ရှာပေးရမည်ဖြစ်ပြီး ဘွစ်ဆန်က ငွေကြေးမြက်မြက်ကလေး တုံ့ပြန်မည်ဟု ဆွဲဆောင်သည်။

“ကောင်းပြီလေ။ ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်” ထောင်ပြေးက ကတိပြုလိုက်၏။

သူတို့နှစ်ယောက်တွေ့ဆုံကြပြီးနောက် မိနစ်အနည်းငယ်အတွင်းမှာပင် ဘွစ်ဆန်တစ်ယောက် ခိုအောင်းရာနေရာမှ ထွက်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ကျွန်ုပ်သိခဲ့ရ၏။ ဘွစ်ဆန်ဆက်သွယ်ခဲ့သော ထောင်ပြေးသည်ကား ကျွန်ုပ်ထံမှာ မျက်နှာသာပေးမှုကို အထိုက်အလျောက်ရရှိလိုသူဖြစ်ပြီး ထိုအခွင့်အရေးအတွက် ကျွန်ုပ်ထံသူတင်ရှိနေသော အကြွေးကို ပြန်လည် ပေးဆပ်လိုက်ခြင်းဖြစ်ပေသည်။ စိုးရိမ်ပူပန်တတ်သော ရဲကြပ်ကြီးတစ်ဦးက

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်အတွင်းမှာပင် ဘွစ်ဆန်တစ်ယောက် ခိုအောင်းရာနေရာမှ ထွက်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ကျွန်ုပ်သိခဲ့ရ၏။ ဘွစ်ဆန်ဆက်သွယ်ခဲ့သော ထောင်ပြေးသည်ကား ကျွန်ုပ်ထံမှာ မျက်နှာသာပေးမှုကို အထိုက်အလျောက်ရရှိလိုသူဖြစ်ပြီး ထိုအခွင့်အရေးအတွက် ကျွန်ုပ်ထံသူတင်ရှိနေသော အကြွေးကို ပြန်လည် ပေးဆပ်လိုက်ခြင်းဖြစ်ပေသည်။ စိုးရိမ်ပူပန်တတ်သော ရဲကြပ်ကြီးတစ်ဦးက ကျွန်ုပ်အား မေးလာသည်။

"ဘွစ်ဆန်ကို ကားနဲ့ သေနတ်ပေးပြီးတဲ့ အခါ ရဲတပ်စိပ်တစ်စိပ်ကိုပါ လွှတ်လိုက်မယ် မဟုတ်လား"

"မလွှတ်ပါဘူး" ကျွန်ုပ်က ခေါင်းခါရင်း ဖြေလိုက်သည်။

"ဒီလိုလုပ်လို့ကတော့ တို့ထောင်ချောက်ထဲ သူဝင်လာမှာ မဟုတ်ဘူး။ တို့လူတွေကို သံသယနဲ့ အမြဲတန်း အကဲခတ်နေခဲ့တာ။ သူ့အတွက် လုံခြုံစိတ်ချမယ်ဆိုတာကို သေချာပေါက် ယုံကြည်မှသူက လှုပ်ရှားလာမှာ။ ယုတ်စွအဆုံး သူ့အနေနဲ့ တစ်ဖွတ်ထိုးလုပ်လာတယ်ထားဦး၊ သူ့ထွက်လမ်းကိုတော့ သူရှင်းတော့မှာပဲ။ ဒါဆိုရင် တို့လူတွေ အနည်းဆုံး သုံးလေးယောက်တော့ ကြွပြီသာ မှတ်ပေတော့"

ဘွစ်ဆန်အတွက် ကားနှင့်သေနတ်ကို ကျွန်ုပ်စီစဉ်ပေးလိုက်၏။ ကျွန်ုပ်၏လူများကိုလည်း နောက်ယောင်ခံလိုက်ရန် ခွင့်မပြုခဲ့ပေ။ သို့ပေငြား နာရီအနည်းငယ်အတွင်းမှာပင် ကျွန်ုပ်သိချင်ခဲ့သမျှကို ကျွန်ုပ်သိလိုက်ရလေသည်။ ဘွစ်ဆန်ကား ဒေါင်ဗီးလေးသို့ သွားရာလမ်းမကြီးတွင်ရှိသည့် စားပွဲရုံကလေး တစ်ရုံတွင် ခိုအောင်းနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com





ဇွန်လ ၈ ရက်နေ့ နံနက်ပိုင်းတွင် အမျိုးသားလုံခြုံရေးဌာနချုပ်တွင် အစည်းအဝေးတစ်ရပ်ကို ကျွန်ုပ်က ခေါ်ယူလိုက်၏။

"လူကြီးမင်းတို့ ခင်ဗျား၊ ကြေညာစရာအကြောင်းတစ်ရပ် ကျွန်တော့်ဆီမှာ ရှိနေပါတယ်။ အဲဒါကတော့ ဒီလ ၁၀ ရက်နေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှာ ဘွစ်ဆန်ကို ကျွန်တော်တို့ ဖမ်းချုပ်နိုင်ပြီဆိုတာပါပဲ"

ကျွန်ုပ်၏ စကားဆုံးလျှင် ဆုံးခြင်း ပြောင်လှောင်ကဲ့ရဲ့လိုသော မေးခွန်းပေါင်းများစွာဖြင့် ထိုးနှက်လာကြရာ။ အစည်းအဝေးခန်းမတစ်ခုလုံး ဆူညံနေပေတော့သည်။ ကျွန်ုပ်ကတော့ စီစဉ်ထားသော ဇာတ်လမ်းအတွက် ပီတိဝေဆာနေလေသည်။ အတန်ကြာလျှင် ကျွန်ုပ်သည် မေးခွန်းရှင်များကို ပြန်လည် ငြိမ်သက်စေလိုက်၏။

"ခင်ဗျားတို့ သိသင့်သိထိုက်ထားဖို့ကတော့ ဒါလောက်ပါပဲ။ ဒီကိစ္စကို ဘယ်သူနဲ့မှ မပြောမဆိုမိဖို့တော့ ကြပ်ကြပ်သတိထားကြပါ။ ဇွန်လ ၁၀ ရက်နေ့ မွန်းလွဲ ၁ နာရီနဲ့ ၄၅ မိနစ်။ အဲဒါကို မှတ်ထားကြပါ"

ဘွစ်ဆန်ခိုအောင်းနေသော နေရာနှင့် ထိုနေရာတွင် နေ့စဉ်ပြုမူလုပ်ဆောင်မှုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများ ကျွန်ုပ်ထံတွင် ရှိနေကြောင်းကိုမူ ချန်လှပ်ထားလိုက်သည်။ ကျွန်ုပ်စိတ်အဝင်စားဆုံးအချက်မှာ ဘွစ်ဆန်သည် နေ့ခင်း ၁ နာရီတွင် နေ့လည်စာကို အမြဲတမ်း အချိန်မှန်စားတတ်ပြီး စားချိန်မှာလည်း တစ်နာရီထက်မနည်း အချိန်ယူကြောင်းပင် ဖြစ်သည်။ ထို့ပြင်သူသည် စားပွဲရုံအတွင်းသို့ ဝင်လာသမျှလူများကို မြင်တွေ့အကဲခတ်နိုင်သည့် သီးသန့်စားသောက်ခန်းအနီးရှိ စားပွဲတွင်သာ အမြဲပုံမှန်ထိုင်လေ့ရှိကြောင်းပင် ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် အလျှော့တကြီး မလုပ်ခဲ့ပေ။ ဘွစ်ဆန်အနေဖြင့် လုံခြုံစိတ်ချရဆဲပင်ရှိကြောင်း သူ့ကိုယ်သူ ယုံကြည်မှုပိုမိုခိုင်မြဲနေစေရန် ကျွန်ုပ်က လိုလားပေသည်။

× × ×

"ကဲ မွန်စီယာဘွစ်ဆန်ရဲ့ ကုတ်အင်္ကျီအောက်က သေနတ်ကို ယူလိုက်ကြပါဦး။ သူ့အနေနဲ့ သေနတ်ဆောင်ထားဖို့ မလိုတော့ပါဘူးလေ"

ကျွန်ုပ်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်ပြီး အစားအသောက် မီနူးစာတ်ပြားကို ကောက်ယူဖတ်ရှုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အခုကလေးတင်တောထဲက ဖြတ်ပြီး ခြေလျင်လျှောက်ခဲ့ရလို့ ဗိုက်သိပ်ဆာနေတယ်။ နေ့လည် ၁ နာရီထိုးတာနဲ့ ကျုပ်က စားနေကျပဲ။ ထိုင်ပါ ဘွစ်ဆန် … မင်းလည်း ကော်ဖီသောက်ဖို့ အချိန်ရပါသေးတယ်"

ကျွန်ုပ်က ဘွစ်ဆန်အား ကုလားထိုင်တစ်လုံးဆီသို့ ညွှန်ပြလိုက်သည်။ အားပါးတရ စားနေသော ကျွန်ုပ်ကို အတန်ကြာငေးကြည့်နေပြီးမှ ဘွစ်ဆန်က စတော်ဗယ်ရီသီးများယူလာရန် စားပွဲထိုးအား မှာလိုက်သည်။

"ဒီစတော်ဗယ်ရီသီးတွေကို ဒီနေ့ မနက် ကျုပ်ကိုယ်တိုင် ခြံထဲက ရွေးခူးထားတာ"

"ဖြစ်ရမယ်" ကျွန်ုပ်သည် စတော်ဗယ်ရီသီးတစ်လုံးကို မြည်းကြည့်လိုက်၏။

"တော်တော့်ကို အရသာရှိပေတာပဲ"

ကျွန်ုပ်၏စကားကိုကြားလျှင် ဘွစ်ဆန်က သူ့နှုတ်ခမ်းအစုံကို မဲ့ပြုံးပြုံးလိုက်၏။

"အင်း … ဒီအသီးတွေကို အခုလိုခင်ဗျားစားမယ်မှန်းသိထားရင် အဆိပ်ခပ်ထားလိုက်ပါတယ်။ တကယ်ပါ။ အမှန်အတိုင်းပြောတာ"

"ဟဲ … ဟဲ … ဟဲ" သူ့စကားကြောင့် ကျွန်ုပ်ရယ်လိုက်မိ၏။

"တို့တတွေရဲ့ သရုပ်ဆောင်လှည့်ကွက်ကလေးထဲကို မင်းဝင်တိုးမိခဲ့တာ ဘာကြောင့်လဲဆိုတာ ပြောစမ်းပါဦးကွ ဘွစ်ဆန်"

အတန်ကြာအောင် သူ စဉ်းစားနေလိုက်သေး၏။ ပြီးမှ "အင်း … ကားကြောင့်ပဲ ထင်တယ်။ ဒီလဟာ ရီလီမွန်ဆိုင်း ကားတစ်စီးပေါ်မှာ ရဲတွေစီးပြီး ပါလာလိမ့်မယ်လို့တော့ ထင်စရာအကြောင်းမရှိဘူးလေ"

"အေးလေ … ငါကတော့ ငါ့ရဲ့ ကိုင်တွယ်မှုကလေးတွေ ထူးချွန်နေလို့ပဲလို့ ထင်ပါတယ်။ ကဲ … ကဲ ကော်ဖီသောက်ပြီးပြီ မဟုတ်လား သွားကြစို့"

ဘွစ်ဆန်သည် တရားဥပဒေကို ရှောင်တိမ်း၍ ပြေးလွတ်မည်ထင်ခဲ့၏။ ထင်ထားသည့်အတိုင်းလည်း လှည့်ပတ်ရှောင်တိမ်းပြီး ပြေးပုန်းနေခဲ့၏။ သူ ယူဆသလို ဖြစ်မလာသောနေ့တွင်ကား သူ့ကို ဖမ်းမိပြီး ရက်သတ္တပါတ် အနည်းငယ်ကြာသောအခါ အီမလေဘွစ်ဆန်၏ ဦးခေါင်းနှင့်ကိုယ်အား ခေါင်းဖြတ်စက်ကြီးမှ ဖြတ်တောက်ခွဲထုတ်လိုက်လေတော့သတည်း။

**စလင်းညို (နီလာရိုင်းမြေ)**


(၁၉၆၂ ခုနှစ်လထုတ် Wide Workd မဂ္ဂဇင်းမှ Lynch Dare With Death by Don White Head ကို ဆီလျော်အောင် ဘာသာပြန်ထားပါသည်။)



www.burmeseclassic.com

www.burmeseclassic.com





ဆေးရုံပေါ်မှ
ဝိနှဓါသည်

ဖြစ်ရပ်မှန်စာပေဆောင်းပါး

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံပေါ်မှ စိန်ခေါသံ (သို့မဟုတ်)

စာပေကြိုးဝိုင်းအတွင်းမှ ဆရာ အောင်လင်းနှင့် ဆရာတက္ကသိုလ်ဘုန်းနိုင်

## အပိုင်း(၁)

### ပွဲဆူပွဲချောက်ဆရာများ

သဘောတားအမြင်၊ အယူအဆတွေ၊ ခံယူချက်၊ ယုံကြည်ချက်တွေ မတူကြလို့ အကြောင်းအားလျော်စွာ ဝေဖန်ကြ၊ ထောက်ပြကြ၊ ခုခံချေပကြတာတွေဟာ အထူးအဆန်းတော့ မဟုတ်ပါဘူး။ ဒီလိုဖြစ်စဉ်တွေ ဖြစ်ရပ်မျိုးဟာ စာပေသမိုင်းတလျှောက်မှာ ရှိခဲ့ဖြစ်ခဲ့ကြတာတွေပါပဲ။

ကိုယ့်ရဲ့သဘောတားအမြင် ခံယူချက်၊ ယုံကြည်ချက်တွေ အကြောင်း ရှင်းလင်းဖော်ပြရေးသားကြတာဟာ သင့်လျော်သလို ကိုယ်နဲ့မတူတဲ့ အခြားသူ တစ်ဦးတစ်ယောက်ရဲ့ သဘောတားအမြင်ခံယူချက်၊ ယုံကြည် ချက်တွေကို အပြုသဘောဆောင်ပြီး ကြောင်းကျိုးညီညွတ်စွာ ဝေဖန်ရေးသားကြတာမျိုးဟာလည်း လက်ခံထိုက်တာပဲလို့ ထင်မြင်မိပါတယ်။

အဲဒီလိုသဘောတားမျိုး မဟုတ်ဘဲ ပုဂ္ဂိုလ်စွဲတွေကိုရှေ့တန်းတင် အတ္တမာန၊ ပညာမာန အလံတံခွန်တွေထူ၊ ဒေါသတွေ၊ အာဃာတတွေနဲ့ ထုံမွမ်းပြီးအ,မနာပရှု.ချပြစ်တင်ပုတ်ခတ်တိုက်ခိုက်တဲ့ စာမျိုးတွေကို ဖတ် ရတဲ့အခါမှာတော့ အတော့်လေး စိတ်မချမ်းမြေ့ ဘဝင်မကျဖြစ်မိတာပါပဲ။

စာနယ်ဇင်းများရဲ့ စာမျက်နှာအချို့မှာ သင့်လျော်တယ် အပြုသဘောဆောင်တယ်။ ကြောင်းကျိုးညီညွတ်မျှတတယ်လို့ ယူဆနိုင်တဲ့ စာမျိုးကို တွေ့ရတတ်လို့ ဆင်ခြင်တွေးခေါ်မှု တွေ တိုးပွားလာသလို မလိုလားအပ်တဲ့ ပြစ်တင်ရှုံ့ချပုတ်ခတ်တိုက်ခိုက်တဲ့စာတွေကို ဖတ်ရတာမျိုးလည်း ရှိနေတာပါပဲ။

မှဆိုးထက် မုတ်ချောက်က ပိုပြီးကြောက်စရာကောင်းတယ်လို့ ကြားခဲ့မှတ်ခဲ့ရဖူးပါတယ်။ မုတ်ချောက်ဆိုတာ မုဆိုးကသားကောင်ကို ပစ်ခတ်နိုင်အောင် တောချောက်ပေးရတဲ့ သူကို ပြောတာဖြစ်မယ် ထင်ပါတယ်။ ဒီနေ့ စာပေလောကမှာ ပွဲမဆူဆူအောင် လုပ်တတ်တဲ့ ပွဲဆူဆရာတွေရှိနေသလို 'ငါတို့ ၏ဆရာကြီးသည်ကား' မှာဆိုလျှင် အစချီပြီး သတ္တိရှိရင် ငါတို့ဆရာကြီးနဲ့ ချမလားဆိုပြီး ရွာဆူအောင်ဘေးတီးပေးနေကြတဲ့ ပွဲချောက်ဆရာများကိုလည်း တွေ့နေရတတ်ပါတယ်။

စာပေစိစစ်ရေးမှဖြတ်ပယ်ခဲ့သောစာမူကို ပြန်လည်ဖော်ပြပါသည်

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်စွာ သဘောထား ကွဲလွဲခွင့်ဆိုတဲ့ အသုံးအနှုန်းကို ဗန်းပြပြီး ပွဲဆူအောင်လုပ်နေကြတဲ့ ပွဲဆူဆရာ၊ ပွဲချောက်ဆရာများအကြောင်း စဉ်းစားမိရာကနေ စာရေးသူလေးစား ကြည်ညိုတဲ့ စာရေးဆရာများထဲမှာ ရှေ့တန်းကပါဝင်တဲ့ ဆရာအောင်လင်းနဲ့ ဆရာတက္ကသိုလ်ဘုန်းနိုင်တို့ အကြောင်း အမှတ်ရနိုင်သရွေ့ ပြန်လည်စုစည်း ကြည့်မိပါတယ်။

## အပိုင်း (၂)

## ဆေးရုံပေါ်ကစိန်ခေါ်သံ

စာရေးသူဟာ ဆရာအောင်လင်းနဲ့ ဆရာတက္ကသိုလ်ဘုန်း နိုင်တို့ကို လေးစားကြည်ညိုမိပေမယ့် အဲဒီဆရာနှစ်ဦးစလုံးကို တွေ့မြင်သိကျွမ်းခဲ့ဖူးခြင်း မရှိပါ။ ဒါပေမယ့် ဆရာနှစ်ဦးနဲ့ တိုက်ရိုက် ပတ်သက်ခဲ့တဲ့ ဖြစ်ရပ်တစ်ခု ကိုတော့ အကြောင်းအားလျော်စွာ မှတ်မှတ်ထင်ထင် ထူးထူးခြားခြား ဦးဦးဖျားဖျား ကြုံကြိုက် သိရှိခွင့် ကြုံခဲ့ရဖူးပါတယ်။

အဲဒီအချိန်က စာရေးသူဟာ အလယ်တန်းကျောင်းသား အရွယ်မျှသာရှိပါသေးတယ်။ စာရေးသူရဲ့ ဦးလေး ဦးထွန်းလွင် ဆိုတာ စာပုံနှိပ်လုပ်ငန်းကို နှစ် ပေါင်းကြာရှည်စွာ ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ ဗိုလ်တထောင်၊ နိုင်ငံသစ်၊ ဂါးဒီး ယန်း၊ ကြေးမုံ၊ မဏ္ဍိုင်အစရှိတဲ့ သတင်းစာများအပါအဝင် သတင်းစာတိုက် အတော်များများ စာအုပ်တိုက်အတော်များများ ကျင်လည်ခဲ့သူဖြစ်ပါတယ်။

အမျိုးသားဂျာနယ်လို စာစောင်မျိုးကိုလည်း စာပုံနှိပ်ဆိုင် ရာလုပ်ငန်းကို တာဝန်ခံဆောင်ရွက်ခဲ့တာမှတ်မိနေပါတယ်။ အလွန်စိတ်သဘောထား ကောင်းပြီး လူချစ်လူခင် များလှတဲ့ ဦးလေးဦးထွန်းလွင်ဟာ အငြိမ်းစား ယူပြီးတဲ့နောက် အုတ်ကျင်းလှော်ရွေး လှော်ထုတ်စက်ရုံမှာ စားသောက်ဆိုင်လေး တစ်ဆိုင်ဖွင့်ပြီး လွန်ခဲ့တဲ့ ၂နှစ်လောက်က အဲဒီစက်ရုံဝင်း အတွင်းမှာပဲ ကွယ်လွန်ခဲ့ပါတယ်။

စာရေးသူတင်ပြမယ့် အကြောင်းအရာပေါ်ပေါက်ခဲ့တဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်ခန့် က နေ့တစ်နေ့မှာ ဦးလေးကခေါ်လို့ သူနဲ့အတူ ရန်ကုန်ဆေးရုံကြီးကို လိုက်သွားဖြစ်ခဲ့ပါတယ်။ ဆေးရုံကြီးရောက်တော့ သူကအပေါ်ထပ်ကို တက်သွား ပြီး စာရေးသူက အောက်မှာ စောင့်နေခဲ့ပါတယ်။ ဦးလေးပြန်ရောက်လာတဲ့အခါ ဆရာအောင်လင်းကို သွားတွေ့ရတာဖြစ်ကြောင်း ပြောပြပါတယ်။ အဲဒီအချိန်ဟာ ဦးလေးအလုပ် လုပ်နေတဲ့ စာအုပ်တိုက်က ဆရာအောင်လင်းရဲ့ လုံးချင်းဝတ္ထုတစ်ပုဒ်ကို ရိုက်နှိပ် ထုတ်ဝေနေ တဲ့အချိန်ဖြစ်ပြီး စာအုပ်က ရိုက်နှိပ်ပြီးစီးပြီး ဖြစ်ကာ ဆရာ့ရဲ့အမှာစာ ကျန်နေတဲ့အတွက် အမှာစာ စာမူလာယူတာ ဖြစ်ကြောင်းကိုလည်း ဦးလေးက ပြောပြပါတယ်။

ဆရာအောင်လင်းရဲ့ ပရိသတ်လည်းဖြစ် ဆရာရဲ့ စာအုပ် တော်တော်များများကို ဖတ်ရှုခဲ့သူဖြစ်တဲ့ စာရေးသူဟာ ဦးလေးယူလာတဲ့ အမှာစာကို စိတ်ဝင်တစား ဖတ်ကြည့်ဖြစ်ခဲ့ပါတယ်။ ဘယ်ဝတ္ထုမှာ

www.burmeseclassic.com

www.burmeseclassic.com



ရေးခဲ့တဲ့ အမှာစာ ဖြစ်တယ်ဆိုတာတော့ မမှတ်မိ တော့ပါဘူး။ ဆရာ့ရဲ့ စာအုပ်တွေမှာ ပြန်ရှာရင်တော့ တွေ့နိုင်မှာပါ။

ဆရာအောင်လင်းရဲ့ အမှာစာထဲမှာ ဆရာတက္ကသိုလ်ဘုန်းနိုင်နဲ့ ပတ်သက်တဲ့ အကြောင်းအရာ တစ်ရပ်ကို တွေ့ရပါတယ်။ မှတ်မိသလောက် အဲဒီ အမှာစာထဲမှာ ညစာစားပွဲတစ်ခုမှာလား၊ ညှိခံပွဲ ဒါမှမဟုတ် အခမ်းအနားတစ်ခုခုမှာလား မသိ။ သူနဲ့ ဆရာတက္ကသိုလ် ဘုန်းနိုင်တို့ တွေ့ကြတယ်လို့ ဆိုပါတယ်။ အဲဒီလိုတွေ့ဆုံ ကြတဲ့အခါမှာ ဆရာတက္ကသိုလ်ဘုန်းနိုင်က ဆရာအောင်သင်းကို ကိုတင်ဖေလို့ခေါ်ဆို နှုတ်ဆက်တယ်လို့ ဆိုပါတယ်။ ဆရာအောင်လင်းရဲ့ ကောက်ချက်ကတော့ ဆရာတက္ကသိုလ် ဘုန်းနိုင်ဟာ သူ့ကိုစာရေးဆရာ အောင်လင်းလို့ အသိအမှတ်မပြုဘဲ နာမည်ရင်း ကိုတင်ဖေလို့ ခေါ်ခဲ့တာဖြစ်မယ်လို့ ထင်မြင် ယူဆခဲ့တာဖြစ်ပါတယ်။ ဒါကို ဆရာအောင်လင်း မကျေမနပ် ဖြစ်ခဲ့ပုံရတာ တွေ့ရပါတယ်။

အဲဒီအကြောင်းကို ရေးရာမှာ ဆရာအောင်လင်း က ကားစီးယပ်ကလေးခေါ် မိုဟာမက်အလီ ဆိုတဲ့ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ ချန်ပီယံနဲ့ သူ့ရဲ့ပြိုင်ဘက် ဆန်နီလစ္စတန် တို့အကြောင်းထည့် သွင်း ဖော်ပြခဲ့ပါတယ်။ ကားစီးယပ်ကလေးခေါ် မိုဟာမက်အလီနဲ့ ဆန်နီလစ္စတန်ဆိုတဲ့ တစ်ချိန် က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ကြတဲ့ ကမ္ဘာ့ဟဲဗီး ဝိတ် လက်ဝှေ့ကျော်ကြီးတွေ အကြောင်းကို ဒီနေ့မျိုး ဆက်သစ်လူငယ်လေးတွေ အားကစားနဲ့ပတ် သက်ပြီး လေ့လာ ထားမှုမရှိလျှင် သိနိုင်ကြတော့ မှာ မဟုတ်ပေမယ့် လူလတ်ပိုင်း၊ လူကြီးပိုင်း ရောက်နေပြီ ဖြစ်သူတွေအဖို့တော့ သိသူတွေ များ ကြမှာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ ပြောစ မှတ်ပြုလောက်တဲ့ လက်ဝှေ့ပြိုင်ပွဲတွေကိုလည်း အထူးတလည် စိတ်ဝင်စားမှု ရှိ ခဲ့ကြသလို သူတို့ နှစ်ဦးရဲ့ လက်ရှိရှုံ့ပွဲကို ကမ္ဘာကျော်လက်ဝှေ့ပွဲ အဖြစ်

ဆရာနီလေးမောင်ဟာ အချိန်ကုန်၊ ငွေကုန်၊ လုပင်ပန်း ရတာကို ပဓာနမထားဘဲ အပယ်ခံရတဲ့ စာမူအတွက် စိတ်မသက်မသာနဲ့မြော်မဆုံး ဖြစ်နေတတ်ပါတယ်။ အဲဒီအပယ်ခံ စာမူပြန်လည် ဖော်ပြခွင့်ရဖို့ ကြိုးစားတတ်ပါတယ်။ သူကြိုက်နှစ်သက်လို့ ရွေးချယ်ထားတဲ့ စာမူတစ်ပုဒ် အပယ်ခံရလျှင် စိတ်ထိခိုက်ခံစားနေတတ်သူပါ။

နှစ်ပေါင်းများစွာ စာပေလောကထဲမှာ ကျင်လည်ဖြတ်သန်းလာခဲ့တဲ့ ဆရာနီလေးမောင်မှာ စာပေရေးသားခြင်းနဲ့ ပတ်သက်တဲ့ အတတ်ပညာပိုင်းဆိုင်ရာနဲ့ စာပေသဘောတရားရေးရာတွေကို ဖော် ထုတ်ထိန်းသိမ်းဖို့လည်း သတိမလစ်ခဲ့ပါဘူး။ ဒါဟာလည်း ဆရာနီလေးမောင်ရဲ့ စာပေဆိုင်ရာ ကြိုးပမ်းအားထုတ် မှုရဲ့ အကျိုးပြုရလဒ်တစ်စိတ်တစ်ပိုင်းလို့ ဆိုရပါမယ်

( စာရေးသူ )

www.burmeseclassic.com

www.burmeseclassic.com



အထူးတလည် စိတ်ဝင်စားမှု ရှိ ခဲ့ကြသလို သူတို့ နှစ်ဦးရဲ့ လက်ဇွေ့ပွဲကို ကမ္ဘာကျော်လက်ဇွေ့ပွဲ အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။

မိုဟာမက်အလီရဲ့ မူလအမည်က ကားစီးယပ်ကလေးဖြစ်ပါတယ်။ နောက်တော့သူ့ အမည်ကို မိုဟာမက်အလီလို့ပြောင်းခဲ့ပါတယ်။ အမည်သာမက သူ့ရဲ့ဘာသာရေး ယုံကြည်ချက်ကိုပါ ပြောင်းခဲ့တာ လို့ထင်ပါတယ်။ မိုဟာ မက်အလီ ဆိုတဲ့အမည်ကို သိပ်အလေးထား နှစ်သက်ပြီး သူ့အမည်ဟောင်း ကားစီးယပ်ကလေး လို့ခေါ်တာကို မလိုလား မနှစ်သက်သလို အဲဒီလိုအမည် တပ်အခေါ်ခံရလျှင် အကြီးအကျယ် ဒေါပွတတ်ပါတယ်။

လိပ်ပြာကလေးလို ပျံ့ဝဲပြီး ပျားပိတုံးလို တုတ်နိုင်တယ်ဆိုတဲ့ ကိုယ်ရည်သွေးဂုဏ်ပုဒ်ကို ဖော်ထုတ်ပြီး စိတ်ဓာတ်စစ် ဆင်ရေးသဘောနဲ့ ပြိုင်ဘက်ကို မခံချင်အောင် ကလိတာတ်၊ ရိတာတ်၊ စတာတ်၊ ဆွတာတ်သူလည်း ဖြစ်ပါတယ်။

ဆန်နီလစ္စတန်ဆိုတဲ့ သူ့ရဲ့ ပြိုင်ဘက်ကြီးကတော့ သူ့လို စကားမကြွယ်တဲ့အပြင် သူတစ် ပါးမခံချင်အောင် ကလိတာတ်၊ ရိတာတ်၊ စ,တာတ်၊ ဆွတာတ်သူလည်းမဟုတ်ပါဘူး။ ကြီးမားတုတ်ခိုင်တဲ့ သူ့ခန္ဓာကိုယ်ကြီးကို ရည်ညွှန်းပြီး အလီက သူ့ကို ဝက်ပုတ်ကြီးစတဲ့ အသုံးအနှုန်းမျိုးနဲ့ ပုတ်ခတ် တိုက်ခိုက်တာမျိုးကိုလည်း ခံရတာတ်ပါတယ်။

သူတို့နှစ်ဦး ထိုးသတ်ကြ မယ့် ပြိုင်ပွဲတစ်ခု မတိုင်မီ လုပ်ရိုးလုပ်စဉ်သဘောအရ ကိုယ် အလေးချိန် စစ်ဆေးကြရာမှာ သူတို့နှစ်ဦး ထိပ်တိုက်တွေ့ခဲ့ကြပါတယ်။ တွေ့ကြတယ်ဆိုလျှင်ပဲ အလီက ဆန်နီလစ္စတန်ကြီး မခံချင်အောင် ဒေါသဖြစ်အောင် စတာဆွတာတွေ လုပ်ပါတယ်။ အဲဒီအခါမှာ လစ္စတန်က ဟေ့ကောင်…. ကားစီးယပ်ကလေး လို့သူ မကြိုက်နှစ်သက်တဲ့ နာမည်ဟောင်းကိုခေါ်ပြီး အလီကို တုန့်ပြန်လိုက်ပါတယ်။

သူမကြိုက် မနှစ်သက်တဲ့ နာမည်ဟောင်းကို ခေါ်ဝေါ် သုံးစွဲခံလိုက်ရတဲ့အတွက် အလီဟာ မခံမရပ်နိုင်ဖြစ်သွားခဲ့ပုံ ရပါတယ်။ သူက ဆန်နီလစ္စတန်ကို ကြိမ်းဝါးခြိမ်းချောက်ခဲ့ပါတယ်။ "ဟေ့ဝက်ပုတ်ကြီး ငါဟာ ကားစီးယပ်ကလေးလား၊ မိုဟာမက်အလီလားဆိုတာ ကြိုးဝိုင်းထဲရောက်ရင် မင်းသိစေရမယ်။ ကြိုးဝိုင်းထဲမှာ တွေ့ကြသေးတာပေါ့" လို့စိန်ခေါ်သံ ပေးခဲ့ပါတယ်။

တကယ်တမ်း လက်ဇွေ့ ကြိုးဝိုင်း ထဲမှာတွေ့ပြီး အကြိတ်အနယ် ထိုးသတ်ကြတဲ့အခါ လိပ်ပြာကလေးလိုပျံ့ဝဲပြီး ပျားပိတုံးလို တုတ်နိုင်တယ်လို့ သူ့ကိုယ်သူ အမွှန်းတင်ကြွေးကြော်ခဲ့တဲ့ အလီဟာ ပြိုင်ဘက် ဆန်နီလစ္စတန် ကိုအနိုင်ရအောင် ထိုးသတ်နိုင်ခဲ့ပါတယ်။ အနိုင်ရလိုက်တဲ့အခါမှာ အလီဟာ ပြိုင်ဘက်လစ္စတန်ကို ကြည့်ပြီး "ဟေ့ငါဟာ ကားစီးယပ် ကလေးမဟုတ်ဘူး။ မိုဟာမက်အလီသာဖြစ်တယ်ဆိုတာ သိပြီ မဟုတ်လား" လို့ ဟစ်အော် ကြုံးဝါးခဲ့ပါတယ်။

ဒီဖြစ်ရပ်ကို ရည်ညွှန်းပြီး နာမည်ရင်း ကိုတင်ဖေ လို့ခေါ်ခဲ့တဲ့ ဆရာတက္ကသိုလ်ဘုန်းနိုင်ကို ဆရာ အောင်လင်းက သူဟာ တင်ဖေလား၊ အောင်လင်းလား ဆိုတာကို စာပေကြိုးဝိုင်းထဲမှာ ရှင်းကြတာ

www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်ရပ်မှန် စာပေဆောင်းပါး

လောကကိုသာ ရေးခဲ့ရတာဖြစ်လို့ ပြည့်စုံတိကျမှု မရှိ လစ်ဟာချွတ်ယွင်းမှုရှိခဲ့လျှင် သည်းခံစေလို ပါတယ်)

ဆရာအောင်လင်းက သူ့ စာအုပ်အတွက် အမှာ (သို့မဟုတ်) နိဒါန်းကို ကော်ပီစာအုပ်မှာ စာရွက်အချို့ကိုဖြုတ်ယူပြီး ရေးပေးခဲ့တာပါ။ ဆေးရုံမှာ တက်ရောက်ကုသနေရစဉ် ရေးပေးခဲ့ရလို့လား မသိ။ ဆရာ့လက်ရေးတွေက ခပ်သော့သော့ ဖြစ်နေတယ်လို့ ထင်ပါတယ်။

### အပိုင်း (၃)

### စာပေသစ်တပ်ဦးက ဆရာအောင်လင်း

စာရေးသူ မှတ်သားမိသရွေ့ စာပေနယ်မှာ ဆရာအောင်လင်းဟာ ဆရာတက္ကသိုလ်ဘုန်းနိုင်ထက် အချိန်စောပြီး အောင်မြင်မှု ရခဲ့တယ်လို့ ထင်ပါတယ်။ (စာရေးသူရဲ့အမြင်သာဖြစ်ပါတယ်) ဆရာအောင်လင်းအကြောင်း ပြောရင် စာပေသစ်လို့ခေါ်တဲ့ စာပေအယူအဆတစ်ရပ် အကြောင်း မပါလျှင် ပြည့်စုံမှာမဟုတ်ပါဘူး။

'စာပေသစ်' ဆိုတဲ့ အယူ အဆဟာ ၁၉၅၀ ခုနှစ်ဝန်းကျင်လောက်မှာ ပေါ်ပေါက် လာခဲ့တာဖြစ်တယ်လို့ မှတ်သားမိပါတယ်။ စာပေသစ်သမားတွေက စာပေဟောင်းကို ဆန့်ကျင်ကြပါတယ်။ စာပေဟောင်းဆိုတာ ပဒေသရာဇ်စာပေ၊ အရင်းရှင်စာပေတွေ ဖြစ်ကယ်လို့ သူတို့ကသတ်မှတ်ပါတယ်။ စာပေဟောင်းတွေက အလုပ်သမား၊ လယ်သမား၊ လူတန်းစားနဲ့ ဆန့်ကျင်တယ်။ အရင်းရှင်လူ့ဘောင်ကို ချီးကျူးတယ်။ လူထုရဲ့ တော်လှန်ရေးကို အသိအမှတ်မပြု၊ ဒါမှမဟုတ် အလေးအနက်မထားဘဲ အရင်းရှင် လူနည်းစုရဲ့ အကြောင်းကိုသာ ရေးဖွဲ့ကြတယ်။ အခြေခံလူတန်းစား ပြဿနာတွေကို မျက်ကွယ်ပြုတဲ့ ဖောက်ပြန်တဲ့ စာပေဖြစ်တယ်လို့ ဆိုပါတယ်။

စာပေသစ်သမားတွေရဲ့ အဆိုအရ စာပေသစ်သမားတွေဟာ အခြေခံလူတန်းစားတွေ ဘက်မှာနေတယ်။ လူထုရဲ့တော်လှန်ရေးနဲ့ လူထုရဲ့ဘဝကို ဖော်ထုတ်တယ်။စာပေဟောင်း သမားတွေက လက်ရှိ လူမှုရေးစနစ်ကို ကျေနပ်ရောင့်ရဲကာ ခေတ်ကို နောက်ပြန်ဆွဲနေပေမယ့် စာပေသစ်သမားတွေကတော့ အရင်းရှင်လူ့ဘောင်ကို ဝေဖန်စစ်ဆေးတယ်။ အရင်းရှင်လူမှုရေးစနစ် ကို မကျေနပ်လို့ ရှေ့ကိုတိုးတက်အောင် ဦးတည်လှုပ်ရှားတယ်။ ဒါတွေသည်ပင် စာပေသစ်ဝါဒဖြစ်တယ်လို့ ဆိုကြပါတယ်။ စာရေးသူမှတ်သားမိသရွေ့အဲဒီ စာပေသစ်အယူအဆ ကိုဖော်ဆောင်တဲ့ စာပေသစ် မဂ္ဂဇင်းဟာ ၁၉၅၀ပြည့်နှစ် နှစ်ဦးပိုင်းလောက်မှာ ထုတ်ဝေခဲ့တာ ဖြစ်ပြီး အမှတ်ငါး(၃) အထိသာ ထုတ်ဝေနိုင်ခဲ့ပြီး ရပ်ဆိုင်းသွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စာပေသစ်အယူအဆကို ကိုင်စွဲကာ ဦးဆောင်ခဲ့သူတွေအထဲမှာ ဆရာအောင်လင်းဟာ ထင်ရှားသူတစ်ဦး ဖြစ်ပါတယ်။ စာပေသစ် မဂ္ဂဇင်း အယ်ဒီတာ အဖွဲ့ဝင်များ ဖြစ်ကြတဲ့ ဆရာ မောင်ကြည်လင်း၊ ဆရာမြသန်းတင့်၊ ဆရာကျော်အောင်၊ ဆရာသန်းတင် တို့နဲ့အတူ ဆရာအောင်လင်းဟာ စာပေသစ် အယူအဆကို ကိုင်စွဲပြီး ဦးဆောင်ခဲ့ပါတယ်။

စာပေသစ်ရဲ့ အဦးအစ ကာလမှာ ဆရာဒဂုန်တာရာ ပါဝင်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ဆရာအောင်လင်းနဲ့ အမြင်မတူ၊ သဘောကွဲလွဲမှုဖြစ်ခဲ့လို့ ဆရာတာရာဟာ စာပေသစ် အုပ်စုကနေ လမ်းခွဲထွက်ခဲ့ပါတယ်။ မိုဟာမက်အလီနဲ့ ဆန်နီလစ္စတန်ကို နှိုင်းယှဉ်ပြီး စာပေကြိုးဝိုင်း မှာတွေ့ကြမယ်လို့ စိန်ခေါ်ခဲ့တဲ့ ဆရာအောင်လင်းဟာ အဲဒီတုန်းကလည်း သူနဲ့အမြင်မတူတဲ့ ဆရာ ဒဂုန်တာရာရဲ့ စာပေသစ်ဆိုတာ သရုပ်ပျက်စာပေသစ်သာ ဖြစ်တယ်လို့ ဝေဖန်ခဲ့ပါတယ်။

စာရေးသူတို့ လူငယ်ဘဝမှာ ဆရာအောင်လင်းဟာ စာရေးသူတို့လို လူငယ်စာဖတ်ပရိသတ် များအပါအဝင် စာဖတ်ပရိသတ် အများစုကြီးအပေါ် ဩဇာကြီးမားစွာ လွှမ်းမိုးခဲ့တဲ့ စာရေး ဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ သူယုံကြည်တဲ့ သူကိုင်စွဲတဲ့ သူကြွေးကြော်တဲ့ အတိုင်းအခြေခံ လူတန်းစားတွေဘက်က ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ပါတယ်။ အရင်းရှင်လူ့ဘောင် အဖွဲ့အစည်း၊ အရင်းရှင်ယဉ်ကျေးမှု၊ အရင်းရှင်လူမှုရေး စနစ်ရဲ့သရုပ်သကန်တွေကို ဖော်ထုတ်ရှုံ့ချတဲ့ ဆရာအောင်လင်းရဲ့ အောင်မြင်ထင်ရှားတဲ့ စာပေမှတ်တိုင် အများအပြားကို စိုက်ထူနိုင်ခဲ့ပါတယ်။

ဆရာမောင်ကြည်လင်း၊ ဆရာ မြသန်းတင့်၊ ဆရာကျော်အောင်၊ ဆရာသန်းတင် စသူတို့နဲ့အတူ စာပေသစ်အယူအဆကို အခိုင်အမာကိုင်စွဲရပ်တည်လာခဲ့တဲ့ ဆရာအောင်လင်းကို နောက်ပိုင်းကာလ အချိုးအကွေ့တစ်ခုမှာ ဆရာမြင့်ကျော်၊ ဆရာမြင့်နီ၊ ဆရာကရမက် အစရှိတဲ့ အသည်းကွဲစာပေတွေကို ရေးသားကြသူများလို့ အချို့ကရေးသား ဝေဖန်ခံရတဲ့ လူငယ်စာရေးဆရာအုပ်စုကို ဦးဆောင်သူ အဖြစ်လည်း သတ်မှတ်ရေးသားခဲ့ကြတာမျိုးလည်း ရှိခဲ့ပါတယ်။

ဆရာအောင်လင်းရဲ့ အုပ်စုထဲကလို့ သတ်မှတ်ခံရတဲ့ ဆရာမြင့်နီက ဆရာတက္ကသိုလ်ဘုန်းနိုင်ကို နေရှင်ပေါက်စ၊ ပညာတတ်လူတန်းစား၊ စာရေးဆရာတစ်ဦးအဖြစ်သတ်မှတ်ကာ ပြုပြင်ပြောင်းလဲမှုတိုးတက်မှုမရှိတဲ့ စာရေးဆရာအဖြစ်ပါ ရှုတ်ချတိုက်ခိုက်ခဲ့တာ တွေ့ရပါတယ်။ ဆရာဘုန်းနိုင်ရဲ့ ဇာတ်ကောင်တွေဟာ လက်ဝဲစိတ်ဆုပ်တာ



www.burmeseclassic.com



အရင်းရှင်လူတန်းစားကို အခြေခံထားပြီး ခန်းနားထည်ဝါလှတဲ့ အဆောင်အယောင် တွေကြားမှာ ကြောင်နေသူဖြစ်ကြောင်း။ ဆရာဘုန်းနိုင်ဟာ ဖောက်ပြန်တဲ့ လက်ယာအယူသီး စာရေးဆရာဖြစ်ကြောင်း အနုပညာသည် အနုပညာအတွက် ဖြစ်သည်။ (Art For Art Sake) ဆိုတဲ့ ပျက်စီးပုပ်သိုးနေတဲ့ အယူအဆကိုစွဲမြဲစွာ လက်ခံပြီး ဆိုရှယ်လစ်သရုပ်မှန် စာပေကို ဆန်ကန်းတောတိုး ဝေဖန်တိုက်ခိုက်သူဖြစ်ကြောင်း စသည်ဖြင့် ဝေဖန်တိုက်ခိုက်တာ မျိုးလည်းရှိခဲ့ပါတယ်။

ဆရာမြင့်နီက အထက်ပါအတိုင်း ဆရာဘုန်းနိုင်ကို ဝေဖန်တိုက်ခိုက်ခဲ့တာ တွေ့ရပေမယ့် ဆရာအောင်လင်းကိုယ်တိုင်ကတော့ အဲဒီလိုမျိုး ပုဂ္ဂိုလ်ရေး တိုက်ခိုက်တာမျိုး မရှိခဲ့ဘူးလို့ ထင်ပါတယ်။ (ရှိခဲ့ပါလျက် စာ ရေးသူမသိခဲ့တာလည်း ဖြစ်နိုင်မလား မသိပါ) လက်ဝှေ့ကြိုးဝိုင်းအတွင်းမှာ မိုဟာမက်အလီက ဆန်နီလစ္စတန်ကို သဲသဲမဲမဲ အငြိုးကြီးကြီးနဲ့ အလဲထိုးတာမျိုးလုပ်ခဲ့ပေမယ့် စာပေကြိုးဝိုင်းထဲမှာ တွေ့ကြမယ်လို့ စိန်ခေါ်ခဲ့တဲ့ တိုင်အောင် စာပေကြိုးဝိုင်းအတွင်းမှာ ဆရာဘုန်းနိုင်အပေါ် ပုဂ္ဂိုလ်ရေး အာဃာတ အငြိုးအတေးနဲ့ အလဲထိုးရာ ရောက်စေတဲ့အလုပ်မျိုးကိုတော့ ဆရာအောင်လင်း မလုပ်ခဲ့ဘူးလို့ဆိုချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာအောင်လင်းဟာ 'တရားကိုယ် သဘောသည် ပထမ၊ ပုဂ္ဂိုလ်ရေးသည် ဒုတိယဖြစ်ရမယ်' (Case Will be the first, person will be the second) ဆိုတဲ့မူကို အစဉ်စွဲကိုင်ထားသူ ဖြစ်ကြောင်း သူ့စာတွေထဲမှာ တွေ့နိုင်လို့ပဲ ဖြစ်ပါတယ်။

ဆရာအောင်လင်းဟာ ဆရာဒဂုန်တာရာကို ဝေဖန်ရှုံ့ချခဲ့ကြောင်း အထက်မှာ ဖော်ပြခဲ့ပါတယ်။ အဲဒီလိုဝေဖန်တာနဲ့ ပတ်သက်လို့ ဆရာဒဂုန်တာရာက သူ့အစဉ်တစိုက် ကိုင်စွဲလာခဲ့တဲ့ 'ရန်သူမရှိ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ ချစ်သူသာရှိ' ဆိုတဲ့မူအရ ဆရာအောင်လင်း ကိုပုဂ္ဂိုလ်ရေးအရ တုန့်ပြန်ဝေဖန်တာမျိုးလုပ်ခဲ့တာ မတွေ့ရပါဘူး။ နောက်ပိုင်းကာလများမှာလည်း ဆရာဒဂုန်တာရာနဲ့ ဆရာအောင်လင်းတို့ဟာ ပုဂ္ဂိုလ် ရေးအာဃာတတွေ အငြိုးအတေးတွေ မပါဘဲ ရင့်ကျက်တည်ငြိမ်စွာ တွေ့ဆုံနိုင်ခဲ့တဲ့အကြောင်း၊ ဆရာဒဂုန်တာရာရဲ့ စာတွေမှာ တွေ့ရပါတယ်။ ကိုယ်ယုံကြည်ရာကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ကြပေမဲ့ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ဆိုတာကို အလေးအနက် လက်ခံကျင့်သုံးကြတဲ့ အဲဒီဆရာကြီးများရဲ့ အမူအကျင့်နဲ့ ရည်တည်ချက်ကို ငါနဲ့မတူ ငါ့ရန်သူလို့ သတ်မှတ်ကာ ရုပ်ပျက်ဆင်းပျက် ထိုးနက်တိုက်ခိုက်တတ်သူတွေ အတုယူသင့်တယ်လို့ ထင်ပါတယ်။

စာပေဟောင်းဆိုတာတွေကို ဆန့်ကျင်တော်လှန်ပြီး စာပေသစ် ဆိုတဲ့အလံတံခွန်ကို လွှင့်ထူဖြတ်သန်းလာခဲ့တဲ့ ဆရာအောင်လင်း ဟာ စာပေဆိုတာ ပြည်သူ့အတွက် ဖြစ်ရမယ်။ ပြည်သူ့ဘက်က ရပ်တည်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့အတူ သူယုံကြည်ချက်အတိုင်း တစိုက်မတ်မတ် မသွေမဖည် ရပ်တည်ခဲ့ပါတယ်။ အရင်းရှင်လူ့အဖွဲ့ အစည်းနဲ့ လူမှုစနစ်ကို ဖော်ထုတ်တာ ဝေဖန် တိုက်ခိုက်ခဲ့ပါတယ်။ အခြေခံလူတန်းစား [illegible]

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ယဉ်ကျေးမှု အနုပညာဘက်က ရဲရဲဝံ့ဝံ့ ရပ်တည်ခဲ့ပါတယ်။

အနုပဋိလောမအဖွင့် မဟာစာနိဒါန်း လိုစာမျိုး အပါအဝင် အရိုင်းစပယ်၊ ဗေဒါ၊ မောင့်မမငြိမ်း၊ တရံရောအခါ၊ နစ်လေသူတစ်ဦး၊ နီလာ၊ ရွှေဝတ်မှုံ၊ ပစ်တိုင်းထောင်၊ ခြေဖဝါးတော်နနု ၊စိန် သို့မဟုတ် စိမ်၊ ရင်ပွင့်လေသောအခါ စသည့်..စသည့်... စသည့်အောင်မြင် ကျော်ကြားလူကြိုက် များလှတဲ့ ဝတ္ထုရှည် ပေါင်းများစွာ၊ ဝတ္ထုတိုပေါင်း များစွာကို ရေးဖွဲ့ပြီး မြန်မာစာပေနယ်မှာ စာရေးဆရာကြီး အောင်လင်းရယ်လို့ မှတ်မှတ်ထင်ထင် ကမ္ပည်း တင်နိုင်ခဲ့သူ ဖြစ်ပါတယ်။

ဆရာအောင်လင်းရဲ့ ဩဇာ လွှမ်းမိုးခံကြရ သူတွေ၊ ဆရာအောင်လင်းရဲ့ အမာခံပရိသတ် တွေ ဒုနဲ့ဒေး၊ အုံနဲ့ကျင်းနဲ့ ရှိနေဆဲဖြစ်ပါတယ်။ မြန်မာ့တေးဂီတ အနုပညာကိုလည်း ကျွမ်းဝင်နှံ့ စပ်၊ တေးသီချင်းများကို ကိုယ်တိုင်ရေးဖွဲ့၊ တီး ခတ်နိုင်တဲ့ ဆရာအောင်လင်းဟာ သူယုံကြည်ရာ ကိုဘာမဆို လုပ်ရဲသူလည်း ဖြစ်ပါသေးတယ်။ သူဟာစာပေနဲ့ ဂီတလောကမျှ သာမက ရုပ်ရှင် နယ်မှာပါ။ ကိုယ်တိုင်ပါဝင်ရေးဖွဲ့ သရုပ်ဆောင်ခဲ့ရ သူလည်း ဖြစ်ပါတယ်။

ဆရာအောင်လင်းရဲ့ စာအုပ်တွေကို အုပ်ရေ ပေါင်းများစွာ အကြိမ်ပေါင်းများစွာ ရိုက်နှိပ် ထုတ်ဝေခဲ့တဲ့အပြင် အောင်မြင်ကျော်ကြားတဲ့ ဆရာ့ရဲ့ဝတ္ထု တွေဟာလည်း အောင်မြင်ထင်ရှားတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ဖြစ်လာခဲ့ တာပါပဲ။ ဒီမျှ လောက်နဲ့ပဲ စာပေသစ်တပ်ဦးက ဆရာအောင် လင်းရဲ့ အကြမ်းဖျင်း ရုပ်ပုံလွှာကို ခြုံငုံမိလောက်ပြီ ထင်ပါတယ်။

## နိုင်မြဲတဲ့ စာပေပညာရှင်

ဆရာတက္ကသိုလ်ဘုန်းနိုင်ဟာ ညီမလေးရယ် စိုးရိမ်မိတယ် ဝတ္ထုမရေးဖွဲ့မီအချိန် အတော်စောစော ကတည်းက စာတွေရေးခဲ့တယ် လို့သိရပေမယ့် စာရေးသူကတော့ 'ညီမလေးရယ်စိုးရိမ်မိတယ်' ဝတ္ထုကစပြီး ဆရာဘုန်းနိုင်ကို မှတ်မှတ်ထင်ထင် ဖြစ်ခဲ့တာပါ။ အဲဒီအခန်းဆက်ဝတ္ထုရှည်ကြီးဟာ အလွန်ဆွဲဆောင်မှုရှိတဲ့ ဖတ်ကောင်းတဲ့ ဝတ္ထုရှည် တစ်ပုဒ်ဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီး အင်အား ကြီးမားတဲ့ အမာခံပရိသတ်နဲ့အတူ တက္ကသိုလ် ဘုန်းနိုင်ဆိုတဲ့ ထင်ရှားတဲ့ကလောင်တစ်လက်ဟာ စာပေနယ်မှာ ထည်ထည်ဝင်ဝင် ပေါ်လွင်လာခဲ့ တယ်လို့ ထင်ပါတယ်။

စာဖတ်ပရိသတ်ကို ဆွဲဆောင်နိုင်တဲ့ လက်က မချနိုင်လောက်အောင် ဖတ်လို့ကောင်းတဲ့ စာတွေ အဖြစ် ဆရာ့ရဲ့စာတွေကို စဉ်ဆက်မပြတ် ဖတ်ခဲ့ ပေမယ့် ဆရာ့အပေါ်မှာ အမြင်မကြည်လင်နိုင်။ ဘဝင်မကျနိုင်တာတွေ ရှိခဲ့ဖူးပါတယ်။' အဲဒီအချိန် က စာရေးသူတို့ မမှီမကမ်း၊ မပြည့်မစုံဖတ်ရှုလေ့ လာပြီး ဝေဝေဝါးဝါးနဲ့ လက်ခံယုံကြည်ခဲ့တဲ့ လက် ဝဲအယူအဆကို ဆန့်ကျင်ဝေဖန်တိုက်ခိုက်တဲ့ စာ တွေလို့ ထင်မြင်ယူဆခဲ့တဲ့ အတွက်ဖြစ်ပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ ဆရာမြင့်နီတို့လို ဆရာများရဲ့ ကောက်ချက်တွေနဲ့လည်း ဆရာဘုန်း နိုင်ကိုရော သူ့စာတွေကိုပါ တိုင်းတာမိတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုး
ဒေးဂုံငပါ
မှ
ဇိန်ဝေါသံ
ပြစ်ရုပ်မှန် တပေဆောင်းပါး

စိတ္တဗေဒပညာရပ်ကို အခြေပြုပြီး လူတစ်သောင်း မှာတစ်ယောက်၊ လူတစ်သိန်းမှာ တစ်ယောက် လောကသာ ရှိနိုင်တဲ့ဇာတ်ကောင်တွေကို ဖန်တီး ပြီး စကားလုံးအလှအပ အနုအရွလေးတွေနဲ့ တန်ဆာဆင်ရေးဖွဲ့တတ်တဲ့ စာရေးဆရာတစ်ဦးလို့လည်း ထင်မှတ်ခဲ့ဖူးတာပါပဲ။

အချိန်ကာလအားလျော်စွာ ဆရာဘုန်းနိုင်ရဲ့ အရေးအဖွဲ့တွေဟာ ရှေးရိုးရေးစဉ်တွေနဲ့မတူ ကွဲပြားကာ တမူထူးခြားမှုတွေ ရှိလာတယ်လို့ထင်မြင်ယူဆလာတာနဲ့အမျှ ဉာဏ်မီသလောက် ဆန်းစစ်လေ့လာမှုတွေ ပြုခဲ့တဲ့အပြင် ဆရာ့ရဲ့ စာပေအယူအဆ၊ အတွေးအမြင်၊ ရှင်းပြချက်တွေ ကို ဖတ်ခွင့်သိခွင့်ရလိုက်တဲ့ အခါမှာတော့ ဆရာ့အပေါ် အမြင်မကြည်လင် ဘဝင်မကျတာတွေ ပျောက်ကွယ်ခဲ့ရပါတော့တယ်။

တချိန်တုန်းက မြန်မာစာပေနယ်မှာ အနုပညာသည် ပြည်သူ့အတွက်ဖြစ်တယ်။ (Art for the people) အနုပညာသည် အနုပညာအတွက်ဖြစ်တယ်။ (Art for Art Sake) ဆိုတဲ့ အယူအဆနှစ်ရပ်နဲ့ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ငြင်းခုံခဲ့ကြတာတွေ့ရှိခဲ့ပါတယ်။ ဆရာဘုန်းနိုင်ဟာ အနုပညာသည် အနုပညာအတွက်ဖြစ်တယ်ဆိုတဲ့ အယူအဆကို လက်ခံကျင့်သုံးသူဖြစ်တယ်လို့ ဝေဖန်တာတွေ ရှိခဲ့ပါတယ်။

အနုပညာသည် အနုပညာအတွက်ဆိုတာကို အတော်နားလည်ဖို့ခက်တယ်လို့ သူရေးခဲ့ဖူးတဲ့ အကြောင်း အဲဒီလိုရေးခဲ့တာဟာလည်း အဲဒီအချိန်က သူကိုယ်တိုင် တကယ့်ကိုနားမလည်လို့ ရေးခဲ့တာဖြစ်ကြောင်း ဆရာဘုန်းနိုင်က ရိုးရိုးစင်းစင်းပဲ ရှင်းပြခဲ့ပါတယ်။ နောက်ပိုင်း ဆက်လက်ရှင်းပြရာမှာတော့ အနုပညာသည် အနုပညာအတွက်ဆိုတဲ့ဝါဒဟာ ဒီလောက်ကြီးကျယ်တဲ့ အယူဝါဒကြီး မဟုတ်ပါဘူး။ ဒီလောက်ကြီးလည်း အဖက်လုပ်ရေးနေစရာ မဟုတ်ပါဘူးလို့ ရှင်းရှင်းလင်းလင်း ရေးခဲ့ပါတယ်။

အနုပညာသည် အနုပညာအတွက်ဆိုတဲ့ ဝါဒဟာ နိုင်ငံခြားကဝင်လာတဲ့ စာပေဝါဒဖြစ်တယ်။ တော်တော်သတိထား ကြည့်ဖို့လိုတယ်။ အရှေ့တိုင်းမှာ ထွန်းကားနေတဲ့ အဘိဓမ္မာတွေနဲ့ အနောက်ပိုင်းမှာ ထွန်းကားနေတဲ့ အဘိဓမ္မာတွေ မတူတာတွေရှိတယ်။ ကလပ်တစ်ကယ်လစ်ဇင်း ဆိုတဲ့စာကြီးပေကြီးဝါဒ အဲဒီနောက် ရိုမင်းတစ်ဇင်း၊ ရီရယ်လစ်ဇင်းစတဲ့ အယူဝါဒတွေဟာ မြန်မာနိုင်ငံမှာ သီပေါမင်းခေတ် မရောက်ခင်ကတည်းကပေါ်ပေါက်ခဲ့တဲ့ အယူဝါဒတွေဖြစ်ပြီး သူ့သမိုင်းကြောင်း သူ့ဝါဒနဲ့သူ ဖြစ်ခဲ့တာတွေဖြစ်တယ်။ ဒါတွေကို ၁၉၄၈ ခုနှစ်လောက်ကျမှ သွင်းလာတဲ့ခါ ကျတော့ ဒါတွေက ဟိမာပြီးနေပြီး ကို[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို ရေးကြီးခွင်ကျယ် လုပ်နေကြတာလို့လည်း ဆရာဘုန်းနိုင်က ထောက်ပြရှင်းလင်းခဲ့ပါတယ်။

အနုပညာသည် အနုပညာအတွက် ဆိုတာနဲ့ ပတ်သက်လို့ ဆရာမကြီးဒေါ်ခင်မျိုးချစ်က "မရှိတော့ပြီဖြစ်တဲ့ ပျောက်သွားပြီဖြစ်တဲ့ ဒီလောကမှာ ဘယ်ရောက်သွားမှန်းမသိတဲ့ ငှက်တစ်ကောင်ကို လိုက်ပစ်မနေပါနဲ့တော့" လို့ ပြောခဲ့တာကို ရည်သန်ပြီး အနုပညာသည် အနုပညာအတွက်ဆိုတဲ့ အယူဝါဒဟာ မရှိတော့တဲ့ ငှက်၊ ပျောက်သွားခဲ့တဲ့ငှက် ဘယ်ရောက်သွားမှန်းမသိတော့ဘူး။ အဲဒါကြီးကို တချို့က ရှိန်းနိုးနဲ့ သေနတ်နဲ့လိုက်ပစ်နေတာမျိုးလည်း ရှိသေးတယ်လို့ ဆရာဘုန်းနိုင်က ဆိုခဲ့ပါသေးတယ်။ ဒါဆို့ အနုပညာသည် အနုပညာအတွက် ဆိုတာနဲ့ပတ်သက်တဲ့ ဆရာဘုန်းနိုင်ရဲ့ အမြင်နဲ့ ခံယူချက်ဟာ ရှင်းသွားပြီလို့ဆိုရမှာ ဖြစ်ပါတယ်။

ဆရာဘုန်းနိုင်ဟာ ပွင့်လင်းသူဖြစ်ပါတယ်။ အနုပညာသည် ပြည်သူ့အတွက်ဆိုတာနဲ့ပတ်သက်လို့ အဲဒီအယူဝါဒက နည်းနည်းခန့်ခန့်ငြားငြားရှိတယ်။ လူလေးစားစရာရှိသလို စင်မြင့်ပေါ်ကနေလည်း ပြောလို့ကောင်းတယ်။ ကြည်ညိုစရာလိုလို ဘာလိုလိုဖြစ်တော့ တကယ့်ကာယကံမြောက် ရောက်မရောက်မသိပေမယ့် ကိုယ်ကတော့ ရောက်တယ်လို့ အော်လိုက်တယ်။ ပြီးတော့ ကိုယ်နဲ့ စိတ်တိုင်းမကျရင် သူ့ဥစ္စာက အနုပညာသည် အနုပညာအတွက်ကြီးပါလို့ အုပ်ထည့်လိုက်တယ် စသည်ဖြင့် ရှင်းပြပါတယ်။

ပြည်သူ့အတွက် အနုပညာလို့ဆိုပြီး ဟိုလူ့အတွက် အနုပညာလုပ်နေတာကော့ မကြိုက်ဘူးလို့ဆိုခဲ့လို့ တချို့လူတွေက အယူအကောက်မှားပြီး ဒီကောင် ပြည်သူ့အနုပညာကို စော်ကားတယ်ဆိုပြီး ဒေါပွခံခဲ့ရကြောင်း ပြန်ရှင်းပြရာမှာ ပြည်သူ့အတွက် အနုပညာဆိုတာကို လေသံနဲ့တပ်ရုံ မပြီးဘူး။ အလုပ်နဲ့ပြရမယ်လို့ ဆိုလိုတာဖြစ်ကြောင်း ရှင်းပြခဲ့ပါတယ်။

ပြည်သူ့အတွက် အနုပညာဆိုတဲ့ သဘောကို လက်ခံတယ်။ ကြည်ညိုလေးစားတယ်လို့ ဆရာဘုန်းနိုင်က ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ထုတ်ဖော်ရှင်းပြခဲ့ပါတယ်။ ပြည်သူ့အတွက် စာပေဆိုတာကို ကရင်မလင်က ဆုံးဖြတ်မှာလားလို့ ကလိခဲ့တာကိုလည်း ဆရာဘုန်းနိုင်က ထုတ်ဖော်ပြောဆိုခဲ့ပါသေးတယ်။ ပြည်သူ့အတွက် စာပေ၊ ပြည်သူ့အတွက် အနုပညာဆိုတာကို ပါးစပ်က ပြောနေရုံ အော်နေရုံနဲ့မဖြစ်ဘူး။ လက်တွေ့လုပ်ရပ်နဲ့ပြရမယ်။ အဲဒီအနုပညာ၊ အဲဒီစာပေဟာ ပြည်သူ့အတွက်ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာကို ကရင်မလင်က ဆုံးဖြတ်ရမှာမဟုတ်လား။ ကရင်မလင်က စံတွေနဲ့တိုင်းတာရမှာ မဟုတ်ဘူးလို့ ဆိုလိုတာဖြစ်မယ်ထင်ပါတယ်။

နိုင်ငံရေးအယူဝါဒနဲ့ ပတ်သက်လို့ လက်ဝဲဝါဒကိုရော၊ ဆိုရှယ်လစ်ဝါဒကိုပါ သူမရေးခဲ့ဘူး။ မဝေဖန် မတိုက်ခိုက်ဘူးလို့ ဆိုပါတယ်။ နိုင်ငံရေးအယူဝါဒနဲ့ပတ်သက်လို့ စတာလင် ကြီးစိုးခဲ့တဲ့ စတာလင်ခေတ် လက်ဝေခံဝါဒရဲ့ သူ့ သတ်မှတ်ထားတဲ့ အယူဝါဒကိုတော့ ဖွဲ့ဖွဲ့မြဲမြဲ ဆန့်

www.burmeseclassic.com

www.burmeseclassic.com



ကျင်ခဲ့တာတွေ့ရပါတယ်။ ညီမလေးရယ် စိုးရိမ်မိ တယ်နဲ့ မုန်းရစ်လေဦးဝတ္ထုတွေမှာ အဲဒီအမြင် သဘောထားတွေ ပါပါတယ်လို့ ဆိုပါတယ်။

စတာလင်ခေတ် လက်ဆေခံဝါဒကို လက်ဝဲဝါဒ လို့ ဖွတ်ကြေညာနေတဲ့လူတွေနဲ့ အဲဒီဝါဒကိုသာ သူ ပယ်ပယ်နယ်နယ် တွယ်ခဲ့တာလို့ ဆရာဘုန်းနိုင် ကဆိုခဲ့ပါတယ်။ ဆိုရှယ်လစ်ဝါဒနဲ့ လက်ဝဲ အယူအဆကို ဝေဖန်တိုက်ခိုက်ခြင်း မရှိခဲ့ဘူးဆိုတဲ့ ဆရာဘုန်းနိုင်က စတာလင်ကြီးစိုး တဲ့လက်ဆေခံဝါဒ နဲ့ ရုပ်ကြမ်းဝါဒတို့ကိုတော့ ဆန့်ကျင်တဲ့အကြောင်း ဆရာဘုန်းနိုင်က အတိအလင်းဖော်ထုတ်ခဲ့ပါ တယ်။ အဲဒီအယူဝါဒမျိုးကို တိုက်ခိုက်တာနဲ့ ပတ်သက်လို့ ဘယ်တော့မှ မရပ်သိမ်းဘူး။ ဆက် ရေးနေရင်း ဆက်တိုက်နေဦးမှာပဲလို့ရှင်းရှင်းပြတ် ပြတ် ရှင်းပြခဲ့ပါသေးတယ်။

ဆရာဘုန်းနိုင်က သူဟာရုပ်ကြမ်းဝါဒ ကိုသာ ဝေဖန်ခဲ့တာဖြစ်ပြီး ကျန်တာတွေကို ဝေဖန်ခြင်း မပြုခဲ့ဘူးလို့ ဖြေရှင်းရာမှာ ရုပ်ကိုချည်း အာဟာရ မပေးရဘူး။ နာမ်ကိုလည်း အာဟာရပေးရမယ်။ ရုပ်နာမ်နှစ်ပါးလုံး လုပ်ရပါမယ်။ ရုပ်ဝါဒလည်း မလုပ်ရဘူး။ နာမ်ဝါဒလည်း မလုပ်ရဘူးဆိုပြီး ညီမလေးရယ် စိုးရိမ်မိတယ် ဝတ္ထုကို ရည်ညွှန်း ကာ ဆရာဘုန်းနိုင်ရှင်းပြခဲ့ပါတယ်။

လက်ဝဲဝါဒ၊ ဆိုရှယ်လစ်ဝါဒဆန့်ကျင်ရေး လုပ် ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ပတ်သက်လို့ မုန်းရစ် လေဦးဝတ္ထုမှာ ပစ္စည်းဟာ တောင်လိုမောက်တဲ့ နေရာမှာမောက်ပြီး ချိုင့်လိုနိမ့်တဲ့နေရာမှာ နိမ့်နေ သရွေ့ကာလပတ်လုံး သာယာတဲ့ လူ့ဘောင်မဖြစ် နိုင်လို့ ရေးခဲ့ကြောင်း၊ ဒီလိုရေးသားထားတာကို ဆိုရှယ်လစ်ဆန့်ကျင်ရေးလို့ သတ်မှတ်ရင် သူ့မှာ အခြားပြောစရာမရှိပါဘူးလို့ ဆရာဘုန်းနိုင်က ရှင်းပြရာမှာ ဒီအချက်ဟာ အချိန်အခါ တစ်ခုကို ရောက်တော့မှ တမင်လှည့်ပြောင်းရေးခဲ့တာမဟုတ် ဘဲ သူ့ရဲ့မူလကတည်းက ယုံကြည်ချက်ဖြစ် ကြောင်း ဖြေရှင်းပြခဲ့ပါတယ်။

ကျေးဇူးရှိတဲ့သူကို ကျေးဇူးရှင်အဖြစ် သင် ဆရာ မဟုတ်လင့်ကစား မြင်စရာ၊ ကြားဆရာတွေကို ဆရာအဖြစ် အလေးအမြတ်ပြု ဂါရဝထားတတ် တဲ့ နေရာမှာ ဆရာဘုန်းနိုင်ဟာ အတုယူလေးစား ချီးကျူးထိုက်သူ ဖြစ်ပါတယ်။ ကိုယ့်ဆရာကို ဆရာမဟုတ်ဘူးလို့ ဘာကြောင့် ငြင်းရမလဲ။ ကိုယ့်ဆရာကို ဆရာလို့ ဒီနေရာမှာလည်း ပြော တယ်။ အမြဲတမ်းလည်း ပြောနေမှာပဲ။ သေတဲ့ အထိ ပြောနေမှာပဲလို့ သင်ဆရာမဖြစ်ခဲ့သည့်တိုင် အောင် မြင်ဆရာ ကြားဆရာလည်းဖြစ်ပြီး သူ့ အပေါ် အများကြီးသြဇာလွှမ်းမိုးခဲ့တဲ့ သူချစ်ခင် ကြည်ညိုလေးစားတဲ့ ဆရာဇန်းမော်တင်အောင် နဲ့ ပတ်သက်လို့ ဆရာဘုန်းနိုင် အကြိမ်ကြိမ်ထုတ် ဖော်ပြောဆိုရေးသားခဲ့ဖူးပါတယ်။

ဆရာဇန်းမော်တင်အောင်ကို သဘောကျနှစ် သက်လွန်းလို့ အတုယူခဲ့တဲ့နေရာမှာ သူ့ကလောင် အမည် ဘုန်းနိုင်ဆိုတာသည်ပင်လျှင် ဇန်းမော် တင်အောင်ရဲ့ ဇာတ်ကောင်တစ်ဦးရဲ့ အမည်ကို ယူခဲ့တာဖြစ်ပြီး သူ့ကျွန်မခံပြီဆိုတဲ့ ဝတ္ထုမတိုင်မီ သူရေးခဲ့သမျှ စာတွေမှာ ဆရာဇန်းမော်တင်အောင် ကလွှမ်းမိုးကာ သြဇာကြီးမားခဲ့ကြောင်း တိတိ

www.burmeseclassic.com

www.burmeseclassic.com



ကလွှမ်းမိုးကာ ဩဇာကြီးမားခဲ့ကြောင်း တိတိလင်းလင်း ဖော်ထုတ်ဖွင့်ဟဝန်ခံခဲ့ပါတယ်။ ဆရာကို ဆရာလို့ အသိအမှတ်ပြုရမှာ ဝန်လေးနေတတ်သူတွေ သင်ခန်းစာယူဖို့ကောင်းပါတယ်။

စာရေးဆရာကြီး ဦးရန်အောင်ဟာ သူ့ရဲ့ရှေးဦးဆရာဖြစ်ကြောင်း၊ အဲဒီနောက် ဆရာဇန်းမော်တင်အောင်၊ ဆရာဦးသိန်းဖေမြင့်၊ ဆရာဇဝန၊ ဆရာသာဂဒိုး စသူတို့ဟာလည်း သူ့ဆရာတွေဖြစ်ကြောင်း ဆရာဘုန်းနိုင်က ဖော်ထုတ်ခဲ့ပါတယ်။ မော်ဘီဆရာသိန်းမှတ်တမ်း လိုစာမျိုးကို ရေးခဲ့တဲ့ ဆရာကိုကိုလေး၊ စုံထောက်ဝတ္ထုတွေရေးတဲ့ စာရေးဆရာဝဇီရာ တို့မှအစနောက်ပိုင်းမှာ ဆရာဒဂုန်တာရာ၊ ဆရာဇန်းမော်တင်အောင်စတဲ့ ဆရာများဟာလည်း သူ့ဆရာတွေဖြစ်ကြောင်း ဆရာဘုန်းနိုင်ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ပွင့်လင်းမှုရှိတဲ့ ဆရာဘုန်းနိုင်ဟာ ဟိတ်ဟန်လုပ်တတ်သူတစ်ဦးမဟုတ်သလို သူ့ရဲ့ဖြတ်သန်းမှုတွေကိုလည်း အရှိအတိုင်း အမှန်အတိုင်း မချင်းမချန်ပြောဆိုတတ်သူတစ်ဦး ဖြစ်တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ကိုနင်ဒွိုင်းကို အများ



ကောင်းလို့သာ လိုက်ကောင်းရတာ ဆရာကြီး ရွှေဥဒေါင်းရဲ့ စုံထောက်ကြီး မောင်စံရှားကို ဖတ်ပြီးကြိုက်ခဲ့ရစဉ်က ရှားလော့ဟုမ်းကို ဖတ်ခဲ့ဖူးတာမဟုတ်ဘူး။ ရှားလော့ဟုမ်းကို ဖတ်မိတဲ့အခါမှာလည်း ဆရာကြီးရွှေဥဒေါင်းရဲ့ ဦးစံရှားနဲ့ ကိုနင်ဒွိုင်းရဲ့ ရှားလော့ဟုမ်း ဘယ်သူ့ကို ကြိုက်သလဲဆိုရင် မောင်စံရှားကိုပဲ ကြိုက်တယ်လို့ ရှင်းရှင်းလင်းလင်း ပြောခဲ့တာပါပဲ။

လောကမှာ ပြီးပြည့်စုံတဲ့ လူရယ်လို့မရှိ (No man is perfect) ဆိုတာမျိုးလိုပါပဲ။ ဆရာဘုန်းနိုင်ဟာ ရိုးသားပွင့်လင်းပြီး ဂါရဝတရား အလေးထားသူဖြစ်ပေမယ့် တစ်ခါတရံမှာတော့ ဆိုလိုရင်းကို ပြည့်စုံတိကျစွာ မဆိုမိ၍ဖြစ်စေ ဒေါသကြောင့်ဖြစ်စေ ပြင်းပြင်းထန်ထန် ပြောဆိုရေးသားခဲ့မိတာမျိုးတွေ မကင်းခဲ့ဘူးလို့ ထင်ပါတယ်။

မေတ္တာ မေတ္တာနဲ့ အရမ်းပြောနေကြတယ်။ အထူးသဖြင့် ၅၂၈ သွယ်သောမေတ္တာတောင်မှ အမိနဲ့သား။ သားနဲ့အမိအဲဒါတောင်မှ နေရာတိုင်း မေတ္တာဟုတ်ရဲ့လား စဉ်းစားစရာရှိတယ်။ မေတ္တာမေတ္တာနဲ့ ဂေဟာသိတပေမတွေ ဖြစ်နေတတ်တယ်လို့ ဆရာဘုန်းနိုင်က ဟောပြောခဲ့ဖူးပါတယ်။ အဲဒီလိုပြောခဲ့မိလို့ မိဘမေတ္တာကို မေတ္တာမဟုတ်ဘူးလို့ မောင်ဘုန်းနိုင်ဆိုတဲ့သူငယ်က ပြောသွားတယ်။ အပယ်ကျမယ့် သတ္တဝါကလေးပဲလို့ အပြောခံခဲ့ရဖူးပါတယ်။ သူအဲဒီလို ပြောခဲ့မိတာဟာ သတိချွတ်ယွင်း ပြောခဲ့မိတာဖြစ်ကြောင်းနဲ့ သူဆိုလိုချင်တဲ့ အဓိပ္ပာယ်ကို ထပ်မံရှင်းပြခဲ့ရဖူးပါတယ်လို့ ဆရာကဆိုခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ကြရာမှာ ဆရာ့ရဲ့ ကမ္ဘာကုန်ကျယ်သရွေ့ ဝယ်ဝတ္ထုမှာ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး လူဦးရေအထူထပ်ဆုံးဖြစ်တဲ့ တိုင်းပြည်ကြီးတွေကို ရှေ့ဆောင်ရှေ့ရွက်ပြုနေကြတဲ့ ခေါင်းဆောင်ကြီးတွေဖြစ်ကြတဲ့ လီနင်၊ စတာလင်၊ မော်စီတုံး၊ ချူအင်လိုင်း အစရှိတဲ့ ခေါင်းဆောင်ကြီးတွေ ကိုဝက်နဲ့နှိုင်းပြီး ရေးခဲ့တဲ့အတွက် ကိုယ့်ထက်အသက်ကြီးတဲ့ သူတွေကို ကန်တော့ပါတယ်။ သက်တူ ရွယ်တူတွေကိုလည်း လေးစားပါတယ်လို့ ပြောခဲ့တဲ့ ဆရာဘုန်းနိုင်အနေနဲ့ ကမ္ဘာ့ပစ္စည်းမဲ့ခေါင်းဆောင်ကြီးတွေကို ဝက်နဲ့ နှိုင်းပြီး သရော်ခဲ့တာကို ရှိခိုးတောင်းပန်မလား၊ မတောင်းပန်ဘူးလားဆိုတာ သိချင်ပါတယ်လို့ မေးခွန်းထုတ်ခဲ့တဲ့ ဆရာမောင်သိန်းဆိုင်ရဲ့ မေးခွန်းမျိုးကိုလည်း ဆရာဘုန်းနိုင် ရင်ဆိုင်ခဲ့ရဖူးပါတယ်။

ဆရာဘုန်းနိုင်အကြောင်းပြောရင် ဆရာရဲ့စာပေသစ္စာအကြောင်းမပါရင် ပြည့်စုံမှာမဟုတ်ပါဘူး။ ဆရာ့ရဲ့ 'ရသစာပေဖန်တီးမှုများ'၊ 'လူ့သမိုင်းလောကအမြင်နှင့်စာပေလှုပ်ရှားမှုများ'၊ 'စာဖတ်သူအမေး၊ ဘုန်းနိုင်အဖြေ' စတဲ့ ခေါင်းစဉ်တွေနဲ့ ရေးခဲ့၊ ပြောခဲ့တဲ့အချက်တွေ၊ စာတမ်းတွေမှာ ဆရာဘုန်းနိုင်ရဲ့ အတွေးအမြင်တွေကို တွေ့ရှိနိုင်ပါတယ်။ ဆရာဘုန်းနိုင်ဟာ မြန်မာ့စာပေ၊ ကမ္ဘာ့စာပေရေးရာတွေမှာ ဘယ်လောက်အထိ ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် လေ့လာတတ်သိတတ်တယ်ဆိုတာ အဲဒီရေးသားဟောပြောချက်တွေ စာတမ်းတွေမှာ တွေ့ရှိနိုင်ပါတယ်။

ဆရာဘုန်းနိုင်ရဲ့ လေ့လာမှု၊ တတ်သိနားလည်မှု ခံယူမှုနဲ့ သဘောထားအမြင်တွေဟာ ကျယ်ဝန်းနက်ရှိုင်းလှပေမယ့် ဆရာဘုန်းနိုင်ရဲ့ စာပေသစ္စာကတော့ အလွန်ရိုးရှင်းလှပါတယ်။ ဆရာ့ရဲ့ စာအုပ်များမှာ တွေ့ရတတ်တဲ့ 'ငါ့စာဖတ်၍ မမြတ်တိုင်စေ၊ မရှုံးစေသား' အစချီတဲ့ သစ္စာဆိုတဲ့ကဗျာလေးဟာ ဆရာ့ရဲ့ စာပေသစ္စာလို့ဆိုရမယ်ထင်ပါတယ်။ သူ့စာကိုဖတ်တဲ့ စာဖတ်ပရိသတ်တွေ သူ့စာကိုဖတ်တဲ့အတွက် အမြတ်မရဘူးဆိုသည့်တိုင်အောင် မရှုံးရစေဖို့ဆိုတဲ့ စေတနာကို တွေ့ရပါတယ်။ သူ့စာကိုဖတ်ရလို့ အပျင်းပြေတယ်။ နှစ်ခြိုက်တယ်။ တွေးမြင်သင့် တွေးမြင်ထိုက်တဲ့ စာတစ်ပုဒ်တလေ တွေ့ရတယ်ဆိုလျှင်ပဲ သူ့စာပေတာဝန်ကျေပွန်ပါပြီဆိုတဲ့ ရပ်တည်ချက်ကိုလည်း တွေ့ရပါတယ်။ စာရေးဆရာရဲ့ အာသီသလို့ ပြောရမလားပါပဲ။ ပြီးတော့ ငါသာမြတ်တယ်၊ ငါသာတတ်တယ်ဆိုပြီး စာဖတ်သူရဲ့ ခေါင်းပေါ်ကျော်ပြီး ငါဘယ်တော့မှ ဆရာမလုပ်ပါဘူးတဲ့။

ငါသာတော်တယ်၊ ငါသာတတ်တယ်၊ ငါရဲ့ဆရာသာတော်တယ်။ ငါ့ရဲ့ဆရာသာတတ်တယ်။ ငါသည်ကားဟုဆိုလျှင် ငါ့ရဲ့ဆရာသည်ကားဟုဆိုလျှင် စသည်ဖြင့် အတ္တမာနတကြွားကြွားဖြင့် ထောင်လွှားတတ်ကာ စာဖတ်ပရိသတ်ကို ဖြစ်တင်ရှုတ်ချနှိမ့်ချစော်ကားတတ်တဲ့ ဆရာတွေ၊ ဆရာဘုန်းနိုင်ရဲ့ ရိုးရှင်းလှတဲ့ စာပေသစ္စာကဗျာကိုမည်ကာမတ္တမျှသာမက အလေးအနက်ဖတ်ရှုကာ နှလုံးသွင်းအပ်ကောင်းတယ် ထင်ပါတယ်။ ဆရာဘုန်းနိုင်ဟာ မြန်မာစာပေနယ်မှာ တဏ္ဍာသိုလ်တန်နိုင်ဆိုတဲ့ ဓာလောင်တစ်လက်ကို ခိုင်ခိုင်ဓား

www.burmeseclassic.com

www.burmeseclassic.com



စိုက်ထူနိုင်ခဲ့သူဖြစ်ပါတယ်။ ကဗျာ၊ လင်္ကာများ သာမက တေးသီချင်းများကိုပါ ရေးစပ်ဖွဲ့သီခဲ့တဲ့ ဆရာဘုန်းနိုင်ဟာ ညီမလေးရယ်စိုးရိမ်မိတယ်၊ မုန်းရစ်လေဦး၊ ဆရာပြောမယ်မိလွမ်းနွယ်၊ ပိတောက်ပွင့်ဆဲ လသာဆဲ၊ လွမ်းတေးမဆုံးစေနှင့် စောသခင်၊ ကမ္ဘာကုန်ကျယ်သရွေ့ဝယ်၊ မိုးညအိပ်မက်မြူ၊ သူငယ်ချင်းလို့ပဲဆက်၍ခေါ်မည်နိုင်၊ နှင်းငွေ့တစ်ထောင့်မိုးတစ်မှောင့်၊ နွေကန္တာဦး၊ နှင်းရက်ကြွေစော၊ ဤမြေမှသည်၊ ဦးကြီးဘထိုက် သို့မဟုတ် မိုးနှင့်မြေကိုအောင်နိုင်ခြင်း၊ သူ့ကျွန်မခံပြီ စသည့် စသည့်တို့အပြင် ဝတ္ထုတိုပေါင်းများစွာတို့ကို ရေးဖွဲ့ခဲ့သူဖြစ်ပါတယ်။

### အပိုင်း (၄)

### အောင်မြင်မှုအနုပညာမှတ်တိုင်တွေ ကိုယ်စီကိုယ်စီ

BURMESE CLASSIC

ဆရာအောင်လင်း၊ ဆရာတက္ကသိုလ်ဘုန်းနိုင်တို့ရဲ့ စာဖတ်သူတစ်ဦးအနေနဲ့ စာရေးသူဟာ ဆရာနှစ်ဦးရဲ့ အကြမ်းဖျင်းရုပ်ပုံလွှာတွေကို တို့ထိကြည့်ခဲ့တာဖြစ်ပြီး ဆရာနှစ်ဦးရဲ့ စာပေအရည်အသွေးနဲ့ ပုဂ္ဂိုလ်ရေးရာတွေကို ဝေဖန်အကဲဖြတ်ခဲ့တာမဟုတ်ကြောင်း ဖော်ပြလိုပါတယ်။ အဲဒီလိုဝေဖန်အကဲဖြတ်တဲ့သဘော သက်ရောက်နေလေမလားလို့ စိုးရိမ်စိတ်ဝင်ခဲ့မိပါသေးတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဆရာနှစ်ဦးရဲ့ အရည်အသွေးကို ဝေဖန်ဆန်းစစ်နိုင်လောက်တဲ့ အရည်အချင်းနဲ့ အတတ်ပညာမရှိလို့ပဲ ဖြစ်ပါတယ်။ ကိုယ်လေးစား ကြည်ညိုတဲ့ဆရာများအပေါ် စာဖတ်သူတစ်ဦးအနေနဲ့ ရှုမြင်တွေ့ရှိရတာကို သဘောရိုးနဲ့ ရေးသားဖော်ပြရုံနဲ့တော့ ဆရာများအပေါ် အဂါရဝဖြစ်ရာ မရောက်တန်ပါဘူး။ အပြစ်မမြင်တန်ကောင်းပါဘူးလို့ တွေးမိတော့လည်း စိတ်ထဲမှာ ပေါ့ပါးသွားပါတယ်။

ဆက်စပ်နှိုင်းယှဉ်ကြည့်မိတဲ့အခါမှာ ဆရာနှစ်ဦးစလုံးမှာ တူညီတဲ့အချက်တွေ အတော်များများရှိနေတယ်လို့ ထင်မိပါတယ်။ ဆရာနှစ်ဦးစလုံးဟာ ပညာတတ်တွေဖြစ်ပါတယ်။ ခေတ်ပြိုင်တွေဖြစ်တဲ့ ဆရာနှစ်ဦးစလုံးဟာ မြန်မာ့စာပေနယ်မှာ အောင်မြင်တဲ့ သမိုင်းမှတ်တိုင်တွေ စိုက်ထူနိုင်ခဲ့ကြပါတယ်။ လေးနက်တဲ့စာပေ သဘောတရားရေးရာ၊ အယူဝါဒရေးရာတွေအပြင် ကဗျာလင်္ကာနဲ့ တေးဂီတအဖွဲ့အနွဲ့များကိုသာမက ဂန္ထဝင်၊ ရသအဖွဲ့အနွဲ့များဖြစ်တဲ့ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်းများစွာကို ရေးဖွဲ့နိုင်ကြရာမှာလည်း တူညီကြပါတယ်။ ဆရာနှစ်ဦးစလုံးရဲ့ ဝတ္ထုများဟာ ရုပ်ရှင်ဇာတ်ကားများအဖြစ် ကူးပြောင်းလာတဲ့အခါမှာလည်း အောင်မြင်ထင်ရှားကျော်ကြားတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ဖြစ်လာကြတာတွေ့ရပါတယ်။ ဆရာအောင်လင်းရဲ့ အရိုင်းစပယ်၊ ဆရာဘုန်းနိုင်ရဲ့ သူ့ကျွန်မခံပြီတို့ဟာ ထင်ရှားတဲ့ပြယုဂ်များဖြစ်မယ် ထင်ပါတယ်။ ပြီးတော့ ဆရာနှစ်ဦးစလုံးဟာ ခေတ်အခါအလျောက် ချီးမြှင့်ခဲ့တဲ့ စာပေဗိမာန်ဆု၊ အမျိုးသားစာပေဆု အစရှိတဲ့ အမြင့်ဆုံးစာပေဆုများကို ဆွတ်ခူးနိုင်ခဲ့သူများလည်း ဖြစ်ကြပါတယ်။

ကိုယ်ယုံကြည်ရာ စာပေအယူဝါဒ၊ အယူအဆ

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ကိုယ့်လမ်းကိုယ်ဖောက်၊ လျှောက်လှမ်းဖြတ် သန်းခဲ့ကြတဲ့ ဆရာနှစ်ဦးစလုံးမှာ ခိုင်မာအား ကောင်းတဲ့ အမာခံပရိသတ်တွေကိုယ်စီ ရှိခဲ့ကြပါ တယ် ပြည်သူ့အတွက် အခြေခံလူတန်းစားအတွက် လို့ ပြတ်ပြတ်သားသား ကြွေးကြော်ရပ်တည်ခဲ့တဲ့ ဆရာအောင်လင်းရဲ့ အမာခံပရိသတ်တွေဟာ ပန်း ထမ်းအလုပ်သမား၊ ဆိုက်ကားသမား၊ ခေါင်းရွက် ဗျက်ထိုးဈေးသည်၊ စက်ရုံအလုပ်ရုံ အလုပ်သမား များ၊ တိုးတက်တဲ့အမြင်ရှိကြတဲ့ လူငယ်အင်အား စုများ၊ စာပေကိုလူတန်းစားအမြင်၊ နိုင်ငံရေး အမြင် များနဲ့ ဆန်းစစ်တတ်ကြသူများ ဖြစ်မယ်လို့ ထင် ပါတယ်။

'ငါ့စာဖတ်၍ မမြတ်တိုင်စေ မရှုံးစေသား' ဆိုတဲ့ စေတနာကို အဓိကထား၊ သစ္စာခံယူထားတဲ့ ဆရာ ဘုန်းနိုင်ရဲ့ အမာခံပရိသတ်များကတော့ ပညာတတ် လူတန်းစားများ၊ လူလတ်တန်းစားမရွေး၊ အတွေးသစ် အမြင်သစ်ကို ရှာဖွေလိုကြသူများ၊ လှုပ်နှုန်းရှုတဲ့ အဖွဲ့အနွဲ့၊ ဆွတ်ပျံ့တိမ်မူးဖွယ် အချစ် ဇာတ်လမ်းမျိုးကို နှစ်ခြိုက်ကြသူများ အများစု ဖြစ်မယ်ထင်ပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ ဆရာနှစ်ဦးရဲ့ အမာခံ ပရိသတ်နဲ့ ပတ်သက်တဲ့ ပိုင်းခြားဖော်ပြချက်ဟာ အလွန်ယေဘုယျဆန်နေနိုင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဂိတ်ထိုးထားတဲ့ ဆိုက်ကားပေါ်မှာ၊ လမ်း ဘေးကွမ်းယာ ဆိုင်လေးမှာ ဆရာတက္ကသိုလ် ဘုန်းနိုင်ရဲ့ ဝတ္ထုကိုသဲသဲမဲမဲ ဖတ်နေတဲ့ ဆိုက်ကားဆရာနဲ့ လမ်းဘေးဈေးသည်မလေး တွေကို တွေ့ရတတ်သလို ဆရာအောင်လင်းရဲ့ ဝတ္ထုတွေကို လက်မလွှတ်တန်း ဖတ်လေ့ရှိတဲ့ ကြေးရတက်ကုန်သည် ပွဲစားတွေ တက္ကသိုလ်ဆရာ၊ ဆရာမတွေ၊ အခြားပညာတတ် လူတန်းစားတွေကို တွေ့နေခဲ့ရလို့ပါပဲ။ အဲဒီတော့ ဒီဆရာနှစ်ဦးစလုံး ဟာ လူတန်းစားစုံ အလွှာစုံ၊ စာဖတ်ပရိသတ်ကို ဆွဲဆောင်နိုင်စွမ်းရှိတဲ့ ထူးခြားတဲ့အရည် အသွေးရှိသူတွေအဖြစ်လည်း သတ်မှတ်ရမယ် ထင်ပါတယ်။

စာပေအယူအဆရေးရာနဲ့ပတ်သက်လို့ ဆရာ အောင်လင်းက အခြေခံလူတန်းစားတွေဘက်က ခုခံကာကွယ်တဲ့ ပြည်သူ့အကျိုးပြုစာပေကို ဟစ် ကြွေးရပ်တည်ခဲ့သလို၊ အနုပညာသည် အနုပညာ အတွက်ဖြစ်တယ်ဆိုတဲ့ အယူဝါဒကိုလက်ကိုင် ထားသူဖြစ်တယ်လို့ ပုတ်ခတ်ခံခဲ့ရဖူးတဲ့ ဆရာ ဘုန်းနိုင်က . သူဟာ အနုပညာသည် အနုပညာ အတွက်ဖြစ်တယ်ဆိုတဲ့ အယူဝါဒလက်ခံသူမဟုတ် ဘူး။ ပြည်သူ့အတွက် အနုပညာကိုလက်ခံကျင့် သုံးသူဖြစ်တယ်လို့ အတိအလင်း ထုတ်ဖော်ရှင်းပြ လာတဲ့အခါမှာ ဒီဆရာနှစ်ဦးရဲ့ စေတနာနဲ့ ရည် ရွယ်ချက်တွေဟာ သိသာထင်ရှားစွာ ကွဲပြားမှု ရှိ တာမဟုတ်ဘူးလို့ ကောက်ချက်ချစရာဖြစ်လာပါ တယ်။

စေတနာ၊ ရည်ရွယ်ချက်၊ ဦးတည်ချက်တွေ တူကြ၊ ကောင်းကြပေမယ့် လက်တွေ့ဖော်ဆောင် ကြရမှာတော့ အလေးအပေါ်၊ အဖိအဖော့တွေမှာ တော့ မတူကွဲပြားမှုတွေ ရှိနိုင်တယ်လို့ ယူဆနိုင်စ ရာတွေ့ရပါတယ်။ ဆရာအောင်လင်းရဲ့ အဓိက ဇာတ်ကောင်တွေဟာ ပညာတတ်၊ ပညာရှင်၊ ကြေး

www.burmeseclassic.com



ရတက်တွေ ဖြစ်နေထတ်တာမျိုး ရှိပေမယ့် အများအားဖြင့်တော့ တကယ့်လူ့ဘဝထဲက အောက်ဆုံးအလွှာကဖြစ်တဲ့ ဆိုက်ကားသမား၊ ရေထမ်းသမား၊ ပခုံးထမ်းအလုပ်သမား၊ စက်ရုံအလုပ်ရုံလုပ်သားများမှအစ အရက်သမား၊ ပြည့်တန်ဆာခေါင်းနဲ့ ပြည့်တန်ဆာများ အထိ ထဲထဲဝင်ဝင် ရေးဖွဲ့တတ်ကြောင်း တွေ့ရှိနိုင်ပါတယ်။ ဆရာဘုန်းနိုင်ကတော့ သူ့ကျွန်မခံပြီးနဲ့ နောက်ပိုင်း ဝတ္ထုတွေမှာ သူကြုံတွေ့ခဲ့ရတဲ့ အလုပ်သမား၊ လယ်သမား၊ လူတန်းစားများရဲ့ ဘဝသရုပ်ဖော်တွေကို ရေးဖွဲ့လာတာမျိုးတွေ ရှိခဲ့ပေမယ့် အစောပိုင်းကာလအဖွဲ့အနွဲ့များမှာတော့ အထက်တန်းလွှာ၊ လူကုံထံနဲ့ ပညာတတ်အသိုင်းအဝိုင်းက ဇာတ်ကောင်တွေကို အခြေပြုဖွဲ့နွဲ့ခဲ့တာတွေလို့ ဆိုရမယ်ထင်ပါတယ်။

အရင်းရှင် လူ့အဖွဲ့အစည်းရဲ့ လူနေမှုစနစ်နဲ့ သရုပ်သကန်ကို ဖော်ထုတ်ရှုတ်ချတိုက်ခိုက်ရာမှာ ဆရာအောင်လင်းက မထောက်မညှာ ပြတ်ပြတ်တောင်းတောင်း ဝေဖန်တိုက်ခိုက်တတ်ပေမယ့် ဆရာဘုန်းနိုင်ကတော့ ပစ္စည်းတွေဟာ တောင်လိုမောက်တဲ့နေရာမှာ မောက်နေပြီး ချိုင့်လို့နိမ့်တဲ့နေရာမှာ နိမ့်နေသ၍ကာလပတ်လုံး သာယာတဲ့လူ့ဘောင်မဖြစ်နိုင်ဘူးဆိုတဲ့ ကြောင်းကျိုးဖော်ပြချက်များနဲ့ ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ ရေးသားထားတာမျိုးကို တွေ့ရပါတယ်။

အတွေးအမြင်၊ အယူအဆတွေ မတူကွဲပြားကြတာဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဓမ္မတာသဘောသာဖြစ်ပါတယ်။ အဲဒီလိုမတူကွဲပြားမှုတွေကြောင့် အပြန်အလှန် ငြင်းခုံဆွေးနွေးရေးသားကြတဲ့ အစဉ်အလာဓလေ့ဟာ ခုမှမဟုတ်ပါဘူး။ ရှေးယခင်ကတည်းက ရှိခဲ့တာပါ။ ရှေးအခါတုန်းက စာပေရေးသားပြုစုကြတဲ့ ပညာရှိကြီးတွေဟာ ကဗျာအကြောင်း၊ သဒ္ဒါအကြောင်း၊ ဝေါဟာရတွေအကြောင်း အပြန်အလှန်ငြင်းခုန်ခဲ့ကြသလို ပိဋကတ်ဆိုင်ရာ ကျွမ်းကျင်နှံ့စပ်သူများဟာလည်း ပိဋကတ်စာပေတွေကို ဆွေးနွေးငြင်းခုန်ခဲ့ကြတာပါပဲ။


နိုင်ငံရေးအယူအဆနဲ့ပတ်သက်လို့ ငြင်းကြခုန်ကြ၊ ဝေဖန်ထိုးနှက်တိုက်ခိုက်ကြ ပုတ်ခတ်ကြတာတွေဟာ စာပေရေးရာကိစ္စတွေထက် ပိုပြီးပွဲကြမ်းတယ်ထင်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံရေးဇာတ်ခုံမှာ ပေါ်ပေါက်ခဲ့ဖူးတဲ့ ခွဲရေး၊ တွဲရေးကိစ္စမျိုးမှာ အပြင်းအထန် မျက်နှာသေွးသပ်ရေးကြတာ တွေ့ရပါတယ်။

သူရိယသတင်းစာ၊ ဒီးဒုတ်ဂျာနယ်၊ ကြီးပွားရေး တိုးတက်ရေးအစရှိတဲ့ မဂ္ဂဇင်းတွေ၊ စာစောင်တွေမှာ အကြောင်းအရာတစ်ခုခုကို အကြောင်းပြုပြီး အပြန်အလှန်ငြင်းကြခုန်ကြ ဝေဖန်ဆွေးနွေးခဲ့ကြတဲ့စာတွေနဲ့ အတော်ပွဲစည်ခဲ့ဖူးပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာကြီးမြကေတု၊ ဖိုးပြန်တောင်ဖေသူတော်လေး၊ သျှင်သန်းမေ အမည်ခံဆရာကြီး ဦးဘသန်း၊ ပျဉ်းမနားမောင်ချစ်စရာ၊ ရသေ့ကြီးဦးမင်းအမည်ခံ ဆရာကြီးဦးဘိုးမင်း၊ ကလောင်ပျံရသေ့ကြီးစတဲ့ ကလောင်ရှင်များဟာ အဲဒီခေတ်က စာပေငြင်းခုန်ပွဲတွေမှာ ထင်ရှားခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





အဲဒီခေတ်က ငြင်းခုန်ပွဲတွေမှာ တိုးတက်ရေး မဂ္ဂဇင်းမှာ ပေါ်ပေါက်ခဲ့တဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ ဆရာကြီး မြကေဘုဘို့ရဲ့ မန္တန်နဲ့ ပန်ထူ ကိစ္စကတော့ သမိုင်းဝင်ဆွေးနွေးငြင်းခုန်မှုကြီးလို့ ရေးခဲ့ကြတာ တွေ့ရပါတယ်။

ဆရာကြီးဦးရွှေဖံအောင်၊ ဆရာကြီးဦးဖိုးကျား၊ ပညာရှိဆရာကြီး ဦးဝဇီရ စသူတို့ ဆွေးနွေးငြင်းခုန်ခဲ့ကြတဲ့ နေ့ချမ်း၊ လူချမ်းကိစ္စဟာလည်း စိတ်ဝင်စားစရာကောင်းလှပါတယ်။ လက်ဝဲသုန္ဒရအမတ်ကြီးရဲ့ မဲဇာတောင်ခြေရတုမှာ (ယုဂန်ထင်ရှား တောင်တော်ဖျားက ရထားယာဉ်သာ၊ နေစကြာလည်း ရောင်ဝါမထွန်းချမ်းရှာလွန်း၍) စသည်ဖြင့် ပါရှိရာ အဖွဲ့အနွဲ့ကိုအကြောင်းပြုပြီး ချမ်းရှာလွန်းတာဘယ်သူလဲ။ နေကချမ်းတာလား၊ လူကချမ်းတာလားဆိုပြီး နေကချမ်းတာဖြစ်တယ်ဆိုသူတွေနဲ့ နေကချမ်းတာမဟုတ် လူ (လက်ဝဲသုန္ဒရ) ကချမ်းတာဖြစ်တယ်ဆိုသူတွေ ကျမ်းကိုးကျမ်းကား အထောက်အထားတွေနဲ့ ငြင်းခုန်ခဲ့ကြတာ ဖြစ်ပါတယ်။

BURMESE CLASSIC

မြန်မာ့စာပေနယ်ပယ်မှာ အကြောင်းအရာတစ်ရပ် အယူအဆတစ်ရပ်၊ အတွေးအမြင်တစ်ရပ် စသည်တို့ကို အကြောင်းပြုပြီး အပြန်အလှန် ငြင်းခုန်ခဲ့ကြတာတွေ ရှိခဲ့ပါတယ်။ အထက်မှာ တင်ပြခဲ့တဲ့ အနုပညာသည် အနုပညာအတွက်၊ အနုပညာသည် ပြည်သူအတွက်ဆိုတာမျိုးတွေ၊ အကြောင်းအရာသာ အဓိကဖြစ်တယ်။ ပုံသဏ္ဍာန်သာ အဓိကဖြစ်တယ်ဆိုတာမျိုးတွေ၊ စာပေရေးသားရာမှာ အရေးပုံစံအတိုင်း ရေးရမယ်။ အပြောပုံစံ (စကားပြောသလို) ရေးရမယ်ဆိုတာမျိုးတွေ၊ စာပေဆိုတာ အခြေခံလူတန်းစားအားလုံး၊ လူထုဘဝ အားလုံးကို ကိုယ်စားပြု ရပ်တည်ရမယ်။ စာပေကိုဝါဒ ဖြန့်ချိတဲ့အနေနဲ့ ဝါဒဖြန့်တဲ့ကိရိယာ တစ်ခုအနေနဲ့ မသုံးသင့်ဘူးစသည် စသည်ဖြင့်, ဆွေးနွေးငြင်းခုန်မှုတွေ အတော်စုံခဲ့တာပါပဲ။ ဆရာအောင်လင်း၊ ဆရာဗန်းမော်တင်အောင်၊ ဆရာတက္ကသိုလ်ဘုန်းနိုင်တို့ခေတ်၊ အဲဒီမတိုင်မီခေတ်နဲ့ အဲဒီနောက်ပိုင်း ယနေ့ခေတ်ကာလအထိမှာလည်း လွတ်လပ်စွာ သဘောထားကွဲလွဲခွင့် ရှိတယ်ဆိုတဲ့မူနဲ့ ဆွေးနွေးငြင်းခုန်တာတွေ ရှိနေတာပါပဲ။

ရှေးအခါက ဆရာ့ဆရာကြီးများ အကြောင်းအရာတစ်ရပ်၊ အယူအဆတစ်ရပ်အပေါ်မှာ ကွဲလွဲလို့ ဝေဖန် ငြင်းခုန်ကြရာမှာ ပုဂ္ဂိုလ်ရေးရာကိစ္စတွေမပါမဟုတ် အနည်းနဲ့အများ ပါခဲ့ကြတာပါပဲ။ အကြောင်းအရာထက် လူပုဂ္ဂိုလ်ကို တိုက်ခိုက်ထိုးနှက်အပုပ်ချတာတွေ မရှိမဟုတ် အနည်းနဲ့ အများ ရှိခဲ့ကြတာပါပဲ။ ဒါပေမယ့် သူတို့ရဲ့ ဆွေးနွေးငြင်းခုန်ချက်တွေမှာ စာဖတ်သူက လက်ခံသည် ဖြစ်စေ လက်မခံသည်ဖြစ်စေ အတွေးအမြင် တိုး

www.burmeseclassic.com

www.burmeseclassic.com



ပွားလာစရာတွေ ဗဟုသုတတိုးပွားလာစရာတွေ များပါတယ်။

## မကြုံဆိုထိုက်သော ငြင်းခုန်မှု

ဒီကနေ့ တွေ့နေရတဲ့ ငြင်းခုန်ဝေဖန်မှုတွေမှာတော့ အတွေးအခေါ်၊ အယူအဆတစ်ရပ်ရပ်အပေါ်အခြေပြုပြီး ကြောင်းကျိုးညီညွတ်စွာ အပြုသဘောနဲ့ ဆွေးနွေးငြင်းခုန် ကြတာတွေ မရှိမဟုတ် ရှိပေမယ့် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂနစွဲတွေ၊ မာနတွေ၊အာဃာတတွေနဲ့ ကိုယ်နဲ့အမြင်သဘောထားမတူကွဲပြားသူကို တစ်ဖက်သတ်ပြစ်တင် ရှုတ်ချနှိမ့်ချပုတ်ခတ် တာမျိုးတွေကိုလည်း တွေ့နေရတာတ်ပါတယ်။ဒါမျိုးဟာကြုံဆို လက်ခံထိုက်တဲ့ ဆွေးနွေးငြင်းခုန်မှု မျိုးမဟုတ်ဘူးလို့ ထင်ပါတယ်။

ဆရာအောင်လင်းနဲ့ ဆရာဘုန်းနိုင်တို့ဟာ တူတာတွေရှိသလို၊ မတူတာတွေလည်း ရှိမှာပါပဲ။ ဆရာနှစ်ဦးဟာကိုယ့်ယုံကြည်ချက်၊ ကိုယ့်စာပေသစ္စာတွေကို ကိုင်စွဲပြီး ကိုယ့်လမ်းကိုဖောက်လျှောက်လှမ်းခဲ့ကြသူများ ဖြစ်ပါတယ်။ အဲဒီလိုဖြတ်သန်းမှုတွေကနေ မြန်မာ့စာပေနယ်ပယ်မှာ ဆရာအောင်လင်း၊ ဆရာတက္ကသိုလ်ဘုန်းနိုင်ဆိုတဲ့ အောင်မြင်ထင်ရှားတဲ့ မှတ်တိုင်တွေ စိုက်ထူနိုင်ခဲ့ကြပါတယ်။

ဆရာအောင်လင်း ဆရာဘုန်းနိုင်တို့အကြောင်း ရေးနေရင်း ဆရာဇန်းမော်တင်အောင်ပြောခဲ့ဖူးတဲ့ စကားကိုအမှတ်ရလိုက်မိပါတယ်။ တိတိကျကျ ကိုးကားမဖော်ပြနိုင်လို့ မှတ်မိသလောက် ပြန်ပြောရရင် သူဖြတ်သန်းနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ်ကို တင်ပေးခဲ့တဲ့ သမိုင်းတာဝန်ကို ဘယ်လောက်ကျေပွန်အောင် ထမ်းဆောင်နိုင်သလဲဆိုတဲ့ အပေါ်မှာ သူ့ရဲ့တန်ဖိုးဟာ တည်တယ်ဆိုတဲ့သဘောလို့ ထင်ပါတယ်။ အသုံးအနှုန်းအထားအသို လွဲကောင်းလွဲနိုင်ပေမယ့် အဓိပ္ပာယ်ကတော့ အနီးစပ်ဆုံးတူမယ်ထင်ပါတယ်။

ဆရာဇန်းမော်တင်အောင်ရဲ့ အဆိုအတိုင်း အကဲဖြတ်ကြည့်ရင် ဆရာအောင်လင်းရော၊ ဆရာဘုန်းနိုင်တို့နှစ်ဦးစလုံးဟာ သူတို့ပခုံးထက်ကို ကျရောက်လာတဲ့ စာပေတာဝန်တွေကို ကျေပွန်ခဲ့ကြသလို သူတို့ရဲ့ သမိုင်းမှတ်တိုင်၊ သူတို့ရဲ့ တန်ဖိုးကိုလည်း မှတ်မှတ်ထင်ထင် သတ်မှတ်စိုက်ထူနိုင်ခဲ့ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ဆရာနှစ်ဦးဟာ စာပေများ ရေးသားပြုစုကြရာမှာ စာဖတ်သူသိချင်သိ၊ မသိချင်နေ၊ နားလည်ချင်ရင်နားလည်၊ နားမလည်ချင်ရင်နေ၊ အကျိုးရှိရင်ရှိ မရှိရင်နေ ကိုယ့်စိတ်ထဲမှာရှိတာကို ကိုယ်ရေးချင်သလို ရေးမယ်။ ရေးတယ်ဆိုသူများ မဟုတ်ကြပါဘူး။ ငါသာတော်တယ် ငါသာတတ်တယ်၊ ငါသာမြက်တယ်လို့ ကိုယ်ရည်သွေး ဟစ်ကြွေးတတ်သူများလည်း မဟုတ်ကြပါဘူး။ သူတို့ဟာ ယုံကြည်ချက်၊ ခံယူချက်၊ ဦးတည်ချက်နဲ့ စေတနာတွေရှိထားကြပါတယ်။ အနည်းဆုံးအားဖြင့် ကိုယ်ရေးတဲ့ စာကိုဖတ်ရတဲ့အတွက် အပျင်းပြေ နှစ်မြို့က်စရာ တစ်ပုဒ်တလေ ပါစေရှိစေလိုရာကနေ အမြင့်ဆုံးအားဖြင့် အတွေးအမြင်သစ်တွေ တိုးပွားစေရေး၊ အခြေခံလူတန်းစားများနဲ့ စာဖတ်ပရိသတ်ရဲ့ အကျိုး

www.burmeseclassic.com

စီးပွားကို ဖော်ဆောင်နိုင်ရေး စသည်တို့အထိစေတနာကောင်း၊ ရည်ရွယ်ချက်ကောင်းတွေ ထားရှိကာ ရေးဖွဲ့ကြပါတယ်။ ကိုယ်ရေးတဲ့စာကို ဖတ်ရတဲ့အတွက် အမြတ်မရဆိုစေဦးတော့ အရှုံးမရှိစေရဘူးဆိုတဲ့ စာပေသစ္စာနဲ့ စေတနာထားတတ်သလို ကိုယ်ရေးလိုက်တဲ့စာဟာ ကိုယ်အခြေခံတဲ့လူတန်းစားရဲ့ အကျိုးစီးပွားကို ရပ်တည်ကာကွယ်ရာရောက်စေရမယ်ဆိုတဲ့ ယုံကြည်ချက်ကို သတိမပြတ် ကိုင်စွဲတတ်ကြတာ တွေ့ရပါတယ်။ ဒါတွေသည်ပင်လျှင် ဆရာအောင်လင်းနဲ့ ဆရာဘုန်းနိုင်တို့ အောင်မြင်မှုမှတ်တိုင်အသီးသီး စိုက်ထူနိုင်အောင် ပံ့ပိုးထောက်ကူခဲ့တာတွေဖြစ်မယ် ထင်ပါတယ်။

ဘာစေတနာ၊ ဘာရည်ရွယ်ချက်၊ ဘာဦးတည်ချက်မှ ရှိဖို့ထားဖို့မလိုဘူး။ ကိုယ်ရေးချင်တာကို ရေးချင်သလိုရေးမယ်၊ ရေးတယ်ဆိုတဲ့ ဆရာများနဲ့ ဒီဆောင်းပါးရဲ့အပိုင်း (၁)မှာပါတဲ့ ပွဲဆူပွဲချောက်ဆရာ အပေါင်းတို့ဟာ ဆရာအောင်လင်းတို့ ဆရာဘုန်းနိုင်တို့ ထုံးကိုနှလုံးမူပြီး သမိုင်းတွင်ကျန်ရစ်စေမယ့် စာကောင်းပေကောင်း အစဉ်အလာကောင်းတွေကို စိုက်ထူနိုင်အောင် အကြံပြုချင်ပါတယ်။ ခုလိုထင်မြင်မိရုံ၊ အကြံပြုမိရုံနဲ့တော့ မာန်ဆွယ်ဖွေးဖွေး တရေးရေး တသွေးသွေးဖြစ်နေတဲ့ထိုဆရာများရဲ့ အန္တရာယ်စက်ကွင်းသို့ မကျရောက်၊ မသက်ဆင်း၊ လွတ်ကင်းနိုင်ခွင့်ရတန်ကောင်းပါရဲ့လို့လည်း မျှော်လင့်မိပါတယ်။

## အပိုင်း (၅)

## နိဂုံးဂါရဝ

ဆရာအောင်လင်း ဆရာဘုန်းနိုင် သူတို့ကွယ်လွန်ခဲ့ကြရှာပါပြီ။ ဆရာအောင်လင်းဟာ စာပေကြိုးဝိုင်းထဲမှာ ဆရာဘုန်းနိုင်ကို အလဲမထိုးခဲ့ပေမယ့် သူဟာအောင်မြင်ထင်ရှားတဲ့ စာရေးဆရာအောင်လင်းဖြစ်ကြောင်း ထင်ရှားပြသနိုင်ခဲ့သလို ဆရာဘုန်းနိုင်ကလည်း သူဟာထင်ရှားကျော်ကြားတဲ့ စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်ဖြစ်ကြောင်း သက်သေထူနိုင်ခဲ့တာပါပဲ။

စာပေကြိုးဝိုင်းအတွင်းမှာ မိုဟာမက်အလီလို အလဲမထိုးခဲ့တဲ့ ဆရာအောင်လင်း၊ ဆန်နီလစ္စတန်လို အလဲထိုးမခံရတဲ့ ဆရာတက္ကသိုလ်ဘုန်းနိုင်၊ အဲဒီဆရာကြီးနှစ်ဦးကို ဒီဆောင်းပါးနဲ့ ဂုဏ်ပြုမှတ်တမ်းတင်ကာ နိဂုံးချုပ် ဂါရဝပြုလိုက်ရပါတယ်။

မြတ်နီ